
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇ ဂုဏံ အဟံ ဝန္ဒာမိ
ရဲဇော်အောင် - ဂျင်ပေါ်ကထုံး ထုံးထက်ကပိတုန်း

**အဖုံးခွင့်ပြုချက်အမှတ်**
၁၂၀၀/ ၂၀၀၃ (၁၀)

**စာမူခွင့်ပြုချက်အမှတ်**
၈၅၃ / ၂၀၀၃ (၆)

**ပထမအကြိမ်**
၂၀၀၄ ခုနှစ်၊ ဧပြီလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၄၅၀ ကျပ်

**အဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်)
အမှတ် (၂၀၈) လမ်း -၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးလှနိုင် (မြတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥတ္တမလမ်း ကြည့်မြင်တိုင်၊ ရန်ကုန်။

**ဖြန့်ချိရေး**
မြတ်စာပေ၊ ၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်။

**စီစဉ်သူ**
ကိုလှနိုင် (မြတ်)

**အထက်မြန်မာပြည်ဖြန့်ချိရေး**
နဂါးစာပေ၊ (မန္တလေး)
ထွန်းဦးစာပေ (မန္တလေး)

# ရဲဇော်အောင်

လျှို့ဝှက်စုံထောက်

# ဂျင်ပေါ်ကထုံး ထုံးထက်ကပိတုန်း

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အထူးထောက်လှမ်းရေး

အောင်ဂျင်စီက အဆင့်မြင့်စုံထောက်ကျော်

ဆူး....

www.burmeseclassic.com

www.burmeseclassic.com

ဂျင်ပေါ်ကထုံးလို အမြဲနေသည့်

ပူးဝပ်ချူးလို ကမ္ဘာ့ရာဇဝတ်ကောင်ကြီးကို

ထုံးထက်က ပိတုန်းပြစ်သည့်

လေပွေမက... ဘယ်လို ပေါ်ထွက်

လိုက်သလဲ... ဆိုတာ...

မြေအောက်ဒုစရိုက်ဂိုဏ်းများကို

ချုပ်ကိုင်၍ ညွှန်ကြားနေသူ...

ဘယ်သူလဲ...?

www.burmeseclassic.com

ကမ္ဘာ့ဒုစရိုက်ဂိုဏ်းပေါင်းချုပ်၏

ကောရာဇ် ပူးဝမ်ချူး၏ . . .

ငလေပွေမအမည်ခံထားသော

သူမ ဘယ်သူလဲ . . .?

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အချိန်ကားညကာလ . . .၊

နေရာကတော့ လွန်စွာမှ တိုးတက်နေပါသည် ဆိုသည့် အနောက်နိုင်ငံကြီးတစ်နိုင်ငံ။

ရုပ်ဝတ္ထုပစ္စည်းများ တိုးတက်နေသလို . . .၊ နိုင်ငံကြီးတစ်နိုင်ငံဆိုပြီး အခြားသေးနိုင်ငံငယ်များကို ဖိနှိပ်ကျိုးမိုးချုပ်နေသည်။ စိတ်ပိုင်းဆိုင်ရာသာ တည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ... ရာဇဝတ်မှုများကလည်း ပေါများလှသည်။ တစ်မိနစ်ကို ဒုစရိုက်မှုတစ်ခုနှုန်းဖြစ်ပွားနေ သည်။ လူသတ်မှုက တစ်ရက်ကို ဆယ်မှုလောက် တိုးတက်နေသည်။ လက်နက်များကို စတိုးဆိုင်များမှာ သကြားကို ဝယ်သလို ဝယ်လို့ရနေသည်။

လူငယ်တွေလည်း လိုင်စင်မဲ့သေနတ်များကို ကိုင်ချင်သလို ကိုင်နေကြသည်။ မိဘမှန်း၊ ဆရာသမားမှန်း မသိဂါရဝတရားမဲ့နေကြသည်။

ဒုစရိုက်ဂိုဏ်းတွေကလည်း မှိုလိုပေါက်နေကြ သည်။ ငြိမ်းချမ်းမှုအလျှင်းမရှိ၊ သူတို့ဆီက ဥပဒေဆိုသည်မှာ စာအုပ်ထဲမှာသာရှိသည်။ မူးယစ်ဆေးဝါး၊ လက်နက်၊ လူကုန်ကူးကြသည်။ ပြီးတော့ သူတို့ဒါမျိုး မလုပ်ပါလူးဆိုပြီး တစ်ခြားနိုင်ငံများကို ပုံချကြသည်။တစ်ကယ့်ကို ဖြဲဟွမ်စိုရ်တရားကင်းနေကြသည်။

ယခုလည်းကြည့် ...

**ကင်းဝေး** ဟုခေါ်သည့် လမ်းမကြီးပေါ်မှာ လူတွေက ရှုတ်ရှုတ်သဲသဲဖြစ်နေကြသည်။

အားလုံးက မိုးထိမြင့်သည့် တိုက်ကြီးတစ်လုံးပေါ်



ကို စိတ်ပါဝင်စားစွာဖြင့် မော့ကြည့်နေကြသည်။ ထိုတိုက်ကြီးသည် (၇၈)ထပ်မြင့်သည်။ (၅၆)ထပ်မှာ လူသတ်မှုတစ်မှုဖြစ်ပွားနေသည်။

ပြန်ပေးသမားတို့က မိန်းခလေးတစ်ယောက်ကို အတင်းအဓမ္မခေါ်ဆောင်သွားကြသည်။ မိန်းခလေး၏ ဖခင်မှာ အလွန်မှ ချမ်းသာကြွယ်ဝသော ဘီလျံနာသူဌေးကြီးတစ်ဦးဖြစ်သည်။

ရှင်းရှင်းပြောရလျှင် ...

ပြန်ပေးသမားများက သူဌေးကြီးထံမှ သန်း၅၀၀ နှင့် သမီးဖြစ်သူကို အပေးအယူလုပ်ထားကြသည်။ သတ်မှတ်ထားသည့် ရက်မှာမလိုက်လျောခဲ့လျှင် မိန်းခလေးကို အဓမ္မစော်ကားပြစ်ကြမည်။ ထို့နောက် ပြည့်တန်ဆာလုပ်ငန်းလုပ်စားသူများဆီသို့ ရောင်းစားပစ်မည်ဟု ရာဇသံပေးထားကြသည်။

ရာဇဝတ်မှုကို မြို့လည်ခေါင်ပေါ်မှာ ကျူးလွန်နေကြသည်။ တရားဥပဒေကို ပြောင်ပြောင်တင်းတင်းပင် စိန်ခေါ်နေကြသည်။

အောက်မှာ ရဲဌာနမှ ရဲကားများရောက်နေကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေကလည်း လက်နက်ကိုယ်စီဖြင့် ဝိုင်းထား ကြသည်။ ဝါယာလက်ရဲကားများဆီမှ လင်းလက်နေသော မီးရောင်များသည် ညအမှောင်မှာ ပိုပြီးအသက် ဝင်လှုပ်ရှားနေကြသည်။

မကြာမီ. . .

လူဆိုးများရှိရာ (၅၆)ထပ်ဆီမှ အသံချဲ့စက်ဖြင့် ပြောလိုက်သည်က. . .

''လူကြီးမင်းများက မိန်းခလေးကို ကယ်တင်ဖို့ ကြိုးစားမယ်ဆိုရင်တော့ အခုချက်ချင်းဘဲ မိန်းခလေးကို သတ်ပစ်ပြီး အလောင်းကိုပြစ်ချလိုက်မယ်၊ ခင်ဗျားတို့ကို အချိန်၁၅မိနစ်ပေး မယ်၊ ၁၅မိနစ်အတွင်းမှာ သည်နေရာက ထွက်သွားကြ၊ ခိုင်းတဲ့အလုပ်မလုပ်ရင် ကျုပ်တို့ အဆိုးမဆိုနဲ့''

ရာဇသံကပြင်းလှသည်။

အောက်မှဥပဒေဘက်တော်သားများသည် မိန်းခလေးကို ကယ်တင်ရန် အခက်တွေ့နေကြရသည်။ ထိုဂိုဏ်းကြီးသည် အကြီးမားဆုံး ဒုစရိုက်ဂိုဏ်းကြီးတစ်ခုဖြစ်သည်။ ရက်စက်သည်၊ လက်မရွံ့သမားများလည်း ဖြစ်ကြသည်။



ထိုစဉ်. . .

ဆိုင်ကယ်တစ်စီးက သူတို့အနားကို ဝေါကနဲ ဆိုက်ရောက်လာခဲ့သည်။ အပေါ်အောက် အကျီ၊ ဘောင်းဘီ အနက်ရောင် ဝတ်ထားသည်။ ခန္ဓာကိုယ် အချိုးအစားကျနသည်။ ကျစ်လျစ်သော ဖွံ့စည်းမှုရှိသည်။

ရဲအရာရှိတစ်ဦးက ဆိုင်ကယ်ဆီကို လျင်မြန်စွာဖြင့် လျှောက်သွားပြီး

''သည်နေရာမှာ ရာဇဝတ်မှု ဖြစ်ပွားနေပါတယ်၊ လူစိမ်းတွေ မလာရပါဘူးခင်ဗျာ''

ဆိုင်ကယ်ပေါ်မှလူက ခေါင်းဆောင်းကို ချွတ်လိုက်သည်။ ခေါင်းကို တစ်ချက်ဆတ်လိုက်သည်နှင့် ခါးတိုင်အထိရောက်နေသည့် ဆံပင်များက ဝဲကနဲ ဖြစ်သွားကြသည်။

မိန်းခလေးတစ်ယောက်၊ မျက်နှာက နုနယ်ပြုံးမြစ်သည်။ သို့သော် သူမ၏ မျက်ဝန်းတွေက သိန်းငှက်မျက်လုံးတွေကို စူးလက်သည်၊ လျင်သည်။

သူမသည် အရာရှိကို တစ်စုံတစ်ရာလှမ်း၍ ပေးလိုက်သည်။ ကဒ်ပြားလေးတစ်ခု. . .

www.burmeseclassic.com

www.burmeseclassic.com



အရာရှိက ကဒ်ပြားလေးကို သေချာစွာစစ်ဆေး ကြည့်လိုက်သည်။ မျက်လုံးတွေပြူးသွားသည်။

သူမက တစ်ခြားသူမဟုတ်၊ ဆူး သို့မဟုတ် လေပွေမ၊

ကမ္ဘာ့အထူးမထောက်လှန်းရေး အေဂျင်စီက အား ကိုးအားထားပြုထားရသည့် အဆင့်မြင့် စုံထောက်ကျော် တစ်ဦး။ အရာရှိသည်ဆူးကို ချက်ချင်းပင် အရိုအသေ ပေးလိုက်ပြီး ၊

''ဝမ်းသာလိုက်တာဗျာ၊ အခုလို . . . မစ် . . .''

''ကျွန်မကို ဆူးလို့ပဲ ခေါ်နိုင်ပါတယ်၊ မစ္စတာ ကဲနက် . . .''

မစ္စတာကဲနက်သည် များစွာအံ့အားသင့်သွားခဲ့ရ သည်။ သူ၏အမည်ကို ဆူးကသိနေသောကြောင့်ပင်၊

ဤမျှအထိ နံ့စပ်လှပါလား။

''ဟုတ်ကဲ့ဆူး၊ အခြေအနေကတော့ အတော်လေးကို ဆိုးရွားနေပါတယ်၊ ခလေးမလေးက (၅၆)ထပ်မှာ ရှိနေတယ်၊ ကျွန်တော်တို့ဘယ်လို ကိုင်တွယ်ရမလဲ ဆိုတာ စဉ်းစားနေဆဲပါ''



''အဲသည်အတွက် အထက်ကအမိန့်အရလာခဲ့ တာပဲ၊ သည်လိုလုပ်ပါ၊ ရှင်တို့ရဲ့ကားတွေ သည် နေရာကနေ ဆုတ်ပေးလိုက်ကြပါ''

''ဟာသည်လိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ကျွန်တော် တို့ . . .''

ဆူးသည် ကဲနက်နှင့် နှစ်ကိုယ်ကြားလေသံဖြင့်–

''ဒါပရိယာယ်ပါ၊ ကျွန်မနဲ့အတူ လူနှစ်ယောက်ပဲ လိုတယ်''

''ကျွန်တော်သဘောပေါက်ပါပြီ၊ အခုချက်ချင်း စီစဉ်လိုက်ပါ့မယ်''

ကဲနက်ထွက်သွားသည်။ တခဏအကြာတွင် ဝိုင်း ထားသော ရဲကားများ ထိုနေရာမှ ထွက်သွားခဲ့ကြသည်။

ဆူးသည် အမှောင်ရိပ်ထဲသို့ တဖြည်းဖြည်း တိုးဝင် သွားခဲ့သည်။

❋ ❋ ❋ ❋ ❋ ❋ ❋ ❋

လူဆိုးများသည် ဓါတ်လှေကားနှစ်ခုတွင် အစောင့် တစ်ဦးစီချထားသည်။ လက်နက်များကို ကိုင်ဆောင်ထား ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓါတ်လှေကားမောင်းသူနှစ်ဦးကို ခပ်လှမ်းလှမ်းတွင် ထိုင်ထားခိုင်းသည်။ လူဆိုးများသည် တိုက်ကြီး၏ အောက်ခြေတွင် အင်အားနည်းနေသည်။

သို့သော် . . .

ထိုလူဆိုးနှစ်ယောက်တည်းကို သေချာတွက်၍ မရ။ လက်ဖြောင့်ကြသည်။ မိုက်ကန်းကြသည်။ သေမထူး၊ နေမထူးများဖြစ်ကြသည်။ သူတို့နှစ်ယောက်ကလည်း၊ စေသည့်ကျွန်၊ ထွန်သည့်နွားများပမာသခင် ခိုင်းသည့်အတိုင်းလုပ်ကြမည့်သူများဖြစ်ကြသည်။

ဆိုးသည် ကားတစ်စီး၏ဘေးနားမှာကပ်ကာ ထိုင်နေသည်။ အခြေအနေကို အကဲခတ်နေသည်။

သူမနှင့်ခပ်လှမ်းလှမ်းမှာ အရပ်ဝတ်နှင့်ရဲစုံထောက်နှစ်ဦးက အမှောင်ရိပ်ကိုကွယ်ပြီး ငြိမ်နေကြသည်။

ဆိုရလျှင် . . .

ဆိုး၏လှုပ်ရှားမှုကို စောင့်ကြည့်နေကြခြင်းပင်ဖြစ်ကြသည်။

ဆိုးသည် အဆောက်အဦးဆီသို့ပြေးသွားသည်။ ထို့နောက် . . . နံရံကို ကျောဖြင့်တသားတည်းနေအောင်



ကပ်ပြီးငြိမ်နေလိုက်လေ၏။

တံခါးသည် ဆိုး၏ရှေ့ သုံးပေလောက်ပဲကွာဝေးသောသည်။ တံခါးကို သော့တစ်လုံးဖြင့်ခတ်ထားသည်။ အရေးကြီးသည်က ဓါတ်လှေကားနားမှ အစောင့်နှစ်ယောက်၊ သူတို့ကို အရင်ဆုံးရှင်းပစ်ရမည်။

ဆိုး၏လက်ထဲမှာ သေနတ်တစ်လက်၊

အသံတိတ်ကရိယာဆိုင်ပင် စာကိုတပ်ထားသည်။

ရှေးဦးစွာ ပေါ်ကီကို အောက်ရှိ မီးလုံးဝိုင်းဝိုင်းကြီးကို ပစ်ထည့်လိုက်သည်။

'ဒုတ် . . .'

'ခွမ်း . . .'

ဓါတ်လှေကားဆီမှ လူဆိုးနှစ်ယောက်သည် ဆတ်ခနဲဖြစ်သွားသည်။

အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ဆိုးက နောက်ထပ်မီးလုံးတစ်လုံးကို ချိန်ပစ်လိုက်သည်။

''ဒုတ်''

''ခွမ်း''

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့၊ ဘာသံလည်းမသိဘူးကွ၊ မင်းသည်မှာနေခဲ့၊ ငါသွားကြည့်လိုက်ဦးမယ်. . ."

လူဆိုးတစ်ယောက်က သေနတ်ကိုကိုင်ကာ တံခါးဆီသို့တစ်လှမ်းချင်းလျှောက်လာသည်။ သူ့အနေဖြင့် ဓမ္မထပ်မှ လူဆိုးခေါင်းဆောင်၏ရာဇသံကြောင့် ရဲနှင့်ရဲကားများ ထွက်ခွာသွားကြပြီဟု ထင်နေသည်။

ထို့ကြောင့်. . . အေးဆေးစွာပင်လျှောက်လာခဲ့ သည်။ တံခါးနားကို ရောက်လာသည်။ သူ့မျက်လုံးတွေက သံဘာဂျာ တံခါးကိုကျော်၍ အဆောက်အဦး၏အပြင်ဘက်သို့ ကြည့် လိုက်သည်။

ထိုစဉ်. . .

ရုတ်တရက် သူ့ရှေ့သို့ခုန်ပြီးဝင်လာသော မည်း မည်းသဏ္ဍာန်တစ်ခု၊ သူ့လန့်သွားသည်၊ မင်သက်မိသွား သည်။ နောက်တော့သတိရသွားပြီး သေနတ်ဖြင့် ထိုးချိန်က . . ပစ်မည်အပြု. . .

"ဒုတ်"

"အား"

ဆူးက လက်ဦးသွားသည်။ ထိုသူသည် မြင်းဆ



ကောင်၏ အကန်ကိုခံလိုက်ရသလို လွင့်ထွက်သွားသည်။ အထူးတလည် ထွင်ထားသောသေနတ်ဖြစ်သည်။ တွန်းကန် အားပြင်းလှသည်။

ဓါတ်လှေကားနားမှာ ကျန်ခဲ့သောလူဆိုးတစ် ယောက်သည် သူ့အဖော်၏ မချိမဆန့်အော်လိုက်သံကို ကြားလိုက်ရ၍. . .

"ဟေ့ ၊ ပေါလ်. . . ဘာဖြစ်တာလဲကွ"

ပေါလ်ကပြန်မဖြေနိုင်တော့၊ ရဲပြည်ကို ကိုယ်စားရိတ် နှင့်ကိုယ် ယက်ကန်ယက်ကန်ထွက်သွားခဲ့ပြီ၊

ပြန်ဖြေသံမကြား၍. . .

"ပေါလ်၊ မင်း. . . ဘာတွေ့လို့လဲကွ. . ."

ထပ်မေးသည်။ ဘာမှမထူးခြား။ သူစိတ်ထင့်ရပြီ၊ သေနတ်ကို တင်းတင်းဆုပ်ကိုင်လိုက်သည်။

တစ်လှမ်းချင်းလျှောက်လာသည်။

သူသည် မှောက်လျက်လဲ၍သေဆုံးနေသော ပေါလ် ကို တွေ့လိုက်ရသည်။

"ဟင်. . ."

သူ့မျက်နှာ ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းသို့ပြန်လှည့်ပြီး ပြေးမည်အပြုမှာ၊

''ဟော့''

ကျောဘက်မှခေါ်သံကြောင့် အမှတ်တမဲ့လှည့် အကြည့်မှာ၊ ဖြူဝင်းသောမျက်နှာအလှပိုင်ရှင်ကို တွေ့ လိုက်ရသည်။

ချက်ချင်းသတိရသွားပြီး . . . သေနတ်ဖြင့်ထိုးကာ ချိန်လိုက်သည်နှင့် . . .

''ဒုတ်''

''အား''

ဆူးက စက္ကန့်ဝက်လောက်လက်ဦးသွားသည်။

ထိုသူလေထဲမှာ မြောက်တက်သွားပြီး နောက် ဘက်ရှိ နံရံနှင့်ကိုယ်လုံးက ပစ်ရိုက်သွားသည်။

''ဘုန်း''

ပြန်အကျမှာ တစ်ချက်နှစ်ချက်အကြောဆွဲပြီး ငြိမ်သက်သွား၏။

ဆူးသည် တံခါးသော့ကို သေနတ်ဖြင့်ပစ်ကာ ဖျက်ဆီးပစ်လိုက်သည်။

''ဒုတ်''



သော့ပျက်သွားသည်နှင့် တံခါးကိုဖွင့်ကာ အထဲကို ခုန်ဝင်လိုက်၏။ သေနတ်ကိုလက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ လက်တွေကိုဆန့်တန်းပြီး . . . ဟိုသည် လိုက်ပြီးချိန်နေသည်။

စူးရဲသောမျက်ဝန်းအစုံကလည်း လျင်လွန်းလှသည်။

လူနှစ်ယောက်ကိုတွေ့သွားသည်။ သေနတ်ဖြင့် ထိုးပြီးချိန်လိုက်သည်။

''မ . . . မပစ်ပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့က ဓါတ်လှေကားစောင့်တဲ့သူတွေပါ . . .

ပျာပျာသလဲဖြင့် ရှင်းပြလိုက်ကြသည်။

''လူဆိုးတွေ၊ သည်ကနေတက်သွားကြတာလား''

''ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ၊ အားလုံးခြောက်ယောက်၊ မိန်းခလေးတစ်ယောက်ကိုလည်း ဖမ်းခေါ်သွားကြပါတယ်၊ ''

''သို့တို့သွားတာ၊ ဘယ်လောက်ကြာပြီလဲ''

''မွန်းတည့် ၁၂နာရီလောက်ကတည်းကပါ''

ထိုစဉ် . . .

အရပ်ဝတ်နှင့်စုံထောက်နှစ်ယောက်ကလည်း ဆူး ထံသို့ရောက်လာခဲ့ကြသည်။ အထူးအဆင့်သည် ဆူး

www.burmeseclassic.com

www.burmeseclassic.com



ထက်နိမ့်ကျသူများဖြစ်ကြသည်။ ပြီးတော့ ဆူးက ကမ္ဘာ့ကျော်ထောက်လှမ်းရေးမယ်တစ်ဦး . . .၊

"ကျွန်မက သည်ဘက်ဓါတ်လှေကားက တက်မယ်၊ ရှင်တို့က ဟိုဘက်က သပ်သပ်တက်ပါ၊ ရန်သူ့အင်အားကခြောက်ယောက်ရှိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ သတိထားပါ့မယ် "

"ကဲ၊ ရှင်တို့က ကျွန်မတို့ကိုကူညီကြဦး . . ."

"ကူညီဖို့အသင့်ပါပဲခင်ဗျာ . . ."

သူတို့က လိုလားစွာဖြင့် လက်ခံလိုက်ကြသည်။

ဆူးက ဓါတ်လှေကားတစ်ခုဆီသို့ပြေးသွားသည်၊

ကျန်နှစ်ယောက်က နောက်တစ်ခုဆီကို ပြေးသွားခဲ့ကြသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် . . . ဓါတ်လှေကားနှစ်စီးသည် အပေါ်ကိုရွေ့လျားကာ တက်သွားခဲ့ကြသည်။

ဓါတ်လှေကားမောင်းသူတွေကလည်း အခြေအနေကို သိထားကြသည်။ အရှိန်ကို မြှင့်ထားပေးသည်။

ကြိုတင်ပြီး စီစဉ်ထားချက်အရ ၅၅ထပ်မှာ ဆိုက်သွားသည်။ ဓါတ်လှေကားထဲမှ ဆူး ထွက်လာသည်။



အခြားဓါတ်လှေကားတစ်ခုထဲမှ နောက်ထပ်နှစ်ယောက်၊ ၅၆ထပ်ကို လှေကားမှ တက်ကြမည်။ အချိန်ကိုဆိုင်းမနေကြတော့၊ လှေကားမှ အပြေးတက်သွားခဲ့ကြသည်။ မိနစ်ဝက်အတွင်းမှာပင် ၅၆ထပ်ကိုရောက်သွားခဲ့ကြသည်။

ရန်သူသည် ၅၆ထပ်မှာရှိနေသည်။

အဏူးသတိထားရတော့မည်။

အချို့အခန်းတံခါးများသည် ပိတ်ထားသည်။ ပြဿနာဖြစ်နေသည်ကို သိနေကြ၍မဖွင့်ရဲကြ။

ဆူးကန်ရဲကို ဘေးတိုက်ကပ်ကာ ဘေးတိုက် သွားနေသည်။

ကျန်နှစ်ယောက်က မလှမ်းမကမ်းမှာ . . .။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

စောစောတုန်းက . . .။

တိုက်၏အောက်ခြေမှ လှမ်း၍ကြည့်ထားခဲ့သော ကြောင့် ဆူးကမှတ်မိနေသည်။

ဆူးနဲ့ ရဲနှစ်ယောက် . . .။

အထူးသတိထားပြီး အခန်းနံရံကို ကျောဖြင့်ကပ် ကာ ခြေလှမ်းတွေက ဘေးတိုက်ရွေ့လျားလာခဲ့ကြသည်။

သည်နေရာမှာ ဆူးကခေါင်းဆောင် . . .။

ပါလာသူနှစ်ယောက်က ဆူး၏အရိပ်အကဲကို



ကြည့်ပြီးမှ လှုပ်ရှားကြသည်။ ဆူးသည်သူတို့နှစ်ဦးကို လက်ဟန်ခြေဟန်ဖြင့် အခန်း၏တံခါးဝအနီးကို ကပ်ခိုင်း လိုက်သည်။

သူမကိုယ်တိုင်လည်း သေနတ်ကို အသင့်ပြင်ပြီး သော့ပေါက်မှ ချောင်းကြည့်လိုက်သည်။

ဂိုဏ်းခေါင်းဆောင်နှင့်တူသူသည် သေနတ်ကို ကိုင်ကာ အခန်းထဲမှာ လမ်းသလားနေသည်။

တစ်ချက်တစ်ချက် ဝရံတာဘက်ကို ထွက်သွားကာ အောက်သို့ချောင်းပြီးကြည့်နေသည်။

ရဲကားများတစ်စီးမှမရှိတော့သည်ကို သူကောင်း စွာမြင်နေရပြီ ဖြစ်သည်။ သို့သော် သူ့မျက်နှာပေါ်တွင် စိတ် လှုပ်ရှားမှုတွေက ရှိနေ၏။

မိန်းကလေးတစ်ယောက်ကို ကုလားထိုင်ပေါ်မှာ ကြိုးတုတ်ထားသည်။ အနားမှာ လူဆိုးနှစ်ယောက်က စောင့်ကြည့်နေသည်။

နောက်နှစ်ယောက်ကျန်သေးသည်။

ဘယ်မှာလဲ . . .။

တစ်ယောက်ကအခန်းနောက်မှ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ဖန်ခွက်တစ်ခွက်ကို ကိုင်ထားသည်။

နောက်တစ်ယောက်က မီးဖိုထဲမှ ထွက်လာသည်။ ဆူးသည် အတူပါလာသော ရဲနှစ်ယောက်အား အခန်းထဲမှ အနေအထားများကို တစ်လှည့်ကြည့်စေသည်။

ပြီးတော့ . . .။

ဆူးကသူတို့ချင်းသာ နားလည်မသော လျှို့ဝှက်သင်္ကေတများကို လက်ဟန်ခြေဟန်ဖြင့်ပြသည်။ အတူပါလာသူနှစ်ဦးက ခေါင်းညိတ်ကြသည်။

ထိုသူနှစ်ယောက်သည် ဆယ်ပေအကွာလောက် ဆီမှ တံခါးဆီကိုပြေးကာ ကိုယ်ကိုစောင်းလိုက်ပြီး ဖွင့်လိုက်ကြသည်။

''ဝုန်း''

တံခါးပွင့်သွားသည်နှင့် ဆူးကပြေးဝင်သွားသည်။ လူဆိုးများအားလုံးသည် တဒင်္ဂအချိန်အတွင်း မင်သက်မိပြီး တံခါးဆီကို ငေးကြည့်နေလိုက်ကြသည်။

တစ်စက္ကန့် . . . နှစ်စက္ကန့် . . . သုံးစက္ကန့် နောက်တော့ အခြေအနေကို ချက်ခြင်းပင် သတိရသွားခဲ့ကြရာ. . . ရန်သူ. . .၊



သေနတ်တွေကို ကိုင်ထားသောလက်များက လှုပ်ရှားရန် ပြင်လိုက်ကြသည်နှင့်၊

''ဒုတ်''

''ဒုတ်''

''အား''

''အား''

မိန်းခလေး၏အနားမှ လူဆိုးနှစ်ယောက်သည် ကိုယ်တစ်ပတ်လည်ပြီး အရှုတ်ကြိုးပြတ် ပစ်ကျသွားခဲ့ကြသည်။ ဆူးကလက်ဦးသွားသည်။ ဖန်ခွက်ကို ကိုင်ထားသောလူဆိုးသည် ဖန်ခွက်ကို လွှတ်ချလိုက်ပြီး ဘောင်းဘီအိတ်ထဲမှ သေနတ်ကို ထုတ်မည်အပြု. . .

နောက်ကျသွားခဲ့လေပြီ . . . ပုလိပ်တစ်ယောက်က သူ့ကိုပစ်ထည့်လိုက်သည်။

''အား''

နောက်တစ်ယောက်က အခြေအနေမဟန်မှန်းသိသောအခါ ပြတင်းပေါက်ဆီကို လှည့်ပြီးပြေးသည်။ ပြတင်းပေါက်ဘောင်ပေါ်တက်ကာ တစ်ဖက်တိုက်ခန်းကို ကူးမည်အပြု၊

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"၊

ဆူးကပစ်လိုက်၍ ခြေထောက်ကို မှန်သွားပြီး အခန်းထဲသို့ ကိုယ်လုံးကြီးက ပစ်ကျလာခဲ့သည်။ဆူးပြေးသွားပြီး လက်ထဲမှ သေနတ်ကို ကန်ထုတ်ပစ်လိုက်သည်။ ရဲတစ်ယောက်က သူ့ကိုမှောက်စေလိုက်ကာ လက်နောက်ပြန် လက်ထိတ်ခတ်လိုက်လေသည်။

အခြေအနေက လျှပ်တပြက်အချိန်အတွင်းမှာ ဖြစ်ပွားခဲ့ခြင်းပင်၊ ကိုဏ်းခေါင်းဆောင်သည် ဖမ်းဆီးထားသော မိန်းခလေးကို ဓါးစာခံလုပ်ရန်ပြေးအလာ ဆူးကိုပါသေနတ်နှင့် ပစ်ချလိုက်သည်။

"ဒိုင်း"

ဆူးက ကြမ်းပြင်ပေါ်ကို ပြေးမှောက်ပြီး ရှောင်လိုက်ရသည်။ ကျည်ဆံသည် ပွတ်ကာသီကာလေး ကပ်ကျော်သွား၏။ ဆူးက မှောက်လျှက်အနေအထားဖြင့် သေနတ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်ကာ ပစ်ထည့်လိုက်သည်။

"ဒုတ်"

"ဒုတ်"



ဂိုဏ်းခေါင်းဆောင်နဖူးမှာ အပေါက်လေး တစ်ပေါက်ဖြစ်သွားသည်။ နောက်တစ်ချက်က ကိုယ်ကိုမှန်၍ တစ်ကိုယ်လုံးမြောက်တက်သွားပြီး ပြူတင်းပေါက် ဘောင်ပေါ် ပစ်ကျသွားခဲ့သည်။

(၅၆)ထပ်ပေါ်က ပစ်ကျသွားသော်လည်း နာကျင်မှာ မဟုတ်တော့၊ သူကအရင်သေနှင့်ပြီးခဲ့ပြီ။ ဆူးသည် မိန်းခလေးဆီကို အေးဆေးစွာလျှောက်သွားလိုက်ပြီး ကြိုးများကိုဖြည်ပေးလိုက်သည်။

"ကျေး... ကျေးဇူးတင်ပါတယ်... မမ်ရယ်၊ သူတို့က ကျွန်မကိုသတ်ပစ်ပြီး အလောင်းကို ပြတင်းပေါက်ကနေ ပစ်ချဖို့ စီစဉ်နေကြတာ"

"မပူပါနဲ့တော့ကွယ်၊ မင်းရဲ့ကိုယ်စား တစ်ယောက်က ပြူတင်းပေါက်ပေါ်က ခုန်ဆင်းသွားခဲ့ပါပြီ..."

"ဆူးက မိန်းကလေးပဲ "

ဆံပင်များကို တယုတယနှင့်သပ်ပေးလိုက်ပြီး နှစ်သိမ့်လိုက်သည်။ဖြစ်ပျက်ချိန်အားလုံးကို စုပေါင်းလိုက်သော် ၁၅ စက္ကန့်လောက်ပဲ ကြာလိုက်သည်။

ဆူး၏ သတ္တိ၊ လျင်မြန်ဖျတ်လတ်မှုကို အတူပါ

www.burmeseclassic.com



လာသော ရဲနှစ်ယောက်ကပင် လက်ဖျားခါယူရသည်။

သူတို့သည် နာမည်ကြီးထောက်လှမ်းရေးမယ် ဆူးနှင့် အခုလိုလက်တွဲပြီး အလုပ်လုပ်လိုက်ရသည့် အတွက် ဂုဏ်ယူနေမိကြသည်။

"လေပွေမရဲ့ စွမ်းဆောင်မှုကတော့ အံ့မခန်းပါပဲဗျာ၊ ဂုဏ်ယူမိပါတယ်၊ "

ဆူးကို လက်ဆွဲပြီး နှုတ်ဆက်ကြသည်။

ရဲတစ်ယောက် စကားပြောစက်ဖြင့် အောက်ကိုလှမ်းပြီး အကြောင်းကြားလိုက်သည်။

မကြာမီ...

မစ္စတာကဲနက်နှင့် ရဲများ သူတို့ဆီသို့ ရောက်လာခဲ့ကြသည်။

"လေပွေမရဲ့ သတ္တိကိုလေးစားသွားပြီဗျာ၊ အမှန်အတိုင်းဝန်ခံရရင် သည်ရာဇဝတ်မှုကို ဘယ်လိုရှင်းရမှန်း မသိတုန်း လေပွေမ ရောက်လာခဲ့တာပဲ"

လူသတ်၊ ပြန်ပေးဆွဲ၊ ခါးပြတိုက် စသည့်ဒုစရိုက်ဂိုဏ်းကြီးကို ဖြိုခွင်းလိုက်ခြင်းပင်ဖြစ်သည်။

မိန်းခလေး၏မိဘများက သမီးဖြစ်သူ၏အခြေအ



နေကိုသိလိုက်ရ၍ ဝမ်းသာသွားခဲ့ကြသည်။

မကြာမီ..

အခင်းဖြစ်ပွားရာနေရာဆီကို ရောက်လာခဲ့ကြ သည်။

သို့သော်...

ဆူးသည် ထိုနေရာမှာကြာကြာမနေပဲ ထွက်၍လာခဲ့သည်။ ခါတ်လှေကားပေါ်မှ ဆင်းခဲ့သည်။

အဆောက်အဦး၏ အပြင်ကိုရောက်သောအခါ သောစောကရှောင်ထွက်သွားကြသည့် ရဲကားများနှင့် ဆေးရုံကားများကိုတွေ့လိုက်ရသည်။ ဆူးသည် သူ့ကို အာရုံစိုက်နေကြသည့်လူများကို ရှောင်ရှားကာ ဆိုင်ကယ်ဆီကို လျှောက်သွားသည်။ ထို့နောက် တရှိန်ထိုး မောင်းထွက်သွားခဲ့လေသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

လေပွေမ၊

သူမကို ဒုစရိုက်ဂိုဏ်းများက ဖြိုကြသည်။

သွက်သည်၊ လျင်သည်၊ ထက်မြက်သည်။ တရား ဥပဒေချိုးဖောက်သူများအပေါ်မှာ ရက်စက်စွာ ကိုင်တွယ်သည်။ ကြမ်းတမ်းစွာဆက်ဆံသည်။

သူမကြောင့်. . .

ဒုစရိုက်ဂိုဏ်းများပင် မျိုးပြုတ်ကာ မြေအောက် လောကမှ ပျောက်ကွယ်သွားခဲ့ကြရသည်။



အမွေစားအမွေခံပင် မကျန်ရအောင် မျိုးပြုတ် သွားခဲ့ကြရသည်။

ထို့ကြောင့်. . .

လေပွေမက နာမည်ကြီးနေသည်။

သူမ ရောက်လေရာအရပ်တွင် မည်မျှပင် အပုန်း ကောင်းသည်ဆိုသော ဂိုဏ်းခေါင်းဆောင်များသည်ပင် မလုံခြုံ၊ လေပွေမ ဖော်ထုတ်နိုင်မှုကြောင့် ရေမွှန်းနေသော ကြွက်များပမာ ကြွက်တွင်းထဲမှ ထွက်လာကြရစမြဲ။

အေးဂျင့်မှလည်း. . .

သူမကို အထူးအခွင့်အရေးပေးထားသည်။ ကမ္ဘာ့ ရာဇဝတ်ကောင်များကို သုတ်သင်ပိုင်ခွင့် ပေးထားသည်။

ရာဇဝတ်ဂိုဏ်းများကလည်း လေပွေမကို သုတ်သင် ရန် လက်မရွံ့သမားများကို လွှတ်ထားသည်။

ကြေးကြီးကြီးပေးငှားရသော ကြေးစားလူသတ်သမား များကို သေမင်းတမန်များအဖြစ် စေလွှတ်ထားသည်။

သို့သော်. . .

သူတို့အတွက် သေမင်းတမန်က လေပွေမ ကိုယ်တိုင်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လေပွေမ အမည်ကို မြေအောက်ဒုစရိုက် ဂိုဏ်းသားများက ပေးထားကြခြင်းပင်ဖြစ်သည်။

လေပွေမသည် တစ်နေရာတည်းမှာမနေ၊ သူမ၏မူအတိုင်း ချေမှုန်းဖြိုဖျက်သည်။ အလုပ်ပြီးစီးသွားခဲ့လျှင် ထိုနေရာမှ ပျောက်ကွယ်သွားတတ်သည်။

ပြီးတော့ . . .

မထင်မှတ်သော တစ်နေရာမှ ဘွားကနဲဆို ပြန်ပေါ်လာတတ်သည်။ မြေကြီးထဲကပဲ ထွက်လာသလို၊ မိုးပေါ်ကပဲ ကျလာသလိုဖြစ်သည်။

မည်သူမှ ကိုင်တွယ်ရှင်းမရသည့် ကိစ္စမျိုးဆိုလျှင် လေပွေမကို ခေါ်ယူရသည်။

ဉာဏ်နီဉာဏ်နက်များသော လေပွေမက နည်းမျိုးစုံသုံးပြီး အခက်အခဲကို ဖြေရှင်းသွားသည်။ အောင်မြင်သည်ကများသည်။

လေပွေမ၏အဓိကရန်သူတော်ကြီးသည် ဖူးဝမ်ချျူး ဖြစ်၏။ ကမ္ဘာ့ဒုစရိုက်ဂိုဏ်းပေါင်းချုပ်၏ ကေရာဇ်ကြီး၊ ဖူးဝမ်ချျူးဦးစီး၍ ဆောင်ရွက်သောလုပ်ငန်း များကို လေပွေမ တစ်နည်းမဟုတ်တစ်နည်းဖြင့် ဖျက်ဆီးပစ်သည်။



ထို့ကြောင့် . . .

ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးရသည်။

ဖူးဝမ်ချျူးကို အဝေးကပဲဖြစ်ဖြစ်၊ အနီးကပဲဖြစ်ဖြစ်၊ ထိရောက်စွာနှိပ်စက်နိုင်သူမှာ . . .

ဆူး . . . (သို့မဟုတ်)

လေပွေမတစ်ဦးတည်းသာရှိသည်။

ဂျင်ပေါ်ကထုံးလို အမြဲနေသည့် ဖူးဝမ်ချျူးလို ကမ္ဘာ့ရာဇဝတ်ကောင်ကြီးကို ထုံးထက်ကပိတုန်းဖြစ်သည့် လေပွေမ၏ တစ်ချီတစ်ချီမှာ တုတ်ခဲ့လျှင်ပင် မသက်သာလှ၊ ပျာဆင်းသွားခဲ့ရသည်။

ဖူးဝမ်ချျူး အထူးအားထားရသော လက်ရွေးစင် ဂိုဏ်းခေါင်းဆောင်များသည်ပင် တဖြည်းဖြည်းလျော့ပါးလာခဲ့ရသည်။

ဖူးဝမ်ချျူး၏ပင်ကိုယ်ရုပ်ရည်ကို မြင်ဖူးသူမရှိကြ၊ သူသည် ဂိုဏ်းသားများနှင့် ဆက်ဆံလျှင် အမြဲလိုလို မျက်နှာဖုံးကိုစွပ်ထားသည်။

သို့သော် . . .

မျက်နှာဖုံးစွပ်ပြီး သူတို့၏ရှေ့မှာရှိတိုင်း ဖူးဝမ်ချျူး

www.burmeseclassic.com

www.burmeseclassic.com



အစစ်ဟု မထင်မှတ်လေ . . .။

ဖူးဝမ်ချူးသည် အသွင်တစ်မျိုးနှင့် တစ်နေရာမှာ ရောက်ချင်ရောက်နေတတ်သည်။

ယခုလည်း

ဖူးဝမ်ချူးသည် တစ်နေရာကနေပြီး သူ့လူများကို ကြိမ်းမောင်းနေသည်။

''ဟိုကလေးမကို ပြန်ပေးဆွဲထားကြတဲ့ ငါ့ လူတွေက ငါ့ရဲ့စေခိုင်းမှုအောက်မှာ နှစ်တာရှည်စွာနေလာခဲ့ကြတာ၊ လေပွေမ ဝင်ကိုင်တော့မှပဲ မျိုးပြုတ်တော့တာပဲ၊ သည်အတိုင်းသာဆိုရင် ငါလုပ်စားဖို့တောင် ကျန်ပါဦးမလား၊ မင်းတို့လည်း သည်ကောင်မကို လက်ရမဖမ်းနိုင်ကြတော့ဘူးနော်၊ တော်တော်ညံ့ဖျင်းကြတာပဲ''

''လေပွေမဟာ၊ နတ်ဆိုးရဲ့တမန်တော်နဲ့ တူပါတယ်၊ သူ့ကို သုတ်သင်ဖို့ကြိုးစားတိုင်း သူကပဲ အဲ့ဩည်လူကို သေစာရင်းသွင်းပစ်တာချည်းပါပဲ၊ ကျွန်တော်တို့လည်းလေပွေမကို သုတ်သင်ဖို့ကြိုးစားခဲ့တာပါပဲ . .''



ဖူးဝမ်ချူး၏ ခေါင်းစွပ်အနက်အောက်မှ မျက်လုံးနှစ်လုံးသည် သေးငယ်ကျဉ်းမြောင်းသွားခဲ့သည်။

ပြီးတော့ ရယ်သံသည် ဖြည်းညင်းစွာထွက် ပေါ်လာခဲ့သည်။

''အေး ၊ မင်းတို့ကဒါလောက်တောင် ချီးမွမ်းခန်းဖွင့်နေကြ၊ လေပွေမဟာ တစ်ချိန်ချိန်ကျရင် ငါ့လက်အောက်ကိုရောက်လာရမှာပဲကွ၊ သူ့ကို အရှင်မိလာခဲ့ရင် တစိမ့်စိမ့်နဲ့ ညှင်းပြီးမှသတ်ပစ်မယ် . .''

ဖူးဝမ်ချူး၏လေသံသည် နာကျည်းနေပုံရသည်။ သူ့ရှေ့မှ တပည့်နှစ်ယောက်သည် တုန်လှုပ်ချောက်ချားနေကြသည်။ တာဝန်မကျေသော သူတို့နှစ်ဦးကို ဖူးဝမ်ချူးက ချက်ချင်းသုတ်သင်ပစ်နိုင်သည်။

ထိုကဲ့သို့ရယ်သံမျိုးထွက်ပေါ်လာလျှင် ကြောက်ရသည်။ ရယ်သံနောက်မှာ သေမင်းက ပါလာတတ်သည်။ ချက်ချင်းပင် အလောင်းတော်ဘဝသို့ရောက်သွားနိုင် သည်။

''ကဲ၊ မင်းတို့ကိုယ့်အလုပ်ကိုဆက်လုပ်ကြပေတော့၊သည်တစ်ခါတော့ ငါခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ အမှားအယွင်းတစ်ခုခု ဖြစ်ပေါ်လာခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဟင်း . . ဟင်း . . ဟင်း''

ထိုသူတို့သည် . . .

ဖူးဝမ်ချူးကို အရှိအသေပေးပြီး ထွက်လာခဲ့ကြသည်။

ရယ်သံက ကျောချမ်းစရာကောင်းလှအောင် နောက်မှကပ်ပြီးပါလာခဲ့သည်။

❄ ❄ ❄ ❄ ❄ ❄ ❄

အချိန်ကား ညကာလ . . .

လေယာဉ်တစ်စီးသည် ပေနှစ်ထောင်သာသာအမြင့်လောက်က ပျံသန်းလာနေသည်။ ကိုယ်ပိုင်လေယာဉ်ပေါ်မှာ လူခြောက်ယောက်သာပါလာသည်။

လေယာဉ်မောင်းသူ ပိုင်းလော့မှလွဲလျှင် လူငါးယောက်သည် လေယာဉ်ကိုယ်ထဲတွင်း တစ်စုံတစ်ခုကို ဝိုင်းပြီးထိုင်နေကြသည်။

ယင်းတစ်စုံတစ်ခုသည် –

ခေါင်းကြီးတစ်လုံးဖြစ်သည်။

မမှီရုပ်အလောင်းတစ်ခုကိုထည့်ထားသည့် ခေါင်းကြီးတစ်ခု၊ ရွှေပေါင်းခေါင်းကြီး၏ အဖုံးပေါ်တွင်ဖာရို



ဘုရင့်တစ်ပါး၏ ဦးခေါင်းပုံတူကို ရွှေချထားသည်။

ခေါင်း၏အဖုံးသည် ဖာရိုဘုရင်၏ လဲလျောင်းနေသော ပုံစံပင်ဖြစ်သည်။

ခေါင်းထဲမှာတော့ . . .

ရှေးနှစ်ပေါင်းသုံးလေးထောင်ကျော်လောက်က အရှိဘုရင်တစ်ပါး၏ ကျပ်စည်းထားသော အလောင်းကောင်ကြီးက လိုက်ပါလာသည်။

အီဂျစ်ပြည် . . .

လူဇော်မြို့ရှိ ပိရမစ်ကြီးတစ်ခုထဲမှ သချိုင်းတစ်ခုကိုတူးဆွပြီး သူတို့ယူလာခဲ့ကြသည်။ လေယာဉ်သည် တောက်ခံလျှောက်ပျံသန်းလာခဲ့သည်။ ညကာလမင့်လည်း . . .

လေယာဉ်မောင်းသမားက လမ်းခရီးကို ကျွမ်းသည်။ အေးဆေးစွာပင် မောင်းနှင့်လာသည်။

မကြာမီ . . .

မြေပြင်မှ မီးရောင်လက်လက်ကိုမြင်လိုက်ရသည်။ လေယာဉ်ပြေးလမ်းဘေးဝဲယာမှာ မီးပွင့်လေးတွေက ဖျတ်ကနဲဖျတ်ကနဲ လင်းလာခဲ့ကြသည်။ လေယာဉ်ဆင်းတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဘီးများက ကျလာသည်။

ပြေးလမ်းအစပ်ကို ရောက်လာသည်နှင့် အောက်ကို တစ်ဖြေးဖြေးထိုးဆင်းလာသည်။ လေယာဉ်ဘီးနှင့် ကွန်ကရစ်လမ်းဖွတ်ကိုက်သံသည် မဆိုစလောက်၊ အဆင်းသည်လည်း ညက်ညောလှသည်။ လေယာဉ်မှူးသည် ဒုံးဇတွေ့အကြုံရင့်ကျက်ပြီးသူ တစ်ဦးဖြစ်ပုံရသည်။

လေယာဉ်သည် ပြေးလမ်းပေါ်မှာ အရှိန်နှင့်သွားနေသေးသည်။ တခဏအကြာမှ ရပ်သွားခဲ့လေ၏။

လေယာဉ်ရပ်သွားသည်နှင့် ခြေသံများ၊ တဖုတ်ဖုတ်နှင့်ပြေးလာကြသံများကို ကြားလိုက်ကြရသည်။ ရှေ့ဆုံးမှလူသည် လက်နှိပ်ဓါတ်မီးကို ကိုင်ထားသည်။ ပြေးလာကြသူများမှာ စုစုပေါင်းသုံးယောက် . . .။

လေယာဉ်ပေါ်မှ လူငါးယောက်သည် အောက်သို့ရောက်ခဲ့ကြလေပြီ။ ခေါင်းဆောင်နှင့်တူသူသည် ကုတ်အင်္ကျီအတွင်းဘက် ဘယ်လက်ချိုင်းအောက်မှ သေနတ်ကိုထုတ်လိုက်သည်။

ကျန် သူ လေးဦးသည် လည်း ထိုနည်းလည်းကောင်းပင် . . . ၊ သေနတ်များကို ထုတ်ကိုင်ထားလိုက်



ကြသည်။ အသံများသည် အဖြည့်းဖြည်းနှင့် နီးကပ်လာခဲ့ကြသည်။

"ရပ် . . . ဘယ်သူလဲ"

"**လင်းနို့မှတောင်ပံ**"

ခြေလှမ်းဆယ်လှမ်းအကွာမှာ ရပ်လိုက်သောလက်နှိပ်ဓါတ်မီးနှင့်လူက စကားဝှက်ဖြင့် ပြန်ပြောလိုက် သည်။

"ဩော်၊ အေးလာကြဟေ့"

သူတို့သည် တစ်ယောက်နာမည် တစ်ယောက်ခေါ်ကြဘဲ မိမိတို့၏ လူဖြစ်ကြောင်းကို စကားဝှက် အမျိုးမျိုးသုံးကာ ပြောကြသည်။

အောက်မှလူသုံးယောက်က သူတို့၏အလုပ် ဘာဆိုသည်ကို သိနေကြသည်။ လေယာဉ်ဆီသို့ လျှောက်သွားကြပြီး ခေါင်းတလားကြီးကို လေယာဉ်ထဲမှ ဆွဲထုတ်လိုက်ကြသည်။

သို့သော် သုံးယောက်တည်းနှင့် မနိုင်ကြပေ။ ကျန်လူများကပါ ဝိုင်းကူမပြီး ချပေးလိုက်ကြသည်။

"ကျုပ်ပြန်လို့ရပြီလား"

လေယာဉ်ပိုင်းလော့က လေယာဉ်ပေါ်ကလုံးဝ မဆင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲမေးလိုက်သည်။

"ကောင်းပြီ၊ ခင်ဗျားပြန်နိုင်ပြီ"

ခေါင်းဆောင်က ပိုင်းလော့၏လက်ထဲသို့ ငွေစက္ကူ အထုပ်ကြီးတစ်ထုပ်ကို ပစ်ပေးလိုက်သည်။

"နောက်တစ်ပတ်ကြာရင် ထပ်ပြီးဆက်သွယ်မယ်"

"အိုကေ"

လေယာဉ်သည် ပြေးလမ်းပေါ်မှာ အရှိန်ဖြင့်ဆက်ပြီးထွက်သွားသည်။ ထို့နောက် ကောင်းကင်ပေါ်ကို တဖြည်းဖြည်း ပျံတက်သွားခဲ့လေသည်။ အောက်မှကြည့်သောအခါ မီးပွင့်လေးတစ်ပွင့်မျှသာ မြင်လိုက်ရလေတော့သည်။

မြေပြင်မှာစောင့်နေသူသုံးယောက်ထဲမှ တစ်ယောက်သည် အမှောင်ထဲကို ထွက်သွားသည်။ မကြာမီ ကားအင်ဂျင်စက်နှိုးသံကို ကြားလိုက်ရသည်။ ကားရှေ့အောက်မီးလုံးနှစ်လုံးကိုသာ ဖွင့်ထားပြီး အရှိန်တင်ကာ မောင်းလာခဲ့သည်။

လူစုအနားသို့ ရောက်သောအခါ တံခါးသုံးပေါက်နှင့် ရှည်လျားသော ကားနက်ကြီးတစ်စီးဖြစ်နေသည်။ ကားက မာစီဒီးအမျိုးအစား။ နောက်ဘက်ကလည်း ဖွင့်လို့ရသည်



တံခါးတစ်ခုပါနေသည်။ ထိုင်ခုံများသည် တစ်ဖက်ကို လေးလုံးစီပါသည်။ အားလုံးရှစ်လုံး၊ တစ်ယောက်က ကားနောက်တံခါးကို ဖွင့်လိုက်သည်။

ထိုင်ခုံများကြားသို့ ခေါင်းတလားကြီးကို ထိုးသွင်း လိုက်ကြလေသည်။ လက်နှိပ်ဓါတ်မီးကို ကိုင်ထားသူ သည်

"အချိန်မရှိဘူး။ သွားကြစို့"

အားလုံးကားပေါ်ကို တက်လိုက်ကြသည်။ ကား တံခါးများကို ညင်သာစွာ ပိတ်လိုက်ကြပြီးသည်နှင့် ကားသည် မြူးတစ်စင်းပမာ နေရာမှဆောင့်ပြီးထွက်သွားခဲ့သည်။

ခြုံထဲမှာ လူတစ်ယောက်၊ သားရေအင်္ကျီ၊ ဘောင်းဘီ အနက်ရောင်ကို ဝတ်ထားသည်။ လေယာဉ်မဆိုက်မီ ကတည်းက ထိုနေရာကို သူရောက်နေခဲ့သည်။ ထို့ကြောင့် သူတို့လှုပ်ရှားသမျှကို အစမှသည်အဆုံးထိ မြင်တွေ့နေရ သေသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ကားကိုယ်ထည်အထူးပြုလုပ်ထားသော မာစီဒီး ကားကြီးသည် ဟိုင်းဝေးလမ်းမကြီးပေါ်မှာ တရိပ်ရိပ်ဖြင့် ပြေးနေသည်။

လူရှစ်ယောက်သည် ကားပေါ်မှာ ငြိမ်သက်စွာဖြင့် လိုက်ပါလာခဲ့ကြသည်။ သူတို့သည် မိမိတို့အလုပ်ကို လွန်စွာမှ ပီရိနေကြသည်ဟု ထင်နေကြသည်။ ကျေနပ် မှုအပြည့်ရှိနေကြသည်။

လမ်းခရီးမှာလည်း မည်သည့်အနှောင့်အယှက်မျိုး ကိုမှ မတွေ့ခဲ့ကြရ၊ အထူးသဖြင့် စစ်ဆေးရေးအဖွဲ့များ



နှင့်လည်းမဆုံခဲ့ကြရ၍ တောက်လျှောက်ကြီးကို လွှတ် ကြော့က်နေသည်။

သို့သော် ...

ဆိုင်ကယ်တစ်စီးသည် သူတို့၏နောက်မှ ခပ် ခွာခွာလိုက်လာနေသည်ကိုတော့ မသိကြ၊

ကားသုံးလေးစီးက မာစီဒီးကားကြီး၏နောက်မှ ပိုရှန်မောင်းလာနေခဲ့ကြသည်။ မာစီဒီးကားကြီးက အရှိန် ကို မြှင့်ပဲ ခြောက်ဆယ်နှုန်းလောက်နှင့်ပင်မောင်းသွား သည်။ ထိုကားများသည် သူတို့ကား၏နောက်မှ ပါလာကြ သော်လည်း ကိုယ့်အကြောင်းနှင့် ကိုယ်သွားနေကြခြင်းပင် ဖြစ်ကြသည်။

ထိုကားများ၏နောက်မှ ဆိုင်ကယ်က လိုက်ပါလာ သည်။ ကားများက ဆိုင်ကယ်ကို ကွယ်ထားကြသလို ဖြစ်နေသည်။

နောက်မှကားများသည် ရှေ့မှမာစီဒီးကားကြီးကို တစ်စီးပြီးတစ်စီးဖြတ်ကျော်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပေါ်မှလူသည် အခြားသူမဟုတ်၊

ဆူး ...ဖြစ်သည်။

ဆိုင်ကယ်စီးဦးထုပ်ကို ဆောင်းထားသော်လည်း ကေသာမျှင်အချို့က လေထဲမှာ လွင့်နေကြသည်။

လမ်းမကြီးပေါ်မှ ကားအသွားအလာအနည်းငယ် ရှင်းသွားသည်။ သည်တော့မှ အတော်ခပ်လှမ်းလှမ်းဆီက လိုက်လာသောဆိုင်ကယ်ကို ယာဉ်မောင်းကသတိပြုမိ သွားခဲ့သည်။

"နောက်ကပါလာတဲ့ ဆိုင်ကယ်ကို သိပ်မသင်္ကာဘူး"

ကားဘေးနောက်ကြည့်မှန်ထဲမှ ကြည့်ပြီး ပြောလိုက်သည်။ ဘက်ကို စုပြုံပြီးကြည့်လိုက်ကြလေသည်။

လျှင်မြန်စွာဖြင့် မောင်းနှင်လာနေသည့် ဆိုင်ကယ်တစ်စီး၊ ကားဘေးနားမှ 'ဝေါ' ကနဲကျော်ဖြတ်သွားလေသည်။

ထို့နောက် အားလုံး၏မျက်စိအောက်မှာပင် ပျောက်ကွယ်သွားတော့သည်။ သည်တော့မှ သက်ပြင်းချလိုက်ပါသည်။

သူတို့နှင့် ဘာမှမပတ်သက်၊ ကိုယ့်စိတ်ကို အလိုလို ခြောက်လှန့်နေကြခြင်းသာ။ ကားသည် ရှေ့ တစ်ဆစ်ချိုး



ကွေ့လေးကို ချိုးကွေ့လိုက်သည်။

"ဝေါ ...ဝူး...ဝူး..."

ထိုစဉ် အားလုံးကို အံ့အားသင့်သွားစေသော မြင်ကွင်းတစ်ခု၊ စောစောက ဖြတ်ကျော်သွားခဲ့သော ဆိုင်ကယ်သည် ယာဉ်ကြောကို ပြောင်းပြန်လှည့်ကာ သူတို့ ကားကို ခေါင်းလှည့်ထားသည်။ ကားမီးရောင် အောက်မှာ ထင်ထင်ရှားရှားမြင်လိုက်ရသည်။

"ဟာ၊ ဆိုင်ကယ်ပေါ်ကလူက ဘယ်လို သဘောမျိုးနဲ့ ငါတို့လာမယ့် လမ်းမှာဆီးပိတ်ပြီး ရပ်နေရတာလည်းကွ"

ကားခေါင်းထဲမှ လိုက်ပါလာသူ ခေါင်းဆောင်ဖြစ်သူက အခြေအနေကို နားမလည်စွာဖြင့် မေးခွန်းထုတ်လိုက်သည်။

မားစီးဒီးကားနက်ကြီးသည်...

ဆိုင်ကယ်နှင့် အတော်ခပ်လှမ်းလှမ်းမှာ ရပ်လိုက်သည်။

"ကျွိ"

ကားမီးရောင်ကတော့ ဆိုင်ကယ်ဆီကို တန်းတန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ထိုးထားသည်။

ဆူးက ဆိုင်ကယ်ပေါ်မှာ ထိုင်လျက်သားကပ

ခေါင်းဆောင်းကို ဖြုတ်လိုက်သည်။

ထိုအခါ . . .

သူမ၏ ဝင်းဝါသော မျက်နှာလေးသည် ကား

ရောင်အောင်မှာ အထင်းသားဆိုသလို ပေါ်လာခဲ့လေ၏

"ဟာ၊ သည် . . . သည်အမျိုးသမီးဟာ၊ လေ

လေပွေမ၊ သူ . . . သူဟာ၊ ဘယ်သူ့ကိုမှ ကော

ကျိုးမပေးခဲ့ဘူး"

ယာဉ်မောင်းလုပ်သူသည် ပြူးတူးပြဲတဲဖြစ်သွ

ခဲ့ရလေ၏။ သူသည်ဆူး (သို့မဟုတ်) လေပွေမကို လုံး

မမြင်ဘူး၊ ရွှေ့ဖူးသူမဟုတ်ပေ၊ အမည်ကိုသာ ကြား

ထားသည်။

"ဒါ . . . ဒါဆို၊ သူ . . . ငါ . . . ငါတို့ အလုပ်

သိသွားပြီပေါ့၊ မင်းတို့ ဘာငိုင်နေကြတာလဲ၊ သူ

. . . အပြတ်ရှင်းပစ်လိုက်ကြလေကွာ"

ကားပေါ်မှလူများသည် အသက်ဝင်လာကြသ

ဖြစ်သွားခဲ့ကြပြီး . . . သေနတ်တွေကို ထုတ်လိုက်ကြသည်



သူတို့ ကားပေါ်မှ ခုန်မဆင်းကြမီ . . .။

လေပွေမ . . . စတင်ပြီး လှုပ်ရှားလိုက်သည်။

ဆက်လက်များကိုင်ထားသော အရာတစ်ခုကို

ခလုတ်ကနှိပ်လိုက်သည်နှင့် စီကနဲမည်ကာ ကောင်းကင်

ပေါ်သို့ ထိုးတက်သွားခဲ့သည်။

ချက်ချင်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်

သွားခဲ့သည်။ မီးကျီကို ပစ်လွှတ်လိုက်ခြင်းပင်။

"ဟာ၊ သည်ကောင်မ တော်တော်လည်တာပဲ"

ခေါင်းဆောင်လုပ်သူသည် သေနတ်ကိုထုတ်လိုက်

သည်။ လေပွေမ၏ လှုပ်ရှားမှုက သူ့ထက် အဆတစ်ရာမက

မြန်သွားသည်။

ပြောင်အရှည် တစ်ထွာခန့်ရှိသော ဒန်ရောင်သေနတ်

တစ်လက်က လက်ထဲသို့ လျှပ်တပြက်ရောက်လာပြီး . .

"ဒိုင်း . . . ဒိုင်း"

"အား"

ကျည်ဆံသည် ကားလေကာမှန်ချက်ကို ထိုး

ဖောက်သွားကာ ယာဉ်မောင်းကို မှန်သွားသည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်မောင်းသူက လည်ပင်းကို လက်ဝါးနှစ်ဖက်ဖြင့် ဒိကာကိုင်ပြီး ကားလက်ကိုင်ဘီးပေါ်သို့ မှောက်ကျသွားသည်။

နောက်တစ်ချက်ကခေါင်းဆောင်ဖြစ်သူ၏ ခါးကို ပွတ်ပြီး မှန်သွားသည်။

''အား''

ကားထဲမှ ဒုစရိုက်သမားများ ခုန်ထွက်လာကြပြီး ကားကို အကာအကွယ်ယူကာ လေပွေမကို ပစ်ခတ်ကြသည်။

''ဒိုင်း. . .ဒိုင်း''

သို့သော် ထိုနေရာတွင် လေပွေမက မရှိတော့ သူတို့ ကြောင်သွားခဲ့ကြသည်။

လေပွေမဘယ်ရောက်သွားပြီလဲ။

''သည်ကောင်မဘယ်ရောက်သွားသလဲ မသိဘူး''

အထိတ်တလန့် မျက်လုံးများဖြင့် လိုက်ရှာကြသည်။

''ဝူး . . . ဝေါ. . .ဝေါ. . .''

''ဟင်''

သူတို့၏နောက်မှ ဆိုင်ကယ်သံ ထွက်ပေါ်လာခဲ့



သည်။ နောက်ကျသွားခဲ့လေပြီ။ ဆိုင်ကယ်သည် သူတို့ ဆီကို တစ်ရှိန်ထိုးဝင်လာခဲ့ပြီး

''ဒိုင်း. . .ဒိုင်း''

''အား. . .အား''

ဒုစရိုက်သမားများ၏ လက်ထဲမှ သေနတ်များက လွင့်ထွက်သွားခဲ့သည်။

ခြေထောက်များကိုလည်း ကျည်ဆံများထိမှန်သွားကြသည်။ သူတို့ဘယ်လိုမှ မပြေးနိုင်ကြတော့။

ကျန်လေးယောက်က လေပွေမကိုမပစ်ရဲကြတော့၊

တစ်ချက်လှုပ်လိုက်တာနှင့် လေပွေမပစ်လွှတ် လိုက်သည့်ကျည်ဆံတွေက တရဟောဝင်မှာ ဖြစ်သည်။

''ပြန်ပြီးတိုက်ခိုက်ဖို့တော့ မစဉ်းစားကြနဲ့နော်၊ ဟောသည့်သေနတ်ထဲက ကျည်ဆံတွေက နင်တို့ကို ငရဲပြည် ချက်ချင်းပို့ပေးလိုက်မယ်၊ နင်တို့လက်ထဲက သေနတ်တွေကို ဘယ်ဘက်ကို လွှင့်ပစ်လိုက်ကြစမ်း''

ထိုသူများသည် သေနတ်များကို ခပ်ဝေးဝေးသို့ လွှတ်ပစ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တစ်ယောက်က အကျီဂုတ်ပိုးနောက်ဆီကို လက်ကအမှတ်မထင်ရောက်သွားသည်။

ဆတ်ကနဲဆို ပါလာသောပစ္စတိုတစ်လက် . . .

''ဒိုင်း''

''အား''

ထိုသူသည် နောက်ကိုလှန်ကာ တစ်ကိုယ်လုံး လွင့်ထွက်သွားသည်။

သေနတ်က တွန်းကန်အားပြင်းသည်။

ဒုစရိုက်သမားသည် ဘိုင်းကနဲဆို ပစ်ကျသွားကာ ငြိမ်သက်သွားသည်။

''နင်တို့လည်း မာယာများမယ်တော့ မကြံကြနဲ့နော် ဟိုတစ်ယောက်သွားတဲ့လမ်းကို ချက်ချင်း ပို့ပေး လိုက်မယ်၊ ရော့ ဟောဒီလက်ထိပ်တွေနဲ့ တစ် ယောက်လက်ကို တစ်ယောက်က ခတ်ထားလိုက် ကြစမ်း''

လက်ထိပ်များကို ပစ်ပေးလိုက်ရာ ထိုသူများသည် လက်ကောက်ဝတ်အသီးသီးကို ခတ်ထားလိုက်ကြသည်။

''ဟောသည့်ကားလမ်းပေါ်မှာ ထိုင်နေကြ''



လေပွေမ၏ အမိန့်ကို နာခံကြသည်။

မနာခံကြလည်းမဖြစ်၊ လေပွေမသည် သေမင်း၏ အမန်တော်၊ တစ်ကိုယ်တော် လှုပ်ရှားသည့်နေရာတွင် ထင်လောက်သည်။

ကားထဲမှ ဒုစရိုက်ခေါင်းဆောင်သည် လေပွေမ၏ အရည်အချင်းကို သိသွားသည်။ သူ့လူတွေလည်းဒဏ်ရာ ရာကြပြီး အညံ့ခံကြရပြီ။

ဘာမဟုတ်သည့် မိန်းကလေးတစ်ယောက်ကိုမှ အလျှော့ပေးလိုက်ရသလားဟု၊ ကြိတ်ကာကျိန်ဆဲပစ်လိုက် သည်။

သူသည်

ကားလက်ကိုင်ဘီးပေါ်မှောက်လျက်သား သေဆုံး နေသော ယာဉ်မောင်းကို ကားတံခါးဖွင့်ပြီး ဘေးသို့ တွန်းချ လိုက်သည်။

ထို့နောက် . . .

ယာဉ်မောင်းနေရာမှာဝင်ထိုင်လိုက်ပြီး ကားကို မောင်းပြေးသည်။

''ဝူး . . . ဝေါ . . . ဝေါ . . .''

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ...ဒိုင်း"

သေနတ်သံနှစ်ချက်နှင့်အတူ ကားနောက်ဘီးနှ
ခုစလုံးပွင့်ထွက်သွားခဲ့ကြသည်။ အရှိန်နှင့်ပြေးနေသော
ကားသည်လည်း ယမ်းခါထွက်သွားကာ ပက်လက်လန်ပြ
တိမ်းမှောက်သွားခဲ့လေသည်။

ဒုစရိုက်ခေါင်းဆောင်သည် ပက်လက်အနေအထာ
ဖြင့် ကားတံခါးကိုတွန်းဖွင့်ကာ ထွက်လာသည်။

သူ၏လက်ထဲမှာ သေနတ်။

သို့သော် ...

လက်ထဲမှသေနတ်ကို တစ်စုံတစ်ယောက်က ဆတ
ကနဲဆို ဆွဲယူလိုက်သည်။

တခြားသူတော့မဟုတ် ...

ဆူး ...သို့မဟုတ် လေပွေမ၊

ထိုသူသည် ပါးမှာကျည်ဆံရှပ်၍မှန်ထားသော
ကြောင့် သွေးသံရဲရဲဖြစ်နေသည်။

ပက်လက်အနေအထားဖြင့် ဆူး၏ခြေထောက်
ဆွဲကာ ခုခံမည်ပြုသေးသည်။

ဆူးက သူ၏သေနတ်နှင့်ပင် မျက်နှာတည့်တည့်



ချိန်ထားလိုက်ပြီ ...

"ခုခံမယ်လို့ မစဉ်းစားနဲ့၊ ရှင့်ကို အသေပစ်ဖမ်း
လို့ရတယ်၊ အေးအေးဆေးဆေး မတ်တပ်ထရပ်
လိုက်ပါ ..."

လေပွေမသည် သူမ၏သေနတ်ကိုပါ ထုတ်လိုက်ပြီး လက်ထိပ်တွေတသီကြီးခတ်ထားသော သူများကို လည်း ချိန်ထားလိုက်သည်။

"ကျုပ် ...၊ ကျုပ်...အဖမ်းခံပါ့မယ် ..."

ဒုစရိုက်ခေါင်းဆောင်က တုန်တုန်ရီရီဖြင့် ပြောလိုက်သည်။ ပက်လက်လန်နေသော ကားထဲမှ ပက်လက်အနေအထားဖြင့် လျှောတိုက်ကာထွက်လာခဲ့သည်။

သို့သော် ...

ထိုသူသည် လျှပ်တပြက်လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။ ကိုယ်ကိုတစ်ပတ်လှည့်လိုက်ကာ ဆူးကို ခြေကန်ချက်တစ်ချက်ပစ်သွင်းလိုက်သည်။

ဆူးကလည်း...

ထိုသို့ဖြစ်လာမည်ကို တွက်ပြီးသား၊ မြန်မာ့သိုင်း တွက်နင်းကာ တစ်ကွက်ဆုတ်လိုက်သည်။

www.burmeseclassic.com



ကန်ချက်သည် ဆူး၏မျက်နှာရှေ့မှ ပွတ်ထွက်သွား၏။ ပူးကပ်လာသော ထိုသူ၏ ကိုယ်လုံးက ဆူးနှင့် မထိခိုက်မီ ဒူးကိုမြှောက်ကာ ပေါင်ရင်းခွကြားထဲသို့ တိုက်ချလိုက်သည်။

''အီး''

ထိုသူသည် မျက်နှာကြီးမှုံမှုံမွှဲ့မွဲ့ကာ အီးကနဲဆို အော်ထွက်သွားပြီး ခါးမှာလည်း ညွတ်သွားသည်။

''ခွပ်''

ဆူး၏ ဒူးတစ်ချက်က မေးရိုးကို ခတ်ဆတ်ဆတ် လေးတိုက်ချလိုက်သည်။ ထိုသူ ခွေလဲသွားသည်။

မှတ်ထား၊ မြန်မာပြည်ကဆူး၊ ရှင်တို့လို ဒုစရိုက်သမားတွေကို ဂရုမစိုက်လို့ နိုင်ငံတကာမှာနေပြီး ဖြိုခွင်းနေတာ၊ နောက်တစ်ခါ ခုခံမယ်ကြံရင် ခေါင်းထဲကို ကျည်ဆံတစ်တောင့်ပစ်ထည့်လိုက်မယ်''

''ကျုပ် . . . ကျုပ် . . . မခုခံတော့ပါဘူး။ ခင်ဗျား အကြောင်းသိ . . . သိပါတယ် . . . အီး''

အသက်ထွက်မတတ် ခံစားနေရသောလေသံဖြင့် မစီမသပြောသည်။



ထိုစဉ် . . .

ဆူညံစွာ အသံပေး၍ လာနေကြသော ရဲကားများ၏အသံကို ကြားလိုက်ရသည်။

တခဏအတွင်းမှာပင် . . .

ရဲကားသုံးစီးသည် ဆူး . . . တို့ဆီကိုရောက်လာခဲ့သည်။

ကားပေါ်မှ ရဲအရာရှိ **ကဲနက်** နှင့်ရဲတပ်ဖွဲ့ဝင်အချို့ ဆင်းလာခဲ့ကြသည်။

''ဟား . . .၊ လေပွေမကတော့ အပြတ်ကိုရှင်းထားတာလဲ၊ အံ့မခန်းပါပဲလား . . .''

ကဲနက်သည် လဲကျနေသော ဒုစရိုက်ခေါင်းဆောင်းကြီးကို ကုပ်ပါးမှဆွဲကာ ထူလိုက်သည်။

''လက်စသတ်တော့၊ ဘယ်သူမှ ဖမ်းမမိတဲ့ မှောင်ခိုဘုရင် **တွမ်**ပါလား၊ အင်း . . . မင်းကတော့ လေပွေမနဲ့တွေ့တော့မှပဲ၊ ကြွက်စုတ်တစ်ကောင်ဖြစ်သွား တော့တာပဲ . . .''

တွမ်ဆိုသည့် မှောင်ခိုရာဇာကို ရဲတပ်ဖွဲ့ဝင်တစ်ဦး ဓါးလက်ထဲသို့ အပ်လိုက်သည်။

www.burmeseclassic.com



''သတိထားပြီးခေါ်သွား၊ ထွက်ပြေးရင် အသေသာ

ပစ်သတ်လိုက် . . .''

တွမ်ကို လက်ထိပ်နောက်ပြန်ခတ်ပြီးခေါ်သွားသည်။

ကိုယ်ဒယိမ်းဒယိုင်ဖြင့်ပါသွားသည်။

လေပွေမ၏လက်ချက်ဖြင့် အိနေပြီဖြစ်သည်။

နောက်ထပ်ရဲကား တစ်စီးပေါ်မှဆင်းလာသူတစ်ဦး၊ သူသည်

ဆူး . . . ဆီကို တန်းတန်းမတ်မတ်ပင် လျှောက်လာခဲ့သည်။

''ဆူး''

''ဟင် . . .၊ အစ်ကို၊ ကိုနောင် . . .''

ဆူးတစ်ကယ်ပဲ၊ အံ့အားသင့်သွားခဲ့ရသည်။

အခြားသူမဟုတ် . . .

**ရန်နောင်** . . .

ဆူးသည် ရန်နောင်၏ရင်ခွင်ထဲကိုရောက်သွားခဲ့

သည်။ ချက်ချင်းပင် ကိုယ်ချင်းခွာလိုက်ပြီး . . .

''အစ်ကို၊ ရောက်လာလိမ့်မယ်လို့ လုံးဝမထင်

ဘူးကွာ၊ တစ်ကယ်၊ တစ်ကယ် ''

ဆူးဝမ်းသာအားရစွာပင် ပြောလိုက်သည်။

''အထက်က တာဝန်ပေးတော့လည်း ရောက်သ



ရတာပဲပေါ့ဆူး၊ ဆူးနဲ့တွဲရမယ်ဆိုတော့ ပိုပြီး

ကျေနပ်သွားမိပါတယ်၊ ''

''ဆူးလည်း အစ်ကို့လိုပဲပေါ့''

ကမ္ဘာ့အထူးဆောက်လုပ်ရေးအေဂျင်စီက သူတို့

နှစ်ယောက်ကို အထူးအားထားသည်။ နှစ်ယောက်တွဲ၍

တာဝန်ပေးပြီဆိုမှတော့ အရေးကြီးလို့ပဲဖြစ်သည်။

ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုပဲဖြစ်သည်။

သူတို့နှစ်ဦးသည် ချစ်သူများလည်းဖြစ်ကြသည်။

တာဝန်ထမ်းဆောင်နေသောအချိန်မှာ တစ်နေရာ

ဆီရောက်နေကြရသည်။ မဆုံဖြစ်ကြ။

သူတို့နှစ်ဦးကို ပူးတွဲတာဝန်ပေးပြီဆိုလျှင် ကိစ္စက

အသေးအမွှားမဟုတ်တော့ . . .၊

ထို့ပြင် . . .

ရုပ်ပြောင်း ရုပ်လွှဲအမျိုးမျိုးဖြင့် လှုပ်ရှားနေ ကြသော

ဆူးနှင့်ရန်နောင်တို့သည် ဒုစရိုက်သမားများအတွက် နောက်

ကျောမလုံစရာ အမြဲတမ်းဖြစ်နေခဲ့ရသည်။

ပတ်လက်လန်နေသော ကားကို ရဲတပ်ဖွဲ့ဝင်များက

ပြီးမကာ တည့်ပေးလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ . . . တစ်ယောက် . . .

သေနေပြီ . . .

ကဲနက်၏မျက်လုံးအစုံသည် ဝိုင်းစက်သွားသည်။

ထိုသူသည် . . . ရဲတွေကို မကြာခဏ စိတ်အနှောင့်အယှက်ပေးနေသူ . . . မြေအောက်ဒုစရိုက်သားဖြစ်သည်။

လူသတ်ဝရမ်းပြေးတစ်ဦးလည်းဖြစ်သည်။

နဖူးပြင်မှ သေးငယ်သောအပေါက်လေး တစ်ပေါက်ကိုကြည့်ပြီး ကဲနက်၏မျက်နှာရှုံ့မဲ့သွားသည်။

လေပွေမ၏လက်က ပစ်မလွဲ . . .

သည်ကောင် တော်တော်ကံဆိုးသည်။ တစ်ကယ်ဖိုက်တာနှင့်မှ လာတွေ့ရသည်။ ဖာရှိဘုရင်ပါသော ခေါင်းတလားကြီးက အတုကြီးဖြစ်သည်။ ရှေးဟောင်းမဗ္ဗီ ရှင်အလောင်းကို သယ်လာသည့်ပုံစံမျိုး ဖန်တီးထားသည်။

နေရာမှာပင် စစ်ဆေးပြီးဖွင့်ကြည့်ကြသည်။

အဖုံးပွင့်သွားသောအခါ . . . ကိုကင်းထုပ်များစွာကိုတွေ့လိုက်ရသည်။

''သည်လို မူးယစ်ဆေးဝါးများများစားစား မှောင်ခိုထုတ်တာမျိုးကို ခင်ဗျားတို့နိုင်ငံကြီးတွေမှာပဲ တွေ့ရ



တယ်၊ သည်ပစ္စည်းတွေကိုသာ ဖမ်းမမိခဲ့ရင် လူတွေကြားထဲပျံ့နှံ့သွားမှာပဲ၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ''

ရန်နောင်က မှတ်ချက်ချသည်။

ကဲနက်ကတော့ ဘာမှပြန်မပြော။

ရန်နောင်၏စကားက မှန်နေ၍လားမသိ၊ နိုင်ငံငယ်လေးများကို မတရားလက်ညှိုးထိုးကာ သူခိုးလူသူတစ်နေသော အနောက်နိုင်ငံကြီးတချို့ကပင်လျှင် မှောင်ခိုအကြီးစားများကို လုပ်ကိုင်နေကြသည် မဟုတ်ပါလား။

သူတို့သည်ပင် . . .

လူ့အခွင့်အရေးများကို ထိုးဖောက်နေကြသူများ ပင်မဟုတ်ပါလား။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

သည့်တစ်ခါလည်း

ဖူးဝမ်ချူး တစ်ယောက်အထိနာခဲ့ရပြန်ပြီ။

သူစီစဉ်ပြီး သေချာစွာ ပို့လွှတ်လိုက်သည့်ပစ္စည်းများသည် တစ်ကိုယ်တော်တိုက်ခိုက်ရေးသမား လေပွေမ ၏ လက်ချက်ကြောင့် ရဲ၏လက်ထဲသို့ ရောက်သွားခဲ့ရပြီဖြစ်သည်။

ပစ္စည်းတွေ ဆုံးရှုံးသွားရုံမက သူ၏လက်ရုံးတစ်ဆူလို အားကိုးရသော **မှောင်နီရာဇာတွမ်** သည်လည်း မိသွားခဲ့ရလေပြီ၊ တွမ်သည် ဖူးဝမ်ချူးနှင့်ပတ်သက်ပြီး ကိစ္စတော်တော်များများကို သိထားသူဖြစ်သည်။



သူ... ဖော်ကောင်လုပ်လိုက်လျှင်...

ဖူးဝမ်ချူး ဘယ်မှာရှိသလည်းဆိုသည့်ကိုပါ သဲလွန်စ သွားနိုင်သည်။

ဖူးဝမ်ချူးသည်...

မြို့နှင့် လွန်စွာမှဝေးကွာသော ရဲတိုက်ကြီးတစ်ခုထဲမှာ နေသည်။

ယခုအခါသူသည် မျက်နှာဖုံးနှင့် မဟုတ်တော့၊ ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူကြီးများနှင့် ပါးပြိုင်း များရှိနေသူတစ်ယောက်၊ ကျဉ်းမြောင်း၍ စူးလက်သော သုံးများသည် ရက်စက်သူ၊ လောဘကြီးသူ၊ ဆန္ဒကြီးသူ၊ ကြီးသူတစ်ဦးအဖြစ် ဖော်ပြနေသည်။

သူသည် ...

အခန်းထဲမှာ လက်နှစ်ဘက်နောက်ပစ်ပြီး ခေါက် ခေါက်ပြန်လျှောက်နေသည်။

"တွမ်ကိုရှင်းပစ်မှဖြစ်မယ်၊ သည်ကောင် အသက်ရှင်နေလို့မဖြစ်တော့ဘူး"

ဖူးဝမ်ချူးသည် တစ်ဦးတည်းပြောသလို ပြောသည်။ ထို့နောက် လက်ဖျောက်နှစ်ချက်တီးလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



''ဖျောက် . . . ဖျောက်''

အခန်းတံခါးက ပွင့်လာပြီး အခန်းထဲကို ဂန္ဓာလရာ တိုင်းသူလေးတစ်ဦးဝင်လာခဲ့လေသည်။

လွန်စွာမှရှိကျိုးသော အမူအရာဖြင့် ဖူးဝမ်ချူး ရှေ့မှာရပ်လိုက်ပြီး

''အမိန့်ရှိပါ ဆရာကြီး''

ရှေ့ကုလားထိုင်ထက်မှာ ပြန်ထိုင်နေသော ဖူးဝ ချူးက . . .

''နန်စီ ၊ တွမ် အခုဆေးရုံပေါ်မှာ၊ နင်သူ့ သွားရှင်းပစ်ရလိမ့်မယ်''

''ပေးတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ပါမယ် ဆရာကြီး''

''ဒါပေမယ့်၊ နင် လေပွေမကိုသတိထားရလိမ့်မယ် သူဟာသိပ်ပြီး ထက်မြက်တဲ့တိုက်ခိုက်ရေးသမား အကင်းပါးလွန်းတယ်၊ ပါးနပ်တယ်၊ ရက်စက်တယ် ငါ့ကိုကမ္ဘာပေါ်မှာ ဒုက္ခအပေးဆုံး နံပါတ်တစ် ရန် ဟာ လေပွေမပဲ . . .''

''ဒီလောက်ဆို ကျွန်မဘာလုပ်ရမလဲဆိုတာ သဘော



ပေါက်ပါပြီ ဆရာကြီး ''

''နင် လေပွေမကိုရှောင်နိုင်ပါမှ ကိစ္စအောင်မြင်မယ်၊ ငါသတိပေးတာကို ကောင်းကောင်း နားလည်ထားပါ''

လေပွေမနှင့်ပတ်သက်ပြီး ထပ်တလဲလဲချည်း သတိပေးနေသော ဖူးဝမ်ချူး၏မျက်နှာကို နန်စီက မသိမသာ အကဲခတ်ပြီး ကြည့်မိလိုက်သည်။ စိတ်ထဲမှာ 'ဖူးဝမ်ချူး' အစစ်ကော ဟုတ်ရဲ့လားဟု တွေးနေမိသည်။

လွန်စွာမှကောက်ကျစ်စဉ်းလဲသော ဖူးဝမ်ချူး၊ ဉာဏ်များလှသော ဖူးဝမ်ချူးသည် သူ့ကိုယ်စား၊ သူ့ကိုယ်ပွားများကိုထားချင် ထားထားပေလိမ့်မည်။

ဖူးဝမ်ချူးအစစ်က ကိုယ်ပွားများကို အဝေးဆက်သွယ်ရေးစနစ်ဖြင့် စေခိုင်းချင် ခိုင်းနေပေလိမ့်မည်။

''နင်က ငါ့ကို ဖူးဝမ်ချူးမှဟုတ်ရဲ့လားလို့ဝေဖန်နေတာလား၊''

''မ . . . မ . . . မဟုတ်ပါဘူး၊ ဆရာကြီးအားများ ညွှန်ကြားဦးမလည်းလို့ စောင့်နေတာပါ''

နန်စီ အထိတ်တလန့်ဖြစ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝမ်ချူးသည် အကင်းပါးသူလား၊ သူများ၏စိတ်ကို ဖတ်တတ်သူလား၊ သူမ၏ရင်ထဲမှ အတွေးကိုပင် သိနေသည်။

''နင်ငါ့ကို ဝေဖန်နေစရာမလိုဘူး၊ ကိုယ်လုပ်ရ မယ့် အလုပ်ကိုသာ အောင်မြင်အောင်လုပ်ခဲ့၊ ကြားလား။''

''ဟုတ်၊ ဟုတ်ကဲ့ . . .''

ဖူးဝမ်ချူးသည် နန်စီကိုတော့ အခွင့်အရေးပိုပြီး ပေးထားပုံရသည်။ မအောင်မြင်လျှင် မည်သို့စီရင်ခံရမည် ဟုမပြော။

''ကောင်းပြီ ဒါဆိုမနက်ဖြန်ကို သွားရမယ်၊ ခုက တည်းက ပြင်ဆင်ထား သတိမလစ်ဖို့ကတော့တပ်ပြီး မှာလိုက်မယ်၊ အထူးသဖြင့် လေပွေမ၊ နှင့် သူ့ လက်ချက်မမိဖို့ အရေးကြီးတယ်၊ ကဲ သွားတော့''

နန်စီသည် ရိုကျိုးစွာဖြင့်ပင် အရိုအသေပေးပြီး ဖူးဝမ်ချူး၏ရှေ့မှောက်မှ ပျောက်ကွယ်ထွက်သွားခဲ့သည်။

ဖူးဝမ်ချူးကား . . .

ဖြူဆွတ်သော မုတ်ဆိတ်မွေးရှည်များကို လက်ဖြင့် သပ်ကာ တစ်စုံတစ်ခုကိုစဉ်းစားရင်း ကျန်ရစ်ခဲ့လေသည်။



ဒုစရိုက်ခေါင်းဆောင်တွမ်ကို အထူးအစောင့် အဖြစ် ဆေးရုံပေါ်မှာ တင်ထားရသည်။

သူ့လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကိုလည်း ကုတင်နှင့်တွဲပြီး လက်ထိပ်ခြေထိပ်ခတ်ထားသည်။

လေပွေမက . . .

သင်ခန်းစာကောင်းကောင်းပေးထား၍ မေးရိုး အက်သွားသည်။ ကားတိမ်းမှောက်စဉ် နံရိုးတစ်ချောင်းလည်း ကျိုးသွားသည်။

သူ၏အနားတွင် . . .

အကျႌတာဝန်ချထားသော စုံထောက်တစ် ယောက်က ရှိနေသည်။ သူသည် အခန်းနံရံကို မှီကာ ရပ်နေ၍ပြီးတွမ်ကို အေးဆေးစွာဖြင့် ကြည့်နေသည်။

တွမ်က သတိကောင်းကောင်းရနေသူ၊

သူသည် ဖူးဝမ်ချူး၏ တပည့်တစ်ဦးဆိုသည်ကို သိနေ၍ အထူးကြပ်မတ်ကာ စောင့်ကြည့်နေရခြင်းပင် ဖြစ်သည်။

''ခင်ဗျားတို့က ကျုပ်တို့ဘယ်လောက်ကြာကြာ အထိ သည်အတိုင်း ထားထားမှာလဲ . . .''

www.burmeseclassic.com

www.burmeseclassic.com



''ထောင်၊ ဒါမှမဟုတ် ကြိုးစင်ပေါ်ကို မရောက်မချင်းပေါ့''

ထောင်မတ်ထားရာမှ ခေါင်းအုံးပေါ်ကို စိတ်ပျက်လက်ပျက်ဖြင့် ဖွချေလိုက်သည်။

''ကျုပ်ကို . . . စီးကရက် တစ်လိပ်လောက် တိုက်မလား . . .''

''အား . . . ရပါတယ်၊ ဒါလောက်ကတော့ ခွင့်ပြုထားပါတယ်''

သူသည် . . .

တွမ်ဆီကို လျှောက်လာပြီး စီးကရက်တစ်လိပ်ကို ပါးစပ်ထဲ ထည့်ပေးလိုက်သည်။ မီးလည်း ညှိပေးလိုက်သည်။

''ကျေးဇူးပဲ''

''မလိုပါဘူးလေ၊ ခင်ဗျား ငြိမ်ငြိမ်လေးနေတဲ့အတွက် ကျုပ်ကပြန်ပြီး ကျေးဇူးတင်ရမှာပါ''

တွမ်က စီးကရက်ကို အရသာခံကာ သောက်နေသည်။ တစ်ချက် ရှိုက်သွင်းလိုက်ပြီး မီးခိုးများကို နှာခေါင်းက်ထဲမှ မှုတ်ထုတ်ပစ်လိုက်သည်။သူ၏အမူအယာက သပ်ာ်အေးဆေးဆေးပင်။



''ခင်ဗျားကို ဖူးဝမ်ချုံးက လာကယ်နိုင်လိမ့်မယ်ထင်လို့ အခုလိုအေးအေးဆေးဆေး ဖြစ်နေတာလား''၊ ''ကျုပ်၊ ဖူးဝမ်ချုံးကိုမသိဘူး၊ မပတ်သက်ဘူး''

တွမ်က စီးကရက်ကို အောက်နှုတ်ခမ်းမှာ ကပ်ကာ ပြုံးတ်သားစွာဖြင့် ပြောလိုက်သည်။

ထို့နောက် . . . ခပ်ထေ့ထေ့ မျက်လုံးများဖြင့် ကြည့်နေသည့် အကြည့်က တစ်ဖက်သားအပေါ်မှာ မခံမရပ်နိုင်အောင် ဖြစ်စေသည်။

''တစ်ကယ်ပါ၊ ကျုပ်၊ ဖူးဝမ်ချုံးကို ဘာ အကြောင်းကြောင့်သိရမှာလဲ၊ ကျုပ်ရဲ့အလုပ်မှာ ကျုပ်ကဘဲရှိတဲ့၊ ကျုပ်ကိုညွှန်ကြားနေတဲ့သူ ဘယ်သူမှမရှိဘူး''

''ခင်ဗျားဟာ မေးရိုးအက်သွားတာတောင် စကားတွေပြောနေနိုင်သေးတယ်၊ ဒါပေမယ့် မှန်သောစကားမဟုတ်ဘူး၊ ပါးစပ်ပိတ်ထားစမ်းပါဗျာ''

''ပိတ်လို့မရသေးဘူး၊ ပြောရဦးမယ်၊ ကျုပ်ကိုသည်လိုဖြစ်အောင်ထိုးလိုက်တဲ့ လေမြောက်ကို ကျေနပ်လိမ့်မယ်လို့ထင်သလား . . .''

www.burmeseclassic.com



"မကျေနပ်လို့ကော၊ ခင်ဗျားက ဘာတတ်နိုင်မှာ မို့လဲ၊ ခုလဲ ကျုပ်တို့လက်ထဲကိုရောက်နေပြီ၊ ခင်ဗျား လို ထိပ်သီးဒုစရိုက်သမား တစ်ယောက်ကို လေပွေမ က စာကလေးတစ်ကောင် ဖမ်းသလို ဖမ်းလိုက်တာ မရှက်ဘူးလား၊ "

"ခင်ဗျားတို့လည်း လေပွေမလို မစွမ်းဆောင်နိုင် ကြဘူး၊ အရည်အချင်းမရှိကြဘူး၊ လေပွေမလောက် မစွမ်းဆောင်နိုင်တာ မရှက်ကြဘူးလား"

"မရှက်မိဘူးဗျာ၊ အရှေ့တိုင်းက လေပွေမက ကျုပ် တို့ထက်သာတယ်ဆိုတာ သိပြီးသား၊ နဂိုကတည်း က တော်နေတဲ့သူမို့ သူ့ကိုပိုတောင်ချီးကျူးရဦးမယ်"

တွမ်က စီးကရက်ကိုဖွာရှိုက်ရင်း မျက်လုံးကို မှေး စင်းကာ စကားမဆိုတော့၊ ဉာဏ်များနေသည်ကား၊ ဒဏ် ရာကြောင့်ပဲလား၊ အခန်းထဲမှာ ချက်ချင်းပင်တိတ်ဆိတ် သွားခဲ့သည်။

♛ ♛ ♛ ♛ ♛



## အခန်း (၆)

ညကာလဖြစ်၍ . . .

ပို့ပြီးတော့တိတ်ဆိတ်သွားသည်။ လူသွားလူလာ၊ ကားသွားကားလာမှုနှုန်းသမျှလည်း နည်းပါးသွားသည်။

အထပ်နှစ်ဆယ်မြင့်သော အဆောက်အဦးကြီး၏ ခေါင်မိုးထက်မှာ မည်းမည်းသဏ္ဌာန်တစ်ခုက ကျောက်ရုပ် ပမာ ငြိမ်သက်နေသည်။ သူ့တစ်ကိုယ်လုံးသည် နက်မှောင် နေသည်။ သားရေကိုယ်ကြပ်အကျီနှင့်ဘောင်းဘီကို ဝတ်ဆင် ထားသည်။

ကျော့ရှင်းသောကိုယ်ခန္ဓာက မိန်းခလေးတစ်ယောက် ဆိုသည်ကို သိသာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် . . .

လမ်းတစ်ဖက်ရှိ အဆောက်အဦးကြီးတစ်လုံးကို အားကောင်းသော မှန်ပြောင်းတစ်လက်ဖြင့် အကဲခတ်နေသည်။

မှန်ပြောင်းထဲတွင် တွမ် . . . ရှိရာအခန်းကိုမြင်နေရသည်။

သို့သော် . . .

လိုက်ကာစကြီးကို ချထား၍ အထဲမှအခြေအနေကိုမသိနိုင်။ ထို့ကြောင့် နန်စီသည် မချင့်မရဲဖြစ်သွားခဲ့ရသည်။

အဝေးမှ စနိုက်ပါတပ်ထားသည့် သေနတ်ဖြင့် လှမ်း၍ပစ်မည့် အစီအစဉ်သည် ပျက်သွားခဲ့ပါသည်။

နန်စီသည် ဒုစရိုက်ခေါင်းဆောင်တွမ်ကို ရှင်းပစ် ရန်ရောက်လာခြင်းပင်ဖြစ်သည်။

'တွမ်' ကိုမည်သည့်ဆေးရုံ၊ မည်သည့်အခန်းမှာထားသည်ကို ခက်ခဲစွာသိရှိခဲ့ရသည်။

ခုလို လက်တစ်ကမ်းအကွာအဝေးကိုရောက်နေမှ တာ့ဂတ်ရှင်းကိစ္စကို လက်မလျှော့နိုင်၊ နန်စီသည် လွန်စွာမှ



သတင်းအနံ့ခံကောင်းသူဖြစ်သည်။ ထက်မြက်သော တိုက်ခိုက်ရေးသမားတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် . . .

သူမကို ဖူးဝမ်ချူးက အားကိုးသည်၊ ခုလိုအရေးကြီးသောနေရာမျိုးကို အထူးသီးသန့်စေလွှတ်လေ့ရှိ သည်။

နန်စီသည် ပြောင်းရှည်သေနတ်ကို ပခုံးမှာလွယ်လိုက်သည်။ ထို့နောက် လက်ထဲမှ ဆလင်ဒါပုံရှည်မျော မျောကိရိယာတစ်ခုကို ချိန်ပြီး . . . ခလုတ်ကိုဆွဲလိုက် သည်။

"ဖျောက် . . ."

လွန်စွာမှငြင်သာသောအသံတစ်ခုက ထွက်ပေါ်လာသည်။ ပြောင်းဝမှ ကြိုးတန်းလန်းဖြင့်တွယ်ထားသော သံချိတ်ပါသံချိတ်ကောက်ကြီးသည် တစ်ဖက် အဆောက်အဦးကြီးဆီသို့ ဦးတည်ပြီးတော့သွားနေသည်။

"ဂလောက် . . ."

ရေဆင်းပိုက်၏ အထက်ရှိ သံမဏိတန်းကြီးကို မိမိရရပင် သွားချိတ်သည်။

နန်စီသည် ကြိုးအစကို သံလက်ရန်းတစ်ခုမှာ မိမိရရချည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာမှချက်ချင်းထလိုက်သည်။

သံမဏိချိတ်ကောက်လေးတစ်ခုကို သေးမျှင်သော်လည်း လွန်စွာမှနိုင်ခန့်သည့် ကြိုးတန်းပေါ်မှာ ချိတ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်ဖြင့်ဆုံခါကာ တစ်ဖက်သို့ ကူးလေတော့သည်။

လေထဲတစ်လျှောက် အကာအကွယ်ကင်းမဲ့စွာဖြင့် ပါသွားသည်။ သူ့မအောက်မှာ မည်းပြောင်နေသော ကတ္တရာလမ်းမကြီးရှိနေသည်။ ကားတစ်စီးတစ်လေလောက်သာ သွားနေသည်။ အောက်မှမြင်ကွင်းသည် အစက်အပြောက်မျှသာ . . . ၊

သည်လိုနှင့် . . . ၊ မိနစ်ဝက်မရောက်မီမှာပင် တစ်ဖက်အဆောက်အဦးဆီကို ရောက်သွားသည်။ ကိုယ်ရှိန်သတ်လိုက်သည်။ ဖြေဖဝါးအစုံက အဆောက်အဦး အမြင့်ဆုံးရှိ တံတိုင်းနံရံကို သွားဆောင့်မိသည်။

နန်စီသည် တံတိုင်းတစ်ဖက်သို့ လိမ့်ချလိုက် သည်။ သူမ၏အောက်တည့်တည့်အခန်းထဲမှာ 'တွမ်'က ရှိနေသည်။ 'တွမ့်'ဆီကို ရောက်အောင်သွားရမည်။ ရန်သူကို လျော့တွက်၍မရ၊ အစောင့်အကြပ်များထူထပ်စွာ ချထားမှာကတော့



ကျိန်းသေသည်။

သည်အဝတ်အစားနှင့်လည်းသွား၍မဖြစ်၊ သတိကြီးစွာဖြင့် ကျယ်ဝန်းသောပြင်ညီကွန်ကရစ်လမ်းအတိုင်း လျှောက်လာသည်။

တစ်နေရာတွင် . . .

အောက်ကိုဆင်းသည့်လှေကားတစ်ခုကိုတွေ့လိုက်ရသည်။

အရိပ်အခြည်ကိုကြည့်ပြီး သတိနှင့်ဆင်းလာခဲ့ သည်။ အထူးစီမံထားသော ဖိနပ်ဖြစ်၍ ခြေသံလည်းလုံ ခြုံသည်။ နန်စီ၏လှုပ်ရှားမှုမှာလည်း ပေါ့ပါးသည်။

လှေကားဆယ်ထစ်ခန့်ဆင်းပြီးသောအခါ တံခါးတစ်ခုကို တွေ့လိုက်ရပြန်သည်။ လက်ကိုင်ဘုကို တဖြည်းဖြည်းလှည့်ဖွင့်လိုက်သည်။ တံခါးက တဖြည်းဖြည်းပွင့်သွားသည်။

ရင်ဘတ်ကြားထဲမှ သေနတ်ကိုထုတ်ပြီး ဆတ် ကနဲဆိုအခန်းထဲသို့ ဝင်လိုက်သည်။

သူမ၏နေရာသည် အနည်းငယ်မှောင်နေသော်လည်း ခြေလှမ်းဆယ့်ငါးလှမ်းလောက်တွင် လင်းချင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ စကြိန်လမ်းလေးတစ်ခုပဲဖြစ်သည်။

အလင်းရောင်သည်သူမအတွက် ကြီးမားသော အနှောင့်အယှက်ပင်၊ ထို့ကြောင့် တစ်မျိုးမဟုတ် တစ်မျိုး ဆိုသလို ကြိုတင်စီစဉ်ထားသည့်အတိုင်း ကိုယ်ပေါ်မှအဝတ် များကို ချွတ်ချလိုက်သည်။

ကိုယ်ပေါ်မှာ အဝတ်အစားတစ်ထပ်က ရှိနေသည်။ အခုတော့ နန်စီက စပါယ်ရှယ်နာ့စ်မ ဖြစ်သွားပြီပေါ့။

သူမသည်ချွတ်ထားသော သေနတ်နှင့် ပြောင်းရှည် သေနတ်ကို တစ်နေရာမှာ ဝှက်ထားလိုက်သည်။ ပစ္စတို သေနတ်ကိုတော့ ခါးကြားထဲမှာ ထိုးထည့်ပြီး အင်္ကျီဖြင့် ဖုံးကာ ထားလိုက်သည်။

အင်္ကျီအဝတ်အစားများကို သေသပ်စွာ ဝတ်သည်။ ဆန့်ရှန့်စေသည်။ ဦးထုတ်ဖြူဖြူလေးကို အချိုးအစား ကျနအောင်ဆောင်းသည်။ ထို့နောက် ထိုနေရာမှ ခပ်တည် တည်နှင့် ထွက်လာခဲ့လေ၏။

နန်စီသည် တွမ် အားဖမ်းဆီးထားသည့် လျှို့ဝှက် အခန်းကို သေချာစွာ မှတ်သားထားသည်။ စကြိန်လမ်းအတိုင်း ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။



မည်သူတစ်ဦးတစ်ယောက်ကမှ သူမ၏အနားက ဖြတ်လျှောက်မသွားကြ။ အခြေအနေက သူမဘက်မှာ အလေးသာနေသည်။

ဤသို့နှင့်

အခန်းတစ်ခု၏ ရှေ့သို့ ရောက်လာခဲ့သည်။

အခန်းထဲမှ လူမမာကို အနှောင့်အယှက်ဖြစ်စေမည့် လူခေါ်ဘဲလ်ကို တပ်မထားပါ။

''ဒေါက် ... ဒေါက် ...''

အခန်းတံခါးကို ခပ်မှန်မှန်လေး ခေါက်လိုက်သည်။

ချောင်းကြည့်ပေါက်လေးက ပွင့်လာသည်။

အထဲမှ အထူးတာဝန် ချထားခြင်းခံရသူသည် ဆပြင်ကိုလှမ်းကြည့်ကာ အကဲခတ်လိုက်သည်။

သူနာပြုတစ်ဦးကို မြင်လိုက်ရသည်နှင့်

''ဆယ်နာရီအတိမှာ လာမယ်ဆို၊ ဆယ်မိနစ်စော နေပါလား''

''ဆယ်မိနစ်လောက်တော့ ကိစ္စမရှိပါဘူး''

နန်စီသည် စိတ်ထဲမှ ထင့်သွားမိသည်။ သို့သော် သတိနှင့်ထိန်းပြီးတော့ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချက်ဆို တံခါးဖွင့်သံနှင့်အတူ တံခါးရွက်က ပွင့်လာခဲ့သည်။

နန်စီ ကိုယ်တစ်စောင်းထားပြီး ဝင်လိုက်သည်။

ထိုသူ၏လက်ထဲမှာ သေနတ်တစ်လက်ကို ကိုင်ထားသည်။

နန်စီသည် တံခါးကို လှည့်ပြီးပိတ်သလိုလိုနှင့် ထိုသူ့ဘက်ကို ချက်ချင်းပြန်လှည့်လိုက်ပြီး . . .၊

''ဒုတ်''

''အား''

အသံတိတ်ကိရိယာတတ်ထားသော သေနတ်ပြောင်းဝထဲမှ တိုးငြင်းသော အသံတစ်သံက ထွက်လာခဲ့သည်။ ထိုသူသည် ဆတ်ကနဲဆိုတွန့်သွားပြီး ပျော့ခွေကာ လဲကျသွားသည်။

တွမ်သည်လည်း အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ အခန်းထဲမှ အခြေအနေကို တွေ့လိုက်ရသော အခါ အံ့အားသင့်သွားခဲ့ရသည်။

''ဟင်''

သူသည် နန်စီကို မှတ်မိသွားသည်။



'' မင်း . . .မင်း . . .ငါ့ကို လာကယ်တာလား''

''ဟုတ်တယ် . . . တွမ် . . .၊ရှင့်ကို လာကယ်တာ၊ လူ့ဘဝထဲက ခုစ်ခါတည်း အပြီးအပိုင် ထွက်သွားစေဖို့၊ ဖူးဝမ်ချူးက တစ်ပါတည်း ညွှန်ကြားလိုက်တယ်''

နန်စီသည် သေနတ်ကိုင်ထားသော လက်ကို မြှောက်လိုက်သည်။

''နန် . . .နန်စီ၊ မ . . .မလုပ်နဲ့၊ သည်၊ သည်လို မလုပ်နဲ့လေ . . .''

''ဝမ်းနည်းပါတယ်၊ တွမ်၊ ရှင်ရှိလို့ မဖြစ်တော့ဘူး၊ ရှင့်ကို အနားပေးလိုက်တော့မယ်''

ခလုတ်ပေါ်မှာ တင်ထားသောလက်ညှိုးလေးကို ညှစ်ချလိုက်သည်။

ရန်နောင်သည် ရာဇဝတ်ကောင်များထားသော ချုပ်အခန်းဆီသို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။

ဆယ့်ကိုးထပ် အရောက်မှာ ဓာတ်လှေကားက ရပ်သွားသည်။

ဓာတ်လှေခါးထဲမှ ထွက်လိုက်သည်နှင့် သူနာပြုဆရာမတစ်ယောက်ကို မျက်နှာချင်းဆိုင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက စတင်ပြီးရန်နောင့်ကို အပြုံးဖြင့် နှုတ်ဆက်လိုက်သည်။ ရန်နောင်က တုန့်ပြန်ပြီးပြန်ပြုံးပြတော့မလို့ ပြုပြီးမှ သူမ၏အင်္ကျီရင်ပတ်ပြားထဲမှ တစ်စွန်းတစ်စ ထွက်နေသောအရာကို သတိပြုမိလိုက်သည်။ သေနတ် တစ်လက်သည် အစွန်းထွက်နေသည်။

''ဟင်''

နန်စီသည် ရန်နောင်သတိထားမိလိုက်သည်ကို ရိပ်မိသွားခဲ့လေပြီ။ ချက်ချင်းပင် သေနတ်ကိုဆွဲထုတ် ရန်ကြိုးစားလိုက်သည်။ သို့သော် . . . ရန်နောင်ကသူမ၏ အင်္ကျီကြားထဲမှသေနတ်ကို ဖျတ်ကနဲဆွဲထုတ်လိုက်သည်။

နန်စီသည် စက္ကန့်ပိုင်းမျှလောက်သော အခြေအနေကို အခွင့်အရေးယူလိုက်သည်။ ကန်ချက်တစ်ချက်က ရန်နောင်ဆီကို ပစ်သွင်းလိုက်သည်။ သို့သော် ရန်နောင်သည် အရည်ထူနေသော တိုက်ခိုက်ရေးသမားပီပီ ကိုယ်ကိုရှို့ပြီး တော့ ရှောင်လိုက်သည်။

ကန်ချက်က သူ့ကိုမထိပေမင့် နန်စီ့ထံမှ ယူလိုက်သောသေနတ်ကို ထိသွား၏။ သေနတ်ကလွင့်သွားပြီး ကြမ်းပြင်ပေါ်ကို ကျသွား၏။ နန်စီသည် သေနတ်ကို ခုန်အုပ်



လိုက်ပြီး လက်ထဲရောက်လာသည်နှင့် ရန်နောင် ဆီလှည့်ကာ ချိန်ထည့်လိုက်သည်။

''ဒုတ်''

ရန်နောင်က ပက်လက်လှန်ချလိုက်သဖြင့် ကျည်ဆံကလွဲချော်သွားသည်။ တဆက်တည်းမှာပင် ကိုယ်လုံးကို လိမ့်ပစ်လိုက်ပြီး အခန်းတစ်ခု၏ အကွယ်ဆီကို ရောက်အောင် သွားသည်။ သေနတ်ကိုထုတ်ပြီး နန်စီ ဆီပစ်မည် ပြုသောအခါ သူမသည်မရှိတော့။ လျှောင်လိုက်သည့်ဖြစ်ခြင်း။

ချက်ချင်းလိုလိုပင် မန်းမှုတ်လိုက်သလို ပျောက်သွားသည်။ ရန်နောင်သည် ကွန်ကရစ်လမ်းကို နားနှင့် ကပ်ပြီး နားထောင်လိုက်သည်။ ပြေးလွှားသွားနေသော ခြေသံဖွဖွသည် အဆောက်အဦး၏ အမြင့်ဆုံးအထပ်ဆီကို ဦးတည်နေသည်။

ရန်နောင်သတိနှင့် လှေကားဆီကို ပြေးသွားခဲ့သည်။ လှေကားထစ်များ၏ ဘေးမှနံရံကို ကပ်ကာ အခြေအနေကို တစ်ချက်ကြည့်ပြီး လိုက်တက်သွားခဲ့သည်။

ရှေ့မှာ မည်းမည်းသဏ္ဌာန်တစ်ခု၊ ရန်နောင် မျက်စိမှားသွားသည်။ သဏ္ဌာန်သည် အနက်ရောင် ဝတ်စုံကိုဝတ်ထားသည်။ စောစောကအမျိုးသမီးမှဟုတ်ရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်နန်းစီမှ နန်းစီအစစ်ပါ။ ဝတ်စုံကို ချက်ချင်းလဲပစ်လိုက်ခြင်းပင်ဖြစ်သည်။ သူမသည် အပြန့်အပြော ကျယ်သော ကွန်ကရစ်ကြမ်းပြင်တစ်လျှောက်ပြေးသွားသည်။ လမ်းဟိုဘက်မှ သည်ဘက်ကို သွယ်တန်းထားသော ကြိုးဆီကိုရောက်သွားသည်။

နန်းစီသည် ကြိုးကို ဟီးလေးခိုကာ လမ်းတစ်ဖက်ကို ရဲတင်းစွာဖြင့် ပြန်ကူးသွားခဲ့လေသည်။

ရန်နောင်သည် တံတိုင်းအကာဆီကို ရောက်လာခဲ့သည်။ ထိုအချိန်တွင် သူမသည် ဟိုဘက်ကိုမရောက် သေး၊ လမ်းတစ်ဝက်မှာပဲ ရှိသေးသည်။

သေနတ်ဖြင့် လှမ်း၍ပစ်လျှင်လည်းမီသေးသည်။ ချိတ်ကောက်ဖြင့် ချိတ်ထားသော ကြိုးကိုဖြုတ်ချလျှင်လည်းရသေးသည်။ သေနတ်ကို သေချာစွာချိန်ထားပြီး တော့မှမပစ်တော့၊ လက်ကိုတဖြည်းဖြည်းနှင့် ချလိုက်သည်။

နန်းစီသည် လမ်းတစ်ဖက် အဆောက်အဦးပေါ်ကို ရောက်သွားခဲ့ပြီ၊ ထို့နောက်သဏ္ဍာန်သည် ပျောက်ကွယ်သွားခဲ့လေသည်။

♛ ♛ ♛ ♛ ♛



## အခန်း (၇)

လွှန်စွာမှ အရေးကြီးသော ခေါင်းဆောင်ကြီး 'တွမ်' သေဆုံးသွားသည့်အတွက် အားလုံးကိုအံ့အား တသင့်ဖြစ်သွားစေခဲ့ရသည်။

လူသတ်သမားသည် 'တွမ်'ကိုလျှို့ဝှက်ပြီး ထားရှိသည့်နေရာကို အတတ်သိနေခဲ့သည်။ ပါးနပ်လွန်းသည်။ လည်လွန်းသည်။ ထို့အပြင် လူသတ်သမားသည် အလူးတာဝန်ချထားသော သက်ဆိုင်ရာမှ စုံထောက်တစ်ဦး ကိုပါ နှုတ်ပိတ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သတင်းက ချက်ချင်းလိုလိုပင် ပျံ့သွားခဲ့သည်။ တီဗီမှကြားဖြတ်သတင်းကို ကြေငြာသည်။ အခင်းဖြစ်ပွား သောနေရာတွင် ရဲတွေ၊ စုံထောက်တွေ ရှုတ်ယှက်ခတ်နေ သည်။ အလောင်းများကို ကတ်များတွင်တင်ကာသယ် ထုတ်သွားကြလေသည်။

တီဗီဖန်သားပြင်ပေါ်မှ မြင်ကွင်းများကို ဖူးဝမ်ချူး သည် တစ်နေရာမှ ကျေနပ်စွာဖြင့်ကြည့်နေခဲ့သည်။ နန်စီ၏ ပြောင်မြောက်သော စွမ်းဆောင်မှုကို ဝမ်းထဲမှ ကြိတ်ပြီး ချီးကျူးနေမိသည်။

သတင်းကြေငြာသူသည် လူသတ်သမား အသုံးပြု သည့် ကြိုးရှည်ကြီးတစ်ချောင်းနှင့် ကျန်ရစ်ခဲ့သော ပြောင်းရှည် သေနတ်ကြီးတစ်လက်ကိုပါ ပြသနေသည်။

နန်စီသည် ထိုပစ္စည်းများကို အသုံးပြုကာ စွန့်ထား ခဲ့သည်။ ပစ်မှတ်များကို ထိရောက်စွာတိုက်ခိုက်ခဲ့သည် မဟုတ်ပါလား။

ယခုအခါတွင် လူသတ်သမားကို သက်ဆိုင်ရာ နေရာတိုင်းတွင် ပိတ်ဆို့၍ ရှာဖွေနေပြီဖြစ်ကြောင်း ထွ ပေါက်မှန်သမျှ အစောင့်များကို ချထားပြီးဖြစ်ကြော



ကြေငြာသည်။

"မင်းတို့ဘယ်လိုပဲ ကြေငြာ ကြေငြာ၊ အခု အချိန်မှာ နန်စီကတော့ ငါးရှဉ့်တစ်ကောင်လို အားလုံးကြား ထဲက လျှောထွက်သွားလောက်ပြီ"

ဖူးဝမ်ချူး၏ နှုတ်မှတီးတိုးထွက်ပေါ်လာသည်။ သူ၏အနားတွင် ကြေးစားလက်မရွံ့သမား နှစ်ယောက်က ရှိနေသည်။

"ဟောကောင်တွေ မင်းတို့မြင်တယ်မဟုတ်လား၊ နန်စီရဲ့ ဆောင်ရွက်မှုက ဘယ်လောက်ပြောင်မြောက် ခဲ့တယ်ဆိုတာ၊ ဟိုမှာ ပျာယာခတ်ပြီးတော့ ကျန်ခဲ့ ကုန်ပြီ"

ထိုသူနှစ်ဦးသည် ဖူးဝမ်ချူးကျေနပ်စေရန် တီဗီဖန် သားပြင်ပေါ်မှ သတင်းကြေငြာမှုများနှင့် မြင်ကွင်းမှ ပေါ်လာ သော လှုပ်ရှားမှုများကို ကြည့်နေသည်။

"ဘယ့်နှယ်လည်းကွ၊ ငါပြောတာ"

"နန်စီဟာ တကယ်ပဲပြောင်မြောက်ထူးချွန်တဲ့ ဆရာကြီးရဲ့လက်ရုံးတစ်ယောက်ပါပဲ၊ အထက်ကိုး လောက်ပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝမ်ချူး အကြိုက်လိုက်ပြီးတော့ ပြောလိုက် ရသည်။ နန်စီကို သူတို့နှစ်ယောက်စလုံးက မနာလိုဖြစ် သွားခဲ့ကြသည်။

''ဘာလည်း၊ မင်းတို့ထက် နန်စီက ပိုပြီးတော်နေလို့ မနာလိုဖြစ်နေတာလားကွ. . .''

''မ. . . မဟုတ်ပါဘူးဆရာကြီး၊ နန်စီကို ကျွန်တော်တို့က တစ်ကယ်ချီးကျူးရမှာပါ''

ပျာပျာသလဲဖြင့် ဖြေလိုက်ကြသည်။

ဖူးဝမ်ချူးသည် သူများ၏စိတ်ကို သိတတ်သူ၊ ဂမ္ဘီရပညာရှင်ကြီးဟုလည်း ပြောကြသည်။ ယခုလို သူတို့၏ အတွင်းမနောမှခံစားချက်များကို သူတစ်ကယ်သိ၍ ပြောလိုက်သည်ပဲလား။ မှန်းခြေနှင့်လားဆိုတာ မပြော တတ်ပါ. . .။

သို့သော်. . . ဖူးဝမ်ချူးကို မဝေဖန်ရဲ၊ သူ၏ရှေ့ မှာ အန္တရာယ်ထောင်ချောက်များရှိသည်။

လျှို့ဝှက်ခလုတ်လေးတစ်ခုကို မသိမသာနှိပ်လိုက်သည်နှင့် ကိုယ်ထဲကို ကျည်တောင့်တစ်ချို့က အသံတိတ် ရောက်ရှိလာနိုင်သည်။ ထိုသူသည် မရှုမလှ သေဆုံးသွားကာ



ဘာမှတန်ဖိုးမရှိသော အလောင်းကောင် ဘဝကို ရောက်သွားရမည်သာ. . .

ဖူးဝမ်ချူးသည် ကမ္ဘာပေါ်တွင် အကောက်ကျစ်ဆုံးသော ရာဇဝတ်ကောင်ကြီးတစ်ဦးဖြစ်သည်။ အကောက်ကျစ်ဆုံး၊ အယုတ်မာဆုံးသော ဒုစရိုက်သမားကြီးတစ်ဦးဖြစ်သည်။

သွန်စွာမှ ရက်စက်လှသော လက်မရွံ့သမားကြီးများပင်လျှင် သူ့ကိုမမီ၊ ဖူးဝမ်ချူးက ဆင့်ခေါ်လျှင် လာကြရသည်။ သူ့ရှေ့သို့ရောက်လျှင် ကျားက ယုန်သူငယ်များဖြစ်သွားခဲ့ကြသည်။ သင်းကွပ်ပြီးသား သူများကဲ့သို့ဖြစ်သွားခဲ့ကြသည်။ မိန်းမလျာများဟုလည်း ပက်စက်စွာ အပြောခံချင်ခံရလိမ့်မည်။

တီဗီဖန်သားပြင်ပေါ်မှ ကြေငြာချက်များသည် ပြီးဆုံးသွားသည်။ ကြားဖြတ်ဝင်လာသော အရေးပေါ်သတင်း ကြေငြာချက်ပင်ဖြစ်သည်။

ဖူးဝမ်ချူးသည် ခလုတ်ကိုပိတ်ပစ်လိုက်ပြီး. . .

''အင်း . . . နန်စီပြန်ရောက်လာရင်တော့ သူ့ကို ကောင်းကောင်းချီးကျူးရမယ်၊ အားပေးရမယ်''

www.burmeseclassic.com

www.burmeseclassic.com



တစ်ကယ်တော့ . . .

နန်စီသည် သူ့ဆီကိုရောက်လာသည်မှာ ဘာမှ မကြာသေးပါ။ နန်စီသည် ဒုစရိုက်လောကထဲမှာ လက်မရွံ့သမားအဖြစ် ကျော်ဇောထင်ရှားနေသော မိန်းကလေးတစ်ဦးဖြစ်သည်။ လက်မရွံ့သမားတစ်ဦးဖြစ်သည်။

နန်စီ့ သတင်းတွေက မြေအောက်လောကတွင် ပျံ့နှံ့နေသည်။ ဖူးဝမ်ချူး မျက်စိကျလာသည်။ ထို့ကြောင့် ဆင့်ကဲ . . . ဆင့်ကဲ အဆက်အသွယ်များဖြင့် နန်စီကို သူ့ရှေ့မှောက်သို့ရောက်လာစေခဲ့သည်။

နန်စီသည် ဖူးဝမ်ချူး၏ ညာလက်ရုံးတစ်ဦးဖြစ်လာခဲ့သည်။

ဖူးဝမ်ချူးသည် သူ့ကိုဂလန့်ဂဆန့်လုပ်သည့် ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ယောက်၊ နှစ်ယောက်ကို မှတ်လောက်သားလောက်အောင် ဆုံးမစေလိုသည်။

ထို့ကြောင့် . . .

နန်စီ့ကို စေလွှတ်ကာ ဆုံးမခိုင်းသည်။ နန်စီကလည်း သူတို့ကို သေမင်း၏နိုင်ငံတော်အထိ အရောက်ပို့ပေးခဲ့သည်။ ထို့ကြောင့်ပင်လျှင် ဖူးဝမ်ချူးက နန်စီကို



သဘောအကျကြီးကျသွားခဲ့ရသည်။

---

များမကြာမီမှာပင် နန်စီသည် ဖူးဝမ်ချူးရှိရာ လှိုဏ်ဂူဌာနချုပ်ကို ဘေးမသီရန်မခ ပြန်ရောက်လာခဲ့သည်။

ဖူးဝမ်ချူးက နန်စီကိုလှိုက်လှဲစွာဖြင့် ကြိုဆိုခဲ့လေသည်။

"နန်စီ၊ နင်ကတော့ ငါ့အတွက်သိပ်ပြီးအားထားရတဲ့သူဖြစ်သွားပြီ၊ အဲ့သည်အတွက် နင့်ကို ထိုက်ထန်တဲ့ ဆုလာဘ်တစ်ခုကို ချီးမြှင့်ရမယ်"

"ကျွန်မ ဆုလာဘ်ကို မမျှော်ကိုးပါဘူး။ ဆရာကြီးအတွက်ဆို အသက်အသေခံပြီးတော့တောင် ဆောင်ရွက်ပေးဖို့ ဆုံးဖြတ်ထားသူပါ"

ဖူးဝမ်ချူးက နန်စီ၏အပြောကို သဘောကျသွားသည်။ သူ၏မုတ်ဆိတ်မွေးရှည်ကြီးများကို လက်ဖြင့်သပ် ကာ တဟင်းဟင်းဖြင့် ရယ်လိုက်သည်။

"ဒါပေမယ့် ၊ ငါပေးမယ့် ဆုလာဘ်ကိုတော့ နင်ငြင်းပယ်ဖို့မလိုဘူး။ ယူကိုယူရလိမ့်မယ်"

ဖူးဝမ်ချူးသည် ကတ္တီပါဘူးလေးတစ်ခုကို နန်စီအား

www.burmeseclassic.com



ပေးလိုက်သည်။ နန်းစီက လှမ်းယူလိုက်သည်။ ဖွင့်ကြည့်လိုက်သောအခါ စိန်လက်စွပ်လေးတစ်ကွင်း ဖြစ်နေသည်။

လွန်စွာမှ တန်ဖိုးရှိသည့် အဖိုးတန်ပစ္စည်းလေး တစ်ခုပင်။

"ခုလို ချီးမြှင့်ကာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်... ဆရာကြီး"

"ဟင်း...ဟင်း...ဟင်း...ဟင်း၊ ကျေးဇူးတင်စရာမလိုပါဘူးလေ၊ အင်း တွမ်ကို အခုလိုနှုတ်ပိတ်လိုက်ရတာ စိတ်မကောင်းပါဘူး၊ သူ့လို လူမျိုးကို ဖမ်းတဲ့သူဟာ ဘယ်သူလို့ ထင်သလဲ နန်းစီ"

"လေပွေမလို့သိရပါတယ်...ဆရာကြီး"

"အေး...ဟုတ်တယ်၊ သည်ကောင်မဟာ တွမ့်လို အဓိကရလူမျိုးကိုတောင် ပါးနပ်လိမ္မာစွာနဲ့ ဖမ်းဆီးခဲ့တယ်ဆိုတော့ တော်ရုံအရည်အချင်းမျိုးမဟုတ်ဘူး၊ လေပွေမဟာ ငါ့ကို တိုက်ရိုက် ဒုက္ခပေးခဲ့တယ်... အခုဆိုရင် ငါ့ရဲ့ပစ္စည်းတွေကို သက်ဆိုင်ရာက သိမ်းသွားခဲ့ကြပြီ၊ ငါ့မှာ ဆုံးရှုံးမှုတွေ အများကြီး ဖြစ်ပေါ်လာခဲ့ရပြီ"



"ဆရာကြီး၊ လေပွေမကို ဒါလောက်အထိ ဂရုစိုက်စရာမလိုပါဘူး၊"

ဖူးဝမ်ချူးသည် နန်းစီကို ရွှန်းလက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။ ဖူးဝမ်ချူးသည် ထိုအကြည့်မျိုး အစ်ခါတစ်ရံသာ ရှိဖူးသည်။ သူကျေနပ်အားရသောအခါမျိုးမှာသာ ဖြစ်ပေါ်လာလေ့ရှိသည်။

"နန်းစီ၊ နင် လေပွေမကို သုတ်သင်နိုင်လိမ့်မယ်လို့ ငါထင်တယ်..."

ထင်သည့်အတိုင်းပင် ဖြစ်လာခဲ့သည်။

သူမ...အပေါ်မှာ နောက်ထပ်တာဝန်တစ်ခုပေးနိုင်သည့် အခြေအနေမျိုးမှာ ရှိနေသည်။

"ဆရာကြီး၊ အမိန့်ရှိပါ..."

နန်းစီကလည်း ပွဲတောင်းသည့် မျက်နှာပေးဖြင့် ပြုံးစားစားရှိနေသည်။

"ကောင်းပြီ နန်းစီ၊ နင် လေပွေမကိုရှာ၊ သူ့ကို လောကကြီးထဲမှာ အပြီးအပိုင်မောင်းထုတ်ပစ် လိုက်၊ ဒါပေမယ့် နင်အခုမလှုပ်ရှားနဲ့ဦး၊ ပင်ပန်းလာတယ်၊ ခဏလောက်တော့ အနားယူလိုက်ဦး"

www.burmeseclassic.com



နန်စီက ဘာမှမပြောတော့၊ ခေါင်းကိုသာ ဆတ်ကနဲ ညိတ်လိုက်သည်။

ဖူးဝမ်ချူးသည် နန်စီ၏အနားကို တဖြည်းဖြည်း တိုးကပ်လာသည်။ သူမ၏လုံးဝန်းသော ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"နန်စီ၊ နင်ဟာ ငါထင်တာထက်တောင်ပိုပြီး တော်နေသေးတယ်၊ တစ်ချိန်ကျရင် နင့်ကိုငါ လက်ထပ်ယူမယ်၊ နင်လို သိပ်တော်တဲ့ မိန်းကလေးနဲ့ ပေါင်းဖက်လိုက်ရင် မွေးလာတဲ့ သားသမီးတွေဟာ ပိုပြီး . . . ထူးခြန်း ပြောင်မြောက်ကြမှာပဲ"

ဖူးဝမ်ချူး၏အကြည့်သည် ဆန္ဒလွန်ကဲနေသည်။

နန်စီ . . . ရင်ခုန်လာခဲ့သည်။ ရေငတ်သလိုခံစားလာရသည်။ ဖူးဝမ်ချူး၏မျက်လုံးတွေကို သူမကပြန်ပြီး စူးစိုက်ကာ ကြည့်နေမိသည်။

ထိုအကြည့်တွေကို ဖယ်ရှားပစ်သော်လည်းမရ၊ သံလိုက်နှင့်ကတ်၍နေသလို ခံစားနေရသည်။ သူမ၏တစ်ကိုယ်လုံး အားအင်ချိနဲ့သွားသလို ခံစားသွားရသည်။

ဖူးဝမ်ချူးက သူမ၏မေးဖျားလေးကို ကိုင်တွယ်



ဆိုက်သည်နှင့် . . .

"တီ . . တီ . . တီ . . တီ . ."

စကားပြောစက်က ရုတ်တရက်အသံမြည်လာသည်။ ဖူးဝမ်ချူး ဆတ်ကနဲဆိုဖြစ်သွားသည်။

နန်စီသည်လည်း မိန်းမောနေရာမှ လန့်နိုးလာသူ သို့ လောကကြီးထဲ အခုမှ ပြန်ရောက်လာခဲ့သည်။

"အေး . . . ပြော"

တစ်ဖက်မှ ဘာပြောသလဲည်းတော့ မသိ၊ ဖူးဝမ်ချူး သည် နန်စီကို အပြင်သို့ထွက်သွားရန် အမူအရာပြ လိုက်သည်။

နန်စီလည်း နေရာမှ လျင်မြန်စွာပင် ထွက်သွား ခဲ့လေသည်။ အခန်းတံခါးကို ပိတ်သွားသည်။

ထိုအခါကျမှ . . .

ဖူးဝမ်ချူးသည် တစ်ဖက်မှ လူနှင့်စိတ်ချစွာပင် ပြော ဆိုနေလေတော့သည်။

သူတို့တိုင်ပင်နေကြသည်များကား . . .

ဒုစရိုက်လုပ်ငန်းများအကြောင်းပင်တည်း။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဆံပင်ကောက်ကောက်နှင့် လှပသောကပ္ပလီမလေး တစ်ယောက်။

ကိုယ်နေကိုယ်ထားကလည်း ကြော့ရှင်း၊ ကော့စင်းသည်။ လမ်းလျှောက်ရာမှာ ရင်ကလေးကိုချီ၍ တင်ကလေးကိုနောက်ပစ်ပြီး ဆက်တောက် ဆက်တောက်နှင့် လျှောက်သွားသည်။ သူမလမ်း လျှောက်သွားပုံက ကြည့်ကောင်းသည်။ စီးဝါးကျသည်။

လမ်းသွားလမ်းလာ ပုရိသယောကျ်ားများမှာ ကပ္ပလီ



မလေးကို မကြည့်ပဲမနေနိုင်ကြ၊ မျက်လုံးတွေ ကျွတ်ကျမတတ် ကြည့်နေကြသည်။

မိန်းခလေးအချင်းချင်းသည်ပင် သတိထားကာ ကြည့်မိရသည့်အထိပင် . . .၊

သို့သော် . . .

ကပ္ပလီမလေးကတော့ မည်သူ့ကိုမှဂရုမစိုက်ပါ၊ သူ့လမ်းကိုသာ ဖြောင့်ဖြောင့်တန်းတန်းလျှောက်သွား သည်။

သူမသည် လွန်စွာမှနာမည်ကြီးသော စားသောက်ဆိုင်တစ်ခုထဲသို့ ဝင်သွားသည်။ ထိုစားသောက်ဆိုင်၏ အမည်မှာ '**နဂါးသုံးကောင်**ဖြစ်သည်။ တရုတ်အမျိုးသား တစ်ဦး ပိုင်ဆိုင်သည်။

အနောက်နိုင်ငံကြီးတစ်ခုမှ လာရောက်အခြေချ သော စီးပွားရေးလုပ်ငန်းရှင် **ဝမ်တိန်း** သည် ဤနဂါး သုံးကောင် စားသောက်ဆိုင်တစ်ခုတည်းကိုသာမက စတိုးဆိုင်ကြီးများ၊ ကာလေးကစားစရာအရုပ်ဆိုင်ကြီးများ ကိုပါ ပိုင်ဆိုင်ထားသည်။

ထို့ပြင် . . .

ကာစီနို . . . ခေါ် . . . လောင်းကစားဝိုင်းကြီးများ ထဲတွင် အစုရှယ်ယာပါဝင်ထားသည်ဟုလည်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးသုံးကောင်စားတော်ဆက်သည် မြို့စွန်ကျသော ရပ်ကွက်တစ်ခုမှာတည်ရှိသည်။ လမ်းမကြီးနှင့်လည်းနီးသည်။ မြစ်ကြီးတစ်ခုကို ဖြတ်ကျော်ကာ ဆောက်ထားသော တံတားကြီးတစ်ခုနှင့် မလှမ်းမကမ်းမှာရှိ သည်။

သင်္ဘောဆိပ်ကမ်းမှာ ကပ်လာကြသော မော်တော်များပေါ်မှ လူအချို့သည် နဂါးသုံးကောင်ဆီကို လာတတ်ကြသည်။

သာမာန်ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ဟုယူဆရသော်လည်း များသောအားဖြင့် ဒုစရိုက်သမားများသာဖြစ်ကြသည်။

ထို့ကြောင့် ...

နဂါးသုံးကောင်ဆီကို လူကောင်းသူကောင်းတွေ အလာနည်းသည်။ ဓါတ်မသိကြသူများသာ လာချင်လာကြလိမ့်မည်။

ကပ္ပလီမလေးသည် လာနေကျဖောက်သည် တစ်ဦးလိုပင်၊ နဂါးသုံးကောင်ထဲသို့ အေးဆေးစွာဖြင့် ဝင်လာခဲ့သည်။

ခန်းမကျယ်ကြီးထဲမှာ ထိန်လင်းမနေ၊ မီးချောင်းကိုမသုံး၊ အပြာရောင်မီးလုံးများကိုသာ ထွန်းထားသည်။



စားပွဲတွေကများပြားလှသော်လည်း၊ လူအတန်ငယ်ရှင်းနေသည်။ သူမသည် ထောင့်တစ်နေရာရှိ စားပွဲတစ်လုံးဆီကို တန်းပြီးလျှောက်သွားသည်။

စားပွဲထိုးလေးတစ်ဦးက နောက်ကနေတန်းပြီး တော့လိုက်သွားသည်။

''ဘာများအလိုရှိပါသလဲ ခင်ဗျာ''

''ခါတိုင်းလိုပဲလေ၊ မင်းမသိဘူးလား''

''ဩော်၊ ဟုတ်ကဲ့၊ မှတ်မိပါပြီခင်ဗျာ၊ စိတ်မရှိပါနဲ့''

စားပွဲထိုးလေးက တောင်းပန်သည်။ အရှိအသေပေးပြီး ပြန်ထွက်သွားသည်။ တခဏအကြာတွင် ဝိုင်အရက်များကို လာချပေးသွားသည်။

သူမနှင့်ခပ်လှမ်းလှမ်းရှိ စားပွဲတွင် အသက်ငါးဆယ်ခန့်ရှိ အဖိုးအိုတစ်ဦးသည် သတင်းစာတစ်စောင် ကိုဖတ်နေသည်။ သူသည် သတင်းစာထဲမှာပါသော အကြောင်းအရာများကို စိတ်ဝင်စားလွန်း၍ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေဟန်တူသည်။

ကပ္ပလီအမျိုးသမီးသည် ဆိုင်ထဲမှာပျံ့လွင့်နေသော

www.burmeseclassic.com

www.burmeseclassic.com



တေးသွားကိုလိုက်၍ ဆိုညည်းနေသည်။

ထိုစဉ်...

ဆိုင်ထဲကို လွှန်စွာမှမျက်နှာထားတည့်သော လူ တစ်ယောက်ဝင်လာသည်။ နှာခေါင်းက ဖြောင့်စင်းသော် လည်း နှာသီးများသည် အနည်းငယ်ကောက်သယောင် ရှိ၏ သူ၏မျက်လုံးတွေက အေးစက်မာကျောနေသည်။ နှုတ်ခမ်း တွေက ထူသည်။ မထင်လျှင် မထင်သလို ရက်စက်မည့်ပုံ

ထိုသူတစ်ယောက်တည်း မဟုတ်ပါ။ သူ့နောက်မှ လူနှစ်ယောက်ကလည်း ဝဲယာမှရံပြီးပါလာကြသည်။ ဘော်ဒီ ဂတ်ခေါ်... သက်တော်စောင့်များဖြစ်ကြသည်။

ထိုသူအခန်းထဲကို ဝင်လာသဖြင့် အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြသည်။ တချို့ဆိုလျှင် ဆိုင် အပြင်ဘက်ကို ထွက်သွားခဲ့ကြသည်အထိ ...

ဒါလောက်အထိဖြစ်ကြရအောင် ထိုသူသည် မည်သူ နည်း၊ မြေအောက်ကမ္ဘာ ဒုစရိုက်လောကတွင် ထင်ရှား နေသော မကောင်းသတင်းဖြင့် နာမည်ကြီးနေသော **သောမတ်အမည်ရှိ မဟူရာလက်မည်းကြီး**ပင် ဖြစ်သည်

သူ့ကို ထိုအမည်ပေးကြရခြင်းမှာ...



သောမတ်သည် သေနတ်ကိုမကိုင်လျှင် လုံးဝ လျှင်းမကိုင်၊ ကိုင်ပြီဆိုလျှင် တစ်ယောက်ယောက်က တော့ သေရစမြဲ။

သူ့လက်ထဲသေနတ်ရောက်ပြီဆိုလျှင် သား ကောင် စ်ဦးဦးကတော့ ရှိနေပြီ။ ထိုသူသည် မုချမသွေ သေရမှာ မှန်၊ သေနတ်ကိုင်လျှင် နမိတ်မကောင်းသူဖြစ်၍ မဟူရာ က်မည်းကြီးဟု တင်စားကာ ခေါ်ကြခြင်းပင်ဖြစ်သည်။

သူ့ကို သက်ဆိုင်ရာက သက်သေမကောင်းဖြစ်နေကြတဲ့ ဆင့်မှာပဲရှိသေးသည်။ ရာဇဝတ်မှုတစ်ခုဖြစ်တိုင်း သူ့ က်ချက်ဟု သိသော်လည်း လက်ဆုပ်လက်ကိုင် မပြနိုင်၊ သည် ဥပဒေကိုလက်တစ်လုံးခြား လှည့်စားနေသူ။

အရှောင်အတိမ်းကောင်းလှ၍ မိမိကိုယ်မိမိ ငါ ဆိုင်ဟုတ်နေပါလားဟု ထင်နေသူ၊ လူအချို့ကတော့ စားပွဲ ိုင်းမှာပင် ဆက်ပြီးထိုင်နေကြကာ ရင်တထိတ်ထိတ်နှင့် နေကြသည်။

တချို့က မဟူရာလက်မည်းကြီးကိုမသိကြ၊ မြင်လည်း မြင်ဖူးကြ၊ သောမတ်ခေါ် မဟူရာလက်မည်းကြီးသည် ၍ဆိုင်ကိုလည်း ခဏခဏမလာတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သောမတ်သည် သူ၏ကောက်ကျစ်သော မျက်လုံးများဖြင့် ဆိုင်ထဲကို တစ်ချက်လှေ့လာလိုက်သည်။

ကာ့ပွလီအမျိုးသမီးကို သူတွေ့သွားသည်။ သက်တော်စောင့်နှစ်ဦးကို တံခါးဝမှာနေခဲ့ရန် အမူအရာဖြင့် ပြလိုက်ပြီး၊ သူကတော့ ကာ့ပွလီအမျိုးသမီးဆီသို့ လျှောက်လာခဲ့သည်။

''မင်း **ကလီယိုပါထရာဂျုန်း** မဟုတ်လား''

''ဟုတ်ပါတယ်၊ ရှင်ဒီမှာထိုင်လို့ရပါတယ်၊ မစ္စတာသောမတ်''

''အလို မင်းက ငါ့ကို သေသေချာချာသိနေတာကိုး''

''ရှင့်လို ကျော်ဇောထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ကျွန်မမသိရင် ကျွန်မလောက်ညံ့တဲ့သူ ဘယ်ရှိလိမ့်မလဲ''

အမျိုးသမီးက ရဲဝံ့စွာပင် ပြန်ပြောလိုက်သည်။ သောမတ်သည် သူမ၏စကားကြောင့် နှစ်သက်စွာ ခံစားသွား မိသော်လည်း သူ့ကိုတန်းကာသည်ကာ ဆက်ဆံနေ မကြိုက်နှစ်သက်။

သို့သော်



ကလီယိုပါထရာဂျုန်း ခေါ် အမျိုးသမီးကို သူလျှော့မတွက်ရဲ၊ ဒုစရိုက်လောကမှာ သရဖူဆောင်းထားသူ။

ထိပ်သီးဒုစရိုက်သမားတွေက သူမအပေါ်မှာ ဖျံကျလာလျှင် မထင်လျှင်မထင်သလို နှိပ်ကွပ်နေသူ။

အမျိုးသမီးလက်မရွံ့သမား . . .။

သို့သော် . . .

ကလီယိုပါထရာဂျုန်းသည် မည်သည့်အကြောင်းကြောင့် ဤနေရာသို့ ရောက်နေရပါသလဲ၊

''မင်း၊ ဘယ်လိုအကြောင်းကြောင့်သည်ကို ရောက်နေတာလဲ၊ ကောန္တတော့ အပေးအယူကိစ္စ တစ်ခုခုတော့ ရှိနေပြီထင်တယ်''

''ကျွန်မသည်ကို စားကျက်ကျနေတာ ကြာပြီ၊ ရှင်ပြောတာလဲ ဟုတ်တယ်၊ အပေးအယူကိစ္စ ရှိတယ်''

''ဘယ်သူနဲ့လဲ ''

''ရှင်နဲ့ပဲ''

''ဘာ ငါနဲ့ဟုတ်လား''

''ဟုတ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



သောမတ်က အံ့အားသင့်သွားသည်။

''မင်းက ငါနဲ့ဘာများ အပေးအယူလုပ်ချင်လို့ လဲ
...''

''ရှင့်လက်ထဲမှာရှိတဲ့ အဖြူတွေကိစ္စ၊ အဲဒါကို ရှင် အရောင်းအဝယ်လုပ်ဖို့ ဟိုဘက်နိုင်ငံက ကိုယ်စားလှယ်တွေနဲ့ ချိန်းထားတယ် မဟုတ်လား''

''ဘာ၊ ဒါ ငါ့ရဲ့လျှို့ဝှက်ကိစ္စ၊ မင်း...မင်း ဘယ်လိုသိလဲ''

သောမတ်ပေါက်ကွဲသွားသည်။

သူ့လက်သည် ကုတ်အင်္ကျီကြားထဲသို့ ရောက်သွားမလိုဖြစ်သွားသည်။

ကလီယိုပါထရာဂျုန်းခေါ် ကပ္ပလီမကတော့ သောမတ်ကို မမှုသလို မထီလေးစားနှင့် ကြည့်လိုက်ပြီး

''ရှင် ဒေါသကို ခဏလောက်မြိုသိပ်ထားစမ်း ပါ၊ ကျွန်မက ရှင်နဲ့ ပြဿနာဖြစ်ချင်လို့လာတာမဟုတ်ဘူး၊ ကိစ္စတစ်ခုကို အေးအေးဆေးဆေး ဆောင်ရွက်ချင်တယ်''

''ဘာလည်း အဲ့သည်ကိစ္စအတွက် မင်းက ငါ့ကို



ငွေညှစ်ချင်လို့လား''

''သည်လို သဘောမျိုးမဟုတ်ပါဘူး၊ ရှင် အပေးအယူလုပ်မယ့်နေရာ၊ အချိန်၊ ဟိုဘက်က လူဘယ်နှစ်ယောက်ဆိုတာ ကျွန်မသိထားတယ်''

''မင်းကသိပ်တော်လှပါလား၊ ဒါကြောင့်မို့လည်း ကလီယိုပါထရာဂျုန်းဆိုပြီး နာမည်ကြီးနေတာပဲ နော်၊ မင်းငါ့ဆီက ငွေဘယ်လောက်လိုချင်သလဲ''

ကလီယိုပါထရာဂျုန်းက လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

''နှစ်သောင်း... ၊ ဟုတ်လား''

''နှစ်သန်း...''

''ဘာ၊ ဒေါ်လာနှစ်သန်း၊ ဟုတ်လား၊ မင်း.. အရူးလား။ ငါက အဲ့သလောက်ငွေတွေကို မင်းလက်ထဲအပ်ရအောင် မင်းကဘာကောင်မမို့လဲ''

''ဖျန်း''

သောမတ်၏ပါးတစ်ဖက်ပူကနဲ ဖြစ်သွားသည်။ သူမက ပယ်ပယ်နယ်နယ်ရိုက်လိုက်ခြင်းပင်၊ သောမတ်သည်း သူ့အင်္ကျီကြားထဲမှ သေနတ်ကို ဆွဲထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တော့မလိုဖြစ်သွားသည်။

သူ့လူများသည်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ သို့သော် . . .

သူတို့ဘယ်လိုမှ မထင်မှတ်ခဲ့သည်က ဂျုန်းသည် သောမတ်ထက် စက္ကန့်ဝက်စာမျှ လက်ဦးသွားသည်။ ပြောင်လက်တောက်ပနေသော ဂျင်ဂိုလားဟစ်လက်က လက်ထဲကို မည်သို့မည်ပုံရောက်လာခဲ့မှန်းမသိလိုက်ကြ၊

သောမတ်၏နဖူးကို ပြောင်းဝနှင့်ထိကပ်ထားခဲ့လေပြီး . . .

"ရှင့်လူတွေကို လက်တွေ ငြိမ်ငြိမ်ထားလို့ ပြောလိုက်၊ ရှင့်ခေါင်းထဲကို သေမင်းတံတောင့်က ခုချက်ချင်း ရောက်သွားလိမ့်မယ် . . ."

"ဟော့၊ ဟော့ကောင်တွေ၊ မင်းတို့ဘာမှ မလုပ်ကြနဲ့"

သောမတ်၏လူများမှာ မချင့်မရဲနှင့်သေနတ်တွေကို မကိုင်ဝံ့ကြတော့၊ သောမတ်ချွေးပြန်နေလေပြီ။

"မင်းငါ့ကို အခုလိုစောကားတဲ့အတွက် နောင်ထရဖို့ အချိန်ချက်ချင်းရောက်လာလိမ့်မယ်"



"ကျွန်မအတွက်နောင်တဆိုတာ ဘယ်တော့မှ မရှိစေရဘူး၊ ရှိလည်းမရှိခဲ့ဖူးဘူး၊ ရှင်ဘယ်သူ့အတွက် လုပ်ပေးနေသလည်းဆိုတာ ကျွန်မသိတယ်၊ သည်ပစ္စည်းတွေဟာ ဖူးဝမ်ချူးနဲ့ပတ်သက်နေတယ် မဟုတ်လား"

"မင်း မသိုင်တာတွေ မပြောနဲ့"

"ပြန်ပြောလိုက်စမ်းပါ . . . ရှင်တို့ရဲ့ ဆရာကြီးကို ဂျုန်းက ဂျင်ပေါ်ကထုံး၊ ဖူးဝမ်ချူးကိုလည်း တိကောင်တစ်ကောင်လိုပဲ သဘောထားတယ်လို့"

သောမတ်က သူမကို တိုက်ခိုက်မည်ပြုသည်။ နဖူးပြင်ကို ထောက်ထားသောသေနတ်ပြောင်းဝက ပိုပြီးဖိကပ်လာသည်။ သောမတ်လက်လျော့လိုက်ရသည်။

"ရှင့်ကားပေါ်မှာ ငွေသေတ္တာပါတယ်၊ အရောင်းအဝယ်ဖြစ်အောင် လုပ်ပေးတဲ့ပွဲစားကို ပေးဖို့ဒေါ်လာနှစ်သန်း၊ သည်လူဟာ ဟောသည်ဆိုင် ထဲမှာရှိနေတယ် "

စောစောကအဖိုးကြီးသည် သတင်းစာကို ဖြန့်၍ သူ့ကိုယ်နှင့်ကွယ်ကာဖတ်နေရင်းက သေနတ်ကို ကိုယ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



က ထုတ်လိုက်သည်။

''ဒိုင်း''

''အား''

သူ၏လက်ထဲမှသေနတ်သည် လွင့်ထွက်သွား သည်။ သူမက ဘယ်လက်ထဲကသေနတ်ဖြင့် မကြည့်ပဲ "နောက် လှည့်ကာ ပစ်ထည့်လိုက်သည်။

ထိုသူကဲဆိုးသွားသည်။ သူမ၏ရှေ့တည့်တည့်ရှိ မှန်ချပ်ထဲမှာပေါ်နေသည့် ထိုသူ၏လှုပ်ရှားမှုကြောင့် လျှပ် တပြက်လှုပ်ရှားလိုက်ခြင်းပင်ဖြစ်၏။ ညာလက်မှသေနတ် ကတော့ သောမတ်၏နဖူးပြင်ကို ထောက်ထားမြဲ။

''ဟော့ကောင်တွေ၊ ကားထဲကသေတ္တာသွားယူ လာစမ်း ...''

တပည့်တစ်ယောက်က တံခါးကို တွန်းလိုက်ပြီး အပြင်ကိုပြေးထွက်သွားသည်။ ချက်ချင်းလိုလိုပင် သေတ္တာနက် တစ်လုံးကိုဆွဲပြီး ပြန်ရောက်လာသည်။

''သည်ကိုယူလာခဲ့၊ သူ့ကိုဖွင့်ပြလိုက်''

ထိုသူက သေတ္တာကိုဖွင့်ပြလိုက်သည်။ အထဲမှာ ငွေစက္ကူတွေက အထပ်လိုက်။



''ကဲ ...မင်းကျေနပ်ပြီလား ...''

''ထားခဲ့၊ ရှင်သွားနိုင်ပြီ၊ လက်ကိုမြှောက်ပြီး၊ ကျောခိုင်းလိုက်၊ အေးအေးဆေးဆေးထွက်သွား၊ ဉာဏ်တော့မများကြနဲ့၊ ပြဿနာမရှာကြနဲ့''

သောမတ်သည် မီးတောက်လုခမန်း မျက်လုံး တွေဖြင့် သူမကိုစိုက်ကြည့်နေသည်။ လက်တွေကိုမြှောက် လိုက်သည်။ နေရာမှထလိုက်သည်။ ထို့နောက် ကျောပေးပြီးကွယ်သွား သည်။

မကြာမီ ...ကားတစ်စီးထွက်ခွာသွားသည့် အသံ ကိုကြားလိုက်ရသည်။

သူမသည် စောစောက အဖိုးကြီးဆီသို့ လျှောက် သွားသည်။ သူသည် လက်မှာသေနတ်ဒဏ်ရာရထား သည်။

''ရှင်အဖိုးကြီး လက်မထောင်မနေနဲ့၊ သည်လူတွေက ရှင့်ကို ဖျောင်ပစ်ဖို့လာကြတာ၊ ငွေတွေမရပဲ၊ ကျည်ဆံတွေရတော့မလို့၊ ကျွန်မနဲ့တွေ့တာ ကံ ကောင်းတယ်မှတ်၊ ''

ထိုသူသည် ကလီယိုပါထရာဂျုန်းကို ဖြေဖျော့သော မျက်နှာဖြင့် တစ်ချက်ကြည့်လိုက်ရင်းက နေရာမှ ထပြေးသွား

www.burmeseclassic.com



သည်။

ဆိုင်ထဲမှ လူအချို့သည် သူမကို အံ့အားတသင့်ဖြင့် ကြည့်နေကြသည်။

သို့သော် . . .

ကာလီယိုပါထရာကျွန်းကတော့ အေးအေးဆေး ဆေး။

♛ ♛ ♛ ♛ ♛



## အခန်း (၉)

ဒုစရိုက်လေကတွင် ကျားကျားခြင်း ဆင်ကြကြကြသလို ဖျံဖျံခြင်းလည်း သေအောင်ကိုက်ကြသည်။ အခုတစ်ခါ . . .

မြေအောက်လောကသားတွေအတွက် ကြီးစွာ သောအန္တရာယ်အယှက်ကို ပေးမည့်သူက ရောက်လာခဲ့ ပြန်လေပြီ၊ ကာလီယိုပါထရာကျွန်းမော် အမျိုးသမီးတစ်ယောက်။

သူမသည် . . . ဒုစရိုက်ကမ္ဘာအတွင်း ရှစ်စပ်ကျော်ကျော်လည်သူဖြစ်သည်။ ဒုစရိုက်သမားအချင်းချင်း မည်သူက

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်သည်ကို သူသိသည်။ ငွေညှစ်သည်၊ ပြောင်တောင်းသည်၊ မရလျှင် ပုလိပ်ကို သတင်းပေးသည်။

သူမနှင့် ထိပ်တိုက်တွေ့လျှင်လည်း ခံကြရသည်။ ကျားကြီးဆင်ကြီးတွေပင် ဝပ်ဆင်းသွားကြရသည်။ ကလီယိုပါထရာဂျုန်းသည် လူတွေကြားထဲမှာ တစ်ချိန်လုံးရှိနေသူမဟုတ်၊ မထင်မှတ်သောအချိန်မှာ ဘွားကနဲဆို ပေါ်လာတတ်သူဖြစ်သည်။

သူမအတွက် မြိုးမြိုးမြက်မြက်ကလေးရမည့် အခွင့်အလမ်းမျိုးရှိလာပြီဆိုလျှင် ထိုနေရာမှာ မကြာခဏပေါ်လာတတ်သည်။

သူများကြံစည်ထားသော အကွက်ကိုကြိုပြီး သိ[...]တတ်သည်။ ကလီယိုပါထရာဂျုန်းသည် သူတစ်မ်း[...]လျှို့ဝှက်ပြီး တိတ်တဆိတ်စီစဉ်ထားသည့် ကိစ္စများ[...]မည်သို့မည်ပုံ သိသွားနိုင်သလည်းဆိုသည်ကိုတော့ မပြော[...]တတ်။

သူမကြောင့် ဆင်ထားသည့်အကွက်မှန်သ[...]ပျက်သွားခဲ့ကြသည်ချည်းပင်။ ခုလည်းကြည့်လေ။

၈ သောမတ် (သို့မဟုတ်) မဟူရာလက်မည်းကြီး



တစ်ယောက် အီစိမ့်သွားသည်အထိ ခံလိုက်ရသည်။ ပြဿနာက သေးသေးမွှားမွှားမဟုတ်၊

"တောက်၊ ငါတို့ပိပိရိရိနဲ့ လုပ်ထားတဲ့ကိစ္စသည်ကောင်မဘယ်လို သိသွားသလည်း မပြောတတ်ဘူး။ လျှင်လိုက်တာကလည်း လွန်ပါရော"

မြေအောက် လောကသားများသည် မဟူရာလက်မည်းကြီးကို မော့မင်ကြည့်ဝံ့ကြသူများ မဟုတ်ကြ၊ သူ့ကိုထိဘို့ဆိုတာကတော့ ဝေလာဝေး။

အခုတော့ ကလီယိုပါထရာဂျုန်းဝေါ် ကပ္ပလီမက သူ့ပါးကိုရိုက်သွားခဲ့သေးသည်။ သူ့ကို အထင်ကြီးလေးစားနေကြသည့် တပည့်များ၏ရှေ့မှာမို့ ရှက်မိလိုက်သည့်ဖြစ်ခြင်း။

"နင် နေနှင့်ဦးပေါ့ကွာ၊ နင်တစ်နေ့ကျ ငါ့လက်ထဲကိုရောက်ကိုရောက်စေရမယ်၊ အဲသည့် အခါကျရင်သာ ငါဘယ်လို လုပ်မလဲဆိုတာ နင်စောင့်ကြည့်ပေါ့၊ ကပ္ပလီမရယ်"

နဂါးသုံးကောင် စားတော်ဆက်မှာ ဖြစ်ပျက်ခဲ့သည်ကိုမမေ့၊ သောမတ်ကတော့ ရှက်လည်းရှက်၊ နာလည်းနာ၊ ငွေတွေလည်း... ပါသွားဆိုအလို ရှက်၊နာ၊ ပြီးဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

သောမတ်သည် စိတ်မထင်လျှင်မထင်သလို ဒုစရိုက်သမားအချင်းချင်း အပြတ်ရှင်းပစ်တတ်သည်။ သူ လူသတ်တော့မည်ဆိုလျှင် လက်အိတ်အနက်ကိုစွပ်သည်။

ထို့ကြောင့် သူ့ကို မဟူရာလက်မည်းကြီးဟု ခေါ်ကြခြင်းပင်ဖြစ်သည်။ သို့သော် မဟူရာလက်မည်းကြီးကတော့ ကလီယိုပါထရာကျွန်းကို လုံးဝမကျေနပ်၊ တစ်နေ့နေ့တွင် ပြန်လည်၍ဆုံဆည်းရလိမ့်ဦးမည်ဟု ထင်နေမိသည်။

သည်တစ်ခါတော့ . . . သူက လက်ဦးမှုဖြစ်မည်ကို သိထားသည်။ ကောင်မ လျှင်လိုက်သည့်ဖြစ်ခြင်း၊ သေနတ်ထုတ်သည်ကပင်လျှင် သူမလောက် လျှင်သူမရှိ။

သေမင်းနှင့်ရင်ဆိုင်လိုက်ရသလို၊ သောမတ် ချွေးစေး ပြန်သွားရသည်ကအမှန်။

အချိန်ကား . . . ည . . . ၊

နေရာကတော့ မြစ်ပြင်ကြီးတစ်ခု၏အလယ်၌ ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းသည် ကျောက်ချပြီး ရပ်ထားသည်။

သင်္ဘောကုန်းပတ်ပေါ်မှာ သောမတ်နှင့် လက်



မရွှေ့သမားသုံးယောက် ၊ သောမတ်သည် စီးကရက်တစ်လိပ်ကို အေးဆေးစွာပင် ဖွာရှိုက်နေသည်။ လေကတဟူးဟူးဖြင့် တိုက်ခတ်နေသည်။ စီးကရက်တစ်လိပ်က ချက်ချင်းလိုလိုပင် ကုန်သွားသည်။

သူသည် လက်မှနာရီကို ကြည့်လိုက်သည်။ ညရှစ်နာရီထိုးတော့မည်။

"ဟိုလူတွေလာတော့မယ်၊ သူတို့က သိပ်ပြီး အချိန်တိကျတယ်ကွ၊ ငါတို့ဘက်ကလည်း ပေးစရာရှိတာကို အသင့်ပြင်ထားမှ၊ မြန်မြန်ပြီးသွားတော့လည်း အေးရော၊ "

သောမတ် မျက်မှောင်ကျုံ့သွားသည်။ စကားလည်းဆက်ဖြစ်တော့၊ သူ့နားထဲမှာ တစ်ခုခုကို သံသယဖြစ်သွားသည်။

"လာနေပြီထင်တယ်ကွ"

သောမတ်လှမ်းကြည့်လိုက်သည့် နေရာဆီသို့ အညှိသုံးယောက်က ကြည့်လိုက်သည်။

သင်္ဘောတစ်စီး အမှောင်ထုထဲမှာ ဘွားကနဲဆို လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ လာပြီကွ"

ရေပိုင်နက်ထဲကိုဝင်လာသော အနောက်နိုင်ငံ[...]ကြီးတစ်နိုင်ငံမှ သင်္ဘောတစ်စင်း၊ မှောင်ခိုသင်္ဘောကြီး တစ်စင်းပင်ဖြစ်သည်။

သင်္ဘောပေါ်မှ မီးပွင့်များဖြင့်အချက်ပြသည်။သင်္ဘော[...] မှန်သွားသောအခါ သောမတ်ကလည်း ပြန်ပြီးအချက်ပြသည်[...] မိမိတို့ ဆုံတွေ့ကြရမည့် သင်္ဘောဖြစ်ကြောင်း သိသွားကြ[...] သည်။

မှောင်ခိုသင်္ဘောက ဘေးချင်းယှဉ်လာသည်[...] သောမတ်တို့ဘက်မှ ကုန်းဘောင်သစ်သားတန်းများ ထိုး[...] သည်။ မှောင်ခိုသင်္ဘောပေါ်မှ လူသုံးယောက်တက်လာခဲ့[...] သည်။

ရှေ့ဆုံးမှလူသည် အရပ်ထောင်ထောင်မောင်းမော[...] နှင့် ခေါင်းဆောင်ဖြစ်သည်။ နောက်မှလိုက်လာသော [...] ယောက်သည် သူ၏တပည့်များ ဖြစ်ပုံရလေသည်။ သူ[...] သည် မည်သည့်လက်နက်များကိုမှ မကိုင်ဆောင်ထား[...] ပါ။



ရတာ နှစ်နဲ့ချီပြီးတော့ ကြာသွားခဲ့ပြီနော်"

"အေးဗျာ၊ အခုလို ကျန်းကျန်းမာမာနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကဲအချိန်ရှိတုန်း လုပ်ငန်းကလေးစလိုက်ကြရအောင်၊ မစ္စတာသောမတ်"

"အဆင်သင့်ပါပဲဗျာ၊ အချိန်က သိပ်ပြီးတန်ဖိုးရှိတယ်လေ"

သောမတ်က လက်ခုပ်နှစ်ချက်ဆင့်ပြီး တီးလိုက်သည်။

မစ္စတာပေါက်ဆိုသူသည် တစ်ဖက်သင်္ဘောပေါ်ကို တက်လာကတည်းက သတိထားပြီးသား ဖြစ်သည်။

မည်သူ့ကိုမှ မယုံကြည်၊ သူ့အလုပ်ကလည်း ကိုယ့်ဆောင်ချောက် ကိုယ်ပြန်နင်းလျှင်နင်း၊ မနင်းလျှင် သူများဆောင်ချောက်ထဲကို အချိန်မရွေး သက်ဆင်းနိုင်သည် မဟုတ်ပါလား။

မစ္စတာသောမတ်က လက်ခုပ်တီးလိုက်သည်နှင့် သူ့နောက်နှစ်ယောက်သည် သားရေအိတ်အနက်ကြီးနှစ်လုံးကို ဆွဲပြီး ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရှေ့သို့ ရောက်လာသောအခါ အိတ်တွေကို ဖွင့်ပြလိုက်ကြသည်။ မစ္စတာပေါက်က အိတ်ထဲကိုလက်နှိုက်ကြည့်လိုက်သည်။ ဖြူဖြူအထုပ် တစ်ထုပ်က ပါလာသည်။ သုံးလေးထုပ်ကို မွှေပြီးကြည့်သည်။ အနံ့ခံကြည့်သည်။

ဤသို့ မစစ်ဆေး၍မဖြစ်၊ ဒေါ်လာသန်းနှင့်ချီပြီး ပေးရမည့်ကိစ္စဖြစ်၍ ဂရုစိုက်ရပေမည်။

''ကျေနပ်ပါတယ်၊ ပစ္စည်းကောင်းတွေပဲ၊''

''ကျုပ်ဘက်ကတော့ တာဝန်ကျေပြီ မစ္စတာပေါက်''

မစ္စတာပေါက်က ခေါင်းတစ်ချက်ဆတ်လိုက်ပြီး

''ဖြစ်စေရပါမယ်''

သူ့လူနှစ်ယောက်က လက်မှာဆွဲယူလာကြသော သေတ္တာနက်နှစ်လုံးကို ဖွင့်ပြလိုက်သည်။ အသစ်စက်စက် ဒေါ်လာပါကင်ထုပ်တွေကို အထပ်လိုက်တွေ့ လိုက်ရသည်။

သောမတ်သည် ငွေစက္ကူများကို စိတ်နှင့်အပြေးအလွှား ရေတွက်လိုက်သည်။

''ကောင်းပါပြီ၊ ပြည့်စုံပါတယ်''

သေတ္တာများကို ပြန်ပိတ်လိုက်သည်။ သောမတ် ၏



လက်ထဲကို သေတ္တာနက်နှစ်လုံးက ရောက်သွားကြသည်။ ပစ္စည်းချင်းလဲလှယ်ကြ၍ အပြီးမှာ . . .

''ဝှစ် . . . ဝှစ်''

''ဒုတ် . . . ဒုတ်''

''အား . . . ''

''အီး . . . ''

သူတို့၏ လက်ခုံပေါ်ကို ပေါက်ခါးသေးသေးလေးနှစ်ချောင်းက အသီးသီးလာစိုက်သည်။

လက်ထဲမှာ ကိုင်ဆောင်ထားကြသည့် ငွေသေတ္တာနှစ်လုံးသည် လွတ်ကျသွားခဲ့ကြရသည်။ ထို့အတူ ပစ္စည်းများပါသည့် အိတ်နှစ်လုံးသည်လည်း လွတ်ကျသွားခဲ့သည်။

ပေါလ်နှင့် သောမတ်သည် နာကျင်စွာဖြင့် ညည်းညူလိုက်ကြသည်။

''ဟော့ . . . ရန်သူ သင်္ဘောပေါ်မှာ ရောက်နေပြီ''

သောမတ်သည် လက်ခုံပေါ်မှာ စိုက်ဝင်နေသည့် ဓားကို ညာလက်ဖြင့် ဆွဲနှုတ်လိုက်ပြီး ရေထဲကိုပစ်ချလိုက်သည်။

သူ့လူများသည် လက်နက်အသီးသီးကို ထုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြကာ၊ ဟိုချောင်ကပ်၊ သည်ချောင်ကပ်ဖြင့် ရန်သူကို ရှာဖွေနေသည်။

ပေါလ်က လက်ခုံပေါ်မှာ စိုက်ဝင်နေသည့် ဓါးကို သောမတ်နည်းတူ နုတ်ပစ်လိုက်သည်။

"မစ္စတာသောမတ်၊ ဒါဘယ်လိုဖြစ်တာလဲ"

"ကျုပ်လည်း မပြောတတ်ဘူး။ သင်္ဘောပေါ်မှာ ရန်သူကတော့ရှိနေပြီ၊ ခင်ဗျားတို့မြန်မြန်ပြန်ကြပေတော့"

"ဒါဆို၊ ကျုပ်တို့သွားတော့မယ်"

ပေါလ်၏လူနှစ်ယောက်က သားရေအိတ်များကို ကောက်ပြီး ယူလိုက်သည်နှင့် ...

"ဝှစ် ... ဝှစ်"

"အား ... အား"

ပေါက်ဓါးတိုလေးနှစ်ချောင်းက လက်ခုံအသီးသီးပေါ်မှာ ထပ်မံပြီး လာစိုက်ကြပြန်သည်။

"ဟေ့ကောင်တွေ လာ၊လာ၊ ငါတို့လစ်ကြမယ်"

ပေါလ်က သားရေအိတ်နှစ်လုံးကိုဆွဲပြီး ကုန်းဘောင်ပေါ်ပြန်အတက်မှာ ...



...

လေထဲမှ ခုန်ပျံခဲ့ပြီး တက်လာသော သဏ္ဍာန် နှစ်ခု

"ဖြောင်း"

"အား"

"ဖြောင်း"

"အား"

တစ်ဦးက ပေါလ်၏ရင်ဘတ်ကို ခြေစောင်းပေး၍ တိုက်ခိုက်လိုက်သည်။ နောက်တစ်ဦးက သောမတ်၏ မျက်ခွက်တည့်တည့်ဆီကို ကန်ချက်တစ်ချက်ဝင်သွား သည်။

နှစ်ဦးစလုံး ကုန်းပတ်ပေါ်သို့ အရှိန်နှင့်ပစ်၍ သွားခဲ့ကြသည်။ သင်္ဘောမတ်၏တပည့်များသည် လှုပ်ရှားမှု သွက်လက်လွန်းလှသော ထိုသဏ္ဍာန်နှစ်ခုကို အံ့သြငေးကြောင်ပြီး ကြည့်နေမိကြသည်။

နောက်တော့မှ သတိရသွားခဲ့ကြပြီး သေနတ်များဖြင့် ထုတ်အပစ်မှာ ...

ဆူးသည် ...

"ယား"

www.burmeseclassic.com

www.burmeseclassic.com



လေထဲကို ခုန်တက်သွားပြီး ဒူးနှစ်ဖက်ကို ကွေးကာ တစ်ပြိုင်တည်း ဆန့်ကာ ကန်ချက်များ ပစ်သွင်းလိုက်သည်။

"ဖြောင်း"

"ဖြောင်း"

"အား"

"အား"

ကန်ချက်က ပြင်းသည်။ နွားဆိုးကြီးတစ်ကောင်၏ ခေါင်းဖြင့် ပြေးအဆောင့်ခံလိုက်ရသလို အရှိန်ဖြင့်လွင့် ထွက်သွားခဲ့သည်။

ရန်နောင်သည် သူ့မျက်နှာတည့်တည့်ကို ချိန်လာသော သေနတ်သမားတစ်ဦး၏လက်ကို မြန်မာ့သိုင်းပညာဖြင့် ညာခြေတစ်ကွက်ဆုတ်ကာ ဘယ်လက်ဖြင့် ပုတ်ထုတ်ပစ် လိုက်သည်။

လမ်းကြောင်းလွဲသွားသော သေနတ်ကိုင်လက်ကို လက်ကောက်ဝတ်မှ ဆုတ်ကိုင်ကာ လိမ်ချိုးပစ်လိုက်သည်။

"အား"

တစ်ပြိုင်တည်းမှာပင် ညာဒူးက ထိုသူ၏အရှက်ဆီ သို့ဝင်သွားသည်။



"အား"

ထိုင်နေသည် မျက်ဖြူဆိုက်ပြီး လန်ကျသွားသည်။

"တောက်၊ တော်တော်ခံနိုင်ရည်အား နည်းလွန်း တဲ့ကောင်ပဲ၊ ဗမာ့တိုက်ဒူး တစ်ချက်လောက် ဝင်သွား တာနဲ့ မျက်ဖြူလန်သွားတော့တာပဲ"

လူဆိုးများသည် လက်နက်များကို ထုတ်၍ ပစ်ခတ် ရန်ကြံစည်ကြသော်လည်း ဆူးနှင့် ရန်နောင်ဆီက ပေါက် ခါးများက တစ်ချောင်းပြီးတစ်ချောင်း ဝင်သွားခဲ့ကြသည်။ ကံကြမ္မာက သူ့တို့ကို လုံးဝမျက်နှာသာမပေး။

တိုက်ခိုက်လာသူနှစ်ဦးတို့သည် လူသားများမှ ဟုတ် ကြပါလေစ၊ ညအချိန်မှာထွက်၍ ကျက်စားကြသော သူရဲ သဘက်များနှင့် တူနေသည်။

ရန်နောင်သည် မိုးပေါ်ကိုထောင်၍ တစ်စုံတစ်ခုကို ခစ်လွှတ်လိုက်သည်။

"ရှီး"

လေဟာပြင်ထဲမှာ လင်းထိန်သွားခဲ့သည်။ မီးကျိုက်ကို ခစ်လွှတ်လိုက်ခြင်းပင်၊ ထိုအခါ သဘော်နှစ်စီးပေါ်မှ လူများကို

www.burmeseclassic.com

www.burmeseclassic.com

သဲသဲကွဲကွဲ မြင်လိုက်ရသည်။

သောမတ်သည် ညာလက်ဖဝါးကို လက်အိတ်အနက်စွပ်ထားသည်။ သူသည် ကုတ်အင်္ကျီအတွင်းဘက်မှ သေနတ်တစ်လက်ကို လျှပ်တပြက် ဆွဲထုတ်လိုက်သည်။

သူ၏ပစ်မှတ်သည် ဆူးဆီကို ရောက်သွားသည်။

"နင်...နင်...ဘယ်သူလဲ"

"ဘယ်သူလည်းဆိုတာ မသိဘူးလား။"

သောမတ်သည် တစ်ခုခုကို စဉ်းစားမိသွားပြီးမှ မျက်လုံးပြူးသွားခဲ့သည်။

"ဟင်...လေ...လေပွေမ"

"ဒိုင်း..."

ဆတ်ကနဲဆို မျက်နှာတည့်တည့်ကို ထိုးချိန်ပြီး ပစ်ထည့်လိုက်သည်။

သို့သော်...လေပွေမက သူ့ထက်နှာတစ်ဖျား သာသွားသည်။ ကိုယ်ကို တစ်ဝက်လှည့်ကာ ညာလက်ကို ဆန့်တန်း၍ သေနတ်ဖြင့် ပစ်ထည့်လိုက်သည်။

"ဒိုင်း..."

"အား"



သောမတ်၏လက်မောင်းသည် ပူကနဲဆို ဖြစ်သွား၍ လက်ထဲမှ သေနတ်လည်း လွတ်ကျသွား သည်။

လေပွေမက သူ့ကိုအရှင်ဖမ်းချင်၍ ပခုံးကိုရှပ်ထိအောင် တမင်ပစ်လိုက်ခြင်းပင်။ သောမတ်သည် အခြေအနေမဟန်မှန်းသိသွားသောအခါ ငွေသေတ္တာနှစ်ဦးဆီ ကို မျက်စိကရောက်သွားခဲ့သည်။

သေတ္တာတွေကိုယူပြီး သူလစ်ပြေးတော့မည်။ သူ ခြေတစ်လှမ်း လှမ်းလိုက်သည်နှင့်...

"ဒိုင်း"

ခြေထောက်အောက်ကို ကျည်တစ်တောင့်က ရောက်လာခဲ့သည်။ သူဆက်ပြီးမလှမ်းရဲတော့။

ထိုစဉ် ရဲအဖွဲ့အမှတ်အသားပါသော ရဟတ်ယာဉ်နှစ်စီးသည် သင်္ဘောများဆီကို ရောက်လာခဲ့ကြ သည်။

———

မီးကျီအားကကောင်းလွန်း၍ နေ့ဘက်မှာလိုပဲ လင်းထိန်နေသည်။

"ဟာ၊ ရဲတွေလာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရေပိုင်နက်ကိုကျော်၍ ခိုးဝင်လာကြသော တစ်ဖက်သင်္ဘောပေါ်မှလူများသည် အထိတ်တလန့်နှင့် ဖြစ်သွားခဲ့ကြသည်။

ရဟတ်ယာဉ်ပေါ်မှ ရဲများသည် ပြောင်းရှည် သေနတ်များဖြင့် ထိုးချိန်ကာ ပစ်ခတ်ကြသည်။

"ဒိုင်း၊ ဒိုင်း"

သင်္ဘောပေါ်မှလူများသည် ရေထဲကိုခုန်ချကာ ထွက်ပြေးကြသည်။

"ဘွမ်း"

"မ . . . မပစ်ပါနဲ့၊ ကျွန်တော်တို့ အဖမ်းခံပါ့မယ်"

တစ်ချို့ အဖမ်းခံကြသည်။ မှောင်ခိုသင်္ဘောပေါ်မှ ပေါလ်သည် မည်သို့မှ ထွက်ပြေးရန်မဖြစ်တော့၊ သူ့သင်္ဘောကို အားကိုးရန် အခွင့်အရေးလည်း မရှိကြတော့ပြီ။

ရန်နောင်သည် ပေါလ်ကို ဆွဲထူလိုက်သည်။ လက်နှစ်ဖက်ကို နောက်သို့ဆွဲယူလိုက်ပြီး လက်နောက်ပြန် လက်ထိပ်ခတ်လိုက်သည်။

သောမတ်သည် သူ့အတွက် အခြေအနေမကောင်းမှန်း သိသွားခဲ့ရပါလေပြီ။ ထို့ကြောင့် ကုန်းပတ်တစ်လျှောက် ထွက်ပြေးသွားသည်။

ဆွေးသည် သေနတ်ကိုင်လက်ကို ဆန့်တန်းကာ သောမတ်၏ ကျောပြင်တည့်တည့်ကို ချိန်ထားလိုက်သည်။

သို့သော် ခလုတ်ပေါ်တင်ထားသည့် လက်ညှိုးကို တဖြည်းဖြည်း လျှော့ပေးလိုက်သည်။ မပစ်တော့။ သောမတ်သင်္ဘောပေါ်မှ ခုန်ချသွားသည်။

"ခွမ်း"

ဆွေးသည် အဓိပ္ပာယ်တစ်ခု သက်ရောက်သော အပြုံးတစ်ခုကို မျက်နှာပြင်ပေါ်မှာ မွေးဖွားလိုက်သည်။

ရဟတ်ယာဉ်များသည် သင်္ဘောပေါ်ကို နေရာခြားပြီး ဆင်းသက်လာခဲ့ကြသည်။

ပုလိပ်များသည် ပန်ကာအောက်မှ ခေါင်းငုံ့ကာ ပြေးဆင်းလာခဲ့ကြသည်။ ထိုအထဲတွင် ပုလိပ်အရာရှိ ဆာနက်လည်း ပါလာသည်။

"ရန်နောင်နဲ့ဆွေး၊ ခင်ဗျားတို့ အထိအခိုက်မရှိကြဘူး မဟုတ်လား"

"မရှိကြပါဘူး။ အခြေအနေကောင်းပါတယ်၊ မစ္စတာဆာနက်"



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်မှ လူဆိုးများသည် ခေါင်းပေါ်ကို လက်တွေတင်ကာ အညံ့ခံကြသည်။

ကဲနက်သည် ဖမ်းဆီးထားသော မှောင်ခိုသဘော်ပေါ်မှ ပေါလ်ကို သေသေချာချာကြည့်လိုက်သည်။

"သည်လူဟာ နိုင်ငံတကာလှည့်ပြီး မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းဝယ်နေတဲ့သူပဲ၊ ဖမ်းမယ်ကြံလိုက်တိုင်းမှာ လက်တစ်လုံးခြားလုပ်ပြီး လွတ်ထွက်သွားတယ်၊ အင်း လေပွေမနဲ့တွေ့တော့လည်း ပြေးမလွတ်တော့ဘူးပေါ့"

လေပွေမဆို၍ ပေါလ်၏ခန္ဓာကိုယ်သည် ဆတ်ကနဲဆိုဖြစ်သွားသည်။ သတင်းကြီးနေသည်။ ဥပဒေ ဘက်တော်သားလေပွေမ၊ နာမည်သာကြားဖူးခဲ့သည်။ လူကိုတော့မမြင်ဖူးခဲ့။

"တောက်၊ ကျုပ်တော့၊ ကျားရှေ့မှာ မှောက်လျက်လဲတာပါပဲဗျာ"

ပေါလ်က ထိုစကားတစ်ခွန်းပဲ ပြောလိုက်နိုင် သည် ဖမ်းဆီး၍မိသော မူးယစ်ဆေးဝါးများသည် မနည်း လှပါ

"ဒါတွေကိုသာ လူတွေကြားထဲ ဖြန့်ဖြူးလိုက်ရ



မတွေးဝံ့စရာပဲ၊ ခင်ဗျားတို့တော်ကြတယ်ဗျာ၊ စွမ်းဆောင်နိုင်ကြပါပေတယ်၊ တကယ့်ကို အတွဲညီကြတဲ့သူတွေပါပဲဗျာ . . ."

ကဲနက်က ရန်နောင်တို့ကို လက်ဆွဲနှုတ်ဆက်ပြီး ချီးကျူးလိုက်သည်။

"ဒုစရိုက်မှုကြီးတွေပပျောက်ဖို့အတွက် ခင်ဗျား တို့ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်၊ ခင်ဗျားလည်း လူတော်တစ်ယောက်ပါ မစ္စတာကဲနက် . ."

ရန်နောင်ကလည်း ကဲနက်ကို လေးလေးစားစား ဖြင့်ပြန်ပြီးပြောလိုက်သည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မြင့်မားသော မိုးမျှော်တိုက်ကြီးဟစ်လုံး၊ အထပ်တစ်ရာတိတိရှိသည့် တိုက်ကြီး၊ အထပ်ခြောက်ဆယ် ကျော်ရှိ တစ်ခုသော အခန်းကလေးအတွင်း။

ချန်နောင်နှင့်ဆူးတို့သည် အတူတူရှိနေကြသည့် အရေးကြီးသော ပွဲကြီးတစ်ခုကို ဆင်နွဲပြီး၍ ရန်သူများကို ခြေရာဖျောက်ပြီး ခေတ္တအနားယူနေကြသည်။

"ဒုစရိုက်သမားတွေကတော့ တော်တော်လေးကို ချောက်ချောက်ချားချားဖြစ်သွားခဲ့ကြမှာပဲ၊ ပေါလ်ဆိုတဲ့သူဟာ ဒုစရိုက်လောကမှာ ထိပ်သီးနာမည်ကြီးတစ်ယောက် သည်လိုလူကို မိသွားခဲ့တယ်



ဆိုတော့၊ မြေအောက်လောကကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားခဲ့တာပေါ့"

"ဒါပေမယ့် ပေါလ်နဲ့မှောင်ခိုသဘောင်တွေကို ဖမ်းမိတဲ့ကိစ္စမှာ ဆူးတို့ရဲ့နာမည်တွေကို ထည့်ထားတာ သိပ်တော့မကောင်းဘူးနဲ့တူတယ်၊ ဒုစရိုက် ထိပ်သီးခေါင်းဆောင်တွေက သတင်းစာထဲမှာ ဖတ်ပြီး တော်တော်လေးကို ဒေါသထွက်နေကြမှာပဲ"

ဆူးသည် သတင်းစာကိုဖတ်ပြီး မကျေမနပ်နှင့် ပြောလိုက်သည်။

"ဒါပေမယ့် သည်သတင်းစာကတော့ ညကကတည်းက ပေါက်ကြားသွားခဲ့ပြီလေဆူး၊ တီဗွီသတင်းမှာ ချက်ချင်းပဲ ဖော်ပြခဲ့ကြတော့ ကိုယ်တို့လက်ချက်ဆိုတာ သူတို့သိသွားခဲ့ကြပြီပေါ့"

"အင်း . . . သူတို့ရဲ့ ပစ်မှတ်တွေကို ဆူးတို့က ဖြိုခွင်းလိုက်သလိုဖြစ်သွားခဲ့တော့ တော်တော်လေးကို အခဲမကျေဖြစ်နေကြမှာပဲ ဒါလည်း တစ်မျိုးကောင်းပါတယ်၊ ဖူးဝမ်ချူးက သူ့ရဲ့လက်ပါးစေတွေကို ဆူးတို့ဆီ တစ်ယောက်ပြီးတစ်ယောက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



နေဦးမှာပဲ၊ အဲသည်တော့ . . .''

ဆူးက သေနတ်ကို လျှပ်တပြက်ထုတ်ပြီး ရှေ့တည့်တည့်သို့လက်ကို ဆန့်တန်းကာ နံရံကိုချိန်ထား လိုက်သည်။

''ဘယ်သူပဲ လာလာ၊ ဆူးကတော့ ဒါနဲ့ပဲ တုန့်ပြန်ရမှာပဲ၊ ဟင်း . . . ဟင်း၊ သောမတ်ကို တမင်လွှတ်ပေးထားတယ်၊ ခုလောက်ဆို သူ့ရဲ့ ဆုံးရှုံးမှုတွေကို ရာဇဝတ်ကောင်ကြီး ဖူးဝမ်ချုံးဆီ အစီရင်ခံနေရောပေါ့၊ ဖူးဝမ်ချုံးကတော့ ဒွေ့ဒွေ့ခုန်နေမှာပဲ''

ရန်နောင်သည် ဆူးဆီကိုလျှောက်လာပြီး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

''ဆူး၊ ရန်သူတွေက ဆူးကို အသေရရ အရှင်ရရ လိုက်ရှာနေကြပြီ၊ ဆူးဟာ သူတို့ရဲ့ အဓိက ပစ်မှတ်ပဲ၊ အဲသည်တော့ သတိထားပါ၊ ကိုတော့ စိတ်မချဘူး ဆူးရယ် . . .''

''ဆူးကို စိတ်ချပါအစ်ကို၊ ဆူး . . . သူတို့ရဲ့ ရန်ကိုရှောင်တိမ်းတတ်ပါတယ်''

''သည်လိုလည်း ခပ်ပေါ့ပေါ့ မပြောလိုက်နဲ့လေ၊



ရန်သူကလည်း ပရိယာယ်ရှိတာပဲ၊ တိဆိုယာ ပိုတယ်လို့မရှိပါဘူး၊ အမြဲတမ်းလိုနေတ ပဲ မဟုတ်လား''

''အင်းပါ၊ ဆူး . . . အမြဲတမ်း သတိထား နေပါတယ်''

ဆူးသည် ရန်နောင်၏ရင်ခွင်ထဲကို ရောက်သွားသည်။ သူတို့၏ဘဝသည် တာဝန်များဖြင့် ပြည့်နှက်နေသည်။ ကမ္ဘာ့ရာဇဝတ်ကောင်ကြီးများ၏ ရန်စွယ်အားသွယ်သွယ်ကို လက်တွဲညီညီဖြေရှင်းနေကြရသည်။

အတွဲညီသော ချစ်သူများဖြစ်နေကြသည်။ ကမ္ဘာကြီးကို အဆိပ်ငွေ့များ၊ ယမ်းငွေ့များဖြင့် လွှမ်းခြုံစေသော ဒုစရိုက်သမားကြီးများသည် ကမ္ဘာ့လူသားများ၏ ရန်သူ၊ သူတို့ကို ဆူးတို့လို ဥပဒေဘက်တော်သားများက ဖြိုဖျက်နှိမ်နှင်းကြရမည်။ မည်သူ့ကိုမှ ညှာတာနေစရာမလို။

အေးဂျင့်က စေလွှတ်ထားသော သူများထဲတွင် သူတို့နှစ်ယောက်သည် အထိရောက်ဆုံး၊ အပြောင်မြောက်ဆုံး ဆောင်ရွက်နိုင်ကြသူများဖြစ်ကြသည်။

သို့သော် . . . တစ်ခါတစ်ရံသော သူတို့နှစ်ဦးသည် လက်တွဲမိကြပြီး၊ တစ်ယောက်တစ်ယောက်ချစ် မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



ကျရာတာဝန်များကို ထမ်းဆောင်နေကြသည်က များ သည်။

ရန်နောင်နှင့် ဆူးတို့လက်တွဲမိကြပြီဆိုလျှင်တော့၊ ဒုစရိုက်သမားများအတွက် မလွယ်တော့၊ ခိုင်မာသော ဂိုဏ်းကြီး တစ်ခုလုံးပင် အမြေမှုဖြိုဖျက်ခံကြရသည်အထိ ဆိုးရွားသော အခြေအနေမျိုးကို ကြုံတွေ့သွားကြရသည်။

ယခုလည်း . . . သူတို့နှစ်ဦးကို အထူးလျှို့ဝှက်သော တာဝန်များကို အေးဂျင့်ကထပ်ဆင့်၍ ပေးထားပြန်လေပြီ။

"အဝိကကတော့၊ ဖူးဝမ်ချူးပဲ၊ သူကလည်း ဉာဏ်နီ ဉာဏ်နက်များတယ်၊ သူ တစ်ကိုယ်ထဲကနေ ... ပွားတွေလွှတ်ထားသလားမှတ်ရတယ်၊ ဘယ်ဟာဖူးဝမ်ချူးအစစ်ဆိုတာ မသိနိုင်ဘူး "

"ဒါပေမယ့် ဆူးတို့က ဖူးဝမ်ချူးအစစ်ကို အတတ်နိုင်ဆုံးရှာပြီး ဖော်ထုတ်ရမှာပဲမဟုတ်လား အစ်ကို၊ သူ ဘယ်လောက်ပဲ ဉာဏ်များပါစေ၊ တစ်နေ့ကျတော့ ဥပဒေပုလောက်ထဲကို ကျရောက်ရမှာပဲ"

"အင်း . . . ရာဇဝတ်ဘောဆိုတာ ဘယ်တော့မှ ပေါမလွတ်ပါဘူးလေ၊ ဆူးပြောတာ မှန်ပါတယ်။



ဒါပေမယ့် ဉာဏ်နီဉာဏ်နက်များလှတဲ့ ဖူးဝမ်ချူးကိုတော့ မျက်ခြည်မပြတ်လိုက်နေမှ ဖြစ်မယ်၊ သူဟာ ကမ္ဘာ့ရန်သူနံပါတ် ၁ ပဲ "

ဆူးသည် သေနတ်တစ်လက်၏ အစိတ်အပိုင်းများပါသည့် သေတ္တာပြားလေးကို ဖွင့်ပြီး စစ်ဆေးကြည့်ရှုလိုက်သည်။

ထူးခြားရာဇဝတ်ကောက်များကို ဖော်ထုတ်ရန်အတွက် လျှို့ဝှက်ခရီးတစ်ခုကို ထွက်ရဦးမည်။ မိမိ၏ ကိုယ်နှင့်မကွာ လိုက်ပါရမည်ဖြစ်သော လက်နက်ကို ဂရုတစိုက်မစစ်ဆေး၍မဖြစ်။

ရန်သူသည် မိမိတို့ကို နွေးထွေးသောအပြုံးဖြင့် ဆီး၍ကြိုဆိုနေမှာမဟုတ်၊ အပြုံးပွင့်တွေ ပစ်ကြ၍ လက်ဆောင်ပေးမှာမဟုတ်။ ကျည်ဆံတွေကိုသာ တစ်ပြုံတစ်မကြီး ပေးမှာဖြစ်သည်။

ညအမှောင်ကို သူတို့ကစောင့်ဆိုင်းနေကြသည်။ ညရှစ်နာရီအတိတွင် ဓါတ်လှေကားတစ်ခုသည် အောက်ကိုတဖြည်းဖြည်းဆင်းလာခဲ့သည်။ ဓါတ်လှေကားထဲမှာ အသက်ငါးဆယ်ကျော်အရွယ် အဖိုးအိုတစ်ဦးနှင့် အမှား

www.burmeseclassic.com

www.burmeseclassic.com



အိုတစ်ဦးတို့သည် လိုက်ပါလာကြသည်။

သူတို့၏လက်ထဲတွင် သေတ္တာတစ်လုံးစီ ကိုင်ထားကြသည်။ ရှစ်မိနစ်အတွင်းမှာပင် အောက်ဆုံးကို ရောက်လာခဲ့သည်။ အလိုအလျောက်ပွင့်လာသော တံခါးမှ သူတို့နှစ်ဦးသည် ထွက်လာခဲ့ကြသည်။

အဆောက်အဦး၏ အပြင်ဘက်ကိုရောက်လာခဲ့ကြသည်။ ခပ်လှမ်းလှမ်းတွင် လူနှစ်ယောက်သည် အဆောက်အဦးထဲမှ ထွက်လာကြသူများကို မသိမသာ အကဲခတ်ပြီး ကြည့်နေကြသည်။

လူကောင်းတွေတော့ မဟုတ်ကြ၊ လက်မရွံ့သမားများဖြစ်ကြသည်။ အဆောက်အဦးထဲမှ ထွက်လာကြသော အဖိုးအိုနှင့်အဖွားအိုနှစ်ဦးတို့သည် သူတို့နှင့် မလှမ်းမကမ်းမှ ကြွေရသော ခြေလှမ်းများဖြင့် လျှောက်သွားခဲ့ကြသည်။

မိုးဒယ်အောက်နေပြီဖြစ်သော ပလိုင်းမောက်ကားလေးတစ်စီးက သတ်မှတ်ထားသောနေရာမှာ ရပ်ထားသည်။

ကားထဲမှာ လူတစ်ယောက်က ယာဉ်မောင်းနေရာမှာထိုင်နေသည်။ သူတို့နှစ်ဦးသည် ကားနောက်ခန်းကဲကို ရောက်သွားခဲ့ကြသည်။ ချက်ချင်းမှာပင် ကားကို စက်နှိုးပြီး



ထွက်လာခဲ့သည်။ ကားထွက်စမှာ လေးပင်သောဟန်ဖြင့် ခပ်နှေးနှေး ခပ်ဖြည်းဖြည်းထွက်လာခဲ့သည်။

စောစောက လူနှစ်ယောက်သည် တဟွတ်ဟွတ်ဖြင့် ချောင်းဆိုးသကဲ့သို့ ထွက်သွားနေသော ကားအိုကြီးကို စိတ်မသက်သာစွာဖြင့် ကြည့်လိုက်သည်။

ကားသည် သူတို့၏မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသောအခါ စောစောကလိုမဟုတ်တော့၊ လေးညှို့က ပစ်လွှတ်လိုက်သော မြှားတစ်စင်းပမာ သစ်လွင်သော အင်းအားဖြင့် တဟုန်ထိုးပြေးလေတော့သည်။

''ခင်ဗျားကို တို့လုံးဝမမှတ်မိဘူးဗျာ၊ အနားကို သာရောက်လာတယ်၊ ကျွန်တော်က ဟုတ်မှ ဟုတ်ပါ့မလားလို့. . .''

ယာဉ်မောင်းသူကပြောလိုက်သည်။

''ခင်ဗျား မမှတ်မိဘူးဆိုတော့၊ အခြေအနေက သိပ်ကောင်းသွားတာပေါ့ဗျာ''

သူတို့သည် အမည်ကိုခေါ်ပြီး မပြောကြ၊ ကားမောင်းသမားသည် ပုံပျက်ပန်းပျက်အကွက်ဖော်ထားသော အကျီကိုဝတ်ထားသည်။ တစ်ကယ်တော့ သူသည်

www.burmeseclassic.com

www.burmeseclassic.com



အေးဂျင့်မှလွှတ်ထားသော ထိပ်တန်းအရာရှိတစ်ဦးဖြစ် သည်။

ကားထဲမှာပါလာသော သူနှစ်ဦးမှာ အခြားသူများ မဟုတ်ကြ၊ ရန်နောင်နှင့်ဆူးတို့ပင်ဖြစ်ကြသည်။ သူတို့ သည် ရုပ်ဖျက်ထားကြခြင်းပင်။

အင်ဂျင်အားကောင်းသော ပလိုင်းမောက်ကားလေး သည် တစ်နေရာကိုရောက်သောအခါ လက်ဝဲဘက်ကို ထိုးဆင်းသွားသည်။ လမ်းကြောင်းကလေးအတိုင်း မောင်းနှင် သွားသည်။ တောလမ်းလေးအတိုင်း ဆယ်မိနစ်ခန့် မောင်းနှင် သွားပြီးသောအခါ ခပ်လှမ်းလှမ်းမှာ ရပ်ထားသော လေယာဉ် တစ်စီးကို တွေ့လိုက်ရသည်။

နှစ်ယောက်စီးလေယာဉ်ဖြစ်သည်။ ကားသည် လေယာဉ်နှင့် အနီးကပ်ဆုံးနေရာမှာရပ်လိုက်သည်။ သူတို့ နှစ်ယောက်လည်းကားပေါ်က ဆင်းလိုက်ကြသည်။

''ကဲ၊ လေယာဉ်အတွက် လိုအပ်တာတွေကို အားလုံး ဖြည့်ဆည်းထားတယ်၊ ခင်ဗျားတို့သွားကြပေတော့၊ အောင်မြင်သောခရီးဖြစ်ပါစေ''

လက်ဆွဲနှုတ်ဆက်ကြသည်။ လေယာဉ်ပေါ် ရောက်သွားကြသည်။



မီးကိုမြင့်ကာ ရန်နောင်က စက်ပိုင်းဆိုင်ရာ ကိရိယာ များကို စစ်ဆေးသည်။ ကျေနပ်မှုရှိတော့မှ အောက်မှ မော့ကြည့်နေသူကို လက်ပြပြီး နှုတ်ဆက်လိုက်သည်။

ဆူးကတော့ တည်တည်ငြိမ်ငြိမ်ပင်၊ အင်ဂျင်စက် လည်ပတ်သံကို ကြားလိုက်ရသည်။ ဦးတည်သော ပြေးလမ်း အတိုင်း လေယာဉ်ကပြေးနေသည်။ အရှိန်ကပြေးနေသည်။ အရှိန်ရလာသောအခါ တဟုန်ထိုးပျံတက်သွားခဲ့လေသည်။

---

ယခုအချိန်တွင် ဖူးဝမ်ချူးသည် တော်တော်လေး ကို စိတ်လှုပ်ရှားနေသည်။ ထိုင်ရာမှထလိုက်၊ အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်လိုက်၊ စိတ်အခန့်မသင့်လျှင် ပြန်၍ထိုင်လိုက်နှင့် ဂဏာမငြိမ်ဖြစ်နေသည်။

''တောက်၊ ဒါလောက် ပိပိရိရိလုပ်ထားတဲ့ကိစ္စ၊ ဘာကြောင့်ပေါက်ကြားသွားခဲ့ရတာလဲ၊ အခုတော့ ငါ့ရဲ့ပစ္စည်းတွေဆုံးရှုံးကုန်ရပြီ''

ဖူးဝမ်ချူးသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး

''ဖြောင်း''

www.burmeseclassic.com



"ဝုန်း"

အနီးရှိ တရုတ်ရေတကောင်းကြီးသည် လက်သီးဒဏ်ကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့ရသည်။ အနားမှာ နန်စီကလည်းမရှိ။

လေပွေမကို သုတ်သင်ရန်တာဝန်ပေးလိုက်သည့် သူမဆီကလည်း ယခုထက်ထိဘာသတင်းမှ မရသေး၊ သည်ကြားထဲမှာ လေပွေမက ရန်နောင်နှင့်အတူ မှောင်ခိုသင်္ဘောပေါ်ကိုတက်ကာ သူ့ပစ္စည်းများကို သိမ်းဆည်းလိုက်သည်။ ပြီးတော့၊ သူရမည့်ငွေများကိုလည်း သိမ်းဆည်းပစ်လိုက်ကြသည်။

"နန်စီဟာ လေပွေမနဲ့ ထိပ်တိုက်မတွေ့သေးဘူး ခြေရာခံမမိသေးတာတော့ သေချာတယ်၊ ပြီးတော့ ဟို . . . ကာလီယိုပါထရာဂျုန်းဆိုတဲ့ အမျိုးသမီးကလည်း တမှောင့်၊ ဘယ်ကနေပေါ်လာပြီး၊ ငါ့ရဲ့ အလုပ်တွေကို နှောင့်ယှက်နေရတာလဲ"

"ကလင် . . . ရင် . . . ရင်"

ဟင်းန်ဖုန်းမှ အသံမြည်လာသည်။ ဖူးဝမ်ချူ ကောက်ကိုင်လိုက်သည်။



"ဆရာကြီးလား"

"အေး၊ ဟုတ်တယ်၊ ပြော . . . နန်စီ"

ဖူးဝမ်ချူးသည် နန်စီ၏အသံကို မှတ်မိလိုက် သည်။

"ကျွန်မ၊ လေပွေမနောက်ကိုလိုက်နေတယ်၊ ခြေရာခံလို့မရသေးဘူး။"

"ငါသိတယ် လေပွေမက သိပ်လျင်တယ်၊ နင်သူ့နောက်ကို တော်တော်လိုက်ရလိမ့်မယ်၊ ခြေရာခံမိအောင်ကြိုးစားပါ၊ စိတ်ရှည်မှဖြစ်မယ်၊ သည်မှာ နန်စီ . . ."

"ပြောပါ ဆရာကြီး"

"ကာလီယိုပါထရာဂျုန်းကိုသိသလား၊"

"ဟင့်အင်း၊ မကြားဖူးဘူး၊ ဆရာကြီး"

"အေး၊ အဲ့သည်ကောင်မက ငါ့ရဲ့လုပ်ငန်းတွေကိုဝင်ပြီး အနှောင့်အယှက်ပေးနေတယ်၊ မိုက်ကြေးခွဲနေတယ်၊ ငါ့မှာဆုံးရှုံးမှုတွေ ထပ်ပြီး ဖြစ်ပွားခဲ့ရပြန်ပြီ"

"ကာလီယိုပါထရာဂျုန်း"

"ဟုတ်တယ်၊ သူဟာ အသားမည်းမပဲ၊ ဇေဝမတ်လိုလူမျိုးကိုတောင် အပြီးကုပ်သွားအောင်လုပ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

အသားမည်းမ၊ သူ့သတင်းကိုလည်း နှင် သွားရင်း လာရင်းစုံစမ်း၊ ရင်ဆိုင်တွေ့ရင် အပြတ်သာရှင်းပစ်ခဲ့''

''ဟုတ်ကဲ့၊ ရအောင်စုံစမ်းပါ့မယ်''

''သောမတ်ကတော့ အသက်လုပြီး ပြေးခဲ့ရ တယ်၊ အခု ဆေးကုနေတယ်၊ ဖို့ဆီကိုတော့ သူမလာ နိုင်သေးဘူး၊ သက်ဆိုင်ရာကလည်း လမ်းတွေကို ပိတ်ဆို့ထားကြတယ်၊ သူ ခြေလှုပ်နေရတယ်၊ ငါ တို့တိုပဲပြောမယ်၊ မှာတာတွေကို ဂရုစိုက်ပြီးဆောင် ရွက်ပါ''

''စိတ်ချပါ ဆရာကြီး၊ ကျွန်မစကားကြာကြာပြော လို့မဖြစ်ဘူး၊ ကျွန်မရဲ့အသွားအလာကို စောင့် ကြည့်နေကြတဲ့သူတွေရှိတယ်၊ ''

''ဟေ၊ ဒါဖြင့် ငါဖုန်းချလိုက်တော့မယ်''

ဖူးဝမ်ချူးသည် ဖုန်းကိုစားပွဲပေါ်မှာ တင်ထား လိုက်လေ၏။

♛ ♛ ♛ ♛ ♛



## အခန်း (၁၁)

ကမ္ဘာ့ထူးဆန်းအံ့သြဖွယ်ရာများထဲတွင် ပါဝင် သည့် အီဂျစ်ပြည်၏ ပိရမစ်ကြီးများဆီကို ကမ္ဘာလှည့်ခရီးသည် များက နေ့စဉ်လိုလို ဝင်လာမစဲ တဖွဲဖွဲနှင့်ရောက်ရှိနေကြ သည်။

မိုးစွန်အထိမြင့်မားသော ပိရမစ်ကြီးများကို အထူး အဆန်းအဖြစ် လာရောက်ရှုကြည့်ရှုနေကြခြင်းပင် ဖြစ် ကြသည်။

ထိုအထဲတွင် ရှည်လျားသော ရွှေဝါရောင်ဆံပင်
www.burmeseclassic.com

www.burmeseclassic.com



များပိုင်ရှင် မိန်းခလေးတစ်ဦးသည် လူတွေကြားထဲမှာ လျှောက်သွားနေရင်း . . .

"ကိုယ့်ရဲ့အနာဂတ်ကို သိချင်သလား၊ ဟောကြားပေးမယ်၊ အခကြေးငွေချိုချိုနဲ့ကို ဟောပေးမယ်၊သင့်ရဲ့ဘဝကြီးတစ်ခုလုံး ပြောင်းလဲသွားစေရမယ်"

သူမသည် ဂျစ်ပစီမလေးတစ်ဦးပင် ဖြစ်သည်။ ကမ္ဘာ့အနှံ့သွားလာနေထိုင်ကြသော ခရီးသွားလူမျိုးများပင်ဖြစ်သည်။

သို့သော် . . . သူမ၏အလှကိုစိတ်ဝင်စားစွာဖြင့် သာတစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားခဲ့ကြသည်။ ဂျစ်ပစီမလေးသည် ပြုစားတတ်ကြသည်ဟု သူတို့အထင်ရှိကြသောကြောင့်ပင်ဖြစ်သည်။

ဂျစ်ပစီမလေးသည် လူတွေကြားထဲမှာ သွားလာနေရင်း ပိရမစ်ကြီးများ၏ အတွင်းပိုင်းကျသောနေရာကို ရောက်သွားခဲ့သည်။

"ဖျောက်"

နောက်ကွယ်မှ ပေါ်လာသောအသံတစ်ခုကြောင့်



ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။ ခေါင်းလေးကို ငဲ့စွာ လှည့်ကြည့်လိုက်သည်။ မည်သူ့ကိုမှမတွေ့၊ ဆက်ပြီး လျှောက်သွားသည်။

"ဖျတ် . . . ဖျတ် . . . ဖျတ် "

အသံက ထွက်ပေါ်လာခဲ့ပြန်သည်။ ခြေသံနှင့်တူသည်။ သူမက လှည့်ကြည့်လိုက်စဉ်မှာပင် ပိရမစ်၏ အဆင့်တစ်ခုပေါ်မှ သဏ္ဍာန်တစ်ခုက အောက်ကိုခုန်ဆင်းလာခဲ့သည်။

ဂျစ်ပစီမလေးသည် ခါးကြားထဲမှ ဓါးမြှောင်ကို ဆတ်ကနဲဆွဲထုတ်လိုက်ကာ ထိုသူကို တွက်ထဲ့လိုက်သည်။

"ဝှစ် . . . ဝှစ် . . . ဝှစ်"

အနီးကပ်ကျလာသောသူသည် သူ့ကို တိုက်ခိုက်ဆိုသည်ကို သိလိုက်သည်နှင့် လက်ထဲမှာပါလာသော ကောက်ကြီးဖြင့် ပြန်လည်၍တိုက်ခိုက်သည်။

"ဝှစ် . . . ဝှစ် . . . ဝှစ်"

သူသည် အာရပ်ဝတ်ရုံကြီးကို ခြုံထားသည်။ မျက်နှာကိုလည်း ဆောင်းထားသောဦးထုပ်က ကွယ်ထား

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကောင်းစွာမမြင်ရပေ။

သို့သော် . . . သူ၏အသားမှာ မည်းမှောင်နေသည်ကိုတော့ မြင်တွေ့လိုက်သည်။

ဂျစ်ပစီမလေးသည် အသတ်အပုတ်ကျင်လည်လှသည်။ အာရပ်ကြီး၏ဓါးချက်များကို ရှောင်နိုင်သည့်အပြင် ကိုယ်တစ်ပတ်လှည့်ကာ ညာခြေကိုကွေးညွှတ်ပြီးမှ ကန်ချက်တစ်ချက်ကို ပစ်သွင်းလိုက်သည်။

"ဖြောင်း"

"အား"

အာရပ်ကြီး၏လက်ထဲမှ ဓါးကောက်သည် လွတ်ကျသွားသည်။ ရင်ညွန့်ကို ကန်မိသည်ဖြစ်၍ လူသည် အရှိန်ဖြင့် ပစ်လဲကာကျသွားသည်။

ဂျစ်ပစီမလေးက ကိုယ်ထဲမှ ဓါးကိုဆွဲထုတ်လိုက် ပြီး အာရပ်ကြီး၏ကိုယ်ပေါ်ကို ခုန်အုပ်လိုက်သည်။

"ဟော့ . . .ဟော့ . . .၊ ငါ . . .ငါပါကွ"

အာရပ်ကြီးက လက်နှစ်ဖက်ကိုကား ကာ အလျှော့စလိုဖြင့်ပြောလိုက်သည်။ ပြီးတော့၊ ဦးထုပ်မှ တစ်ဆက်တည်းဖြစ်ကာကျနေသော အဝတ်စကိုလည်း မျက်နှာပေါ်မှ



ဖယ်ရှားပစ်လိုက်သည်။

အာရပ်ကြီး၏မျက်နှာမည်းမည်းကြီးက ပြက်ပြက်ထင်ထင်ပင်ပေါ်လာခဲ့သည်။

"ဟင် . . . ဂျက်ဖီ"

ဂျစ်ပစီမလေးသည် အံ့အားတသင့် ဖြစ်သွားသည်။ နှုတ်မှလည်း လွတ်ကနဲဆို ထွက်သွားသည်။

"အီး၊ နင်တော်တော်လေးကို ခြေစောင်းထက်တာပဲ၊ လူကို အီစိမ့်သွားတာပဲ၊ "

"ရှင်၊ ဘယ်လို သည့်ကိုရောက်နေတာလဲ၊ ကံကောင်းလို့ပေါ့၊ ကျွန်မက သည့်ထက်ပိုပြင်းတဲ့ တိုက်ကွက်မျိုးကို သုံးမိရင်မခက်ပါလား"

"အဲသည်တော့လည်း ငါကနေမလား၊ ဝေးဝေးကိုရှောင်ထွက်သွားမှာပေါ့၊ ဒါမှမဟုတ်၊ ထွက်ပြေးသင့်ရင်လည်း ပြေးရမှာပေါ့၊ ကဲ . . .လာ"

ဂျက်ဖီသည် ဂျစ်ပစီမလေးကို ပိရမစ်ဟောင်းကြီး တစ်ခု၏ အကွယ်တစ်နေရာကို ခေါ်သွားသည်။

"ရှင်၊ ကျွန်မမှန်း ဘယ်လိုသိသလဲ၊ "

"ဒါက မဆန်းပါဘူး၊ မြွေမြွေချင်းတော့ ခြေမြင်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ နင်ဆိုတာ ငါမသိပဲ နေပါ့မလား၊ ဒါကြောင့် ငါက စမ်းလိုက်တာ၊ ဒါပေမယ့် ငါပဲခံရတာပဲ၊ အား ...ကျွတ်...ကျွတ်''

ဂျက်ဖီသည် ညည်းညူနေသေးသည်။ ဂျစ်ပစီမလေးသည် အခြားသူမဟုတ်၊ ဆူး...ပင်ဖြစ်သည်။ (မှတ်ချက်။ ။ဆူးနှင့်ဂျက်ဖီတို့သည် သေမင်းတမာန်တွင် ဒုစရိုက်ဂိုဏ်းကြီးများကို ဖြိုဖျက်ရာ၌ လက်တွဲခဲ့ကြသည်။ **စာရေးသူ**)

''ဆူး ၊ ငါ့ကိုအထက်က လျှို့ဝှက်တာဝန်ပေးထားတယ်၊ နင်တို့နဲ့တွဲဖို့ ငါ့ကိုသည်နေရာကို ကြိုပြီး လွှတ်ထားတယ်၊''

''အင်း၊ ထင်သားပဲ၊ သည်ကိုရောက်လာရင် တစ်ခုခုတော့ ထူးခြားမှုရှိမှာပဲလို့၊ ကောင်းကောင်းလာတွေ့ရင်လည်း ရရဲ့သားနဲ့၊ အခုတော့ အလုပ်ရှုပ်သွားတာပေါ့ ''

''နင်က တိုက်ရည်ခိုက်ရည်တော့ ကောင်းလာသေးတယ်၊ ဒါကြောင့်မို့လည်း နင့်ရဲ့စွမ်းရည်ကို ယုံကြည်ထားကြတာ''



''အဲဒါ၊ မြန်မာ့လက်ဝှေ့ပညာထဲက အစိတ်အပိုင်းတစ်ခု၊ ကန်ချက်ကိုပြည့်ပြည့်ဝဝသာ အသုံးချလိုက်ရင် ရင်ဘတ်ကနေ ကျောကုန်းကြီးပါ ပွင့်ထွက်သွားနိုင်တယ်''

''ကြောက်ပါပြီဆိုနေမှ ပိုပြီးခြောက်နေပြန်ပြီ၊ ဘယ်မှာလဲ ဟို...ဟို...ရန်နောင်''

ဂျက်ဖီက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

''ရှိတယ်၊ သူလည်း ကိုင်ရိုမြို့ထဲမှာ၊ တာဝန်အရ လှုပ်ရှားနေတယ်၊ ညကျမှ ဆုံကြမယ်''

''ဘယ်မှာဆုံမှာလဲ''

''**ခါးသုံးလက်မှာ**၊ ရှင်သိသလား''

''သိပ်သိတာပေါ့၊ ငါလာခဲ့မယ်''

''ကဲ၊ ဒါဖြင့် ရှင်သွားတော့၊ ကျွန်မလည်း လှုပ်ရှားလိုက်ဦးမယ်''

ဂျက်ဖီသည် လေသံတိုးတိုးဖြင့် ...

''ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်ရှိနေတယ်၊ နင့်ကိုကြည့်နေတယ်''

www.burmeseclassic.com

www.burmeseclassic.com



ဆူးသည် မှန်ပိုင်းလေးတစ်ချပ်ကို ထုတ်လိုက်ပြီး၊ မှန်ထဲမှ တမင်ကြည့်လိုက်သည်။ ကျောဘက်မှ မြင်ကွင်းတစ်ခု။

အနောက်တိုင်းဝတ်စုံအဖြူကို ကျနစွာဝတ်ထားသူတစ်ဦး။ ဆောင်းထားသည့် ဦးထုပ်ကလည်း အဖြူ။ မျက်နှာပြင်ပေါ်မှ ပါးမြိုင်းမွေးများကလည်း စိမ်းနေသည်။

ထိုသူသည် ကျောက်တိုင်ကြီးတစ်ခုကိုမှီကာ ဆူး ကို မသိမသာ အကဲခတ်နေသည်။

ဆူး ...သည် နှုတ်ခမ်းဆိုးဆေးတောင့်ကို ထုတ်ပြီး နှုတ်ခမ်းဆိုးသည်။ သာမာန်နှုတ်ခမ်းဆိုး ဆေးတောင့်တော့ မဟုတ်၊ လျှို့ဝှက်ကင်မရာလေး တစ်လုံးပင်ဖြစ်သည်။ ထိုသူ၏ ပုံပန်းသဏ္ဍာန်ကို ဖူးမ်ဖြင့် အနီးကပ်ဆွဲယူပြီး ခါတ်ပုံ တဖျပ်ဖျပ်ရိုက်သွားသည်။

"သူ ဘာသိလို့ ကြည့်နေတာလည်းမသိဘူး"

"မင်းကို စိတ်ဝင်စားလို့ဖြစ်မှာလဲ၊ သတိတော့ ထား မစောနဲ့"

"ကျွန်မတို့ထင်တဲ့ လူရဲ့အဆက်အသွယ်ထဲက



ဖြစ်နေရင် သိပ်ကောင်းမှာပဲ၊ ဒါမှ ခြေရာခံမိ မှာ"

"နင့်ကိုသူတို့မသိပါဘူး ဟိုစိတ် သည်စိတ်နဲ့ သူ ကြည့်နေတာဖြစ်မှာပါ"

"လျှော့တွက်လို့တော့မရဘူး သူတို့ရဲ့ ခြေလှမ်းကလည်း ဘယ်လောက်အထိ ပြေးနေသလည်းမှ မသိတာ"

တခဏအကြာတွင် ထိုသူသည် တစ်နေရာသို့ ထွက်သွားခဲ့လေသည်။

"ကဲ၊ ဆူး နင် သတိဝီရိယနဲ့သာသွားပေတော့၊ ညကျရင် ဓါးသုံးလက်ကို ငါလာခဲ့မယ်"

"ရှင်လည်း ကိုယ့်ကိုယ်ကို ဂရုစိုက်ဦး"

ဂျက်ဖီက သူ့ဝသီအတိုင်းပြုံးဖြဲဖြဲလုပ်ကာ အာရပ်ကြီး၏ အသွင်ဖြင့် နဖူးပေါ်လက်တင်ကာ အရိုအသေပေးရင်း ထိုနေရာမှ ထွက်သွားသည်။

ဂျစ်ပစီမလေးသည် ပိရမစ်တွေကြားထဲမှာ ပျောက်သွားနေဆဲ။

"ကိုယ့်ရဲ့အနာဂတ်ကံကြမ္မာအကောင်းအဆိုးကို

www.burmeseclassic.com

www.burmeseclassic.com



သိချင်ရင် ခေါ်မေးပါ၊ အတိအကျဟောပေးမယ်၊ မမေးရင် ကိုယ့်ရဲ့အခွင့်အရေးဆုံးရှုံးသွား လိမ့်မယ်"

ဂျစ်ပစီမလေးကား လူတွေကြားထဲမှာ သွက်လက်စွာဖြင့် လှုပ်ရှားသွားလာရင်း အော်နေဆဲ။

♛ ♛ ♛ ♛ ♛



## အခန်း (၁၂)

**ဓါးသုံးလက်ဟိုတယ် . . .**

လွန်စွာမှ ချောင်ကျသော နေရာမှာရှိသည်။ အထပ်ခြောက်ထပ်သာမြင့်ပြီး ယခုအချိန်တွင် လာရောက် တည်းခိုကြသူများက သိပ်မများလှ။

ကျိုးတိုးကျဲတဲသာဖြစ်သည်။ လွတ်နေသော အခန်းများကလည်း ရှိနေသည်။ ထိုဟိုတယ်၏ အနီးအနားဝန်းကျင်သည် ဒုစရိုက်မှုများဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများရှိကြသည်။ ကမ္ဘာ့လှည့်ခရီးသည်များထဲမှလည်း

www.burmeseclassic.com

www.burmeseclassic.com



လုယက်တိုက်ခိုက်တတ်ကြသည်။

တစ်လောကလည်း ကမ္ဘာ့လှည့်ခရီးသည် ဇနီးမောင်နှံကိုရိုက်နှက်ပြီး လုယက်တိုက်ခိုက်ခဲ့ကြသည်။ ထိုအချိန်ကြောင့် အခိုက်အတန့်တော့ တည်းခိုသူများလျော့ပါးသွားရခြင်းပင်ဖြစ်သည်။

အခန်းနှစ်ခန်းတွင် မနေ့ကမှရောက်လာသော ကမ္ဘာ့လှည့်ခရီးသည် နှစ်ဦးရှိကြသည်။ တစ်ဦးက ရှေးဟောင်းပစ္စည်းများကို လေ့လာသော သမိုင်းသုတေသနပါမောက္ခတစ်ဦး။ မစ္စီမတိုင်းသားတစ်ဦးဖြစ်ကြသည်။

ပန်ချာပီအသွင်ဆောင်ထားသည့် ရန်နောင်၊ နောက်တစ်ဦးက ပန်းချီအနုပညာရှင် အမျိုးသမီးတစ်ဦး အင်္ဂလိပ်နှင့်ကပ္ပလီကပြားစပ်၊ သူမက အခြေအနေအရ ရုပ်ပြောင်းရုပ်လွဲလုပ်ထားသည့် ဆူး . . .။

ရန်နောင်၏အခန်းထဲသို့ အာရပ်ကြီးတစ်ဦး ရောက်နေသည်။ မျက်နှာမည်းမည်းနဲ့ အာရပ်ကြီး ဂျက်ဖီ၊ သူတို့နှစ်ဦးသည် စားပွဲတစ်လုံးမှာ မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ စကားမပြောကြ။

တစ်ခဏအကြာတွင် ရွှေရောင်ဆံပင်ရှည်ရှည်နှင့်



ကပြားအမျိုးသမီးတစ်ဦးဝင်လာသည်။ ရုပ်ပြောင်းရုပ်လွဲပြုလုပ်ထားသဖြင့် နဂိုရှိရင်းအသက်ထက် ဆယ်နှစ်ခန့်ပို ကြီးနေသည့် ဆူး . . .!

မနက်က ပိရမစ်တွေကြားထဲမှာ လျှောက်ပြီးသွားနေသည့် ဂျစ်ပစီမကလေး။

ဆူးသည် အခန်း၏ပြင်ပ အခြေအနေများကိုလေ့လာပြီးမှ ဝင်လာခဲ့ခြင်းပင်ဖြစ်သည်။ ရန်နောင်နှင့် ဂျက်ဖီတို့ကြားမှာ ဝင်ပြီးထိုင်လိုက်သည်။

ဆူးသည် လက်မှာပိုက်လာသော စာအုပ်ထဲမှ ဓါတ်ပုံနှစ်ပုံကိုယူကာ စားပွဲပေါ်တင်ပေးလိုက်သည်။ တစ်ပုံက တစ်ယောက်တည်းပုံ၊ နောက်တစ်ပုံက နှစ်ယောက်တွဲပုံ၊ တစ်ယောက်တည်းရိုက်ထားသည့်ပုံသည် **တော်မီ**ဆိုသူဖြစ်ပြီး၊ နောက်တစ်ယောက်နှင့် တွဲရိုက်ထားသောပုံထဲမှလူသည် **ရှင်းနက်**ဆိုသူဖြစ်သည်။

သူတို့နှစ်ဦးသည် ဘာမျှမတော်စပ်ကြသော် လည်း ညီအစ်ကိုတမျှ ချစ်ခင်ကြ၍ **ဒုစရိုက်ညီနောင်** ဟု အများက သိထားကြသည်။

သက်ဆိုင်ရာက သူတို့ကို အမှုခေါင်းများအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အလိုရှိကြသည်။

သူတို့သည် အကြီးစားမှောင်ခိုလုပ်ငန်းကြီးများကို သာလုပ်ကိုင်ကြသည်။ တပည့်တပန်းများထားသည်။

ထိုတပည့်တပန်းများသည် သူတို့၏ မျက်လုံးများ ပင်ဖြစ်ကြသည်။ **တော်မီနှင့် ဂျင်းနက်** တို့၏လူ့ပိရှားမှု များသည် ထိရောက်လွန်းလှသည်။

ဒုစရိုက်မှုကို အကြောင်းပြုပြီး သူတပါး၏ အသက်ကို ရန်ရှာရန်လည်း ဝန်မလေးကြ။

ဒုစရိုက်ဂိုဏ်းအချင်းချင်းလည်း ဖော်ကောင်လုပ် ပြီး သက်ဆိုင်ရာသို့ သတင်းပေးတတ်သည်။

ထို့ကြောင့် သူတို့နှစ်ဦးကို ဂိုဏ်းအချို့ကလည်း မကျေနပ်ကြ။ တတ်နိုင်လျှင် နှစ်ဦးစလုံးကို အစဖျောက် ပစ်ချင်ကြသည်။

ယခုသူတို့ ဤမြို့ကို ရောက်နေကြသည်။ ကောင်းသောရောက်လာခြင်းမျိုးမဟုတ်။

ဒုစရိုက်လုပ်ငန်းများကို လုပ်ဆောင်ရန်ရောက် လာကြခြင်းဖြစ်သည်။

ယခုအချိန်မှာတော့ . . .၊



သူတို့၏အခြေအနေမှာ ငြိမ်သက်နေသည်။ ပိပိရိရိ သဘောမျိုးနှင့် ခြေလှမ်းနေကြသည်။

တော်မီတို့ ညီနောင်ရှိနေသည်ကို မည်သူမျှ မရိပ်မိဟု ယူဆကောင်း ယူဆထားကြမည် ဖြစ်သည်။

သို့သော် . . .

ဆူးတို့လို ဝါရင့်သမားများကိုတော့ လှည့်စား၍ မရ။ ည်သည့်နေရာကို ရောက်နေသည် ဆိုတာကို သိသည်။

မီးခိုးကြွက်လျှောက် လိုက်တတ်သည်။ မတွေ့တွေ့ အောင်ရှာတတ်သည်။ အနောက်ကမ္ဘာခြမ်းက ဒုစရိုက်ဂိုဏ်း များသည် ဆူးနှင့်ရန်နောင်တို့ဆိုလျှင် လန့်တတ်ကြသည်။

ဆူးကို လေပွေမဟု အမည်ပေးထားကြသည်မှာ လည်း သူတို့ပင်၊

ဆူးတို့ကလည်း တစ်ကယ့်ဂိုဏ်းကြီးများကိုမှ တတ်ကြသည်။

လေပွေမ၏ စွမ်းရည်ကို သိပြီးဖြစ်ကြသည်။ တတ်နိုင် လျှင် ဝေးဝေးက ရှောင်တတ်ကြသည်။

မလွှဲမရှောင်နိုင်မှသာ ပက်ပင်းတိုးချင်တိုးကြ၏။

အထူးသဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com



လေပွေမသည် သူတို့ကို ဒုက္ခအပေးဆုံး၊ ဒုစရိုက် ဂိုဏ်းကြီးတစ်ခုလုံး ကစဉ့်ကလျား ဖြစ်သွားအောင်၊ ပစ္စည်း ဆုံးရှုံးမှု အများဆုံးဖြစ်သွားအောင် လေပွေမကပင် စွမ်းဆောင် သွားနိုင်ခဲ့သည်။

လေပွေမကို သူတို့က သုတ်သင်ပစ်လိုကြသော် လည်း ရုပ်ပြောင်းရုပ်လွှဲကောင်းလွန်းလှ၍ မည်သို့မျှ ဖမ်း မိနိုင်၊ ကြံစည်ကြသော သူများသာလျှင် လေပွေမ၏ တန်ပြန်တိုက်ခိုက်မှုကြောင့် မြိုးမြိုးမြက်မြက်လေး ခံစားသွား ခဲ့ကြရသည်။

"သည်နှစ်ယောက်က အဖိုးတန်လှတဲ့ သမိုင်းဝင် ရှေးဟောင်းပစ္စည်းတွေကို ခိုးထုတ်ဖို့ ကြံစည်နေ ကြတယ်၊ တပြိုင်နက်ထဲမှာပဲ မူးယစ်ဆေးဝါးတွေ ကိုပါရောင်းဝယ်ဖောက်ကားဖို့အစီအစဉ်ရှိတယ်"

"သူတို့နှစ်ယောက်ကို တို့သုံးယောက်က သုံး အုပ်စုခွဲပြီး ခြေရာခံလိုက်မယ်၊ ပိပိရိရိတော့ရှိ ဖြစ်မယ်နော်၊ သည်ကောင်တွေကသိပ်ပြီးအကင်း ပါးတယ်၊ ကိုယ်က လက်မဦးခင်မှာ သူကလက်ဦး သွားနိုင်တယ်"



ရန်နောင်က ပြောသည်။

ဆူးသည် နောက်ထပ်ဓာတ်ပုံလေး တစ်ပုံကို ချထားလိုက်ပြန်သည်။

"သည်လူဟာ နေ့လည်က ကျွန်မတို့ကို အကဲခတ် ပြီး စောင့်ကြည့်နေတဲ့သူပဲ၊ တော်မီတို့ လူလည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး၊ ကျွန်မတို့က ဘယ်လိုလူမျိုးတွေလည်းဆိုတာ မသိရအောင် ကိုယ့်အားနည်းချက်တွေကိုပါ ကြိုတင် ကာကွယ်ထားနိုင်ရမယ်"

ထိုပုံသည် လျှို့ဝှက်ကင်မရာလေးမှ ရိုက်ထား သော ပုံပင်ဖြစ်သည်။

"ဂျင်ဖီ မင်းကိုသည့်လိုလွှတ်ထားတာ၊ ငါတို့တောင် မသိဘူး၊ မင်းအခု ဘာတွေစုံစမ်းသိရှိထားသလဲ"

"ငါကသည်မှာ တစ်လလောက်စောပြီး ရောက် နေတာကွ၊ ပိရမစ်တွေကို ခိုးပြီးရောင်းနေကြတဲ့ လူတစ်စုရဲ့ လှုပ်ရှားမှုတွေကိုတော့ ခြေရာခံမိတယ်၊ ဒါပေမယ့် **တော်မီနဲ့ဂျင်းနက်တို့ရဲ့** အဖွဲ့ ဟုတ်

www.burmeseclassic.com



မဟုတ်တော့ မသေချာဘူး''

''သူတို့ပဲဖြစ်ဖို့များပါတယ်၊ ဘာမှစဉ်းစားမနေကြနဲ့၊ သည်ကနေ မိုင်နှစ်ဆယ်အကွာလောက်မှာ သူတို့စခန်းချထားကြတယ်၊ မြေကြီးထဲကို ရောက်နေတဲ့ ဖာရိုဘုရင်တစ်ဦးရဲ့ ဂူသင်္ချိုင်းကို တူးဖော်ဖို့ မသိမသာလှုပ်ရှားနေကြတယ်၊ တစ်ကယ့် အဓိက လိုအပ်ချက်ကတော့ သူတို့နှစ်ဦးကို ဖမ်းမိဘို့ပဲ၊ ရန်သူဟာ သိပ်ပြီးအကင်းပါးတယ်၊ ကျွန်မတို့ ခြေရာခံမိတာကို သူတို့မသိမှဖြစ်မယ်''

ဂျက်ဇ်ဖီ အံ့အားသင့်သွားသည်။ မနေ့တစ်နေ့ကမှ ရောက်လာသော ဆူး၏ခြေလှမ်းတွေက ပိုပြီးပြေးနေသည်မို့ပင်၊

''နင်သိပ်တော်တယ်၊ ငါတောင်သူတို့ကို နင့်လောက်ခြေရာမခံနိုင်ဘူး၊ အင်း . . . လေပွေမ၊ လေပွေမ၊ ဒါကြောင့်မို့လည်း နာမည်ကြီးတာပဲ''

''ရှူး''

ဆူးက မျက်နှာရိပ်မျက်နှာကဲပြကာ သတိပေးလိုက်သည်။ ချက်ချင်းမှာပင် တံခါးဆီကို ခြေသံမကြား



အောင်လျှောက်သွားပြီး ဆွဲဖွင့်လိုက်သည်။

''ဟင်''

အာရပ်တစ်ယောက်သည် တံခါးမှာကပ်ပြီး ရပ်နေသည်။ ဆူးကိုမြင်လိုက်ရသောအခါ ရှုတ်တရက်မို့ မျက်စိမျက်နှာ ပျက်သွားခဲ့ရသည်။ ရှုပ်ဖျက်ထားသည့် ဆူးက ကပ္ပလီမ၊ ကပြားမပုံစံနှင့် တထေရာတည်း။

''ရှင်ဘာလိုချင်လို့လဲ''

''ဟို ၊ ဟို . . . ကျွန်တော် အခန်းမှားပြီး လာရပ်မိတာပါ၊ သွား . . . သွားဦးမယ်နော်''

ချက်ချင်းမှာပင် လျှပ်မြန်စွာဖြင့် ပြေးထွက်သွားသည်။

''အင်း ၊ သည်လိုနေရာမျိုးကလည်း စိတ်မချရသေးပါလား''

တံခါးကို ချက်ချင်းပင် ပြန်၍ပိတ်လိုက်လေသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အချိန်ကားညကာလ။

ကောင်းကင်ထက်မှာ ကြယ်လေးတွေက အစီ အရီ မြေပြင်ပေါ်ကို အလင်းရောင်ပေးနေကြသည်။

လူသုံးယောက်သည် ကုလားအုတ်များကိုစီးကာ ခရီးနှင်နေကြသည်။ မိုးသို့စွင့်နေကြသော ပိရမစ်ကြီးများသည် သူတို့နှင့်အတော်ခပ်ဝေးဝေးမှာပင် ရှိနေကြသည်။

ကားနှင့်သွားလျှင် လူသိလွယ်သည်။ အင်ဂျင်စက်သံ က၊ တစ်မိုင်အကွာအဝေးလောက်မှာ ရှိနေသောသူကိုပင်



ကောင်းကောင်းသိစေနိုင်သည်။

ကုလားအုတ်က ခြေသံလုံသည်။ တိတ်တဆိတ်သွားနိုင်သည်။ လမ်းပြကတော့ **ဂျက်ဖီ**၊ အလယ်ကလူကတော့ **ဆူး**၊ နောက်ဆုံးမှ **ရန်နောင်**က လိုက်ပါလာသည်။

သူတို့သည် ရုပ်ဖျက်ခြင်းမရှိကြ၊ သားရဲကွင်းထဲကို အဖြည်းဖြည်းနှင့် တိုးဝင်သွားနေကြသည့် သူမျိုးနှင့် တူနေသည်။

သို့သော် . . . ဆူးတို့က ဒါတွေကိုမမှုကြပါလေ၊ ရာသီဥတုဒဏ်၊ ခရီးသွားသည့် ဒဏ်များကို ခံနိုင်ရည် ရှိစေရန်အတွက် လေ့ကျင့်ရည်ဝပြီးသား ဖြစ်ကြသည်။

သဲကန္တာရထဲမှာ ညဘက်တွင် ခရီးသွားရသည့် အတွက် ပင်ပန်းဆင်းရဲခြင်းမဖြစ်ပါ၊ သက်တောင့်သက်သာ ရှိလှသည်။ တစ်ဦးတစ်ယောက်မှ စကားမပြောကြ၊ ပြောဖို့ လည်းမလို၊ အကွက်ချကာ စီစဉ်ထားသည့် အကြောင်း အရာများကို အားလုံးသိထားကြပြီးဖြစ်သည်။

သူတို့သည် လမ်းမှာနှစ်ကြိမ်ခန့်နားကြသည်။ ကန္တာရဆူးပင်များ၊ စွန်ပလွန်ပင်များ ပေါက်နေကြသည်။ မြေအစစ်လေးတစ်ခုပင် ဖြစ်သည်။

www.burmeseclassic.com



*

''တော်မီနဲ့ ဂျင်းနက်တို့ဟာ သည်ပိရမစ်တွေ ကြားမှာ ရုပ်ဖျက်ပြီးသွားလာလှုပ်ရှားနေကြတယ် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်''

ဂျက်ဖီက သဲပြင်ပေါ်မှာ လဲလျောင်းရင်း ပြော လိုက်သည်။

''သူတို့ဟာ ဒုစရိုက်လုပ်ငန်းတွေကို အချိုကြီး ချပြီးလုပ်တတ်ကြတယ်၊ သည်နေရာမျိုးမှာ သူတို့ ကျူးလွန်နိုင်တဲ့ ပြစ်မှုတွေက ဘာရှိနိုင်မလဲ၊ ရှေးဟောင်းပစ္စည်းတွေနဲ့ ပတ်သက်တဲ့ကိစ္စ မျိုးတွေ ဖြစ်မှာပေါ့''

ရန်နောင်သည် ထင်မြင်ချက်ပေးလိုက်ပေမဲ့ ဆူးက

''သူတို့က ဥာဏ်နီဥာဏ်နက်များကြတယ်၊ သည့်ထက်ကျယ်ပြန့်တဲ့ ကိစ္စမျိုးတွေလည်း ဖြစ်ချင် ဖြစ်နိုင်တယ်၊ ဒါပေမယ့် အရေးကြီးတာက သူတို့ရဲ့ လက်ရဖမ်းမိဘို့ရယ်၊ ကောင်းကောင်း အရေး ယူနိုင်ဘို့ရယ်ပဲ၊ ဒါမေမယ့် သည်လိုတရားခံပြေးမျိုး တွေကိုဖမ်းရတာ သတိတော့ထားရလိမ့်မယ်''

ဆူးသည် လက်ထဲမှသေနတ်ကို ဆကာဆကာ



ကိုင်ရင်းတစ်နေရာကို ထိုးချိန်လိုက်သည်။ အတော် ခပ်လှမ်းလှမ်းတွင် လူရိပ်သဏ္ဍာန်တစ်ခုသည် ကန္တာရဆူးပင် တွေကြားမှ ပြေးထွက်သွားသည်။

''သည်လူမရိုးသားဘူး၊ ကျွန်မတို့ကိုချောင်းနေတာ''

ဆူးသည် နောက်မှတဟုန်ထိုး လိုက်သွားခဲ့သည်။ ဆူး၏လျှင်မြန်မှုကို ရန်နောင်တို့သည်ပင် အံ့အားသင့် သွားကြသည်။ ထိုသူသည် နောက်မှ ဆူးလိုက်လာမှန်း သိသွားသောအခါ အားကိုနှစ်ဆထည့်ပြီးပြေးသည်။

သို့သော် သဲပြင်မှာဖြစ်နေ၍ ကောင်းစွာမပြေးသာ၊ သူသည် သေနတ်ကိုထုတ်ပြီး ဆူးကိုပစ်လိုက်သည်။

''ဒိုင်း''

မှောင်ရီရီမှာ သူ၏လှုပ်ရှားမှုကို ရိပ်ကနဲမြင်လိုက် သည်နှင့် ဆူးကသဲပြင်ပေါ်ကို မှောက်ချလိုက်သည်။ ကျည်ဆံ သည် လေထဲကိုသာ ထိုးဖောက်သွားသည်။ ဆူးက သည်လို မျိုးကို အသေးအမွှားလောက်ပဲ သဘောထားသည်။ လျှပ် တပြက်အတွင်းမှာပင် ဆူး၏လက်ထဲကို သေနတ်ရောက် လာသည်။ ကိုယ်ထဲက မည်သို့ဆွဲထုတ် လိုက်မှန်းပင် မသိလိုက်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"
"အား"
ထိုသူ၏ ပေါင်တစ်ဖက်သည် မြက်ကနဲ ဖြစ်သွားပေ
ကျည်ဆံက အသားကိုပွတ်တိုက်ပြီး ရှပ်မှန်သွား၏။
သို့သော် သူသည် မလှမ်းမကမ်းမှာရှိသော ကုလား
အုတ်ဆီကို ရောက်အောင်ပြေးသွားသည်။ ကုလားအုတ်ပေ
သို့ လွှားကနဲခုန်တက်ကာ ထိုနေရာမှတစ်ဟုန်ထိုးပေ
ထွက်သွားလေတော့သည်။
ဆူးက ဆက်၍မပစ်တော့ပဲ သေနတ်ကိုချိန်ပြီး
ပြန်ချလိုက်သည်။ ဆူး၏အနားကို ရန်နောင်နှင့်ဂျင်မီတို့
ရောက်လာခဲ့ကြသည်။ ရန်နောင်က
"သူ့ကိုမိလိုက်ရင် ပိုကောင်းမယ်"
"သည်ကောင်ဟာ သူခိုးလား၊ ဓါးပြ လက်ထော
ချလားဆိုတာ မသိရဘူး၊ ခရီးသွားတွေကို လုယ
တိုက်ခိုက်နေကြတဲ့ ဓါးပြအဖွဲ့ရှိတယ်"
ဂျက်ဖီကပြောသည်။ ဆူးသည် လေသံတိုးတိုးဖြ
"ဘာပဲဖြစ်ဖြစ် သတိတော့ထားရလိမ့်မယ်၊ ဟိုပြေ
...ကောင်ဟာ သာလီ၊မဟုတ်ဘူးလို့လဲ မပြောနိုင်ဘူ



တော်မီနှင့်ဂျင်းနက်တို့ကို ဆိုလိုသည်။ ဆူးသည် သေနတ်ကို ချိုင်းအောက်ရှိ အိတ်ထဲကိုပြန်ထည့်လိုက်သည်။ အပေါ်က ဂျင်းဂျက်ကက်တစ်ထပ် ထပ်ဝတ်ထားသည်။

"ကျွန်မတို့ ဘယ်သူဘယ်ဝါဆိုတာ သူတို့သိထားကြရင်တော့ အင်မတန်တော်ကြလို့ပါပဲ"

စောစောကနေရာကို ပြန်လျှောက်လာကြသည်။

"တစ်နာရီလောက်တော့ မှေးဖို့အချိန်ရသေးတယ်၊ ကဲ အားဖြည့်တဲ့အနေနဲ့ ခဏလောက်မှေးလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဂျက်ဖီက သဲပြင်ပေါ်မှာ ပက်လက်လှန်ချလိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် ဆယ်ပေစီခြားကာ ဖြစ်သလိုအိပ်လိုက်ကြလေသည်။

---

ကုလားအုတ်ကိုစီးကာ ထွက်ပြေးသွားသောသူသည် ပေါင်မှာကျည်ဆံရှပ်ပြီး ဒဏ်ရာရသွားသည်။ သူသည် သေနတ်နှင့် ပစ်ခတ်ခဲ့သောသူကို နှုတ်မှကျိန်ဆဲနေမိသည်။ သူကတော့ အခြားသူမဟုတ်၊ ဂျစ်ပစီမလေးနှင့် ဂျုဒီဖီတို့ကို လိုက်ချောင်းခဲ့ဖူးသောသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးနှင်လာပြီး အတော်ကလေး ကြာသောအခါ လူတစ်စု အလုပ်လုပ်နေသောနေရာကို ရောက်လာခဲ့ကြသည်။ ထိုသူများသည် မြေအောက်သင်္ချိုင်းဂူကြီးတစ်ခုကို ဥပဒေချိုးဖောက်ကာ ခိုးရှာတူးနေကြသူများပင် ဖြစ်ကြသည်။

"ဟေ့ ရပ်၊ ဘယ်သူလဲ"

အစောင့်တစ်ယောက်က ရိုင်ဖယ်သေနတ်နှင့် ချိန်ပြီး မေးလိုက်သည်။

"ဝှန်ပါ"

ကုလားအုတ်ပေါ်မှလူက လှမ်းအော်လိုက်သည်။ အစောင့်ကသေနတ်ကို ပြန်ချလိုက်သည်။ အစောင့်၏ အော်သံကြောင့် ရွက်ဖျင်တဲထဲမှ လူတစ်ယောက်ထွက် လာသည်။

သူတို့နှစ်ဦးကတော့ ဒုစရိုက်ညီနောင်များ ဖြစ်ကြသည့် **တော်မီ** နှင့် **ဂျင်းနက်**၊

ဝှန်ဆိုသည့်လူသည် ကုလားအုတ်ပေါ်က ဆင်းလိုက်သည်။ ခြေထောက်တစ်ဖက်က ထော့နဲ့ထော့နဲ့နှင့် ဖြစ်နေသည်။



"ဟော့ကောင်၊ မင်းကဘာဖြစ်လာတာလဲကွ"

တော်မီကမေးလိုက်သည်။

"ရန်သူ့အခြေအနေကို သွားပြီးထောက်လှမ်းတာ သေနတ်ပစ်ခံလိုက်ရတယ်၊ ကျွန်တော်ချောင်းတာကို သိသွားလို့ ကိုယ်ကစပြီးပစ်တာကို သူကရှောင်ပြီး ပြန်ပစ်တာ ပေါင်ကိုကျည်ဆံရှပ်ထိသွားတယ်၊ ပစ်လိုက်တဲ့သူက မိန်းကလေးဖြစ်နေတယ်"

"မိန်းကလေးဟုတ်လား၊ သည်လိုနေရာမျိုးမှာ မိန်းကလေးတစ်ယောက်က ဘယ်လိုရောက်နေတာလဲ၊ သူ့ပုံပန်းသဏ္ဌာန်ကို မင်းပြောနိုင်မလား"

"ညဘက်ဆိုတော့ မျက်နှာသဏ္ဌာန်က သိပ်မသဲကွဲဘူးဆရာ၊ ဒါပေမယ့် သေနတ်ကိုင်တော့ ကျွမ်းတယ်၊ ကျွန်တော့ကိုတည့်တည့်ပစ်လို့ ရလျက်သားနဲ့ ပေါင်ကိုရှပ်ပြီး ပစ်လိုက်တာသာကြည့်"

သွေးတွေရွှဲနေသော ညာဘက်ပေါင်ကို ငုံ့ကြည့်ပြီးပြောလိုက်သည်။

"မင်းက မိန်းမတစ်ယောက်ကို အသားလွတ် အထင်ကြီးနေပြန်ပါပြီ၊ သူပစ်တာချော်ပြီး ပေါင်ကို

www.burmeseclassic.com

www.burmeseclassic.com



မတော်တဆမှန်သွားတာ ဖြစ်မှာပေါ့ကွ''

ဂျင်းနက်က ပြောလိုက်သည်။ သူသည် မိန်းမတွေကို ဘယ်တော့မှ အကောင်းမပြော၊ အရိုလိုနေရင်း အမြင်ကတ်နေသူဖြစ်သည်။

''မင်းက ခရီးသွားတွေဆီက ငွေတို့ပစ္စည်းတို့ အချောင်ရမလားလို့ သွားပြီးအကြံအဖန်လုပ်တာ မဟုတ်လား၊ ငါတို့အတွက်သွားပြီး စုံစမ်းတာ မဖြစ်နိုင်ပါဘူး''

''မဟုတ်ဘူးဆရာ . . . ဂျင်းနက်၊ ကျွန်တော် တစ်ကယ်စုံစမ်းတာပါ၊ ပြီးတော့ မိန်းခလေး တစ်ယောက်တည်း မဟုတ်ဘူး၊ အမျိုးသား နှစ်ယောက်လည်း ပါလာကြသေးတယ်၊ သူတို့အုပ်စုက အားလုံး သုံးယောက်''

''မိန်းကလေးတစ်ယောက်နဲ့ အမျိုးသားသုံးယောက် ဟုတ်လား''

သူတို့ဆီကို လူတစ်ယောက်က လမ်းလျှောက်လာရင်းမေးလိုက်သည်။ သူက သောမတ်ဆိုသည့် ငှါ လေပွေမကြောင့် သဘောၤပေါ်မှ ခုန်ချကာ ထွက်ပြေးလွတ်မြောက်



လာခဲ့သည်။ ကိုယ်ပေါ်မှ ဒဏ်ရာတစ်ချို့ကြောင့် ဆေးဝါးကုသခဲ့ရသေးသည်။ ပခုံးထက်မှ ဒဏ်ရာသည် ယခုထက်ထိ အကောင်းမသေသေး။

ယခု တော်မီတို့နှင့် လူပူးပေါင်းနေသည်။ အဲ့သည့်မိန်းခလေးဟာ ကလီယိုပါထရာဂျူန်းများ ဖြစ်နေမလား၊ ကလီယိုပါထရာဂျူန်းဟာ ခေါ်သောကပ္ပလီမကို သူမမေ့၊ သောမတ်လို လူမျိုး၏ ပါးကိုရိုက်ခဲ့သည့်အပြင် ငွေတွေကို ယူပြီးသေနတ်နှင့် အနိုင်ကျင့်သွားခဲ့သေးသည်။

''သည်ကောင်မကို သိပ်ပြီးအနံ့ခံကောင်းတယ်၊ ငါတို့အလုပ်ကို လိုက်ပြီးနှောင့်ယှက်လိမ့်ဦးမယ် ထင်တယ်''

''ဆရာ သူသည်လောက်စွမ်းတဲ့သူမဟုတ်ပါဘူး၊ ကျွန်တော်တို့ရဲ့ လျှပ်ရှားမှုမှန်သမျှကို သူဘယ်နည်းနဲ့မှ မသိနိုင်ပါဘူး၊ လာစမ်းပါစေ၊ ကလီယိုပါထရာဂျူန်းရော သူ့လူတွေပါ ဂျင်းနက်နဲ့ တွေ့သွားရင် နဖူးမှာ အပေါက်လေးတွေ တစ်ပေါက်စီ ဖောက်ထားပေးလိုက်မယ်''

သောမတ်သည် ခေါင်းကို မသိမသာခါရမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တစ်ယောက်ကို သူတွေးမိသည်က လေပွေမ...

ထိုမိန်းကလေးသည် လေပွေမများဖြစ်ခဲ့လျှင်၊ သူ ကျောစိမ့်သွားမိသည်။

"ဟော့၊ ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်လို့ မရှိဘူးကွ၊ သည်တော့ သူကို့သုံးယောက်ဟာ ရှိုးရှိုး ခရီးသွားတွေလား၊ မှောင်ခိုတွေလားဆိုတာ မသိရဘူး။ သည်တော့ မင်းတို့ရဲ့ နားနဲ့မျက်စိကိုဖွင့်ထားပြီး အခြေအနေကို စောင့်ကြည့်နေကြ၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာသောမတ်၊ ကျွန်တော်တို့ သတိမလစ်စေရပါဘူး။ သည်နေရာကို ဘယ်သူပဲလာလာ သူ့ရဲ့သချိုင်းကို ကံဆိုးစွာနဲ့ ရောက်လာတာနဲ့ အတူတူပဲ၊ မမ္မီတွေနဲ့အတူမြှုပ်ပစ်လိုက်မယ်"

တော်မီက ကြိမ်းဝါးလိုက်သည်။

"ကဲ၊ ဂျွန် မင်းရဲ့ဒဏ်ရာကို ဆေးသွားထည့်ထား၊ အနာမယဉ်းအောင် ဆေးလည်းသောက်သွား"

သောမတ်က ဂျွန်ကို ပြောလိုက်လေသည်။

♛ ♛ ♛ ♛ ♛



## အခန်း (၁၄)

မနက်လင်းအားကြီးအချိန်။

ရန်နောင်၊ ဆူးနှင့်ဂျက်ဖီတို့သည် ပိရမစ်ဟောင်းကြီးတစ်ခုဆီသို့ ရောက်လာခဲ့ကြသည်။ ထိုနေရာသည် တရားခံပြေးသောမတ်၊ တော်မီနှင့် ဂျင်းနက်တို့ ပိရမစ်ဟောင်းတူးဖော်နေကြသော နေရာနှင့် သိပ်မဝေးလှ။

လှသံသူ့သံများ၊ လက်နက်ကရိယာများနှင့် တူးဆွနေသော အသံများကို ခပ်သဲ့သဲ့ပင် ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အားကောင်းသော လက်နှိပ်ဓါတ်မီးရောင်များကို အသုံးပြုကာ ပိရမစ်ကြီး၏ ဝင်ပေါက်ထဲသို့ ကုလားအုတ်များနှင့်အတူ ဝင်လာခဲ့ကြသည်။

''ကျွန်မတို့ သည်မှာတည်းခိုပြီး သူတို့ရဲ့အခြေအနေကို စောင့်ကြည့်ကြမယ်၊ သတင်းအရဆိုရင်တော့ သည်လူတွေဟာ ဂေါ့ားခမ်ပြေးတွေဖြစ်ဖို့များတယ်''

ရန်နောင်နှင့်ဂျက်ဖီတို့သည် ပိရမစ်ကြီး၏ အတွင်းပိုင်းဆီကို လက်နှိပ်ဓါတ်မီးများဖြင့်ထိုးကာ လိုက်ကြည့်ကြသည်။

''လူတွေ တူးဆွပြီး လိုချင်တာတွေ ယူသွားကြလို့ကုန်ပြီ၊ ဘာမှမရှိတော့ဘူး''

အတွင်းပိုင်း ခပ်နည်းနည်းကျသောနေရာမှာ သူတို့စခန်းချရန် ဆုံးဖြတ်လိုက်ကြသည်။

''ကဲ၊ အချိန်ရှိသေးတယ်၊ တစ်လမ်းလုံးလည်း မင်ပန်းလာတယ်၊ တစ်မှေးလောက် မှေးလိုက်ကြရအောင်''

ရန်နောင်၏စကားကို လက်ခံလိုက်ကြသည်။ အပျော့



စားအိပ်ယာခင်းများကို ခင်းလိုက်ကြပြီးသော် အသီးသီးနေရာယူလိုက်ကြလေသည်။

---

ဆူး၏ မျက်နှာပေါ်သို့ နေရောင်ကထိုးလာသည်။ ထိုအခါကျမှ လန့်ပြီးနိုးလာခဲ့ကြလေ၏။ ရန်နောင်နှင့် ဂျက်ဖီတို့က သစ်သားအကျိုး အပိုင်းအစများကို တွင်းတိမ်တိမ်လေးတူး၍ထည့်ကာ မီးဖိုထားသည်။ ပါလာသော အိုးတစ်လုံးဖြင့် ရေနွေးအိုးတည်ထားသည်။

ထွက်လာသောမီးခိုးတို့ကို ဂျက်ဖီက အဝတ်တစ်စဖြင့် ခါယမ်းနေသည်။ မီးခိုးများကို လွင့်ပြယ်သွားစေရန်ပင်၊ သို့မှသာ ရန်သူကမမြင်နိုင်ပဲ ရှိလိမ့်မည်။

တစ်အောင်အကြာမှာ၊ လက်ဖက်ရည်ကျကျ ဖျော်ပြီးသားဖြစ်သွားလေ၏။ ဂျက်ဖီက လက်ဖက်ရည်အဖျော်ကောင်းသည်။ ပုလင်းများထဲမှ ပါလာသောရေကို ချွေတာပြီးသုံးကြရသည်။

''ကဲ၊ လက်ဖက်ရည်ပူပူလေးသောက်လိုက်ကြဦး''

ဂျက်ဖီ က မတ်ခွက်သုံးခွက်နှင့် လက်ဖက်ရည်များကိုယူလာခဲ့သည်။ မုန့်ကြွပ်ခြောက်များနှင့်အတူပြော စား

www.burmeseclassic.com



လိုက်ကြရသည်။ သူတို့နေရာသည် ပိရမစ်အဟောင်း အပြိုအပျက်တွေကြားထဲမှ တစ်ခုဖြစ်သည်။ တော်ရုံလူများသည် ထိုနေရာကို ရောက်မလာနိုင်ကြ။

ဂျက်ဖီနှင့်ရန်နောင်တို့သည် လှေကားထစ်များအတိုင်း ပိရမစ်ကြီး၏ အောက်သို့ဆင်းသွားခဲ့ကြသည်။ အတော်လေးဆင်းသွားကြပြီးသောအခါ လွန်စွာကျယ်ဝန်းသော အခန်းကြီးတစ်ခုဆီသို့ ရောက်သွားခဲ့ကြသည်။ ပိရမစ်သူခိုးများသည် ဖာရိုဘုရင်များ၏ အုတ်ဂူများကို တူးဆွဖြိုဖျက်ခဲ့ကြသည်။

အားလုံးသည် ဟာလာဟင်းလင်း ဖြစ်နေကြသည်။ သူတို့သည် အဖိုးတန်ရတနာရွှေငွေများကို ယူကြရုံတင်မက မမ်မီရုပ်အလောင်းများကိုပင် ရောင်းစားကြလေသည်။

"ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို ရှေးဟောင်းသုတေသနဌာနက တန်ဖိုးထားပြီး ထိန်းသိမ်းကြတယ်၊ ဒါပေမယ့် မသမာသူတွေက ဖောက်ထွင်းခိုးယူပြီး ရောင်းစားကြတယ်၊ လွန်တယ်ကွာ"

ရန်နောင်သည် ယူကျုံးမရသောလေသံဖြင့် ပြောလိုက်သည်။ ဂျက်ဖီက ဘာမှပြန်မပြော။ ခေါင်းကိုသာ



တစ်ချက်ဆတ်ပြလိုက်ပြီး ရှေ့ကိုဆက်၍လျှောက်သွားသည်။

"အထဲမှာ ဘာတွေများရှိဦးမယ် မသိဘူးကွ"

"ဘာရှိမှာလဲ ဂျက်ဖီ၊ ဖြိုဖျက်ထားခဲ့တဲ့အုတ်တွေ အုတ်ပျက်၊ အမိုးအမဲတွေကိုပဲ တွေ့ရမှာပေါ့ကွ"

ရန်နောင်က ပြန်ပြောလိုက်သည်။

ဂျက်ဖီသည် နံရံကိုလက်နှင့်ထောက်မှီလိုက်ရာ ကျပ်ပြားပိုးခန့်ရှိသော အုတ်နီချောင်သန့်ဖြစ်နေခဲ့သည့် အဖုလေးတစ်ခုကို နှိပ်မိလိုက်သည်။

"ဂျက်ဖီ၊ မင်းခေါင်းပေါ်မှာ"

ရန်နောင်က အလန့်တကြားဖြင့် သတိပေးလိုက်သည်။ မြေတိုက်ခန်း၏ အမိုးကျက်မျက်နှာကြက်မှ ဆလင်ဒါပုံသဏ္ဍာန်ရှိသော ကျောက်သားတိုင်လုံးရှည်ကြီးတစ်ခု သည် ရုတ်တရက်ပြုတ်ကျလာခဲ့သည်။

ဂျက်ဖီသည် ရန်နောင်အော်လိုက်သည်နှင့် ခပ်သွက်သွက် ဒိုက်ထိုးကာ ရန်နောင်ရပ်နေသည့်ဘက်သို့ လှိမ့်ပြေးသဖြင့် တည့်တည့်ကြီးကျလာသော ကျောက်တိုင်ကြီးနှင့် သီသီလေး လွတ်သွားသည်။

www.burmeseclassic.com



"ဒိုး"

"ဝုန်း"

တိုင်လုံးကြီးက ကြမ်းပြင်ကို အရှိန်ပြင်းစွာဖြင့် ထိုးဖောက်သွားခဲ့သည်။ တွင်းကြီးတစ်ခုဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။

တိုင်လုံးကြီးက မျက်နှာကျက်ပေါ်ကို လျှင်မြန်စွာ ဖြင့် ပြန်တက်သွားသည်။ ထို့နောက် မျက်နှာကျက်ထဲ ကိုဝင်ပြီး ပျောက်ကွယ်သွားခဲ့လေ၏။

"ကံကောင်းလို့ကွာ၊ သည့်တိုင်ကြီးက အရှင် လုပ်ထားတာကိုပဲ၊ ဒါ . . . ထောင်အောက်တစ်ခု ပဲကွ"

ဆူးသည် . . .

ပိရမစ်ကြီး၏အောက်မှ ကျယ်လောင်သောအသံကြီးကို ကြားလိုက်ရသဖြင့် စိုးရိမ်တကြီးဖြင့် လှေကားအတိုင်းအောက်ကို ပြေးဆင်းလာခဲ့သည်။

"ဆူး၊ နံရံတွေကို လက်နဲ့မကိုင်နဲ့၊ လျှို့ဝှက်ခလုတ်တွေရှိတယ်၊"

ရန်နောင်က လှမ်းပြီးသတိပေးလိုက်သည်။ လျှင်မြန်



သွက်လက်လှသောဆူးသည် အောက်ကို တစ်မဟုတ်ချင်း ရောက်လာခဲ့ပြီဖြစ်သည်။

ဂျက်ဖီနှင့်ရန်နောင်တို့သည် တွင်းကြီးဖြစ်သွား သော နေရာကို ငုံ့ပြီးကြည့်နေကြသည်။ ထိုတွင်းကြီးသည် မျက်နှာကျက်ပေါ်မှ ကျလာသော တိုင်လုံးရှင်ကြီးကြောင့် ဖြစ်သွားခဲ့ခြင်းပင်။

"သည်တွင်းပေါက်ကြီးက မျက်နှာကျက်ပေါ်က ကျလာတဲ့ တိုင်လုံးရှင်ကြီးကြောင့်ဖြစ်သွားတာ၊ ဂျက်ဖီက နံရံကခလုတ်တစ်ခုကို မတော်တဆ သွားကိုင်မိလိုက်လို့ မျက်နှာကျက်ပေါ်က တိုင်လုံးကြီးက ကျလာခဲ့တာ"

ရန်နောင်က ရှင်းပြလိုက်သည်။

"သည်လိုဆိုရင် ခလုတ်တွေက ကြမ်းပြင်မှာလည်း ရှိနိုင်တယ်၊ သတိထားပြီးတော့နင်းကြ"

တွင်းပေါက်ကြီးဖြစ်သွားသောနေရာကို သေချာစွာ ကြည့်လိုက်ကြသောအခါ ကျောက်သလင်းလှေကားရှည်ကြီး တစ်ခုကို တွေ့လိုက်ကြရပြန်သည်။

ရန်နောင်သည် လက်နှိပ်ဓါတ်မီးကို ပြန်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



တွင်းပေါက်ဝမှာငုံ့ကာ အောက်ကိုထိုး၍ ကြည့်လိုက်၏။ လှေကားသည် ကွေ့ကောက်ပြီး တစ်ဆစ်ချိုး၊ နှစ်ဆစ်ချိုး တည်ဆောက်ထားသည်။ လှေကားထစ်များ၏ အဆုံးကို မမြင်ရ။

"သည်အောက်မှာ ထူးခြားချက်တစ်ခုခုတော့ ရှိရမယ်၊ မမီတွေရဲ့ ဂူသင်္ချိုင်းကို နှစ်ထပ်လုပ်ထားတာ၊ လူတွေဖောက်ထွင်းပြီး ခိုးယူကြမှာစိုးလို့ တစ်ကယ့်အခိုကကျတဲ့နေရာကို နောက်ဆစ်ဆင့်လုပ်ထားတာ၊ နှစ်ထပ်မြေအောက် ဂူကြီး ဖော်တော်တတ်နိုင်ကြတဲ့သူတွေပဲ"

ဂျက်ဖီသည် အပေါ်သို့ တစ်ခါပြန်တက်ပြီး ဓါတ်ခဲတောင့်များနှင့် အားကောင်းသော လက်နှိပ်ဓါတ်မီး နှစ်လက်ကို ပြန်ယူသည်။

"သည်နေရာကို သူခိုးတွေက သိမသွားကြဘူးကွ၊ ဒါကြောင့် သက်သာသွားကြတာပဲ"

ဂျက်ဖီကရှေ့က၊ ချွန်နှင့်ကနောက်ဆုံးမှ အလှည့်မှာ ရေးကိုထားပြီး ဆင်းလာခဲ့ကြသည်။

---



မြေလိုမ်မြေကောက်သဏ္ဍာန် တည်ဆောက်ထားသော လှေကားထစ်အဆုံးကို ရောက်သွားခဲ့ကြသည်။ ထူးခြားချက်တစ်ခုမှာ အောက်မှာလုံလောက်သော အလင်းရောင်ကို ရရှိနေခြင်းပင်။

ပိရမစ်ဟောင်းကြီး၏ နှစ်ထပ်မြေအောက်ဂူကြီး ထဲမှာ သဘာဝအလင်းရောင်က ဘယ်ကနေရောက်လာ ခဲ့တာလဲ၊ စဉ်းစား၍မရကြပါ။

သူတို့တွေ့လိုက်ကြရသည်က သေသပ်စွာ ပြုလုပ်ထားသော အုတ်ဂူတစ်လုံးပင်ဖြစ်သည်။ အုတ်ဂူ၏ အထက်မှာ ဖာရိုဘုရင်တစ်ပါး၏ သဏ္ဍာန်တူ ရွှေခေါင်းတလားကြီး။

ခေါင်းတလားကြီး၏ထိပ်တွင် ဖာရိုဘုရင်၏ ရွှေမျက်နှာဖုံးကြီးကို တပ်ထားသည်။ ခေါင်းတလားကြီးက လူတစ်ယောက်လဲလျောင်းနေသည့်အသွင်။

"ဒါ ဖာရိုဘုရင်ရဲ့ အလောင်းအစစ်ထည့်ထားတဲ့နေရာပဲ၊ သင်္ချိုင်းဖောက်ထွင်းတဲ့သူတွေ ကို လှည့်စားထားတာ၊ သည်အထဲမှာ အဖိုးတန်နှင့်စဉ်လက်ဝတ်ရတနာတွေပါထည့်ထားပုံရတယ်"

ဆူးကာ ထင်မြင်ချက်ပေးလိုက်သည်။ ဖာရိုဘုရင်

www.burmeseclassic.com

www.burmeseclassic.com



ဓါဂူနှင့်မလှမ်းမကမ်းတွင် စကြံနံလမ်းရှည်ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။

ချောမွတ်သော မြေအောက်လမ်းမကြီးတစ်ခုပင် ဖြစ်သည်။

''သည်လမ်းဟာ ဘယ်အထိပေါက်သလည်း မသိဘူး၊ လိုက်သွားကြည့်ရင် ကောင်းမယ်''

''ကိုယ်လည်း အဲသလိုစိတ်ကူးရတယ်၊ ဂျက်ဖီကကော''

''သွားဖလေ၊ အနေအထားအရဆိုရင် လမ်းက အနောက်တောင်ထောင့်ကို ဦးတည်နေတယ်၊ အဲ့သည်ဘက်မှာ ဟို တော်မီနဲ့ ဂျင်းနက်တရားခံပြေး နှစ်ကောင်ရှိမယ့်နေရာပဲ၊ သည်ကောင်တွေဟာ အဲ့သည်နေရာမှာ ဂူသချိုင်းတစ်ခုကို တူးဖော်နေကြတယ်၊ မင်းတို့နှစ်ယောက်အောက်မှာ ခဏနေခဲ့ကြဦး''

ဂျက်ဖီသည် အပေါ်ကိုပြေးပြီးတက်သွားပြန် သည်။ ဆယ့်ငါးမိနစ်လောက်ပဲကြာမည်။ သေနတ်များ၊ ကျည်ကပ်များကိုလွယ်ပြီး ပြန်ဆင်းလာသည်။ ရေဗူးပင် ပါလိုက်သေး



သည်။

''ကုလားအုပ်တွေ ထွက်မသွားနိုင်အောင် ဂူပေါက်ဝကိုတော့ တတ်နိုင်သလောက်ပိတ်ထားခဲ့တာပဲကွ''

ဂျက်ဖီက လူသန်ကြီးတစ်ယောက်ဖြစ်သည်။ ပခုံးနှစ်ဖက်မှာ လွယ်ထားသော ကျောပိုးအိတ်များကို ရန်နောင်နှင့် ဆူးဆီကို ပစ်ပေးလိုက်သည်။

''မင်းကွာ၊ ငါပါလိုက်ယူမှာပေါ့''

''ပြီးပါပြီကွာ၊ ဒါလောက်တော့ ငါလည်းတတ်နိုင်ပါတယ်၊ အရေးကြီးတဲ့ပစ္စည်းဆိုလို့ ဘာမှမထားခဲ့ဘူး၊ ကုလားအုပ်ကတော့ ကံတရားပဲ''

''အရေးမကြီးပါဘူးကွာ၊ ဟို . . . ဝရမ်းပြေးနှစ်ကောင်ဆီမှာ ကားတော့ပါလာကြမှာပဲ၊ သည်ကောင်တွေရဲ့ကားကို အသုံးပြုပြီး တရားခံတွေကို ခေါ်သွားတာပေါ့''

စကြံနံလမ်းမကြီးအတိုင်း သူတို့သုံးယောက် သတိနှင့် လျှောက်လာခဲ့ကြသည်။

နံရံများကို လက်ဖြင့်မကိုင်မိကြစေရန်၊ စကြံနံလမ်းပေါ်မှာလည်း လျှို့ဝှက်ခလုတ်လိုဟာမျိုးတွေရှိမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နိုင်ကြသည့်ပြင် အိပ်ပျော်နေကြသည်။ အလင်းရောင်ကတော့ ဝိုးတဝါး။

ပြန်ပြီး အိပ်ပျော်နေတဲ့ မီးကို စိုက်ကြည့်နေတဲ့သူတွေကို သူတို့ ကိုယ်တွေပြီးဆုံးကုန်တော့ မောသည်လို့ ပုဂ်လမ်း

ကနေပြန်ပြီး ထွက်သွားခဲ့ကြတာကွ

ရန်နောင်က မှတ်ချက်ချပေးသည်။ စကားသံသည် လိုက်ပြီး ပါနေသည်။ ဆူး၏အသွင်သည် နီးကြားတက် ကြွနေသည်။ သူ့ခေါင်းထဲမှာ ကမ္ဘာ့ရာဇဝင်ကောင် များကို လျှင်မြန်စွာ သတိသင်ရှင်းလင်းပစ်နိုင်ရေး မှာဖြစ်သည်။ ရန်နောင်ကတော့ မြေအောက်လမ်းမှ အလင်း ရောင်ရှိပုံနည်းကို ထူးဆန်းနေသည်။

♛ ♛ ♛ ♛ ♛



## အခန်း (၁၅)

နှစ်ဖာလုံခန့် လျှောက်လှမ်းလာခဲ့ပြီးသောအခါ ရေမှာနံရံကြီးတစ်ခုက ပိတ်ပြီးကာဆီးနေသည်။ အပေါ်ကို တက်သည့်လှေကားထစ်များကို တွေ့လိုက်ကြရပြန်သည်။ ခရီးလမ်းအဆုံးဆိုသည်ကို သိလိုက်ကြသည်။

သုံးရယောက်သား လှေကားထစ်အတိုင်းသတိနှင့် တက်လာခဲ့ကြရပြန်သည်။ ကျင့်သားရနေကြသောသူများ ဖြစ်နေကြ၍ ထိုမှုလောက်ကိုတော့ ပင်ပန်းသည်ဟုမထင် မိကြပါ။

www.burmeseclassic.com



ရှည်လျားထွေပြားသောလေ့ကားထစ်များ အတိုင်း တောက်လျှောက်ဆက်လာခဲ့ကြသည်။ လေ့ကား အဆုံးတွင် ပိတ်နေသည်။

လေးထောင့်စပ်စပ်ကျောက်ပြားကြီးတစ်ခုက ဆီး၍ ခံနေသည်မှ ရင်မောသွားခဲ့ကြရသည်။

''သည်ကနေထွက်သွားကြ ကကျွ၊ ကဲကွာ၊ ငါတို့ နှစ်ယောက်အားနဲ့မကြည့်ကြရအောင်၊ မရတော့ လည်း နောက်ကြောင်းပြန်လှည့်ကြတာပေါ့''

ရန်နောင်က ပြောလိုက်သည်။ ဂျက်ဖီနှင့်နှစ်ယောက် အတူ မကြသည်။ မရွေ့။ ထို့ကြောင့် ကျောက်ပြားအစိပ်ကို ဓါးမြှောင်ဖြင့် မြောင်းဖော်ကာ ခြစ်ပစ်ရသည်။

တော်တော်လေးကြာအောင် ခြစ်ပြီးကာမှ နှစ်ယောက် အတူမပြီး တွန်းကြည့်ကြသောအခါမှ . . .

''ကျွိ . . . ကျွိ''

တဖြည်းဖြည်းနှင့် လှုပ်ရှားလာခဲ့ပြီး ကြွတက်သွား ခဲ့လေတော့သည်။ ကျောက်ပြားကြီးကို အသံမမြည် အောင် အောက်ကို တဖြည်းဖြည်းချလိုက်ကြသည်။

သူတို့မည်သည့်နေရာကို ရောက်နေကြမှန်းမသိ ကြ



အပေါ်ယံမြေပြင်ထက်ကို ရောက်နေကြပြီဆိုသည်ကို တော့ သိလိုက်ကြသည်။

''ဒုန်း . . . ဒုန်း''

''ဒုတ် . . . ဒုတ်''

သဲ့သဲ့မျှထွက်ပေါ်လာသော အသံများကြောင့်နား တွေကို စွင့်လိုက်ကြသည်။ အပြင်ဘက်မှ ထွက်ပေါ်လာ သောအသံများပင်ဖြစ်သည်။ ယင်းအသံများထွက်ပေါ် လာခဲ့တိုင်းဂူသည် တသိမ့်သိမ့်နှင့်တုန်နေသည်။

''ကိုနောင်၊ ဆွူးတို့ရောက်နေတဲ့ နေရာမှာ ပိရမစ် ကြီးတစ်ခုထဲ၊ သူတို့က အပြင်ဘက်ကနေတူး နေကြတာ''

''ဟုတ်တယ်၊ ကိုယ်တို့က ပိရမစ်ချင်းဆက်သွယ် ထားကြတဲ့ လှိုဏ်ခေါင်းကနေသည်ကို ရောက်လာ ခဲ့ကြတာ၊ အပြင်ကတူးနေကြတဲ့ သူတွေဟာ ဘယ်သူတွေများဖြစ်နိုင်မလည်း မသိဘူး''

''ဘယ်သူတွေ ဖြစ်ရမှာလဲ၊ သူခိုးတွေပဲပေါ့''

ဆွူး၏စကားမဆုံးမီ . . . ဂူပေါက်သည် တစ်စွန်း တစ်စပွင့်ထွက်သွားခဲ့ပြီဖြစ်သည်။ ပေါက်ချွန်းကြီးတစ်ခုက

www.burmeseclassic.com

www.burmeseclassic.com



သူတို့မျက်စိအောက်မှာပင် ကျွံဝင်လာခဲ့သည်။ အလင်းရောင်သည်လည်း ကွက်ကွက်လေးကျန်ခဲ့သည်။

"ဂူပေါက်ပွင့်တော့မယ်ဟေ့"

တစ်ယောက်က အော်ပြောလိုက်သည်။ ခြေမှုန့်များ၊ ကျောက်စုံအပိုင်းအစများက အတော်များများ ဂူထဲကို ကျလာကြသည်။ မိုးပြီးတော့ စိုက်ကားလှည့်သန့်လာကြသည်နှင့်တူသည်။ တခုံးခုံးတဒိုင်းဒိုင်းဖြင့် ဂူကို ဖြိုဖျက်သံများက ပိုပြီးတော့ဆူညံလာသည်။

ပိရမစ်ကြီးသည် သဲများဖုံးလွှမ်း၍ မြေအောက်မှာ နစ်မြုပ်နေသည်။ အလင်းရောင်သည် ဂူပေါက်ဝကျယ်လာလေလေ၊ ဖြိုးဖြိုးဝင်လာရလေလေဖြစ်သည်။

သုံးယောက်စုလုံးငြိမ်ပြီးတော့ ကြည့်နေကြသည်။ ဂူပေါက်ကို ဖြိုဖျက်နေကြသော အလုပ်သမားများကို မြင်တွေ့နေရပြီဖြစ်သည်။

"ဗိုန်း"

ကျောက်သားစိုင်ခဲကြီးတစ်ခုသည် နောက်ဆုံးပြိုကျသွားသောအရာပင်ဖြစ်၏။

"ဟော့ . . . မင်းတို့ဂူထဲကို အရမ်းမဝင်ကြနဲ့ဦး၊



ခဏကလေးစောင့်နေဦး"

တစ်ယောက်က အမိန့်သံပါပါဖြင့် တားဆီးလိုက်သည်။

ဒုစရိုက်ညီနောင်ထဲမှ တစ်ဦးဖြစ်သော တော်မီ၏အသံ။

ဖုံလွှင့်ကာ လွင့်နေသော မြေမှုန့်များက လုံးနေသည်။ တစ်စထက်တစ်စ ထိုမြေမှုန့်များ လွင့်ပြယ်ပျောက်ဆုံးသွားသောအခါကျမှ . . .၊

အလုပ်သမားတစ်စုက မဆင်မခြင် ပြေးဝင်လာခဲ့ကြသည်။

တစ်နေရာတွင် သက်ရှိသတ္တဝါသုံးဦးက ငြိမ်သက်စွာဖြင့် ရပ်ကာဝင်လာကြသူများကို စိုက်ကြည့်နေကြသည်။

ထိုသူများသည် ဆူးတို့ကိုမြင်တွေ့ကြသည်နှင့် တစ္ဆေဝိညာဉ်များကို မမျှော်လင့်ပဲ တွေ့လိုက်ကြသလို ချွတ်တရက် အံ့အားသင့်သွားခဲ့ကြသည်။

မျက်နှာတွေကလည်း သွေးဆုတ်သွားခဲ့ကြသည်။

"အား၊ စေတန်၊ စေတန်"

အထိတ်တလန့်ဖြင့် အော်ဟစ်ပြီး ဂူအပြင်ကို

www.burmeseclassic.com



ထွက်ပြေးကြလေတော့သည်။

"ဟော့ကောင်တွေ . . . ဘာဖြစ်လာကြတာလည်း ကွ၊"

"တစ္ဆေ တစ္ဆေ . . . သုံးကောင်၊ ပိရမစ်ထဲမှာ ကျွန်တော်တို့ကို စိုက်ပြီးတော့ကြည့်နေကြတယ်၊ မျက်နှာကြီးတွေက ကြောက် . . . ကြောက်စရာကြီး၊"

အာရပ်အလုပ်သမားခေါင်းဆောင်က ပါးစပ်ထဲက အမြှုပ်များပင် ထွက်နေကာ တုန်တုန်ရင်ရင်ဖြင့် ပြောလိုက်သည်။

"ဟာကွာ၊ မင်းတို့မဟုတ်တာတွေကို လာပြောနေကြတယ်၊ မဖြစ်နိုင်တာ၊ ဒီပိရမစ်ကြီးထဲမှာ တစ္ဆေတွေက ရှိနိုင်မတဲ့လားကွ၊ မင်းတို့ မျက်စိမှားတာဖြစ်ပါလိမ့်မယ်၊

"မ . . . မဟုတ်ဘူး၊ တစ်ကယ့်ကိုမြင်ခဲ့ကြရတာပါ၊ တစ္ဆေမှတစ္ဆေအစစ်၊ မယုံရင် သူတို့ကိုမေး ကြည့်ပါ"

ကျန်သူများကလည်း မှန်ကန်ကြောင်း တညီတညွတ်တည်း ခေါင်းညိတ်ကြသည်။ ထိုစဉ် . . . ဂျင်း နက်သည်



သေနတ်တစ်လက်ကိုကိုင်ကာ အနားကို ရောက်လာပြီး . . .

"ဘာလည်းကွ၊ ဘာဖြစ်နေကြတာလဲ၊ ဂူပေါက်လည်းပွင့်နေကြပြီပဲ၊ အထဲကိုဝင်ကြလေကွာ"

"သူတို့ဂူထဲကို ဝင်ပြီးကြပြီ ၊ အထဲမှာ တစ္ဆေတွေ့လို့တဲ့ကွာ၊ ချက်ချင်းပဲ ပြန်ထွက်လာခဲ့ကြတယ်"

"ဘာကွ၊ တစ္ဆေဟုတ်လား၊ မဖြစ်နိုင်တာ၊ ဘာတစ္ဆေမှမရှိဘူး၊ စိတ်ထဲက အလိုလိုချောက်ချားနေကြတာ၊ ဝင်မှာသာဝင်ကြ"

ဂျင်းနက်က တိုက်တွန်းသော်လည်း မည်သူတစ်ယောက်ကမှ မဝင်ရဲကြပေ၊

"ဂျင်းနက်၊ သူတို့ကို စည်းရုံးလို့ရမှာမဟုတ်တဲ့အတူတူ ငါတို့နှစ်ယောက်က ရှေ့ကနေဝင်ကြမှဖြစ်မယ်၊ ဒါမှ လိုက်ပြီးဝင်လာကြမှာ . . ."

"နေဦး၊ ငါပါ . . . လိုက်မယ်"

ခပ်လှမ်းလှမ်းမှာ အခြေအနေကို အကဲခတ်ကာစောင့်ကြည့်နေသော မဟူရာလက်မည်းကြီး၊

သို့မဟုတ် . . . သောမတ်၊

သူ့ရဲ့ဝဲဘေး၊ အကျင့်စရိုက်အတိုင်း ပြုံးသနာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာလျှင် အေးဆေးစွာဖြင့် နားထောင်နေတတ်ပြီး မှ ဘာလုပ်ရမည်ကို ဆုံးဖြတ်လေ့ရှိသူ။

သေနတ်ကိုကိုင်ပြီး တစ်လှမ်းချင်းလျှောက်လာသည်။ ထို့နောက် အားလုံး၏ရှေ့မှ ထွက်သွားသည်။ ပွပွနွေးနွေး ဖြိုဖျက်ပြီးသော တံခါးပေါက်မှ ဝင်သွားခဲ့လေသည်။

သောမတ်ဝင်သွားခဲ့သည်နှင့် တော်မီနှင့်ဂျင်းနက်တို့သည်လည်း ကပ်ပြီးလိုက်ပါသွားကြသည်။ တစ်ကယ်တော့ ... သောမတ်ကို သူတို့စိတ်မချကြ။

ဆရာဆိုပေမယ့် ဖျံကျပြီး အထဲမှာအဖိုးတန် ပစ္စည်းတစ်ခုခုကို လွယ်လင့်တကူတွေ့ခဲ့ပါက နေရာရွှေ့လိုက်မှာကို စိုးရိမ်ရသည်။

နောက်တစ်ချက်က ရတနာများကြောင့် လောဘဇောတက်ကာ တစ်ယောက်တည်း အပိုင်စီးလိုသည် စိတ်ဖြင့်ကျန်လူများကို ဖျောက်ပစ်မှာစိုးရသည်။

မဟူရာလက်မည်းကြီးက အကျင့်မကောင်း၊ ရက်စက်သည်၊ ကောက်ကျစ်တတ်သည်။

---



အပြင်မှ အလင်းရောင်ကြောင့် ဂူထဲမှာ လင်း လင်း ချင်းချင်းနှင့်မြင်နေရသည်။

သို့သော် ...

အတွင်းဘက်မှာတော့ ပကတိမှောင်နှင့်မည်း မည်း။

သောမတ်သည် ဂူအနေအထားကို ပတ်ချာလှည့်ပြီး ကြည့်လိုက်သည်။

အစပ်နားမှာတော့ ဘာမှမရှိ။

ဖာရိုဘုရင်၊ မင်းသမီး၊ မိဖုရားတစ်ပါးပါး၏ဂူသချိုင်း ထိုဟာမျိုး၊ ရွှေမျက်နှာဖုံးနှင့် အုတ်ဂူဟာလိုမျိုး သူတွေ့ရ လိမ့်မည်ဟု မျှော်လင့်ထားသည်။

ခုတော့ မျှော်လင့်ထားသလို ဖြစ်မလာ၊

သောမတ် စိတ်မလျှော့ပါ၊

ထိုအရာတွေသည် အစပ်နားမှာ မရှိကြသည့်တိုင် အထဲမှာတော့ရှိကြမည်မှာမလွဲ။

များစွာသော ပိရမစ်တို့သည် ထိုနည်းနှင့် ရှိနေကြသည်။ အဓိကကျသော ဂူများကို ပိရမစ်ကြီးများ၏ ချိုးဝှက်သော နေရာများမှာ ဝှက်ထားတတ်ကြသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သောမတ်သည် လက်ထဲမှာ သေနတ်ကတစ် ဖက်၊ လက်နှိပ်ဓာတ်မီးက တစ်ဖက်ကိုင်ကာ အထဲကို သတိထားပြီး ဝင်လာခဲ့သည်။

သူ၏နောက်မှ တော်မီနှင့် ဂျင်းနက်တို့သည် သေနတ်များကိုင်ကာ ကပ်ပြီးပါလာခဲ့ကြသည်။

"ဝိုး"

"ဖြောင်း"

ရုတ်တရက် လေထဲမှ လွင့်မျောလာသော သစ်သားချောင်းအပိုင်းကြီးတစ်ခု သူတို့၏ ခေါင်းပေါ်မှ ကျော်ဖြတ်သွားသည်။ နံရံကို ဖြောင်းကနဲ ထိမှန်ကာ အောက်သို့ကျသွားသည်။

"ဟာ"

အားလုံးသော ခြေလှမ်းများသည် နေရာမှာပင် တန့်သွားကြသည်။ အခြေအနေကို သူတို့ မစဉ်းစားတတ်အောင် ဖြစ်သွားကြသည်။

သို့သော် . . .

အလုပ်သမားများ၏ရှေ့မှာ ကူနွံမပျက်နေလိုက်ကြပြီး . . .



"ဘာမှကြောက်စရာ မလိုဘူး။ ဒါမတော်တဆဖြစ်တဲ့ကိစ္စတစ်ခုပဲ၊ဒီအထဲမှာ သက်ရှိဆိုလို့ ငါတို့က လွဲပြီး ဘယ်သူမှမရှိနိုင်ဘူး၊ အလကားနေရင်း တွေးပြီးကြောက်မနေကြနဲ့"

"ဟုန်း"

ပြောရင်းဆိုရင်း ကျောက်ခဲလုံးကြီး တစ်လုံးသည် အောက်သို့ ပြုတ်ကျလာခဲ့ပြန်သည်။

သောမတ်သည် အသံကြားလိုက်ရသည့်နေရာဆီသို့ ချိန်သန်းပြီး ပစ်ခတ်လိုက်သည်။

"ဒိုင်း . . ဒိုင်း"

ပြောဆဲသော ပြောလိုက်သည်။ သူလည်း အနည်းငယ်တော့ ထိတ်လန့်လာခဲ့လေပြီ၊ သို့သော် ချက်ချင်းမှာပင် ပြန်ပြီး ဆည်နိုင်ခဲ့သည်။

တော်မီနှင့် ဂျင်းနက်တို့မှလွဲ၍ အလုပ်သမားများက တော့ ခြေလှမ်းတွေကို ရှေ့ဆက်မကြတော့ပေ။

အတွင်းဘက်ကတော့ မှောင်ရီသန်းလာပြီ ဖြစ် သည်။ ပင်ကွင်းသည် ဝိုးတဝါးဆဲလာခဲ့သည်။

သူတို့သုံးယောက်သည် လက်နက်အားကိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းလျှောက်လာခဲ့ကြသည်။ သောမတ်၏ လက်နှိပ်ဓာတ်မီးအလင်းရောင်သည် အရာဝတ္ထု တစ်ခုစီသို့ရောက်သွားခဲ့သည်။

ရုပ်ကြီးတစ်လုံး . . .

ဖာရိုဘုရင်တစ်ဦး၏ လဲလျောင်းနေရာ . . .

သူတို့၏ မျက်လုံးတွေသည် အေးစက်တောက်ပြောင်သွားခဲ့ကြသည်။

ခြေလှမ်းတွေက တိုင်ပင်ထားသလိုပင် ခပ်သွက်သွက်ပင် လျှောက်သွားခဲ့ကြသည်။

ရုပ်၏အနီးသို့ ရောက်သွားခဲ့ကြသည်။

သူတို့ တွေ့လိုက်ရသည်မှာ ပုံတူပြုလုပ်ထား သော ဖာရိုဘုရင်တစ်ဦး၏ ခေါင်းတလားကြီး၊ ကျောက် ခေါင်းကြီး၏ အဖုံးသည် ဘုရင်လဲလျောင်းနေသည့် သဏ္ဌာန်ပင် ဖြစ်သည်။

သောမတ်၊ တော်မီနှင့် ဂျင်းနက်တို့သည် ရုပ်၏ တစ်ဖက်တစ်ချက်ဆီမှာ ဝန်းရံလိုက်သည်။

ခေါင်းတလားကြီးသည် လူပုံသဏ္ဌာန်ပြုလုပ် ထား ထင်ရှားစွာတွေ့မြင်လိုက်ကြခြင်းဖြစ်သည်။ မရဲတရဲဖြင့် ကိုင်တွယ်လိုက်သောအခါ အဖုံးသည် အနည်းငယ်လှုပ်ရှား



သွားသည်ဟု ထင်မိသည်။ ရင်ထဲမှာလည်း ထိတ်ကနဲဆို ဖြစ်သွားကြသည်။

သို့သော် . . .

လောဘစိတ်ဖြင့် . . . အဖုံးကြီးကို မကြည့်ရန် စိတ်ဆန္ဒများ ပေါ်လာခဲ့ကြသည်။ သေနတ်များကို အိတ်များထဲမှာ အသီးသီးထည့်လိုက်ကြပြီး ခေါင်းတလားကြီး၏အဖုံးကို သုံးယောက်အတူမလိုက်ကြသည်။

"ကျွီ"

ဖာရိုဘုရင်၏ မျက်နှာသည် လှုပ်ခတ်သွားသည်။ တကယ်တော့ ထင်သလောက်မလေးပဲ အဖုံးသည် အပေါ်ကို ကြွတက်လာသည်။ သောမတ်က သူတို့နှစ်ယောက်ကို မျက်နှာရိပ်မျက်နှာကဲပြုပြီး အဖုံးကိုဘေးသို့ချထားလိုက်လေသည်။ ခေါင်းတလားထဲကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်တော့ . . .

"ဟင်"

တစ်ပြိုင်တည်း ထွက်ပေါ်လာသော အာမေဍိတ်သံများ။ ကြည့်ပါ၊ ခေါင်းတလားထဲမှာ လဲလျောင်းနေသူမှာ ကြပ်စည်းထားသော မမ္မီကြီးမဟုတ်ပဲ၊ အသားမည်းမည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တစ်ဦးဖြစ်နေသည်။ သူသည် အသားမည်းအီဂျစ်ဘုရင် ဖာရိုဘုရင်ဖြစ်နိုင်ပါမည်တဲ့လား။

လက်နှစ်ဖက်ကို ဘေးသို့ချထားသည်။ ပြီးတော့ သူဝတ်ထားသည့် အဝတ်အစားများက ယခုခေတ် ဘောင်းဘီနှင့်အကျႌများသာ ဖြစ်နေသည်။ အံ့ဩစွေ ဝေမဆုံးဖြစ်နေကြစဉ်မှာပင် . . .

အသားမည်းဖာရိုဘုရင်၏ မျက်လုံးအစုံသည် ရုတ်တရက်ပွင့်လာသည်။ ထို့နောက် သေနတ်ကိုင်ထားသော ဖာရိုဘုရင်၏လက်က သောမတ်၏လည်ပင်းကို ဆတ်ကနဲဆို ထောက်လာခဲ့သည်။

"ဟင် . . . ဒါ ဒါ"

သောမတ်သည် ကျောချမ်း ဓါးပြမှန်းသိလိုက်ရလေပြီ ခေါင်းစာလားထဲမှလူသည် ဖာရိုဘုရင်တစ်ပါးမဟုတ်၊ သူသိ လိုက်ရသည်။

တော်မီနှင့်ဂျင်းနက်တို့သည်လည်း အခြေအနေကို ရိပ်စားမိသွားခဲ့ကြသည်။ သေနတ်တွေဆီကို လက်တွေက ရောက်သွားခဲ့ကြသည်။

"ဟော့ တစ်ယောက်မှမလှုပ်ကြနဲ့၊ လက်နက်တွေ



ကိုကိုင်ဘို့ မကြိုးစားကြနဲ့နော်"

စူးရှသောအသံတစ်သံက ရုတ်တရက် ထွက်ပေါ် လာခဲ့သည်။ ကျောဘက်မှထွက်ပေါ်လာသော အသံပင် ဖြစ်သည်။ ရန်သူက လက်ဦးထားပြီမို့ သူတို့မလှုပ်ရဲ အောင်ဖြစ်သွားခဲ့ကြသည်။

သောမတ်သည် သူကြားလိုက်ရသည်က မိန်းခလေး တစ်ယောက်၏အသံ ဖြစ်နေသည့်အတွက် အံ့အားသင့်သွား ခဲ့ရသည်။ ကလီယိုပါထရာကျွန်းပေလားဟု။

သို့မဟုတ် . . . ထိုအသံပိုင်ရှင်သည် သေမင်း တမန် ဆူး . . .၊ သို့မဟုတ် လေပွေမဖြစ်ခဲ့လျှင် . . .

သူ့တစ်ကိုယ်လုံးရှိ အကြောအချင်များသည် တောင့်တင်းသွားခဲ့ရသည်။ တော်မီနှင့်ဂျင်းနက်ကတော့ သူတို့ကိုပုလိပ်တွေက ဝိုင်းထားခဲ့ပြီဟု ထင်မိလိုက်ကြသည်။

ဤသို့သာဆိုလျှင်တော့ ထွက်ပေါက်ကိုရှာရတော့ မည်။ ထွက်ပေါက်ဆိုတာထက် ပြေးပေါက်ဆိုသည်က ပိုရှိ မှန်ကန်ပေလိမ့်မည်။

သောမတ်၊ တော်မီနှင့်ဂျင်းနက်တို့သည် နိုးနိုးကပ် ကပ်အနေအထားမှာ ရှိနေကြသည်။ စောစောက ထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာသောအသံသည် တော်မီနှင့်ဂျင်းနက်တို့၏ညာဘက်မှဖြစ်သည်။

နောက်ထပ် လူနှစ်ယောက်က ရှိနေသေးသလား မသိ၊ သူတို့သုံးယောက်စလုံးသည် သည်အတိုင်းအဖမ်းခံကြမည့်သူများမဟုတ်ကြ၊ နာမည်ရှိနေကြသော ဒုစရိုက်သမားများဖြစ်ကြသည်။

သို့သော် . . . လောလောဆယ်မှာတော့ ရန်သူ့လက်ထဲသို့ သူတို့ကျရောက်နေကြပြီ၊ ခေါင်းတလား ထဲမှဖာရိုဘုရင်အတု၊ ဂျက်ဖီသည် သောမတ်၏နဖူးကို သေနတ်ဖြင့်ထောက်ထားရင်းက တဖြည်းဖြည်းထလာသည်။

မဟူရာလက်မည်းကြီးကတော့ နည်းနည်းလေးမှ မလှုပ်သာပြီ၊ သည်တစ်ခါတော့ ဥပဒေ၏လက်တွင်းသို့ကျရောက်ရတော့မည်ဖြစ်သည်။ လက်ငင်းအခြေအနေမှာတော့၊ သူဘာမှမလှုပ်နိုင်၊ လှုပ်ပင်မလှုပ်ရဲ။

သူ့နဖူးကိုထောက်ထားသည့် သေနတ်ပြောင်းဝမှ ကျည်ဆံက အချိန်မရွေး ထွက်လာနိုင်သည်။ ကြံရာမရဖြစ်နေသောအခါမှာ ဖောချွေးများပင်ပြန်လာခဲ့ရသည်။

ရန်နောင်သည် ဆူး၏ဘယ်ဘက်မှာရှိနေပြီး သူတို့



သုံးယောက်စလုံးကို ကျောဘက်ကနေမိမိရရ ဆုပ်ကိုင်ထားကြသည်။

ဂျက်ဖီသည် သောမတ်၏နဖူးကို သေနတ်ဖြင့်ထောက်ထားရင်းက ခေါင်းတလား၏အပြင်ဘက်ကို ခုန်ဆင်းလိုက်သည်။ ထိုမဆိုစလောက် အချိန်ကလေးကို သောမတ်က အခွင့်ကောင်းယူလိုက်သည်။

လွန်စွာမှသွက်လက်သော သူ၏လက်က အကျီရင်ဘတ်ကြားထဲကို ရောက်သွားသည်နှင့် . . .

"ဒုတ်"

"အား"

သူ၏အရှိက်ထဲကို ဒူးတစ်ချက်က ပြင်းထန်စွာဝင်သွားခဲ့သည်။ မထင်မှတ်ပဲ ခံလိုက်ရ၍ နာကျင်သောဝေဒနာကို ခပ်မြက်မြက်ကလေးခံစားလိုက်ရသည်။ ပါးစပ်ထဲမှလေတွေလည်း အန်ပြီးထွက်သွားခဲ့ရသည်။

သောမတ်၏ခါးမှာ ကုန်းသွားခဲ့ရပြီးမျက်နှာက ဂျက်ဖီနှင့်နီးကပ်သွားခဲ့ရသည်နှင့် . . .

"ဒုတ်"

သေနတ်ဒင်သည် သူ၏ယေ်ထိပ်တည့်တည့်ပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါင့်ကျလာခဲ့သည်။ သောမတ်၏မျက်လုံးတွေထဲမှာ အရောင်မျိုးစုံထွက်သွားခဲ့ရသည်။ ထို့နောက် ဂျက်ဇီ၏ ကိုယ်ပေါ်ကို ငိုက်ကျလာသည်။ ဂျက်ဇီက သူ့ကိုယ်လုံးကြီးကို ခေါင့်တွန်းပစ်လိုက်သည်။

ယင်းသို့ဖြစ်သွားသည့် အချိန်သည်ဇကျွန့်ပိုင်းသာ သာလောက်ပဲရှိမည်။ သောမယ် မှုပ်ရှားလိုက်သည်နှင့် တော်မီနှင့်ဂျင်းနက်တို့သည်လည်း သူတို့၏လက်ထဲသို့ သေနတ်များရောက်လာအောင် ကြိုးစားလိုက် ကြသည်။

နှစ်ယောက်စလုံး၏ လက်တွေက ခါးကြားထဲမှ သေနတ်များကိုထုတ်ယူရန် ကြိုးစားလိုက်ကြသည်နှင့်

"ဒိုင်း"

"ဒိုင်း"

"အား"

"အား"

ပိရမစ်ကြီးထဲမှာ ကျယ်လောင်သော သေနတ်သံများက ဟိန်းပြီး ထွက်သွားခဲ့ကြသည်။ တော်မီနှင့်ဂျင်းနက် တို့၏လက်ခံများပေါ်သို့ ကျည်တစ်တောင့်စီက ထိုးဖောက်



သွားခဲ့ကြသည်။

ရန်နောင်နှင့်ဆူးတို့က သူတို့လိုချင်သော ပစ်မှတ် ဆီကို ပစ်လွှတ်လိုက်ကြခြင်းပင်၊ အပွဲပွဲနွှဲလာခဲ့ကြသော တော်မီနှင့်ဂျင်းနက်တို့သည် တစ်ခါမှ အနာတရမဖြစ်ဖူးခဲ့။ သူတို့ကို ယခုလိုဆော်ထည့်လိုက်ကြသည့် သူများကို ဒေါသတကြီးဖြင့် လှည့်ကြည့်လိုက်ကြစဉ်မှာ. . .

သဏ္ဌာန်တစ်ခုက လေထဲမှာခုန်ပျံပြီးရောက်လာ ခဲ့သည်။ လျှင်မြန်လွန်းလှ၍ ကာကွယ်မို့အချိန်ပင် မရ လိုက်ကြ။

"ဖြောင်း"

"ခွပ်"

"အား"

"အား"

ဆူး၏ခြေများနှင့် ဒူးတိုက်ကွက်များသည် တော်မီ နှင့်ဂျင်းနက်တို့၏ မေးရိုးနှင့်မျက်နှာဆီကို အသီးသီးဝင် သွားခဲ့ကြသည်။

ဆူးက မိန်းမသားပေပင် မြန်မာ့ရိုးရာသက်ဝေ့ ညာကိုလည်း ကောင်းစွာသင်ထားသည်။ တော်မီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဂျင်းနက်တို့ မြိုးမြိုးမြက်မြက်ကလေး ခံစားသွားခဲ့ကြသည်။ နွားတစ်ကောင်၏အကန်ကို ခံလိုက်ရသလို နေရာမှလွင့်ထွက်သွားခဲ့ကြသည်။

မြေပြင်ပေါ်ကိုဘုံးကနဲလဲအကျမှာ ဆူးက သူတို့နှစ်ယောက်ကို ဆောင့်ဆွဲ၍ပူးကပ်ပစ်လိုက်သည်။

"ဂျောက်"

"ဂျောက်"

လက်ကောက်ဝတ်များအသီးသီးပေါ်သို့ လက်ထိပ်တစ်ခုက ကျလာခဲ့သည်။ လက်ထိပ်တစ်ခုတည်းနှင့် ပူးခတ်ပစ်လိုက်သည်။

နှစ်ယောက်စလုံးသတိလစ်ချင်သလို ဖြစ်သွားကြ ကာ မြေပြင်ပေါ်မှာ ညည်းညူ၍ လိမ့်နေကြသည်။

ဝရမ်းပြေး၊ လူသတ်သမား၊ ဒုစရိုက်သမားများကို ဆူးက ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို ဖမ်းပြလိုက်သည်။

ဂျင်းနက်က အရင်သတိရလာခဲ့သည်။ သူက သူ ကိုယ်သူ ဘာဖြစ်သွားမှန်းပင် မသိလိုက်၊ အနားမှာ ခပ်ကား ကားမတ်တပ်ရပ်နေသော မိန်းခလေးတစ်ယောက်၏



မှန်ဝါးဝါးမျက်လုံးများဖြင့် မြင်လိုက်ရသည်။

"နင် ... နင် ... ဘယ်သူလဲ"

"ငါလား၊ နင်တို့ရဲ့သေမင်းတမန်၊ လေပွေမ"

"ဟင်၊ လေ ... လေပွေမ၊ ဟုတ်လား"

ဂျင်းနက်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"လေပွေမ၊ နင်ငါတို့ကို ဒုက္ခပေးပေါင်းများလှပြီ၊ နင့်ကိုငါ ... သတ်မယ်၊ ငါသတ်မယ်"

ဂျင်းနက်၏ခြေထောက်က ပက်လက် အနေအထား ကပင် လေပွေမကို ကန်ရန်ကြံလိုက်သည်နှင့်

"ဒုတ်"

"အား"

ဆူး၏ဖိနပ်ခြေဦးက ပေါင်ရင်းခွကြားထဲသို့ အရှိန် ပြင်းစွာဖြင့် ရောက်သွားသည်။ ဂျင်းနက် ငယ်သံပါအောင် အော်လိုက်သည်။ မျက်ဖြူဆိုက်သွားသည်။ လေပွေမ အကြောင်းကို အဝေးကသာ ကြားဖူးနေသည်။ ကိုယ်တိုင် တွေ့တော့ မဆုံးဖူးခဲ့၊ အခုတော့ ...

နဖူးတွေ့၊ ဒူးတွေ့ ကြုံရမှသာ အီနေအောင် သွားခဲ့ရသည်။ ဂျင်းနက်တို့ကတော့ လန့်သွားမှဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ စွာကျယ်စွာကျယ်နှင့် လက်ရဲဇက်ရဲ ရှိလှသော ဂျင်းနက်၊ အခုတော့ ငရုတ်ဆုံထဲထည့်ကာ အထုအထောင်းခံလိုက်ရပြီ၊ သတိလစ်နေဆဲဖြစ်သော တော်မီကတော့ သက်သာသွားသည်။

ရန်နောင်သည် . . .

ဆူးကိုသည်အတိုင်း အေးအေးဆေးဆေး ကြည့်နေခဲ့သည်။ ဆူး၏အရည်အချင်းကို သူကောင်းစွာသိသည်။

သောမတ်သည် အိပ်ပျော်နေရာမှ လန့်ပြီးနိုးလာသလို ဂယောက်ဂယက်နှင့် ဖြစ်နေသည်။ လက်နှစ်ဖက်စလုံးကို လက်ထိပ်နောက်ပြန် ခတ်ထားသည်။

"သော်မတ်၊ ငြိမ်ငြိမ်လေးနေ၊ အခုချိန်အခါမှာ ငါက စိတ်ရှည်နေသေးတယ်၊ ငါစိတ်တိုလာရင်တော့ မလွယ်ဘူး"

"မင်း . . . မင်း . . . ဘယ်သူလဲ"

"မင်း၊ မေးစရာမလိုဘူး၊ ဒါပေမယ့် သိချင်ရင်တော့ ပြောပြမယ်၊ ငါ့နာမည်ကဂျက်ဖီ . . . ."

"ဂျက် . . . ဂျက်ဖီ"

သောမတ် နှံရုံနှင့်ကျောကပ်သွားသည်။



ဂျက်ဖီဆိုသူမှာ အခြားသူမဟုတ်၊ ဒုစရိုက်သမားတွေကို ခပ်ကြမ်းကြမ်းကိုင်တွယ်တတ်သူ၊ သူနှင့်တွေ့လျှင် ကျားရှိုင်းတစ်ကောင်နှင့် တွေ့တာထက်ပင်ဆိုးသေးသည်။

"ဒါ . . . ဒါဆို"

"သူ . . . အဖမ်းခံရပြီပေါ့ . . ."

"ပြီးတော့၊ ရှိသေးတယ်၊ ဟိုမှာ ကြည့်စမ်း ဘယ်သူလည်းလို့ . . ."

ဂျက်ဖီက တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ သောမတ်ကလည်း လှည့်ကြည့်မိလိုက်သည်။ အလင်းရောင်ဆိတ်ပီနေရာမှာ ရပ်နေသောသဏ္ဌာန်တစ်ခု၊ သူမသည် ဆူး။

ဆူး . . . ။

သူမ၏လက်ထဲမှာ သေနတ်ကို ကိုင်ထားသည်။ တစ်လှမ်းချင်းလျှောက်လာသည်။

သောမတ်သည် ဆူးကို မြင်လိုက်ရသော မျက်လုံးအစွ ပြူးထွက်သွားခဲ့ရသည်။

"ဟင် . . . လေ . . . လေပွေမ . . ."

နှုတ်ကလည်း အံ့အားသင့်စွာဖြင့် ဆိုမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြရပြန်ပြီ၊ လေပွေမနှင့် သူ ရေစက်စုံကြပြန်ပြီ၊ သူ့ကိုယ်သူလည်း မကျေမနပ် ဖြစ်သွားမိသည်။ ဒါလောက် ထက်မြက်သည့် မိန်းခလေးနှင့် ဝေးရာမှာ သူဘာဖြစ်လို့ မနေနိုင်ပါလိမ့်။

ဒါမှမဟုတ်၊

သူ . . . ဘယ်နေရာကိုပဲ ရောက်ရောက်၊

လေပွေမက လိုက်လာနိုင်ပါလား။ ခြေရာကောက် ကောင်းလွန်းလှသည့် မိန်းခလေးတစ်ယောက်။ သူ့ စိတ်ထဲ ချီးမွမ်းဖြစ်အောင်၊ ချီးမွမ်းလိုက်မိသည်။

"ရှင် ဘယ်လောက်ပြေးပြေး ဘယ်နေရာကိုရောက် ပြီး ဘာတွေပဲလုပ်လုပ်၊ ကျွန်မတို့က အကုန်သိ တယ် . . . သောမတ်၊ ဟိုတစ်ခါ သင်္ဘော မှာတုန်းက ရှင်ထွက်ပြေးသွားတာ၊ ကျွန်မတ ညံ့လို့လွတ်သွားတာ မဟုတ်ဘူး။ ရှင့်ကိုယ်ရှင် သိ အထင်ကြီးမနေနဲ့ . . . "

"အေး . . . ငါ . . . နင်တို့လက်ခုပ်ထဲက နေပြီး ကြိုက်သလို လုပ်နိုင်တယ်"

သောမတ်က ဒေါသတကြီးဖြင့် ပြန်ပြောလိုက်သည်



တစ်ကယ်တော့ ခဲတစ်လုံးနှင့် ငှက်သုံးကောင်ကို ဖမ်းမိ သွားခြင်းပင် ဖြစ်သည်။

သောမတ်ကို လွှတ်ပေးလိုက်ခြင်းဖြင့် ဒုစရိုက်ညီ နောင်များဖြစ်ကြသော တော်မီနှင့် ဂျင်းနက်တို့ကိုပါ မိအောင် မ်းနိုင်ခဲ့သည်။ ငါးမြှားချိတ်မှာ ငါးလာဟပ်အောင် သွေး ဆောင်လိုက်ခြင်းဖြင့် ကျန်ငါးနှစ်ကောင်ကပါ လာရောက်၍ ဟပ်ကြသည်။

ရန်နောင်သည် . . . .

တော်မီ၏ ပခုံးကို ပုတ်လိုက်ပြီး . . . .

"ငါ့ကိုကော မင်းသိလား"

"မင်းကဘယ်သူလဲ"

"အေး ၊မင်းတို့က ငါ့တို့ကို ရန်သူလို့ သဘောထား နေကြတဲ့ ရန်နောင်ဆိုတာ ငါပဲကွ"

ကြားလိုက်ရသည်နှင့် သောမတ် မျက်ဖြူစိုက်မတတ် သွားခဲ့ရသည်။

ရန်နောင်ဆိုသူ၊ သူသည် တစ်ကမ္ဘာလုံးကို မွှေပြီး တစ်ကယ့်လူဆိုး ထိပ်သီးများကိုမှ လိုက်လံဖမ်းဆီးနေသူ။ အသွင်အမျိုးမျိုးနှင့် လှုပ်ရှားနေသူ။

www.burmeseclassic.com

www.burmeseclassic.com



သေးသေးမွှားမွှားအမှုမျိုးကို မကိုင်တွယ်၊ တကယ့် ထိပ်သီးရာဇဝတ်ကောင် အတော်များများကို ဖမ်းပြီး ထောင်ထဲသို့ ထည့်ပေးခဲ့သူ၊ သို့မဟုတ် ကြိုးစင်သို့ ပို့ပေးနိုင်ခဲ့သူ၊

သည့်သုံးကောင်ပေါင်းမိမှတော့၊ ကွက်လပ် ဆိုတာ ဘယ်မှမမြင်၊ ရှားရှားပါးပါး တစ်နေရာတည်းမှာ စုပြီးတော့ လာတွေ့ကြရသည်။

''သည့်မှာ သောမတ်၊ မင်းဟာဖူးဝမ်ချူးရဲ့ဒုစရိုက် လုပ်ငန်းတွေကို တိုက်ရိုက်လုပ်ပေးနေတယ် ဆိုတာ ငါတို့သိတယ်၊ ဖူးဝမ်ချူး ဘယ်မှာ ရှိတယ်ဆိုတာ ပြောစမ်း''

''မင်းတို့မှားနေပြီ၊ ငါဖူးဝမ်ချူးနဲ့ လုံးဝအဆက် အသွယ်မရှိဘူး၊ ငါအလုပ်ငါလုပ်နေတာ၊ဖူးဝမ်ချူး နဲ့ဘာမှမပက်သက်ဘူး၊ သူ့ကိုငါမြင်လည်း မမြင်ဖူးဘူး၊ သိလည်းမသိဘူး''

''အေးလေ၊ မင်းကတော့၊ ဘယ်လိုပဲမေးမေး ဘူးတစ်လုံးနဲ့ ကာကွယ်နေမှာပဲ၊ ရပါတယ်၊ မင်းမပြောလည်း ဖူးဝမ်ချူးဘယ်မှာရှိတယ်ဆိုတာ ငါတို့ဖာသာငါတို့ရှာနိုင်တယ်၊ ကဲဂျက်ဖီ သူတို့



သုံးယောက်ကို လွှဲထားလိုက်ရင်ပိုပြီး ကောင်းမယ် ထင်တယ်''

ဂျက်ဖီက အထူးပြုလုပ်ထားသော လက်ထိပ် ်ခုံကို အကျီကြားထဲက ထုတ်ယူလိုက်ပြီး သုံးယောက် ုံကို လွှဲလိုက်သည်။

အလုပ်သမားများမှာ ပိရမစ်ထဲမှာ မထင်မှတ်ပဲ တွေ့လိုက်ရသည်များကြောင့်ထိတ်လန့်ကာထွက်ပြေး သပြီ၊ သူတို့ကို အမှုပတ်မှာ စိုး၍ထင်ပါသည်။ တစ်ဦး ယောက်မှ မရှိကြတော့။

သုံးယောက်စလုံးကို အပြင်သို့ဆွဲခေါ်လာခဲ့သည်။

---

တရားခံသုံးယောက်ကို တင်ဆောင်လာသော ာားကြီးတစ်စင်းသည် သဲကန္တာရထဲမှာ တရိပ်ရိပ်ဖြင့် နေသည်။ ကားမောင်းသူက ဂျက်ဖီ။

ဤကားသည် သောမတ်ကို အသုံးပြုသော င်ဖြစ်သည်။ သူတို့သုံးယောက်ကို ဂျစ်ကားနှင့် ပါတွဲပြီး ်ထိပ်ခတ်ထားလိုက်သည်။

ရန်နောင်နှင့် ဆူးတို့က တစ်ဖက်တည်းမှာကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာခဲ့လေသည်။

ဇော်မီနှင့် ဂျင်းနက်သည် ပတ်ဝန်းကျင်၏ အခြေ အနေကို ကြည့်ပြီး ... မကျေမနပ်နှင့် လိုက်ပါ လာခဲ့ကြသည်။ စိတ်ဓာတ်တွေကျလွန်း၍ စကားပင် မပြောနိုင်ကြတော့။

တရားခံများကို လေဆိပ်သို့ အရောက်ပို့ရမည် ဖြစ်သည်။

သူတို့ သုံးယောက်စလုံးသည် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ဉာဏ်နီဉာဏ်နက်တွေ ထုတ်ကာ ကြံစည်နေကြမှာပဲ ဖြစ်သည်။

သို့သော် ...

လွတ်လမ်းကတော့ ဘယ်မမြင် ...!

ဂျက်ဖီသည် လမ်းကျွမ်းကျင်သူ ဖြစ်သည့် အတိုင်း ကားကို သွက်သွက်ကလေး မောင်းလျက်ရှိသည်။

ဆူး၏နားထဲမှာ အသံတစ်ခုကို ကြားနေရသလို အသံလာရာဆီသို့ မှန်းဆပြီး ကြည့်လိုက်သည်။

လွန်စွာမှ အားကောင်းလှသော မှန်ပြောင်းထဲ အစက်အပြောက်မည်းမည်းလေး တစ်ခုကပေါ်လာသည်။

...ကို မှန်ပြောင်းပေးလိုက်သည်။



ရွှေ့လျားနေသော အစက်အပြောက်ကလေး တစ်ခု ကို မြင်လိုက်ရသည်။

ရဟတ်ယာဉ်တစ်စီး ...

အမြီးရှည်ကော့ကော့ကြီးနှင့် ...!

ဘာလည်းတော့မသိ၊ ရိုးရိုးသားသားလား၊ မရိုး မသားလား၊ သတိတော့ထားနေကြရသည်။

ဇော်မီကိုကလည်း အမြင်တစ်နေရာကို လှမ်းပြီး ကြည့်လိုက်ကြသည်။ ရဟတ်ယာဉ်က ဝေးလွန်း၍ သူတို့၏ မျက်လုံးတွေနှင့် မမြင်နိုင်။

ကားသံ၊ အင်ဂျင်သံကြားမှ သီးခြားအသံတစ်ခုကို အာရုံခံနိုင်ခြင်းသည် ဆူး၏ထက်မြက်မှုတစ်ခုပင် ဖြစ်သည်။

ကုန်တင်ရဟတ်ယာဉ်ကြီးလည်း ဖြစ်နိုင်သည်။

ဒါမှမဟုတ် ...

မှောင်ခိုလား၊ ရာဇဝတ်ကြောင်းနှင့် မကင်းသည့် သူတွေလား၊ တစ်ခုခုပဲ။

သည်ရဟတ်ယာဉ်ကြီးက အခြားလမ်းကြောင်း က မသွားပဲ၊ ဘာဖြစ်လို့ တို့နောက်တည့်တည့်က လိုက်လာရတာ လဲ ...။

www.burmeseclassic.com

www.burmeseclassic.com



ဆူးသည် ထိုရဟတ်ယာဉ်ကို သက်ာမကင်း ဖြစ်

ခဲ့သည်။

"ကိုနောင် . . . ကြည့်စမ်း"

ရန်နောင်ကလည်း ဆူးပေးသည့် မှန်ပြောင်း

လှမ်းယူပြီး ရဟတ်ယာဉ်ဆီကို လှမ်း၍ကြည့်လိုက်သည်။

ရန်နောင်ကြည့်လိုက်သော အချိန်တွင် ရဟ

ယာဉ်သည် တဖြည်းဖြည်းနီးလာခဲ့လေပြီ။

မြင်ကွင်းထဲတွင် ရဟတ်ယာဉ်ကြီးပေါ်မှ လူမျ

ထင်ထင်ရှားရှား မြင်လိုက်ရသည်။

စုစုပေါင်းသုံးယောက် . . . !

ရဟတ်ယာဉ်အဝမှာ ထိုင်နေသော သူသည် ဖြူ

သော အသားရောင်ရှိသည်။ ပြာသော မုတ်ဆိတ်မွေးရှည်

များနှင့် ဖြစ်သည်။

ရန်နောင်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားခဲ့သ

"ဖူးဝမ်ချူး"

ဆူးက . . . ဆတ်ကနဲဆို လှမ်းကြည့်လိုက်သည

"ဖူးဝမ်ချူး ဟုတ်လား"

"ဖြစ်နိုင်တယ်၊ သူဖြစ်နိုင်တယ်"



ဂျက်မီသည် သူတို့ပြောနေကြသည့် စကားကို

ကြားနေရသည်။ စက်အားကို မြှင့်ပြီးတိုး၍မောင်းသည်။

"ဝူး . . . ဝေါ . . . ဝေါ"

ကားတာယာများက သဲပြင်ပေါ်မှာသွားနိုင်သည်။

အထူးပြုလုပ်ထားသော တာယာများပင် ဖြစ်သည်။

သို့သော် . . .

ရဟတ်ယာဉ်ဝါဝါကြီး၏ စက်အားက ဗို၍ကောင်း

နေသည်။ သူတို့နောက်ကို တရကြမ်းပင် လိုက်လာနေ

လေပြီ။

ကျိန်းသေပြီ။

ထိုရဟတ်ယာဉ်သည် သူတို့ကို တိုက်ခိုက်ရန်

နောက်မှတောက်လျှောက်လိုက်လာခဲ့ခြင်း ဖြစ်သည်။

အကာအကွယ် ကင်းမဲ့လျှက်ရှိသော သဲကန္တာရ

ကြီးထဲမှာ အပေါ်မှရန်သူကို လွတ်အောင်ရှောင်တိမ်းဖို့ဆိုတာ

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

သို့ဆိုလျှင် . . .

လည်စင်းခံကြမှာလား ဆိုတော့လည်း ဆူး၊ ရန်နောင်

တို့ရဲ့ရာဇဝင်မှာ ထိုသို့ထုံးစံမျိုးမရှိခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့က

ရန်သူတို့ လက်ဦးအောင်တွယ်မှ ဖြစ်တော့မည်။ မဟုတ်လျှင် ရန်သူက အရင်လက်ဦးသွားနိုင်သည်။

ကားပေါ်မှာပါလာခဲ့ကြသော တရာခံသုံးယောက် ကတော့ သူတို့အက်မှ အကူရောက်လာ၍ အူမြူးသွား ကြသည်။

"ဖူးဝမ်ချူး"

သောမတ်က အသံကျယ်ကျယ်ဖြင့် ဟစ်အော်လိုက် ပြီးသူ၏လက်တစ်ဖက်ကို သတိလက်လွှတ်ဖြင့် လှုပ်ရှား ဖို့ယမ်းပြမည် ပြုသည်။ သို့သော် ကား၏ကိုယ်ထည်နှင့် တွဲပြီး လက်ထိပ်ခတ်ထားသဖြင့် ထိုအခါကျမှ သတိရသွား ကျိန်ဆဲမိလိုက်သည်။

ဝေဘ်မီနှင့်ဂျင်းနက်တို့ကလည်း သူတို့၏ လက်ထ ကို စောင့်ရှုန်းကြသည်။

"မင်းတို့ ငြိမ်ငြိမ်နေကြနော်၊ မဟုတ်ရင် ခေါင်း ကို ကျည်တစ်တောင့်စီ ပစ်ထည့်လိုက်မယ်၊ မင် တို့ကို အရှင်ခေါ်မသွားနိုင်လည်း ပြဿနာမဟုတ် ဘူး ..."



ရန်နောင်က သေနတ်နှင့်ချိန်ပြီး ပြောလိုက် တော့မှ ငြိမ်သွားကြသည်။

ရဟတ်ယာဉ်ပေါ်မှာ လိုက်ပါလာသော သူကို တစ်စုံ တစ်ရာလှမ်းပြီးတော့ ပြောလိုက်သည်။

ထိုသူက စက်သေနတ်တစ်လက်ဖြင့် အောက်သို့ တရစပ်မွှေကာ ပစ်ထည့်လိုက်သည်။

"ဒက် ... ဒက် ... ဒက် ... ဒက်"

ကျည်ဆံများသည် ကားပေါ်မှ ဖောက်သွားကြ သည်။ တစ်ချို့သဲထဲကို နစ်မြုပ်သွားကြသည်။

"တောက် ... မင်းတို့ပထွေးက မင်းတို့ကို ပါသေအောင် တိုက်ခိုက်နေတာကွ၊ တွေ့တယ် မဟုတ်လား ..."

ရန်နောင်က ထိုသို့ပြောလိုက်မှ သောမတ်တို့ သည် တုန်လှုပ်သွားခဲ့ကြသည်။

ဆူးသည်တစ်ခုခုပြန်ပြီး တုန်ပြန်တော့မှ ဖြစ်တော့ မည်ကို သိသွားခဲ့သည်။

"ကိုနောင်၊ အင် ..."

ဆူးက အချက်ပေးလိုက်သည်။ သူမ ... ကြားထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရှည်သေနတ်တစ်လက်က လျှပ်တပြက်ဆိုသလို ထွက်လာခဲ့သည်။ အထူးပြုလုပ်ထားသော သေနတ်ပင်ဖြ သည်။ ရန်နောင်သည်လည်း ဆူးနှင့်အတူ သေနတ်ကို ဆွဲထုတ်လိုက်သည်။

ရဟတ်ယာဉ်က သူတို့နှင့် အထက်ပေ၅၀လော အကွာအဝေးမှာ ရှိနေသည်။

ဖူးဝမ်ချူးက အောက်ကိုလက်ညှိုးထိုးကာ အမိ တွေပေးနေသည်။ ပစ်သည့်လူကလည်း ကျည်ကပ်တွဲကြီး စက်သေနတ်များ အတွဲလိုက်ချိတ်ပြီး တရစပ်မွှေကာ ပစ်ခ နေသည်။

"ဒက် ... ဒက် ... ဒက် ... ဒက်"

ဂျက်ဖီသည်ကားကို မြွေလိမ်မြွေကောက် မောင် သည်။ ယခုထက်ထိ ကံကောင်းနေသည်က ကျ တစ်တောင့်တစ်လေသော်မှ သူတို့ကို မထိသေး။

အပေါ်မှပစ်ခတ်သူက နောက်ကျည်ကပ်တွဲကြီး လဲနေစဉ် ...!

ထိုအချိန်ပိုင်းလောက်လေးမှာ

ဆူးနှင့်ရန်နောင်တို့၏ သေနတ်ပြောင်းဝမှ ကျည်



တောင့်စီသည် ဆောင့်ပြီးထွက်သွားခဲ့ကြသည်။

ဒိုင်း ...

ဒိုင်း ...

ကျည်တစ်တောင့်ဆီသည် လိုရာပစ်မှတ် အသီးသီး စီသို့ ရောက်သွားသည်။

ဘယ်တောင့်က ဖူးဝမ်ချူး၏ လက်မောင်းကို။

နောက်တစ်တောင့်က သေနတ်သမား၏ ကိုယ်ထဲကို ဖောက်ပြီးတော့ ဝင်သွားသည်။

အား ...

ထိုသေနတ်နှစ်လက်သည် သတ်မှတ်ချက်ပိုသော ပစ်မှတ်များကို မှန်းဆအကွာအဝေးနှင့် တွက်ချက်ပြီး လျှပ်တပြက်ပစ်ခတ်လိုက်ရသည်။ သေနတ်ကလေးသော်လည်း ကျင့်သားရပြီးသော လက်များက တည်ငြိမ်လျှက် ရှိသည်။

သေနတ်သမားသည် သေနတ်နှင့်အတူ အောက် သို့ထိုးကျလာခဲ့သည်။

ရုတ်တရက်မို့ ဖူးဝမ်ချူးသည်ပင် အံ့အားသင့်သွာ ခဲ့ရသည်။ သူလည်း ဒဏ်ရာရသွား၍ ဒေါသ ထွက်သွားပုံ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကောင်းနေသော ဘယ်လက်က တစ်စုံတစ်ရာကို ဆုပ်ကိုင်ပြီး ကားဆီသို့ပစ်ထည့်လိုက်သည်။

မည်းမည်းအလုံးလေးတစ်လုံးက . . .

ရဟတ်ယာဉ်ပေါ်မှ ကျလာခဲ့သည်။

"ဝုန်း"

ဂျက်ဖီက ကားကို ကွေ့ကာစိုက်ကာ လုံးပစ်လိုက်သည်။ ပစ်မှတ်ကလွဲချော်သွားပြီး သဲပြင်ပေါ်မှာပင် ပေါက်ကွဲသွား၏။ ဂျက်ဖီ၏ နှုတ်မှ အယုတ္တ အနတ္တ ဆဲဆိုသံများက ထွက်ပေါ်လာသည်။

မည်းမည်းအလုံးလေးများက ဆက်တိုက်ဆိုသလို ကျလာခဲ့သည်။

"ဝုန်း"

"ဝုန်း"

သဲများသည် ဖွာစင်ပြီး လွင့်ထွက်သွားခဲ့သည်။ ကားပေါ်မှ လူများသည် အသည်းတယားယားနှင့် ရှိနေကြသည်။ ဖူးဝမ်ချူးသည် သူပစ်လိုက်တိုင်း တလွဲတစ် ချော်ဖြစ်နေရသည့်အတွက် ဒေါသထွက်နေသည်။



ရဟတ်ယာဉ်မောင်းသည့်သူကလည်း ကားနောက်က ထပ်ချပ်မခွာ လိုက်လေ့ရှိသည်။

ဖူးဝမ်ချူးသည် သူ၏ကိုယ်ရံကြီးအတွင်းမှ ရွှေရောင်သေနတ်တစ်လက်ကို ထုတ်လိုက်ပြီး အောက်ကို နှစ်ချက်ဆင့်ကာ ပစ်ထည့်လိုက်သည်။

ဒိုင်း . . .

ဒိုင်း . . .

ကားထဲမှ တော်မီ၏ကိုယ်လုံးသည် တွန့်ကနဲ ဖြစ်သွား၏။ လည်ပင်းကို လွတ်နေသော ဘယ်လက်ဖြင့် ယောင်ယမ်းပြီး ကိုင်လိုက်သေးသည်။

"သောမတ်၊ ကျုပ်ကို ထိသွား၊ လက်စသတ်တော့ ဖူးဝမ်ချူးက ကျုပ်တို့ကိုပါ ရှင်းပစ်လိုက်တာပဲ"

ထိုသို့ပြောပြီး ကိုယ်လုံးက ဘေးကိုပစ်ကျသွားခဲ့သည်။

သွားပြီ . . .။

တော်မီတစ်ယောက်ကတော့ဖြင့် မပြန်လာနိုင်းကို မြန်းခဲ့ပြီဖြစ်၏။ ရဟတ်ယာဉ်သည် သူတို့နှင့်ခေါင်းပေါ် ပေနှစ်ဆယ်အကွာလောက်က ကပ်ပြီးထိုးဝင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အတင့်ရဲလိုက်သည့် ဖြစ်ခြင်း။

ဖူးဝမ်ချူး၏ မျက်နှာကို အနီးကပ်မြင်လိုက်ရ သည်။ ဆူး သေနတ်ကိုင်လက်ကို ကျန်လက်တစ်ဖက်ဖြင့် ထိန်းကာ အတည်ငြိမ်ဆုံထားပြီး ကျည်တစ်တောင့်ဆီကို ပစ်လွှတ်လိုက်သည်။

"ဒိုင်း"

"ဒိုင်း"

"အား"

ကျည်တစ်တောင့်သည် ရဟတ်ယာဉ်မှန်ကို ခွဲပစ်လိုက်ကာ မောင်းသူကို မှန်သွားသည်။

တစ်တောင့်က ရဟတ်ယာဉ်၏ နောက်မြီးပိုင်း တစ်နေရာကို မှန်သွားသည်။

ဖူးဝမ်ချူးသည် ရဟတ်ယာဉ် မောင်းသမားကို လှည့်ကြည့်လိုက်သောအခါ အသက်မရှိတော့၊ ရဟတ်ယာဉ်သည် မောင်းသူမဲ့သွားပြီး ယိမ်းထိုးနေသည်။

ဖူးဝမ်ချူးက အသက်ကုန်နေပြီ ဖြစ်သော ရဟတ်ယာဉ်မောင်းသမားကို တွန်းချလိုက်သည်။ အောက်သို့ ပြုတ်ကျသွားသည်။



သူကိုယ်တိုင် ရဟတ်ယာဉ်ကို ဝင်မောင်းသည်။ တ်တရက် အပေါ်သို့ပြန်ပြီး တက်အမောင်းမှာ ရန်နောင် ာ လက်ကိုမြှောက်ပြီး ကျည်တောင့်တွေကို ဆက်တိုက် စ်လွှတ်လိုက်သည်။

"ဒိုင်း"

"ဒိုင်း"

ရဟတ်ယာဉ်၏ နောက်ပိုင်းမှ မီးတောက်တစ်ခု ထွက်လာသည်။ ဖူးဝမ်ချူးမျက်လုံးပြူးသွားသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ရဟတ်ယာဉ်က ပေါက် ကွဲပြီး ပျက်စီးတော့မည် ဖြစ်သည်။ သူဘာလုပ်ရမည်နည်း။

ရဟတ်ယာဉ်သည် မီးလောင်နေရာမှ ကားပေါ်သို့ တ်တရက် ထိုးကျလာသည်။

"တောက် . . . ယုတ်မာပြီ"

ဂျက်ဖီသည် ကားကိုအသားကုန်မောင်းပြေးရသည်။

ပြုတ်ကျလာသလို ပစ်ကျလာသော ရဟတ်ယာဉ် သည် သဲပြင်ပေါ်ကို ရောက်သည်နှင့် . . .၊

ဝုန်း . . .၊

ပေါက်ကွဲသွားလေတော့သည်။ ထိုအချိန်တွင် ကား

www.burmeseclassic.com

သည် ရဟတ်ယာဉ်နှင့် အတော်ခပ်ဝေးဝေးကို ရောက်နေခဲ့လေပြီ၊ ဂျက်ဖီက ကားကိုရပ်လိုက်သည်။

ဆူးသည် ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ရဟတ်ယာဉ် မီးလောင်နေရာစီသို့ ပြေးသွားသည်။

ဖူးဝမ်ချူး ရဟတ်ယာဉ်ထဲမှာ ပါသွားလေသလား။ သို့မဟုတ် လွတ်ထွက်သွားလေသလား သိချင်နေသည်။ အတော်ခပ်လှမ်းလှမ်းကနေရပ်ကြည့်နေပြီး စူးလက်သော မျက်ဝန်းတွေကို အလုပ်ပေးလိုက်သည်။

ပုန်းခိုစရာမရှိ၊ ကျယ်ပြန့်သော သဲပြင်ကြီးပေါ်မှာ ဖူးဝမ်ချူး၏ အရိပ်အယောင်ကိုသော်မျှ မတွေ့ရတော့ပါ။

ရန်နောင်လည်း ဆူးဆီကိုရောက်လာခဲ့သည်။

"ဖူးဝမ်ချူးကတော့၊ မီးထဲကိုပါသွားပြီထင်တယ်"

"ဒါပေမယ့် ဒီလူကြီးက သိပ်ပြီးဉာဏ်များတယ်။ သတိတော့ ထားရမယ်"

အတန်ကြာ . . .

သူတို့နှစ်ယောက်နောက်ကြောင်းကို ပြန်လာခဲ့ကြသည်။

ထိုစဉ်



မီးဟုန်းဟုန်းတောက်နေသော ရဟတ်ယာဉ်၏ နောက်ကွယ် သဲများဖုံးနေသော သဲကျွန်းတစ်ခုသည် လွန့်လူးကာ လှုပ်ရှားလာသည်။

မတ်တပ်ထရပ်လိုက်သောအခါ . . .

ကိုယ်ရုံဝါဝါကြီးနှင့် ဖူးဝမ်ချူး၏သဏ္ဍာန်က ပေါ်လာခဲ့သည်။ သူ၏လက်ထဲမှာတော့ ရွှေသေနတ်ကို ကိုင်ထားသည်။ လက်မောင်းမှာလည်း ဒဏ်ရာရထားသည်။

ဖူးဝမ်ချူး၏ မျက်နှာသည် ဒေါသဖြင့် ခက်ထန် ကြမ်းတမ်းနေသည်။ သူ၏ခြေထောက်တွေက သန်မာသေးသည်။ ဆူးတို့ဆီကို တဟုန်ထိုးပြေးလာခဲ့သည်။

"ရန် ွင် နောက်မှာ"

ဂျက်ဖီက လှမ်းရှအော်လိုက်သည်။

ဖူးဝမ်ချူးသည် သူတို့ကို သေနတ်ဖြင့်လှမ်းချိန်နေလေပြီ . . .။

ရန်နောင်နှင့်ဆူးသည် ကိုယ်ကို ချာကနဲလှည့်ပစ်လိုက်ကာ

"ဒိုင်း"

"ဒိုင်း"

www.burmeseclassic.com



"အား"

ဖူးဝမ်ချူးသည် နွားတစ်ကောင်အကန်ခံလိုက်ရ သလို နောက်ကိုလွင့်ထွက်သွားသည်။ သဲပြင်ပေါ်ကို ပစ်ကျသွားပြီးမှ ငြိမ်သက်သွားသည်။

နှစ်ယောက်စလုံး ဖူးဝမ်ချူးဆီကို လျှောက်သွားခဲ့ကြသည်။ သေနတ်တွေကိုတော့ သေနတ်နှင့် ချိန်ထား သည်။

ဖူးဝမ်ချူးသည် ပက်လက်အနေအထားတွင် ရှိနေသည်။ သူ၏ရွှေသေနတ်ကတော့ ငါးပေအကွာလောက်တွင် ရောက်နေသည်။

တစ်ကယ်ပဲ တည်ငြိမ်သော မျက်နှာနှင့် သေဆုံးနေပြီဖြစ်သည်။ ဆူး၏ဘယ်လက်က ဖူးဝမ်ချူး၏ မျက်နှာဆီသို့ ရောက်သွားခဲ့သည်။ မျက်နှာကို ဆွဲခွာပစ်လိုက်သည်။

ဖူးဝမ်ချူးမဟုတ်သော ဖူးဝမ်ချူးတစ်ယောက် ထင်တဲ့အတိုင်းပဲ၊ ဖူးဝမ်ချူးမဖြစ်နိုင်ဘူး ဆိုတာ . . .၊

ရန်နောင်သည် ရွှေသေနတ်ကို ကောက်ယူလိုက်၏။

ဖူးဝမ်ချူးရဲ့လက်တံတွေက ရှည်လျားတယ်၊ သည်ဘူကြီးကို မမိနိုင်မချင်းတော့ အေးဦးမှာ မဟုတ်ဘူး။



တရားခံများဖြစ်ကြသော သောမတ်နှင့် ဂျင်းနက်တို့ကို ကိုင်ရှိလေဆိပ်မှာ စောင့်ဆိုင်းနေကြသော မှုခင်းအထူးပုဂ္ဂိုလ်များထံသို့ အပ်နှံလိုက်သည်။

"မစ္စတာရန်နောင်နဲ့ ဆူးတို့ရဲ့ စွမ်းဆောင်ချက်ကတော့ လက်ဖျားခါလောက်ပါပေတယ်ဗျာ၊ သည်လို အရေးကြီးတဲ့ တရားခံတွေကို တစ်တွဲလုံး မိအောင် ဖမ်းပေးခဲ့တာ"

"ဂျက်ဖီသာ သူတို့ရှိတဲ့နေရာကို သိမသွားရင်၊ ခုလိုမိဘို့ ဘယ်လွယ်ဦးမှာလည်းဗျာ၊ ဂျက်ဖီရဲ့ စွမ်းဆောင်ချက်ကလည်း အများဆုံးပါပါတယ်"

"အေး ဗျာ၊ ခင်ဗျားတို့သုံးယောက်တွဲမိကြ မှတော့ သည်ကောင်တွေ ပြေးလမ်းပိတ် ကုန်ကြ တာပေါ့"

တော်မီကတော့ သေကျန်ခဲ့ပြီ ဖြစ်၏။

ဖူးဝမ်ချူးကတော့အတု . . .၊ သူတို့ကို မျက်စိ ပြည့်သွားသည်။

"ကဲ . . . ဂရုစိုက်ပြီးတော့သာ ခေါ်သွားကြပေါ့ဗျို့"

လက်ဆွဲပြီးနှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေယာဉ်ဖြင့် တင်ဆောင်ကာခေါ် သွားခဲ့ကြလေ၏။

---

မိမိတို့ တည်းခိုရာ . . .

တည်းခိုရာ အသီးသီးကိုပြန်ရောက်လာခဲ့ကြသည်။

ယူထားကြသည်ကား တစ်ရောက်တစ်ခန်းစီ၊

ဆူးသည် မိမိ၏အခန်းသို့ ပြန်ရောက်သောအခါ ရေချိုးခန်းထဲသို့ဝင်ပြီး မျက်နှာကို ရေဆွတ်လိုက်သည်။

ထို့နောက် . . .

နသယ်စပ်နေရာမှ အရည်ပြားအတုကို တဖြည်းဖြည်း ခွာချလာသည်။ နောက်ဆုံးကွာကျသွားသောအခါ နဂိုရုပ်သွင်သည့် ပြန်၍ပေါ်လာခဲ့လေ၏။

ရန်နောင်နှင့်ဂျက်ဗီတို့သည်လည်း မျက်နှာပေါ်မှ အရည်ပြားအတုများကို အသီးသီး ခွာပစ်လိုက်ကြသည်။

အေးဂျင့်မှ အထူးပြုလုပ်ထားသော မျက်နှာဖုံးအတုများပင် ဖြစ်သည်။

ထိုမျက်နှာဖုံးမျိုး တစ်ဒါဇင်ခန့်ကို ယူလာခဲ့ကြသည်။ တစ်ယောက်ကို မျက်နှာဆယ့်နှစ်မျက်နှာဖြင့် လှုပ်ရှားနိုင်သည်။



တစ်နေရာပြီးတစ်နေရာသို့ ပြောင်းလဲ သွားခဲ့ကြသော်လည်း ဆယ့်နှစ်မျက်နှာဖြင့်အသွင်ပြင် အမျိုးမျိုးရှိနေခဲ့ကြသော သူတို့ကို မည်သူကမှ မှတ်မိ နိုင်ကြမည်မဟုတ်ပါ။

ထို့အပြင် . . .

သူတို့သုံးယောက်စလုံး၏ မူလရုပ်သွင်ကိုလည်း မည်သူကမှ မမြင်ဖူးကြပါ။

ဆယ့်နှစ်လွှာ မျက်နှာအထဲမှာ မူလမျက်နှာ အသစ်တွေက ရောနှောနေကြသည်။

သုံးယောက်စလုံး ဂျက်ဗီ၏အခန်းထဲမှာ ဆုံမိကြသည်။

ဂျက်ဗီက မှန်ကိုလက်မှာကိုင်ကာကြည့်ရင်း

''ငါ့မျက်နှာကို အခုမှပဲ မြင်ဘူးတော့တယ်ကွာ၊ မှတ်တောင်မမှတ်မိချင်တော့ဘူး''

''မင်းရဲ့မျက်နှာက ဘာမှမထူးခြားပါဘူးကွာ၊ နဂိုကတည်းက မည်းမည်းသဲသဲ၊ ခုလည်း မည်းမည်းသဲသဲ''

''နည်းနည်းတော့ ထူးခြားပါတယ်ကွ၊ မျက်ပေါ်က ကျဉ်းအောင်၊ နှာခေါင်းပွအောင်၊ ပါးစပ်ပြဲအောင် ပြုပြင်ဖြစ်လို့ရတာပဲဟာ၊ ဟော ဆူးကျတော့

www.burmeseclassic.com



ဘယ်လို ရုပ်မျိုးပဲဖြစ်ဖြစ်၊ ကြည့်ကောင်းနေပြန်ရော”

“မနာလိုမဖြစ်နဲ့ ဂျက်ဖီ...၊ ဟွန်း...”

ဆူးက ဆံပင်များကို ဖြီးသင်ရင် မျက်စောင်းလေးထိုးကာ ပြောလိုက်သည်။

“မနာလို မဖြစ်ပါဘူးဗျာ၊ ဒါပေမယ့် ဘုရားသခင်က မိန်းကလေးတွေကို ပိုပြီးတော့ မျက်နှာလိုက်တယ် ထင်တယ်”

“ဂျက်ဖီ မင်းလည်းဆူးလို မျက်နှာဖုံးလှလှလေးတွေတတ်ပြီး လျှပ်ရှားပေါ့ကွ”

“ဘာလည်း မင်းကငါ့ကို အခြောက်လုပ်နိုင်းမလို့လား”

“နေပါစေတော့ကွာ၊ မောင်ပစ္စကလို၊ ဘုန်းကညာ တပါး လုံးရာကပြားနေပါဦးမယ်”

“အံမယ်၊ မင်းလည်း တော်တော်စတတ်နေပြီပဲ”

“မင်းတို့နဲ့ ပေါင်းမိမှ ဒါလောက်ကတော့ ရှိမှာပေါ့ကွာ”

“ဖူးဝမ်ချူးကတော့ သူ့တစ်မျက်နှာတည်းကို ပုံထုလုပ်ပြီး ကိုယ်ပွားတွေ ထားထားတာကွ၊ သည်လူကြီး



တော်တော်ဉာဏ်များတယ်”

“ဂျက်ဖီ၊ ဘယ်လောက်ပဲ ဉာဏ်များများ နောက်ဆုံးမှာတော့ သူ့ရဲ့အကြံအစည်တွေမှန်သမျှ ပျက်ရတာပဲမဟုတ်လား”

“အေးဒါတော့မှန်တယ်၊ ငါတို့က ဒုစရိုက်သမားတွေထက် အမြဲတမ်းသာနေရမယ်ကွ၊ ဒါမှ သူတို့ရဲ့ အကြံအစည်တွေကို ဖျက်စီးပစ်နိုင်မှာ”

စကားပိုင်းသည် ခဏတော့ တိတ်ဆိတ်သွားခဲ့လေ၏။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဖူးဝမ်ချူး . . .

ကမ္ဘာ့ရာဇဝတ်ကောင်ကြီး။

ဒုစရိုက်ဂိုဏ်းပေါင်းစုံကို ထိန်းချုပ်ကာ အမိန့် ပေးပြီး လုပ်ရှားစေသူ။ ထို့အပြင် . . . လူသားအကျိုးပြုလုပ်ငန်း များကိုလည်း အမိန့်ပေးပြီး အဖျက်လုပ်ငန်းများကို လုပ်နေသူ။

ဖူးဝမ်ချူး၏ ပစ်မှတ်များသည် စောစောပိုင်းက ထိရောက်ခဲ့သော်လည်း ယခုတော့ တလွဲတချော်တွေဖြစ် ခဲ့ရသည်။

ဆူးတို့ကြောင့် သူ၏လမ်းကြောင်းများသည် ပစ်မှတ်



ဆီကို မရောက်ခဲ့ကြ။ ဒုစရိုက်သမားများက အမည်ပေးထား ကြသော ဆူး (သို့မဟုတ်) လေပွေမကို ဖူးဝမ်ချူးလုံးဝ အခဲမကျေ။

လေပွေမကြောင့် သူ့အားအထားရဆုံးသော သူ များသည်လည်း တစ်ယောက်ပြီးတစ်ယောက်ဆိုသလို ဥပဒေ ၏ လက်တွင်းသို့ ကျဆင်းခဲ့ကြရလေပြီ။

ဖူးဝမ်ချူးသည် ကုလားထိုင်ထက်မှာထိုင်ကာ တီဗွီ ဖန်သားပြင်ကို စူးလက်သောမျက်လုံးအစုံဖြင့် စူးစိုက်ကာ ကြည့်နေသည်။

သောမတ်နှင့် ဂျင်းနက်တို့ကို ဖမ်းဆီးလာခဲ့သည့် မြင်ကွင်း။ သတင်းထုတ်လွှင့်ရေးဌာနက ချက်ချင်းပင် ထုတ် လွှင့်ပေးသည်။ ထို့အပြင် ဒုစရိုက်သမားများကို ရန်နောင်၊ ဆူးနှင့်ဂျက်ဖီတို့၏ ပြောင်မြောက်သော စွမ်းဆောင်မှုဖြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်းကိုပါ ထုတ်လွှင့်ကြေငြာထားသည်။

"ဖူးဝမ်ချူး၏ ဒေါသသည် အထွတ်အထိပ်ကို ရောက်သွားခဲ့ရသည်။ သည်နတ်ဆိုးတွေကို ဘယ်သူမှ မသုတ်သင်နိုင်ဘူးလား၊ နန်စီ၊ သူ့ကို ငါလွှတ် လိုက်တာကြာပြီ၊ သူအခု ဘယ်ရောက်နေသလဲ၊

www.burmeseclassic.com

www.burmeseclassic.com



လေပွေမနဲ့တွေ့လို့ ကိစ္စများချောသွားပြီလား''

သူသည်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ၏ကိုယ်ပွားများကို နေရာအနှံ့ လွှတ်ထားသည်။ သူ၏အရည်အချင်းများကို ကိုယ်ပွားတို့၏ ဦးနှောက်များထဲသို့ ထည့်ထားပေးသည်။

သို့သော် လေပွေမကို၂၄ ~ွ့လိုက်ရသည်နှင့်တင် တစ်ယောက်ပြီးတစ်ယောက် ကိစ္စချောကြလေတော့သည်။

''ဖူးဝမ်ချူးကို ဘယ်သူကမှ ဒါလောက်ထိ မစော်ကားနိုင်ကြဘူး။ ဒါ သူတို့အတွက် နောက်ဆုံး စော်ကားခြင်းပဲဖြစ်ပါစေ၊ တစ်ကောင်ပြီး တစ်ကောင် မျိုးဖြုတ်ပစ်မယ်''

သူ၏အသံသည် တုန်ရီနေသည်။ ကိုယ်လုံးသည်လည်း တဆတ်ဆတ်ဖြင့် တုန်ခါနေသည်။ ဖူးဝမ်ချူးသည် တဖြည်းဖြည်းဖြင့် ပြုံးလာသည်။ မျက်ပေါက်ကျဉ်းကျဉ်းလေးထဲမှ မျက်လုံးတစ်စုံသည် ရက်စက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ကို ဖော်ပြနေသည်။

သူ့မှာ လက်ပါးစေတွေ အများကြီးရှိသေးသည်။ လက်သပ်မွေးထားသော အဆင့်မြင့်လက်ပါးစေတွေကို တစ်ယောက်ပြီးတစ်ယောက် ထုတ်သုံးရပေတော့မည်။



သူကိုယ်တိုင်လည်း အန္တရာယ်တွေ ဝိုင်းနေသည်ကိုသိသည်။ သူ့ကိုကမ္ဘာ့ရာဇဝတ်ကောင်ကြီးဟု သတ်မှတ်ထားကြသည်။ အသေရရ၊ အရှင်ရရ မြောက်များစွာသောဆုငွေများဖြင့် ငါးစာချထားသည် မဟုတ်ပါလား။

''တောက် သည်ကောင်တွေကို ဖမ်းမိသွားကြ ရင်ငါ့ရဲ့ လုပ်ရပ်တွေကို ဖော်ထုတ်ကြတော့မှာပဲ၊ မဖြစ်ဘူး။ သူတို့ကို ရှုံးမတင်မီ အပြတ်ရှင်းမှ''

**မှောင်နိုရာဇာတွမ်**ကို ရှင်းပစ်ခဲ့စဉ်က **နန်စီ**ကို အသုံးချခဲ့သည်။ ယခုနန်စီမရှိတော့၊ သူမအစားတစ်ယောက်ယောက်ကို စေလွှတ်ရပေမည်။ ဖူးဝမ်ချူးသည် ဖုန်းကိုကောက်ကိုင်လိုက်သည်။ ဒုစရိုက်လုပ်ငန်းတစ်ခုထဲ မှာ နိုအောင်းနေသော **စတီး**ကို သူခဏတော့ ပြန်ခေါ်ရမည်ဖြစ်သည်။

စတီးဘယ်လိုကောင်စားမျိုးလည်းဆိုတာ ဖူးဝမ်ချူး တစ်ယောက်သာလျှင် ကောင်းကောင်းသိထားသည်။ ဖူးဝမ်ချူးသည် တစ်စုံတစ်ခုကို စဉ်းစားရင်း သူ၏မုတ်ဆိတ်ရှည်ကြီးများကို လက်ဖြင့်သပ်ကာ အားရကျေနပ်လျက်ရှိသည်။

www.burmeseclassic.com



မိုးထိမြင့်မားသည်ဟု တင်စားရလောက်အောင် လွန်စွာမှမြင့်မားသော တိုက်ကြီးတစ်လုံး၊ ထိုတိုက်ကြီး၏ ထိပ်ဆုံးတွင် ဘောလုံးကွင်းအလတ်စားတစ်ခုပမာ ကျယ်ပြန့်သော မြက်ခင်းအတုကြီးတစ်ခုကို ဖန်တီးထားသည်။

စိမ်းလန်းသောမြက်ခင်းပြင်ကြီး၊ မြက်ခင်း၏အလယ်မှာ ရေကူးကန်လေးတစ်ခုကလည်းရှိသေးသည်။ ကောင်ပေါ်က အိုအေစစ်လေးတစ်ခုရယ်လားဟု ထင်ရလောက်အောင် ပုံးများဖြင့်ထည့်ကာ စိုက်ထားသော ထင်းရှူးပင်အပုလေးများကလည်း ရေကူးကန်ပတ်ပတ်လည်မှာ ဝိုင်းရံထားကြသည်။

တစ်ယောက်သော သူသည် ဒရင်းဘက်တစ်ခုပေါ်မှာ လဲလျောင်းနေသည်။ နေကာမျက်မှန်နက်ကြီးကို တပ်ဆင်ထားသည်။ ပါးပြိုင်းမွေးများ ထူထပ်စွာပေါက်နေ၍ သူ့အသက်သည် ရှိရင်းစွဲထက်ပိုပြီး ကြီးနေပုံရသည်။

အမှန်ကတော့ လေးဆယ်ပင်မပြည့်သေး။

သူ့အမည်က **ရှော**... ।

သူဤတိုက်ကြီးပေါ်မှာ ရှိနေသည်ကို မည်သူမျှ မသိကြ၊ ဆိုရလျှင် ရှောတစ်ယောက် ဤလိုနေရာမျိုး မှာ တိမ်းရှောင်နေသည်ကို ပုလိပ်တွေက မသိနိုင်ကြပါ။



သူသည် သက်ဆိုင်ရာမှ ဆုငွေထုတ်ထားခြင်း ခံရသော ရာဇဝတ်ကောင် တစ်ဦးဖြစ်နေသည်။ သူလို မူးယစ်ရာဇာတစ်ဦးကို သက်ဆိုင်ရာက ပိုက်စိပ်တိုက်ပြီး လိုက်ရှာလျှက်ရှိသည်။

ထို့ကြောင့် သည်လိုနေရာမျိုးမှာလည်း သိပ်ကြာကြာ ခိုအောင်းနိုင်မည်မဟုတ်၊ တစ်နေရာကိုထွက်ပြေးမှ ဖြစ်မည်။

ထိပ်တန်းပုဂ္ဂိုလ်ကြီးတွေသာ တည်းခိုနိုင်သော ဤနေရာမျိုးမှာ သူကတည်းခိုနေသည်က အပုန်းကောင်းနေသည်ဟု ထင်မိသည်။ အနံ့ခံကောင်းသော စုံထောက်တွေက ဤနေရာကို ရောက်မလာဟု မပြောနိုင်။

သူကစိတ်မြန်သူဖြစ်သည်။ လွန်ခဲ့သော တစ်နာရီလောက်က သူဘာလုပ်ရမည်ကိုချက်ချင်းဆုံးဖြတ်ခဲ့သည်။

သူပိုင် ရဟတ်ယာဉ်တစ်စီးကို အခက်အခဲအကြပ်အတည်းကြားထဲက လျှို့ဝှက်စွာလှမ်းပြီးမှာခဲ့ရသည်။

မိမိတို့ အချင်းချင်းသာသိနိုင်သည့် စကားဝှက်များကိုသာ အသုံးပြုခဲ့သည်။

နောက်တစ်နာရီဆိုလျှင် ရဟတ်ယာဉ်က ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့မည်။ သက်ဆိုင်ရာက ရဟတ်ယာဉ်ကို သတိပြုမိသည့် အချိန်တွင် သူသည်လျင်မြန်စွာလှုပ်ရှားရမည်။

ညအချိန်ဖြစ်နေ၍ လှုပ်ရှားရသည်မှာ လွယ်ကူလျင်မြန်လိမ့်မည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ထား သည်။

ဤသို့ပင် သူ့အကြိမ်ကြိမ်အခါခါ လွတ်မြောက် ခဲ့ဖူးပြီမဟုတ်ပါလား။

ရှော သည်စီးကရက်တစ်လိပ်ကို သောက်မည်ပြုပြီးမှ စိတ်လျှော့လိုက်သည်။ စီးကရက်မီးရောင်သည် သူ့အတွက် အန္တရာယ်ကို ဖြစ်နိုင်သည်။

"ရှပ်... ရှပ်...ရှပ်"

သူ့ခေါင်းသည် ရုတ်တရက်ထောင်သွားသည်။

တစ်စုံတစ်ရာ အသံတစ်ခုကို ကြားလိုက်ရသောကြောင့်ပင်၊ သူနားစွင့်လိုက်သည်။ အသံသည် ထွက်မလာတော့။ စိတ်အထင်ပဲဟု မှတ်လိုကသည်။ ခေါင်းကို ဒရင်းဘတ်ပေါ် ပြန်ပြီး ချလိုက်သည်။

"ရှပ်...ရှပ်... ရှပ်"

အသံကထွက်ပေါ်လာခဲ့ပြန်သည်။

ရှောသည် အင်္ကျီရင်ဘတ်ကြားထဲမှသေနတ်ကို ဆွဲထုတ်လိုက်သည်။



သူ့စိတ်သည် အလိုလိုချောက်ချားလာခဲ့သည်။ သူ့၏အခန်းထဲကို ပြန်၍ဝင်မည်ပြုသည်။

သို့သော် အခန်းထဲမှာထက် ဤနေရာက ပိုပြီးတော့စိတ်ချရသည်ဟု ယူဆသွားမိသည်နှင့်မသွားဝံ့တော့။

"ရှပ်...ရှပ်...ရှပ်"

အသံက ထွက်ပေါ်လာခဲ့ပြန်သည်။

"ဘယ်သူလဲ ဘယ်သူလည်းကွ၊ ဟေ"

သူ့၏အသံသည် ကျယ်လောင်စွာဖြင့် ထွက်ပေါ်သွားခဲ့ရသည်။ သတ္တိကြောင်သော အသံမျိုးဖြစ်သည်။

ဒရင်းဘတ်ပေါ်မှာ လဲလျောင်းနေရာမှ ထရပ်လိုက်သည်။ မျက်လုံးအစုံသည် ပတ်ဝန်းကျင်ကိုကျိုးကန်းတောင်မှောက် ကြည့်သလိုကြည့်သည်။

"ရှော...လက်ထဲက သေနတ်ကိုပစ်ချလိုက်စမ်း။ တစ်ကနေ့သုံးအထိ ရေတွက်လို့မှ မလုပ်ခဲ့ရင် ရှင်နာပြီမှတ်"

"ဟင်"

မိန်းမတစ်ယောက်၏အသံ။

www.burmeseclassic.com

www.burmeseclassic.com



သည်အပေါ်ကို မည့်သည့်ရန်သူက ရောက်လာပါလိမ့်။ သူ့ကို ရန်ရှာမည့် အသံမျိုးဖြစ်သည်။

"မင်းဘယ်သူလဲ၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်နဲ့ပြောနေရတာလဲ၊ သတ္တိရှိရင် အပြင်ကိုထွက်လာခဲ့ပါလား"

"တစ်၊ နှစ်၊ သုံး"

ရှော၏အမေးကို မဖြေ၊ တစ်၊ နှစ်၊ သုံး ရေတွက်သံက ထွက်ပေါ်လာခဲ့သည်။ သုံးကို ရောက်သည်အထိ ရှောက သေနတ်ကို မချသဖြင့် ...။

"ဒုတ်"

"ခလွမ်း"

ဒရင်းဘတ်ဘေး မြက်ခင်းအစပ်မှာ ချထားသည့် ဖန်ခွက်သည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့ရသည်။

အသံတိတ်ကိရိယာတပ်ထားသော သေနတ်ဖြင့် ပစ်လိုက်ခြင်းပင်ဖြစ်သည်။

"ဒုတ်"

နောက်ထပ်ကျည်တစ်တောင့်က သူ၏ ခြေထောက်နားကို လာမှန်သည်။ ရှော အလျင်စလိုဖြင့် သေနတ်ကို



ချလိုက်ရသည်။

"ရှင် ကံကောင်းသွားတယ်၊ နောက်တစ်ချက်က ခြေသလုံးကို ပစ်မိတော့မလို့ ... အဟင်း၊ဟင်း"

လေထဲမှာ ပျံ့ဝဲလာသော မည်းမည်းသဏ္ဍာန် တစ်ခုက ရှောနှင့်ဆယ်ပေအကွာလောက်ကို ဖျတ်ကနဲ ရောက်လာခဲ့သည်။

ထင်ရှားစွာမြင်နိုင်လောက်သော အလင်းရောင်အောက်သို့ ရောက်လာသူကို တွေ့လိုက်ရသောအခါ ရှောမျက်လုံးပြူးသွားခဲ့ရသည်။

မဟူရာမျက်နှာပိုင်ရှင် အမျိုးသမီး၊ တောင့်တင်းကျစ်လျစ်သော ခန္ဓာကိုယ်ပိုင်ရှင်။

"မင်း ... မင်း

"မင်း ... မင်း မဟုတ်ဘူး၊ ဂျုန်းလေ၊ ကလီယို ပါထရာဂျုန်း၊ သိပြီလား"

ရှော ... ထိုနာမည်ကို ကြားလိုက်ရသည်နှင့် ကျောထဲက စိမ့်ပြီးတက်သွားခဲ့ရသည်။

မဟူရာမင်းသမီးသည် တစ်ကယ့်ထိပ်သီးလူမိုက်၊ အစရိုက်သမားများကိုမှ မိုက်ကြေးလိုက်ခွဲနေသူ၊ သူမနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေလျှင် ပုလိပ်လက်ထဲသို့ ရောက်အောင် တနည်းနည်းဖြင့် တွန်းပို့တတ်သည်။

ရှောကြိမ်ဆဲပစ်လိုက်သည်။

"တော်တော်အနံ့ခံကောင်းသည့် ခွေးနက်မ"

"ဂျုန်း... နင်ကသည်လို မိုက်ကြေးခွဲတဲ့ အလုပ်မျိုးကိုပဲ လိုက်ပြီးလုပ်နေသလား"

"ဒါ ကျွန်မကိစ္စလေ၊ ဒီမှာရှော ရှင် ရဲတွေကို သာမျက်စိလှည့်လို့ရရင်ရမယ်၊ ဂျုန်းကိုတော့ ဘယ်တော့မှ မရဘူးမှတ်..."

သူမလက်ထဲတွင် ပြောင်လက်နေသော သေနတ်တစ်လက်၊ ရှောရင်ဝတည့်တည့်ကို ချိန်ထားသည်။ ရှောသည် ခပ်ဟက်ဟက်ကလေး ရယ်ပစ်လိုက်သည်။

"မင်းတော်တော်ထက်မြက်တဲ့ မိန်းကလေးပဲ၊ ငါနဲ့ပူးပေါင်းရင် ပိုပြီးအကျိုးရှိနိုင်တယ်"

"ရှင်ကျွန်မကို သွေးဆောင်လို့ မရဘူး၊ ဂျုန်းဟာ တစ်ယောက်တည်းပဲ လှုပ်ရှားတယ်၊ ဘယ်တော့မှ အဖော်မထားဘူး"

♛ ♛ ♛ ♛ ♛



# အခန်း(၂၀)

သူ က မျက်နှာကြောတင်းတင်းဖြင့် ပြောလိုက်သည်။

ရှောစိတ်အိုက်သွားသည်။ သူမကို မည်သို့ရှင်းပစ်ရမည်လည်းဟု ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေမိသည်။

ရဟတ်ယာဉ်ကလည်း လာကာနီးနေပြီဖြစ်သည်။

အကြီးအစည်အောင်မြင်ကာနီးမှ မထင်မှတ်သော အနောက်အယှက်က ဝင်လာခဲ့၍ ဒေါသမီးက ဟုန်းခနဲ ဆို တောက်လောင်သွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှော၊ ရှင်ဟာ ဥပဒေကို ကျောခိုင်းပြီး ဒုစရိုက်လုပ်ငန်းတွေ အများကြီးလုပ်ခဲ့တယ်၊ ကိုယ့်အကျိုးစီးပွားအတွက် လူတွေကိုလည်း အများကြီးသတ်ခဲ့တယ်၊ သေသွားတဲ့လူတွေထဲမှာ ဥပဒေဘက်တော်သား တချို့လည်းပါတယ်"

"မင်း ဘာလိုချင်တာလည်းပြောပါ၊ ငါပေးမယ်"

"ရှင့်ကို ဒေါ်လာနှစ်သန်းဆုငွေထုတ်ထားတယ်၊ အသေရရ၊ အရှင်ရရ၊ အတိအကျသတင်းပေး နိုင်ရင် တစ်သန်း"

"ပြောပါ၊ မင်းဘယ်လောက်လိုချင်သလည်းလို့"

"ရှင်၊ ထွက်ပြေးဘို့အစီအစဉ်လုပ်ထားတယ် မဟုတ်လား၊ အဲ့သည်အခွင့်အရေးကိုလည်း ရှင် အဆုံးရှုံးခံမှာမဟုတ်ပါဘူး၊ ခုအချိန်ဟာရှင့်အတွက် သေရေးရှင်ရေးပဲ မဟုတ်လား"

"မင်း၊ ငါ့ရဲ့ထွက်ပေါက်ကို လာပိတ်နေတာလား ခွေးနက်မ"

ဂျွန်းသည် ရှောဆီကို လျင်မြန်စွာလျှောက်လာပြီး

"ဖျန်း ... ဖျန်း"



သွက်လက်မြန်ဆန်လိုက်သည့်ဖြစ်ခြင်း၊ ရှော၏ ပါးနှစ်ဘက်သည် ပူလောင်ကာ မျက်နှာမှာလည်း မီးပွင့်သွားသည်။

"ငါ့ကို ခွေးနက်မလို့မခေါ်နဲ့ သည်မှာရှော၊ ဟောဟို သေတ္တာပြားလေး ငါ့ကိုပေးစမ်း"

သူမ၏မျက်လုံးများကလည်း လျင်လှသည်။ ရှော ချထားသည့်သေတ္တာကို မြင်တွေ့သွားခဲ့ပြန်လေပြီ၊ ထို သေတ္တာထဲမှာ အဖိုးတန်ရတနာများနှင့် ငွေများပါရှိနေ သည်။

"ဒါကို ငါပေးလို့မဖြစ်ဘူး၊ ငါ လမ်းခရီးမှာသုံးဖို့ထည့်ထားတဲ့ငွေတွေ၊ အကုန်ပဲ၊ မင်းကိုငါပေး လိုက်ရင် ငါဘာသွားသုံးမလဲ"

"ရှင့်ဟာသာရှင်၊ ဘာကိုပဲသုံးသုံး၊ ကျွန်မနဲ့မဆိုင် ဘူး၊ အပိုတွေလာပြောမနေနဲ့"

ထိုစဉ် အခန်းထဲမှ လူတစ်ယောက်က သူတို့၏ အခြေအနေကို စောင့်ကြည့်နေသည်။ ထိုသူသည် ရှော၏တပည့်တစ်ဦးဖြစ်သည်။ ရှောနှင့်အတူထွက်ပြေးရန် ဆိမ်းမည့်သူ၊ ဂျွန်းသည် ရှောကိုသေနတ်နှင့်ချိန်ထားရင်းက သေတ္တာကို ကောက်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောသည် မိုက်မိုက်ကန်းကန်းပင် လှုပ်ရှားလိုက်သည်။ သူ၏ညာခြေသည် ကလီယိုပါထရာဂျုန်း၏ အရှိက်ဆီကို မိမိရရကန်ထည့်လိုက်သည်။

''ဝုစ်''

သို့သော် ထိုကဲ့သို့သော အခြေအနေမျိုးကို မျှော်လင့်ထားပြီးသားဖြစ်သည့် မဟာရာမင်းသမီးသည် ရှော၏တိုက်ကွက်ကို သွက်လက်စွာဖြင့် ရှောင်တိမ်းပစ်လိုက် သည်။

ဆတ်ကနဲဆို နောက်ကိုတစ်လှမ်းဆုတ်လိုက်သည်နှင့်ရှော၏ခြေထောက်က လေကိုသာကန်မိသွားခဲ့ သည်။

ဂျုန်းသည် တစ်ဆက်တည်းမှာပင် သူ၏ခြေဦး ဖြင့် ရှော၏အရှိက်ဆီကို ခတ်ဆတ်ဆတ်လေးပစ်သွင်းလိုက်သည်။

''ဒုတ်''

''အင့်''

နာကျင်မှုနှင့်အတူ ရှောမျက်လုံးမျက်ဆန်မှာ ပြူးထွက်သွားခဲ့ရသည်။ ဂျုန်းသည် ဘယ်ခြေကို အားပြုခုန်လိုက်ပြီ ခါးညွတ်သွားသော ရှော၏မေးရိုးကို ဒူးဖြင့်တိက်ထည့်လိုက်သည်။



''ခွပ်''

''အား''

လှုတကာအပေါ်မှာ ယုတ်မာမိုက်ကန်းခဲ့သော ရှောတစ်ယောက် ဂျုန်းနှင့်တွေ့မှ အကြိုက်ဆွဲ့အစွာ မခံရရုံတမယ် ခံနေရသည်၊ မြက်ခင်းပြင်ပေါ်သို့မှောက်လျက် လဲကျသွားခဲ့ရသည်။

စောစောက သူပစ်ချခဲ့သည့်သေနတ်ပေါ်ကို ကျသွားခဲ့လေရာ၊ ကောက်ယူလိုက်သည့်နှင့် . . . လက်ဖမိုးပေါ်ကို ဂျုန်း၏ခြေထောက်က ဆောင့်နင်းချလာသည်။

''အား''

သို့ရှိနေစဉ် အခန်းထဲမှ လူတစ်ယောက်က ပြေးထွက်လာသည်။ သူ့လက်ထဲမှာ သေနတ်။

''ဒုတ် . . . ဒုတ်''

ဂျုန်းက နှစ်ချက်ဆင့်ပြီး ပစ်ထည့်လိုက်သည်။ ထိုသူနောက်ကိုလန်ထွက်သွားကာ... ရေကန်ထဲကို ကျသွားသည်။

''ဘွမ်း''

ထိုစဉ် ရဟတ်ယာဉ်သံကိုကြားလိုက်ရသည်။ အဝေးမှလာနေသည်။ ရှောမှာ မထနိုင်ပဲရှိနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်းက ရှော၏သေနတ်ကိုယူပြီး တိုက်ပေါ်မှ အောက်ကိုပစ်ချလိုက်သည်။ ပြီးတော့ သေတ္တာကိုလည်း ကောက်ယူလိုက်သည်။

"မင်း၊ မင်း၊ သေတ္တာထဲက ငွေတစ်ဝက်ကိုပဲယူသွားပါ၊ အား၊ ကျွတ်၊ ကျွတ်"

"ရှင့်ကို အသေဖမ်းပြီး ရဲတွေရဲ့လက်ထဲကို မအပ်ခဲ့တာက်ကောင်းတယ်မှတ်၊ စျေးမဆစ်နဲ့"

ဂျွန်း . . . ထိုနေရာမှ ထွက်သွားခဲ့သည်။ ရဟတ်ယာဉ်သည် တဖြည်းဖြည်းနှင့် နိမ့်ဆင်းလာခဲ့သည်။ ရှောက အနိုင်နိုင်ထရပ်လိုက်ပြီး ရဟတ်ယာဉ်ပေါ်မှလူကို လက်ဝှေ့ယမ်းပြလိုက်သည်။

ရဟတ်ယာဉ်သည် ကျယ်ပြန့်သော တိုက်ခေါင်မိုး၏ ရေကန်အစပ်မှာရပ်လိုက်သည်။ ပန်ကာဒလက်၏ လည်ပတ်မှုကြောင့် ကန်ထဲမှရေများသည် လှိုင်းထသွားခဲ့ရသည်။

သေဆုံးသွားသော ဒုစရိုက်သမားတစ်ယောက်ကတော့ ရေပြင်ပေါ်မှာ မှောက်ခုံကြီး . . . ။

ရဟတ်ယာဉ်ပေါ်မှ လူသုံးယောက်ပြေးဆင်းလာခဲ့ကြသည်။



"ခင် . . . ခင်များတို့သိပ်ပြီးနောက်ကျတယ်၊ ကလီယိုပါထရာဂျွန်းက ကျုပ်ကို ရေရေလည်လည်စော်သွားတယ်"

"တောက် . . . တောက်"

လက်ထိပ်တစ်စုံသည် ရှော၏လက်ကောက်ဝတ်နှစ်ဖက်ကိုဆွဲယူပြီး ခတ်လိုက်သည်။

"ဟင်"

သက္ကလပ်ဦးထုပ်နက်ကို ဆောင်းထားသူက ရှောကို ခပ်မော့မော့လေးကြည့်လိုက်သည်။

**ကဲနက်**

**ပုလိပ်အရာရှိ ကဲနက် . . .**

"ဟဲ၊ ဟဲ၊ ရှော . . . မင်းငါတို့လက်ထဲက ပြေးမလွတ်ပါဘူးကွ၊"

ရှော ဘယ်လိုမှ နားမလည်တော့၊ သူ့လူတွေ လည်း မဟုတ်ပါလား။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

မြေအောက်လောကတွင် ကလီယိုပါထရာဂျုန်း သည် တစ်ကိုယ်တော် ဒုစရိုက်မယ်အနေဖြင့် သတင်းကြီးလျက် ရှိသည်။

သို့သော် သူမသည် ဥပဒေဘက်တော်သားများကို ဘယ်တော့မှ အနှောင့်အယှက်မပေး။

တစ်ကယ့် ထိပ်သီးလူပါးလူမိုက်များကိုသာ ရင်ဆိုင်တွေ့တတ်သည်။ အထူးသဖြင့် ကျဉ်းထဲကျပ်ထဲကို ရောက်နေသည့်သူများကို အကျပ်ကိုင်ကာ မိုက်ကြေးလိုက်ခွဲ



လေ့ရှိသည်။

ဂျုန်းသည် မည်သူ့ကိုမှ မကြောက်သူ၊ သူမတောင်းသည့်ငွေကိုသာမရလျှင် တစ်နည်းနည်းဖြင့် ဒုက္ခ ပေးတတ်သည်။

ဂျင်ပေါ်ကထုံးများကိုပင် ထုံးထက်က ပိတုန်းအဖြစ် လူလည်ကျလေ့ရှိသော ဂျုန်းကို လန့်ကြသည်။ ရွံ့ကြသည်။

သူမသည် မည်သည့်နေရာမှာနေမှန်းမသိ၊ တစ်ခါတစ်ရံမှာသာ ဘွားကနဲဆို ပေါ်လာတတ်သည်။ ဒုစရိုက်သမားတို့၏ အကြံအစည်များ၊ တရားမဝင်အရောင်းအဝယ်လုပ်ငန်းများကို ကြိုပြီးတော့သိနေတတ်သည်။

ထို့ကြောင့် ဥပဒေနှင့်မလွတ်ကင်းသော ပစ္စည်းများ အရောင်းအဝယ်လုပ်တော့မည်ဆိုလျှင် သူမများ ရုတ်တရက်ရောက်လာမည်လားဟု ကျိုးလန့်စာစားဖြစ်နေကြရသည်။

ခုလည်း ရှောဆိုသည့် မှောင်ခိုရာဇာ၊ လူသတ်၊ ပြန်ပေးသမားကို ဒုက္ခပေးသွားခဲ့ပြန်လေပြီ၊ ပြေးမလွတ်ကြသောရှောသည် ဥပဒေလက်တွင်းသို့ သက်ဆင်းသွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုငွေများမှာ ထုတ်ထားသော ရှောကို ထိပ်သီး လူဆိုးကြီးတစ်ဦး အဖမ်းခံလိုက်ရခြင်းသည် ဂျုန်း၏ ပရောဂ နှင့်မကင်းဟု မြေအောက်လောကီသားများက ထင်ကြေးပေး ကြသည်။

သို့သော် ကလီယိုပါထရာဂျုန်းသည် မြက်မြက် ကလေးရပြီးနောက် ပျောက်ကွယ်သွားခဲ့ပြန်လေပြီ။

ဂျုန်း... နောက်ထပ်မည်သူ့ကို ဒုက္ခပေးဦး မည်လဲ။

---

အချိန်ကား ညရှစ်နာရီသာသာခန့်၊ ကျယ်ဝန်းသော ဟိုင်းဝေးလမ်းမကြီးပေါ်တွင် ကားများက ဥဒဟို ပြေးလွှား နေကြသည်။

စည်ကားသော လမ်းမကြီးပေါ်မှာ ကားအသွား အလာက မပြတ်ရသေး။

သို့သော် ဘတ်စ်ကားမှတ်တိုင်တစ်ခုကတော့ ခရီးသည်ကျိုးတိုးကျဲတဲသာ၊ သက္ကလပ်ဦးထုပ်ပျော့ကို ဆောင်း ထားပြီး လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားသော လူတစ်ယောက်သည် မှတ်တိုင်နှင့်ခပ်လှမ်းလှမ်းမှာ ရပ်လျက် ရှိသည်။



အင်္ကျီကော်လံစနှစ်ခုကို ဆောင်းထားပြီး ဦးထုပ် ကိုလည်း နဖူးတစ်ဝက်အုပ်အောင်ဆောင်းထားသဖြင့် သူ၏ရုပ်သွင်ကို ဖမ်းမိရန်မလွယ်။

ခရီးသည်တင် လိုင်းဘတ်စ် နှစ်ထပ်ကားကြီးများ က တစ်စီးပြီးတစ်စီးရောက်လာခဲ့သော်လည်း သူက ကားပေါ်ကို မတက်၊ ခရီးသည်အချို့သာ တက်လိုက်၊ ဆင်းလိုက်နှင့် တခဏတော့ ပတ်ဝန်းကျင်သည် အသက်ဝင်လာခဲ့သည်။

ကားများပြန်လည်၍ထွက်သွားကြသောအချိန်၊ ပတ်ဝန်းကျင်သည် ပြန်လည်၍ တိတ်ဆိတ်သွားခဲ့ပြန်သည်။

ထိုစဉ်...

အငှားယာဉ်တစ်စီးသည် သူ၏ရှေ့မှဖြတ်မောင်းသွား ရာ ထိုသူက လက်ပြပြီး တားလိုက်သည်။

ကားက အရှိန်လွန်ကာ ကျော်သွားပြီးမှ နောက်ကို ပြန်ဆုတ်လာသည်။ ယာဉ်မောင်းသူက ခေါင်းပြူကာထွက် လာပြီး ...

"ဘယ်ကိုသွားမလို့လဲ ခင်ဗျာ"

ထိုသူသည် ဘာမှပြန်မပြောဘဲ ကားနောက်ခန်း တံခါးကိုဆွဲဖွင့်ကာ ဝင်ထိုင်လိုက်သည်။ တံခါးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပိတ်လိုက်ပြီး . . .

"ဆာမူရိုင်းသုံးယောက်ကိုမောင်း"

"ကောင်းပါပြီခင်ဗျာ"

ကားသည်လျောကနဲဆို လိမ့်ထွက်သွားသည်။ မြွားတစ်စင်း ပစ်လွှတ်လိုက်သလို လမ်းမကြီးပေါ်မှာ တရိပ်ရိပ် ဖြင့်ပြေးနေသည်။ ရှေ့မှကားတွေကို တစ်စီးပြီး တစ်စီးကျော် သွားနေသည်။

ဆာမူရိုင်းသုံးယောက်ဆိုသည်မှာ ထိုမြို့တွင် ဒုတိယ တန်းစားတည်းခိုခန်းတစ်ခုဖြစ်သည်။ အလတ်စားဆိုသည့် အတိုင်း အမြင့်ရှစ်ထပ်ရှိသည်။ နေရာကတော့ မြို့စွန် တိတ်ဆိတ်သောနေရာမှာတည်ရှိသည်။

ကားနောက်ခန်းမှာ လိုက်ပါလာသူသည် နောက်ထပ် စကားတစ်ခွန်းမှမဆို၊ ကျောက်ရုပ်တစ်ရုပ်လို လိုက်ပါလာ သည်။ ယာဉ်မောင်းသူသည် ခေါင်းထက်က မှန်ချပ်မှတစ်ဆင့် ထိုသူကိုမသိမသာ ကြည့်လိုက်သည်။

ရိပ်ကနဲဖြတ်သွားသော ကားလမ်းမီးရောင် အောက် တွင် ထိုသူ၏တင်းမာသောမျက်နှာ၊ အေးစက်သော မျက်လုံး များကို ဖျတ်ကနဲဆိုတွေ့လိုက်ရသည်။ ဆယ့်ငါးမိနစ်ခန့်



မောင်းပြီးသောအခါတွင် မြို့စွန်ဘက်သို့ ခွဲထွက်သွားသည်။ လမ်းအတိုင်းချိုးပြီး မောင်းလာသည်။

လူသူအသွားအလာနည်း၍ ခြောက်ကပ်သော နေရာတွင် ကားလေးကတုန့်ကနဲဆို ရပ်လိုက်သည်။ ထိုသူ သည် ကား[illegible]ထဲမှာပင် ငွေစက္ကူအချို့ကို လှမ်း၍ပေးလိုက်သည်။

ထို့နောက် ကားပေါ်မှ ခပ်ကုတ်ကုတ်ပင် ဆင်းသွား ခဲ့လေသည်။ သူလျှောက်သွားရာ လမ်းကလေးသည် ဆာမူရိုင်းသုံးယောက်ဆီသို့ ဦးတည်နေသည်။

ကားခကို သူပေးချင်သလောက် ပေးသွားသည်။ ယာဉ်မောင်းက ကြည့်လိုက်သောအခါ ကျသင့်တာထက်ကို သုံးဆခန့်ပိုနေသည်။ ကားပေါ်ကို ခပ်လျှိုလျှိုပင် တက်လာပြီး တိတ်တဆိတ်နှင့် ဆင်းသွားခဲ့သော ထိုသူကို ယာဉ်မောင်းသူ က သတိမထားမိဘဲ မနေနိုင်။

တစ်ကယ်တော့ ယာဉ်မောင်းသူသည် အခြားသူ မဟုတ် ရန်နောင်ပင်။

---

ဆာမူရိုင်းတည်းခိုခန်း၏ အမြင့်ဆုံးသောအထပ်၊ ရှစ်ထပ်မြောက်တွင် ထောင့်စွန်းခန်းတစ်ခန်းကို သူရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူပေးခဲ့သည့်အမည်က 'ဝီလျံ'၊

သူသည် အခန်း၏အနေအထားကို သဘောကျသွားသည်။ လက်ထဲမှာ ခရီးဆောင်သေတ္တာမပါ၊ လောင်းကုတ်ကြီးကို ချွတ်ပစ်လိုက်သည်။ အကျႌချိတ်သည့်စင်မှာ ချိတ်ထားလိုက်သည်။ ဦးထုပ်ကိုပါ ချွတ်ပစ်လိုက်သည်။

ထိုအခါ သူ၏မျက်နှာသည် ပေါ်လာ၏။ အသက်ကတော့ သုံးဆယ်ငါးလောက်ပဲ ရှိဦးမည်။ မျက်နှာကတော့ ထာဝစဉ် အရယ်အပြုံးကင်းမဲ့နေဟန် တူသည်။ စက်ရုပ်တစ်ရုပ်၏ အကြောအချင်တွေ ကင်းမဲ့နေသည့် မျက်နှာမျိုး။

သူသည် အပေါ်ရုပ်အကျႌ ချွတ်လိုက်သောအခါ အနက်ရောင်စွတ်ကျယ်လက်ပြတ် အောက်ခံတစ်ထပ်၊ ဘယ်လက်သည် အတုဖြစ်သည်။

လက်ကောက်ဝတ်အောက်မှနေ၍ စတီးလက်အတုကိုတပ်ထားသည်။ စတီးလက်ချောင်းများသည် ကွေးနိုင်ဆန့်နိုင်သည်။ လှုပ်ရှားနိုင်သည်။ သေနတ်ကို လည်းကိုင်နိုင်သည်။ တစ်ကယ့်သဘာဝလက်တစ်ချောင်းလို အသုံးပြု၍ရသည်။ လက်အတုကို အထူးပြုလုပ်ထားသည်။

သူ၏အမည်ဝှက်သည် **စတီး** ပင်ဖြစ်သည်။ စတီး



သည် လက်အတုကို ဖြုတ်ပြီးရေချိုးစင်ထဲဝင်ကာ ရေကိုဝအောင်ချိုးသည်။ တစ်ကယ်တော့ သူသည် ခရီးဝေးမှလာခဲ့ရခြင်းဖြစ်သည်။

ရေချိုးပြီးသောအခါ စတီးလက်ကို ပြန်၍တပ်သည်။ နံရံကပ်ဗီရိုကိုဖွင့်လိုက်သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း အဝတ်အစားအချို့ကို တွေ့ရသည်။ အဝတ်အစားများကို သူလဲလိုက်သည်။

"ဒေါက်၊ ဒေါက်"

ညင်သာသောတံခါးခေါက်သံသည် ဖွဖွလေး ထွက်ပေါ်လာခဲ့သည်။ သူသည် တံခါးဆီကို ခြေသံမကြားအောင်သွားသည်။ လောင်းကုတ်အကျႌထဲမှ သေနတ်ကိုလည်း ဆွဲယူလိုက်သည်။

ထို့နောက်တံခါးနားသို့ကပ်လာခဲ့သည်။

"ဘယ်သူလဲ"

"နန်စီ"

တံခါးအပြင်ဘက်မှ ပြန်ဖြေသံကို ကြားလိုက်သည်။

စတီးသည် တံခါးကို ဖွင့်ပေးလိုက်သည်။တံခါး

www.burmeseclassic.com

www.burmeseclassic.com



ရွက်နားမှာကပ်ပြီး ရပ်နေသူ နန့်စီ။ ဂန္ဓာလရာဇ်တိုင်းသူလေး

နန့်စီသည် အခန်းထဲကို လျှောကနဲဆိုပြန်ရောက်လာခဲ့သည်။ စတီးသည် ချက်ချင်းပင်တံခါးကို ပြန်ပိတ်လိုက်သည်။

"ခင်ဗျား၊ ရောက်လာလိမ့်မယ်လို့ မထင်တာ"

"ကျွန်မ ပြောစရာရှိလို့လာတာ၊ သည်မှာတည်းဘို့ ကြိုတင်ပြီး စီစဉ်ပေးထားတာ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်၊ ကျုပ်က နိုင်ငံကူးလက်မှတ်အတု နဲ့လာခဲ့ရတာ၊ ရင်တထိတ်ထိတ်နဲ့ပဲ"

"ဘာမှမစိုးရိမ်ပါနဲ့၊ အဲသည်အခက်အခဲတွေဟို ရှင်ကောင်းကောင်းကျော်လွှားနိုင်ပါတယ်"

"ဖုန်းနဲ့ဆက်ပြီးပြောရင်လည်း ရရဲ့သားနဲ့၊ အခုယ လာတွေ့တာမသက်မသာဖြစ်မနေဘူးလား"

"မဖြစ်ပါဘူး၊ ကျွန်မငါးထပ်မှာ နေနေပါတယ်"

စတီး၏ မျက်လုံးအစုံသည် မြင့်တက်သွားသည်။

"ခင်ဗျားက ဒီမှာနေတာလား၊ ကျွန်တော်လုံးဝ မထင်တာ"



"ကဲ ဒါတွေထားပါတော့၊ ကျွန်မလည်း သည်မှာ အချိန်ကြာကြာနေလို့ မကောင်းဘူး၊ ဖုန်းနဲ့ ဆက်ပြီး စကားပြောရင် ကြားဖြတ်ပြီးနားထောင်မှာ စိုးလို့..."

စတီးသည် နန့်စီပြောမည့်စကားကိုငြိမ်ပြီး နားထောင်နေသည်။

"သန်ဘက်ခါကျရင် သောမတ်နဲ့ ဂျင်းနက် တို့ကို ရုံးထုတ်လာလိမ့်မယ်၊ မနက်ရှစ်နာရီ တိတိမှာ"

"ခင်ဗျားက တော်တော်စေ့စပ်တာပဲ၊ ဒါကြောင့် ဖူးဝမ်ချုံးက အားကိုးနေတာ..."

"ဒီအမည်ကို သည်မှာမသုံးရင် ကောင်းမယ်၊ ကျွန်ုပ်တို့အတွက်ပါ အန္တရာယ်ရှိနိုင်တယ်"

"အို... ဆောရီးပဲ၊ ကျွန်တော်သတိလစ်သွားတယ်"

"ကဲထားတော့၊ အဲဒါဆိုရင် ရှင်ဘာဆက်လုပ်ရမယ် ဆိုတာကို သဘောပေါက်ပြီမဟုတ်လား"

"ကျန်တာ ကျွန်တော့်တာဝန်ပေါ့ဗျာ"

"ဒါပေမယ့် သိပ်လည်းပေါ့ပေါ့ဆဆ မလုပ်နဲ့၊ သူတို့ နှစ်ယောက်ကို အစောင့်အကြပ် ထူထပ်စွာနဲ့ ခေါ်လာခဲ့ကြမှာ၊ ရှင်အနားကပ်ဖို့ဆိုတာ မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် သည့်လိုအစီအစဉ် ဆွဲလိုက်မယ်၊ စတီး ဆိုတဲ့ကောင်က ပွဲပေါင်းများစွာ ဆင်နွှဲလာတဲ့ကောင် ပဲ၊ ဒီလောက်တော့ ထမင်းစား ရေသောက်ပါ''

''အဲသလိုလဲလျော့မတွက်နဲ့၊ ကိုယ့်ဘက်က သတိ ဆိုတာ အမြဲတမ်းလိုနေရမယ်''

''အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်''

''နာရီတော့ မလွဲစေနဲ့နော်၊ ကျွန်မလည်း မလှမ်း မကမ်းမှာ ရှိနေမှာပါ''

စတီးသည် နန်စီ၏စွဲမက်ဖွယ်ကောင်းသော ကိုယ်လုံး လေးကို ခြုံပြီးကြည့်လိုက်သည်။ သည်ညမှာမှ သူ့စိတ်က တစ်မျိုးဖြစ်နေသည်။

''ခင်ဗျားကို ခေါင်းဆောင်ကြီးက မခိုင်းပဲ၊ ကျွန်တော် ကို တကူးတကမှာပြီး ဘာဖြစ်လို့ခိုင်းရတာလဲ''

''ရှင်ကျွန်မထက်ပိုပြီးတော်လို့ပေါ့၊ ပိုပြီးစိတ်ချရလို့ ပေါ့၊ ကဲပါ ဒါတွေကိုထားလိုက်ပါ၊ လုပ်ရမယ့်အလုပ် ကို စိတ်ကူးထုတ်ပြီးဆင်ကြည့်ပေါ့၊ ကျွန်မသွားမယ်''

နန်စီက ကုလားထိုင်ထက်မှ ထရပ်လိုက်သည်။

[illegible]



အတွက် အဖော်လိုနေတယ်''

စတီးက သူမ၏အနားကို တိုးကပ်လာသည်။ နန်စီက နောက်ဆုတ်သွားသည်။

''ရှင်၊ မိုက်မဲတဲ့ကိစ္စမျိုးကို မလုပ်ရင်ကောင်းမယ်၊ ကျွန်မနဲ့ပတ်သက်ပြီး ရှင်ကြားဖူးနားဝတော့ ရှိထား မှာပေါ့''

''အို၊ ဆောရီး၊ ကျွန်တော်မဆင်မချင်လုပ်မိ တယ်၊ ခင်ဗျားကိုစော်ကားသလိုဖြစ်သွားပြီ၊ ကဲ အေးအေး ဆေးဆေးသာပြန်ပါတော့''

တံခါးဆီကိုရောက်လာပြီး ဖွင့်ပေးလိုက်သည်။ နန်စီ အပြင်ဘက်ကိုရောက်တော့ ပြန်လှည့်ကြည့်ပြီး . .

''ကျွန်မတာဝန်ကုန်ပြီ၊ ရှင်နဲ့တွေ့ဖို့အကြောင်း မရှိတော့ဘူး၊ ''

နန်စီသည် ချာကနဲလှည့်ထွက်သွားလေ၏။ စတီး မှာ မချင့်မရဲနှင့်ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၂)

အချိန်မှာ နံနက်ရှစ်နာရီမတ်တင်း . . .

အကျဉ်းထောင်ကြီးထဲတွင် သောမတ်နှင့်ဂျင်းနက်တို့ကို တစ်ယောက်တစ်ခန်းစီ ချုပ်ထားသည်။

ရှစ်နာရီအတိတွင် သူတို့ကိုထောင်ထဲမှ ထုတ်ကာ တရားရုံးသို့ခေါ်သွားကြမည်ဖြစ်သည်။ အရေးကြီးသော တရားခံများဖြစ်ကြ၍ လုံခြုံရေးအစီအစဉ်များကို ကြပ်မတ်ကာ ချထားကြသည်။



မကြာမီ . . .

သူတို့နှစ်ယောက်ကို လက်ထိပ်တစ်ခုတည်းဖြင့် တွဲခတ်၍ ခေါ်လာခဲ့သည်။ ဝဲယာ၊ နောက်ဘက်နှင့် ရှေ့မှာလည်း အစောင့်များကညှပ်ကာ လိုက်ပါလာကြသည်။

သူတို့နှစ်ယောက်သည် ဖူးဝမ်ချူးနှင့်အနီးကပ်နေ ဖူးခဲ့ကြသည်။ ဖူးဝမ်ချူး၏ လျှို့ဝှက်ကိစ္စများကို ကောင်းကောင်းသိထားခဲ့ကြသည်။

ထို့ကြောင့် . . .

ဖူးဝမ်ချူးက စတီးကိုခေါ်ပြီး အပြတ်ကိုရှင်းခိုင်းခြင်းပင်ဖြစ်သည်။ ဖူးဝမ်ချူးသည် သူ့အတွက်အန္တရာယ်ဖြစ်လာစေသည့်ကိစ္စမျိုးဖြစ်လာခဲ့လျှင် ကိုယ့်လူကိုလည်း ညှာသူမဟုတ်၊ လက်ညှိုးထိုးစေခိုင်းပြီး ရက်စက်စွာလုပ်ကြသည်။

ထိုအခြေအနေမျိုး ကြုံတွေ့ရမှာစိုး၍ ရှောင်ပြေးလည်းမလွတ်၊ တစ်နည်းနည်းတော့ သေကြရသည်သာ။

ထို့ကြောင့် . . .

ဖူးဝမ်ချူးနှင့်ပတ်သက်ကြသူမှန်သမျှသည် ဆုပ်ရဲစားရှူးဖြစ်နေကြရသည်။

**မှောင်ခိုရာဇာ တွမ်ကို နန်စီက ရှင်းစေခဲ့သလို**

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကိုလည်း စတီးကရှင်းပစ်ရတော့မည်။

အလုံပိတ်ကားတစ်စီးထဲတွင် သောမတ်နှင့် ဂျင်းနက်တို့ကိုထည့်လိုက်ကြပြီး လုံခြုံရေးများပါ ကားထဲမှ လိုက်ပါလာခဲ့ကြသည်။ ကားထဲမှ စတီးတန်းတစ်ခုတွင် လက်ထိပ်တစ်ခုဖြင့် ပူးခတ်ထားလိုက်ကြသည်။

တရားခံနှစ်ယောက်ကတော့ စကားတစ်ခွန်းမှ မပြောပဲ၊ ငြိမ်သက်စွာဖြင့် လိုက်ပါလာခဲ့ကြသည်။

---

စတီးသည် တရားရုံး၏ တစ်ဖက်လမ်းကျော်ရှိ ဆောက်လက်စ အဆောက်အဦးတစ်လုံးပေါ်မှာ ရောက်နေသည်။

ထိုအဆောက်အဦးကြီးသည် ဆောက်လုပ်စတန်းလန်းက အကြောင်းတစ်ခုခုကြောင့် ရပ်ထားရသည်။

အစောင့်နှစ်ယောက်လောက်သာရှိသော အဆောက်အဦး၏ ခုနစ်ထပ်အမြင့်ကို စတီးတစ်ယောက်အလစ်မှာ တက်လာခဲ့သည်။

သူ့ဘယ်ဘက်ချိုင်းအောက်တွင် သေနတ်ရှည်ကြီးတစ်လက်ကို လွယ်ထားသည်။ ကိုယ်ပေါ်မှာ လောင်းကုတ်



အင်္ကျီကြီးကို ဝတ်ထားသည်။

ရာသီဥတုကလည်း ချမ်းအေးနေသည်။ သည်ကနေ့မှာမှ နှင်းတွေကလည်း ပိုပြီးတော့ကျလာခဲ့သည်။ စတီးမှန်ချပ်များမတပ်ရသေးသော ပြူတင်းပေါက် ဘောင်မှာကပ်ကာ အောက်ဖက်ကို လှမ်းကြည့်နေသည်။သူ၏စိတ်သည်လည်း မသိမသာလှုပ်ရှားလျှက်ရှိသည်။ စနိုက်ပါတပ်ထားသော သေနတ်ကိုတော့ နံရံမှာထောင်ထားသည်။

ကားလမ်းမကြီးကိုလည်း အပေါ်စီးမှစီးပြီးမြင်နေရသည်။ သူသည်လက်မှာပတ်ထားသည့် နာရီကိုကြည့်လိုက်သည်။

ရှစ်နာရီထိုးရန် ငါးမိနစ်၊ အချိန်ကနီးကပ်လာပြီ၊ သူတို့လာကြတော့မည်။ သောမတ်နှင့် ဂျင်းနက်နှစ်ယောက်စလုံးနှင့် သူရင်းနှီးသည်။ အတူတူလက်တွဲခဲ့ဖူးကြသည်။

အခုလို ရှင်းပစ်ရတော့မည်ဆိုတော့ သူစိတ်မကောင်းဖြစ်မိသည်။ သို့သော် မတတ်နိုင်၊ ဖူးဝမ်ချူး၏ အမိန့်ကို သူမလွန်ဆန်ဝံ့ပါ။

ဖူးဝမ်ချူးအတွက် သူအလုပ်တွေများများ လုပ်ပေးခဲ့ရသည်။ တစ်ကြိမ်တွင် ကံမကောင်း အကြောင်းမလှ၍

www.burmeseclassic.com



သူ့ဘယ်လက်တစ်ဖက် ဒဏ်ရာကြီးစွာရရှိခဲ့သည်။ဘယ်လိုမှ ကုသ၍မရသော အခြေအနေတွင် ဖြတ်ပစ်ခဲ့ရသည်။ စတီး လက်တစ်ဖက်ကို အစားထိုးခဲ့ရသည်။ လက်အတုတပ်ကာ စက ဝမ်းနည်းမိသလိုလိုဖြစ်ခဲ့သော်လည်း နောက်တော့ ကျင့်သားရသွားကာ နေသားလည်း ကျသွားခဲ့သည်။

ထိုစတီးလက်တစ်ဖက်တည်းနှင့်ပင် လူ အတော် များများ၏ ဇီဝိန်ကို ချွေခဲ့လေပြီ။ ဖူးဝမ်ချူးကလည်း သူ့ကို လွန်စွာမှ အားထားကာ လုပ်ငန်းအောင်မြင်သည်နှင့်အမျှ ထိုက်တန်စွာချီးမြှင့်ခဲ့သည်။

အခုတစ်ခါလည်း အောင်မြင်ခဲ့လျှင် ကြီးမားသော ဆုလာဘ်ကြီးများကိုရဦးမှာဖြစ်သည်။ စတီးသည် လော်ဘ တက်လာခဲ့သည်။ သောမတ်နှင့်ဂျင်းနက်တို့ကို သူငယ်ချင်း ရောင်းရင်းတွေဟူသော အသိက ပျောက်ကွယ်သွားခဲ့ရသည်။

အလုံပိတ်ထားသော ကွန်တိန်နာလို အငယ်စား ကားတစ်စီးသည် လမ်းမကြီးအတိုင်းလာနေသည်ကို တွေ့ လိုက်ရသည်။ နောက်မှာလုံခြုံရေးလိုက်ပါလာသော ကား တစ်စီးက ကပ်ပြီးပါလာသည်။

စတီးသည် သွေးအေးသော အမူအယာဖြင့် သေနတ်



ကိုကောက်ကိုင်လိုက်သည်။ ကားကတရားရုံးရှေ့ကို ရောက် လာသည်။

ကားရပ်လိုက်သောအချိန်တွင် စတီးက သေနတ်ဒင် ကို ညာပခုံးမှာထောက်ကာ ဘယ်လက်အတုဖြင့် ထိုးချိန်ပြီး သား ဖြစ်နေလေပြီ။

စနိုက်ပါထဲတွင် ကား၏အသွင်သဏ္ဌာန်က ထောင်ပြီး မျက်လုံးထဲကို ဝင်လာသလို၊ ကားတံခါးက နောက်ဖက်မှ ဖွင့်လာသည်။

သောမတ်နှင့် ဂျင်းနက်တို့သည် လုံခြုံရေးများနှင့် အတူ ကားထဲမှဆင်းလာခဲ့ကြသည်ကို မြင်ကွင်းထဲမှာ တွေ့ နေရသည်။ စနိုက်ပါ၏ ကြက်ခြေခတ်ထဲတွင် သောမတ်၏ ခေါင်းက ရောက်လာခဲ့သည်။

သောမတ်ကိုအရင်ရှင်းပြီးမှ ဂျင်းနက်ကို ရှင်းရမည်။ ဘယ်တော့မလွယ်၊ တစ်ဆက်ထဲမှာပဲ တစ်စက္ကန့်လောက်ပဲ ခြားပြီး နောက်တစ်ယောက်ကို ပစ်ရမည်။

သို့သော် . . . သူသည်၎င်းအစီအစဉ်ကို ညကတည်းက ချထားပြီးသား။ သူ့လက်ဘယ်လောက် သွက်သလဲ ဆိုတာ သူသိသည်။ လုပ်ပြီဆိုမှတော့ ဖြစ်အောင်လုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



သောမတ်၏ နားထင်တည့်တည့်ကို ချိန်မိသည်နှင့် မောင်းကွင်းထဲမှ ခလုတ်ကိုလက်ညှိုးဖြင့် ခပ်မဖိဖိလေး ဆွဲလိုက်သည်။

"ဖြောင်း"

သောမတ်၏ သေနတ်သည် မထင်မှတ်ပဲ လွင့်ထွက်သွားခဲ့ရသည်။

"ဒုတ်၊ ဒုတ်"

ကျည်နှစ်တောင့်က ထွက်သွားသည်။ အသံတိတ် ကိရိယာတပ်ထားသည့်အတွက် အသံကသိပ်မကျယ်၊ သေနတ်သည် ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားခဲ့သည်။

"ဟင်"

စတီး၏ညာလက်တစ်ဖက်သည် ထုံကျင်သွားခဲ့ရသည်။ သတိတစ်ချက်လစ်သွားပြီး ဘာဖြစ်လို့ဖြစ်သွား မှန်းပင် မသိလိုက်။

ရန်သူ၊ ရန်သူဟူသောအသိက ခေါင်းထဲကို ချက်ချင်းပင် ဝင်လာခဲ့သည်နှင့် လှည့်လိုက်ရာ

"ခွပ်"

"အား"



စတီး၏မေးရိုးသည် နာကျင်သွားခဲ့ရသည်။ ပြင်းထန်သော လက်သီးချက်ကြောင့် ခေါင်းပါလန်ထွက်သွားခဲ့ရသည်။ ခန္ဓာကိုယ်လည်း ဒယိမ်းဒယိုင်ဖြစ်သွားခဲ့ရသည်။ သို့သော် တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်ကြောင့် လဲကျမသွားခဲ့ပေ။

သူသည် ရန်သူကိုချက်ချင်းပင် လှေ့လာလိုက် သည်။ သူနှင့် ဆယ်ပေအကွာလောက်မှာ အသင့် အနေအထားဖြင့် ပြင်ဆင်ကာရပ်နေသော မိန်းခလေး တစ်ယောက်ကို တွေ့လိုက်ရသည်။ စတီး၏မျက်လုံးအစုံသည် ပြူးကျယ်သွားခဲ့ရသည်။

သူ့ကို တိုက်ခိုက်သူမှာ ယောကျ်ားရင့်မာကြီးတစ် ယောက်မဟုတ်၊ မိန်းခလေးတစ်ယောက်ဖြစ်နေသော ကြောင့်ပင် . . .

"မင်း၊ မင်း၊ ငါ့အလုပ်ကို ဘာဖြစ်လို့နှောင့်ယှက် ရတာလဲ"

စတီးက ဒေါသခက်ထန်သောမျက်နှာဖြင့် မေး လိုက်သည်။ သူအတော်နာသွားခဲ့လေပြီ။

"ဘယ့်နှယ့်လဲ၊ မြန်မာ့လက်သီး မြည်းဖူးပြီလား၊

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးကို အရသာတွေ့သွားတယ် မှတ်တယ်''

စတီးမျက်မှောင် ကျုပ်သွားသည်။

မြန်မာဆိုသည့် စကားလုံးကို ကြားလိုက်ရသည်။ အရှေ့တိုင်းသားများထဲမှ မြန်မာလူမျိုးများ အကြောင်းကို သူကောင်းကောင်းသိသည်။ လွန်စွာမှ သတ္တိရှိသော လူမျိုး။ သူတစ်ပါးကို ဘယ်တော့မှ မတရားတာမလုပ်၊ ကိုယ့်ကို ထိလာလျှင်လည်း မခံတတ်။

''မင်းဟာ ငါ့ကိုအသလွတ် စော်ကားလိုက်တာပဲ၊ ကြည့်စမ်း ငါအချိန်ကိုက်လုပ်ထားတဲ့ကိစ္စ မင်းကြောင့်တလွဲတချော်ဖြစ်ခဲ့ရပြီ''

''ဟုတ်တယ်လေ၊ တမင်လွဲအောင် လုပ်လိုက်တာပဲ၊ ရှင်က ရုံးထုတ်လာတဲ့ လူနှစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်နေတာကိုး''

''အဲဒါ မင်းနဲ့ဘာဆိုင်လဲ''

''ဆိုင်တယ်၊ တားဆီးရမှာ ကျွန်မရဲ့အလုပ်ပဲ၊ အဲဒါ ကျွန်မရဲ့တာဝန်''

စတီး သူမကို ဖဝေဖဝါမျက်လုံးများဖြင့် ကြည့်



လိုက်ပြန်သည်။

သောမတ်နှင့် ဂျင်းနက်တို့သည် တရားရုံးထဲသို့ ရောက်သွားခဲ့ကြလေပြီ။

''တောက် သည်လို အခွင့်အရေးမျိုးကို ရဘို့ဆို တာမလွယ်ဘူးကွ၊ မင်းကြောင့် ဆုံးရှုံးသွားပြီ၊ တာဝန်၊ ဘာတာဝန်လဲ၊ မင်းကဘယ်သူ့ ဂိုဏ်းကလဲ''

''ဘယ်သူ့ဂိုဏ်းကမှ မဟုတ်ဘူး၊ ရှင်တို့လို ဒုစရိုက်သမား၊ လက်မရွံ့သမားတွေကိုလိုက်ပြီး နှိမ်နင်းနေတဲ့သူ၊ ရှင် ကျွန်မနာမည်ကို ကြားတော့ ကြားဖူးလိုက်မယ်''

''မင်း ဘယ်သူလဲ''

''လေပွေမလေ''

''ဘာလေပွေမ၊ ဟုတ်လား၊ လက်စသတ်တော့ ငါတို့လို လူမျိုးတွေရဲ့ နောက်ကိုအနံ့ခံပြီး လိုက်နေတာမင်းကိုး မင်းဟာငါတို့ရဲ့ မဟာရန်သူတော်ပဲ၊ မင်းကိုလည်း ငါတွေ့ချင်နေတာနဲ့အတော်ပဲ တစ်ခု ဆုံးရှုံးသွားပေမယ့် အမြတ်တစ်ခုတော့ရလိုက်ပြီပေါ့''

စတီးသည် သူ၏စတီးလက်ကြီးကို မြှောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ ထောက်ကနဲဆို အသံတစ်ခုထွက်ပေါ်လာပြီး လက်သည်းချွန်ကြီးများက ရှည်ထွက်လာခဲ့သည်။

"မင်းကို စောစောစီးစီး နာကျင်အောင်တော့ မလုပ်ချင်ပါဘူးကွာ၊ ငါကလည်း ဟောသည် လက်သည်း ရှည်ကြီးတွေကို ထုတ်ပြီးရင် အသုံးမပြုလိုက်ပဲ ဘယ်တော့မှ ပြန်ပြီးမသွင်းဘူး"

စတီးက ဆူးကိုခုန်အုပ်မည် ပြုလိုက်သည်နှင့် ဆူးသည် ရုတ်တရက် နောက်ကြောင်းကိုလှည့်ကာ တစ်ချိုးတည်း ပြေးလေတော့သည်။ စတီးကသူနှင့်ရင်ဆိုင်ရမှာကို ကြောက်၍ ပြေးသည်ဟု ထင်မိလိုက်သည်။

သို့သော် စတီးထင်သလို မဟုတ်မှန်း နောက်ကျမှ သိလာခဲ့ရသည်။ ဆူးသည် ရှေ့မှာရှိနေသော နံရံကို အရှိန်ဖြင့်ခုန်ကာ ကန်လိုက်ပြီး လေထဲမှာ ကိုယ်တစ်ပတ်လှည့်ကာ နောက်မှလိုက်လာသော စတီး၏မျက်နှာကို ဝိုက်ကန် ကန်ထည့်လိုက်သည်။

"ဖြောင်း"

"အူး"

ဆူး၏လျှပ်တပြက်လှုပ်ရှားမှုက ပဥ္စလက် ဆန်လွန်း



လှသည်ကြောင့် စတီးမှာ ရှောင်ချိန်မရလိုက်၊ ကန်ချက်က မျက်နှာကို မိမိရရထိသွားခဲ့သည်။

နာကျင်သော ဝေဒနာနှင့်အတူ စတီးမှာ လွင့်ထွက်သွားခဲ့ရသည်။ ဆူး၏ကြောက်စရာ ကန်ချက်များက စတီး၏ကိုယ်ပေါ်ကို ဆင့်ကဲဆင့်ကဲကျရောက်လာခဲ့သည်။ စတီးသည် သူ၏လက်သည်းချွန်ကြီးများဖြင့် ရမ်းသမ်းကာ ကာကွယ်တိုက်ခိုက်သော်လည်း အချီးအနှီးသာ၊ ဆူးကိုမထိပဲ၊ လေကိုသာတိုက်ခိုက်မိသည်။ ဆူးကို လျော့တွက်၍ မရမှန်း သိသွားခဲ့ရသည်။ သန်စွမ်းသော ယောကျ်ားကြီးတစ်ယောက်၏အားအတိုင်း ကြောက်စရာ ကောင်းလောက်အောင် သုံးသွားသည်။

သို့သော်... စတီးမှာ နာကျင်မှုဝေဒနာကို မြက်မြက်ကလေးရသွားသောကြောင့် ဒေါသသည်လည်း အဆုံးစွန်ကို ရောက်သွားခဲ့ရလေပြီ၊

သူသည် ကိုယ်ထဲမှာရှိနေသည့် သေနတ်ကို မထုတ်ရဲ ထုတ်မည်ကြံလိုက်သည်နှင့် လေပွေမထံမှ နောက်ထပ် အန္တရာယ် တိုက်ကွက်များ ရောက်လာနိုင်သည်။

ရင်ဘတ်ကို ဆက်တိုက်အကန်ခံထားရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မြင်းအကန်ခံလိုက်ရသည်နှင့်မခြား ခံစားနေရသည်။ ပါးစပ်ထဲမှလည်း သွေးစတွေက ထွက်လာခဲ့သည်။

''ငါ့ကိုသွေးထွက်အောင် ဘယ်သူမှ မလုပ်နိုင်ဘူး။ မင်းကျမှ ငါခံရတယ်၊ အေး၊ ငါ့ကိုယ်က သွေးတစ်စက်ထွက်သလို မင်းလည်းသည်အတိုင်း ဖြစ်စေရမယ်''

စတီးသည် ဆူးဆီကို ပြေးဝင်လာပြီး တရကြမ်းဝင်မွှေကာ တိုက်ခိုက်သည်။

''ဝှစ်''၊ ''ဝှစ်''

သံချွန်လက်သည်းရှည်ကြီးများက ဆူး၏မျက်နှာပေါ်ကို ဝဲပြီးထွက်သွားခဲ့သည်။ လက်သည်းစာမိသွားခဲ့လျှင်တော့ မျက်နှာတပြင်လုံး စုတ်ပြတ်သွားခဲ့မှာ သေချာသည်။ ဆူး သတိထားနေရသည်။

တစ်ကြိမ်တွင် စတီးလက်ကြီးက ဆူး၏ကိုယ်ထဲ သို့ မထင်မှတ်ပဲ ပစ်ပြီးဝင်လာခဲ့လေရာ၊

''ဖြောင်း''

နံရံမှာ ထောင်ထားသည့် သစ်သားတိုင်ကြီး တစ်တိုင်ကို အရှိန်ဖြင့်တိုက်ခိုက်မိသွားသည်။



ဆူးက ပွတ်ကာသီကာဖြင့် ရှောင်လိုက်နိုင်သည်။ သစ်သားတိုင်ကြီးသည် ပဲ့ထွက်သွားခဲ့သည်။ ဆူးကတော့ သူ့ကိုယ်ကို ဘယ်တော့မှ အထိမခံပါ။ ဂရုစိုက်နေရသည်။

ကျားနာခဲခဲနေပြီဖြစ်သော စတီးကတော့ ဆူးကို အသေတွယ်နေပြီဖြစ်သည်။ ဆူးကလည်း ပေါ့ပါးသွက်လက်သော တိုက်ကွက်များဖြင့် စတီးကိုပြန်ပြီး တိုက်ခိုက်သည်။

နှစ်ယောက်စလုံးသည် အနီးကပ်တိုက်ခိုက်နေကြသည်။ တစ်ကြိမ်တွင် စတီးလက်ကြီးသည် ဆူး၏ပခုံးပေါ်မှ ကျော်ထွက်သွားခဲ့သည်။ ဆူးကကိုယ်ကို ရှိုကာ မရှောင်တိမ်းလိုက်နိုင်ခဲ့လျှင် လက်သည်းချွန်ကြီးများက ကိုယ်ထဲသို့ ဖောက်ပြီးတော့ ဝင်သွားနိုင်သည်။ မှန်းချက်ကို ချော်သွားခဲ့သည်နှင့် စတီးက နောက်ပြန်လှည့်ပြီး တိုက်ခိုက်သည်။ ဆူးက ကန်ချက်တစ်ချက် မိသွားသည်။ လွင့်ထွက်သွားသည်။

''အင့်''

စတီးသည် ကိုယ်မှာဝှက်ယူလာသော သေနတ်ကို ထုတ်ကာဆူးကိုပစ်မည်အပြု...

''ဝှစ်''

ဆူးထံမှလည်း လက်နက်ပုန်းတစ်ခုက ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဓါးတစ်ချောင်း၏

"ဒုတ်"

"အား"

စတီး၏ပခုံးမှာ သွားရှစိုက်သည်။

စတီးသည် သေနတ်ကိုလွှတ်ချမိလိုက်ပြီး ပခုံးမှာ စိုက်ဝင်နေသည့် ဓါးကိုလည်း ချက်ချင်းဆွဲနှုတ်ပစ်လိုက်သည်။ သူ့ဆီကိုလက်ချောင်းချွန်ကြီးများနှင့်ရော၊ ဓါးနှင့်ပါ တိုက်ခိုက်လာသည်။

"ဟီး၊ ဟီး"

စတီး၏ မျက်နှာအနေအထားကပြောင်းသွားခဲ့သည်။ ကျားနာခဲခဲသော အသွင်နှင့် ကြောက်စရာ ကောင်းနေသည်။ သူ့ကိုယ်ပေါ်မှာ ဒဏ်ရာတွေက များလာသည်။ ပခုံးထက်က ဓါးဒဏ်ရာကလည်း သွေးစက်စက်နှင့်။

ဆူး . . . ပွဲကိုစောစီးစွာသိမ်းပစ်လိုက်ရသည်။ သို့သော် စတီးကို သူအရှင်ဖမ်းလိုသည်။ ဆူးကနောက်ဆုတ် နောက်ဆုတ်နှင့် စတီးသည် ရှေ့ကိုတိုးတိုး၍ လာနေသည်။

ဆူး၏မျက်လုံးတွေက ခြေထောက်နံဘေးမှ ဝါးရင်းတုတ်ကြီးဆီကို ရောက်သွားသည်။ ကြမ်းပြင်မှာ အလျားလိုက်



လဲလျောင်းနေသည့် ဝါးရင်းတုတ်ကြီး၊ ခြေဦးဖြင့် ကော်ကာ ဆတ်ကနဲဆို မြှောက်တင်လိုက်သည်။

လက်ဖြင့်ဖမ်းယူလိုက်သည်။ ဝါးရင်းတုတ်ကြီးကို မိမိရရဆုပ်ကိုင်မိလိုက်သည်။

အထိနာနေသော စတီးသည် ထွက်ပြေးဖို့ မစဉ်းစား၊ လေပွေမကို အပြတ်ရှင်းပစ်ရန်သာ စိတ်ဇောကပ်သန်လျက်ရှိသည်။ အပွဲပွဲနွှဲလာခဲ့သမျှ လေပွေမနှင့်ကျမှ ခံရမည်သာဆိုလျှင် ရာဇဝင်ကရှိုင်းတော့မည်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ နင်ကသေနတ်မကိုင်ဘဲ ဝါးရင်းတုတ်ကို ကိုင်တယ်ပေါ့ဟုတ်လား"

"ဟုတ်တယ်၊ မြန်မာ့ဝါးရင်းတုတ်အကြောင်းကို ရှင်မသိသေးလို့၊ သည်ဝါးရင်းတုတ်နဲ့ဘဲ ပွဲပြီးလာခဲ့တာ"

ဆူးသည် ဝါးရင်းတုတ်ကို ဘယ်လက်မှ ညာလက်သို့၊ ညာလက်မှဘယ်လက်သို့ ပြောင်းကစားနေသည်။ ပွဲကမျှတသည်။ တစ်ယောက်မျှ သေနတ်မကိုင်၊ သို့သော် စတီးသည် နန်စီကိုမျှော်လင့်နေမိသည်။ သည်သောက်ကောင်မ . . . အခုအချိန်မှာ သည်ကို ရောက်မလာဘဲ ဘယ်ကို

www.burmeseclassic.com



ရောက်နေသလဲ၊ စတီးသည် ရှုတ်တရက်ဆိုသလို ရှေ့မှသစ်သားတုံးလေးတစ်ခုကို ခြေဦးဖြင့်ပစ်ကန်ထည့်လိုက်သည်။

''ဒုန်း''

ကန်ချက်က ပြင်း၍လေပွေမဆီသို့ မြားတစ်စင်းပစ်လိုက်သလို တန်းကနဲရောက်သွားသည်။

''ဖြောင်း''

ဆူးသည် ဝါးရင်းတုတ်ဖြင့် တအားလွှဲကာ ရိုက်ထည့်လိုက်သည်။ စတီးကရှောင်လိုက်သော်လည်း မလွတ်၊ နားထင်ကိုပွတ်ပြီးထိသွားခဲ့သည်။

''ဒုတ်''

''အား''

စတီးပိုပြီးတော့ ဒေါသထွက်သွားသည်။ ဆူးဆီကို ကြောက်စရာကောင်းသော ခြေလှမ်းကြီးများဖြင့် ပြေးဝင်လာသည်။ လက်သည်းချွန်ကြီးများဖြင့် တအားပစ်ပေါက်ကာ တိုက်ခိုက်လေတော့သည်။ စတီးကျားနာခဲခဲလေပြီ။

ဆူးကလည်း သိုင်းကွက်နင်းကာ ဝါးရင်းတုတ်ဖြင့် တိုက်ခိုက်သည်။

''ဝှစ်၊ ဝှစ်၊ ဝှစ်''



စတီးသည် ဆူးကိုတိုက်ခိုက်ရာတွင် လူကိုမမိဘဲ လေကိုသာတိုက်ခိုက်မိသည်။ သံချွန်လက်သည်းကြီးများဖြင့်သာ မိခဲ့လျှင်ဆူး၏လှပသော မျက်နှာလေးသည် စုတ်ပြတ်သွားနိုင်သည်။

တစ်ကြိမ်တွင်

လက်သည်းချွန်ကြီးများက ဆူး၏ပခုံးထက်မှ ပွတ်ကာသီကာ ကျော်ထွက်သွားသည်။ဆူးသည်ကိုယ်ကို ရှိုးကာ ရှောင်ထွက်သွားပြီး အခွင့်အရေးရသည်နှင့် ညာဒူးတစ်ချက်ပေးလိုက်သည်။

''ဒုတ်''

''အင့်''

အရိုက်ကို ထိသွားသည်။

စတီး၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။

အသက်ရှူအောင့်သွားကာ ပါးစပ်ထဲမှ လေများပင် ထွက်သွားခဲ့ရသည်။ ဆူးသည် စတီးကို နောက်ထပ်တစ်ဖက် တိုက်ဖို့အခွင့်အရေးမပေးတော့။

ဝါးရင်းတုတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ နောက်ပြန်ရိုက်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဖြောင်း''

''အား''

ရိုက်ချက်က ပြင်းထန်လှသည်။ စတီးဘယ်လက်တုကြီးသည် ပြုတ်ထွက်သွားခဲ့သည်။ လေထဲကို မြောက်တက်သွားပြီး ပြုတ်ကျသွားခဲ့သည်။

''အင့်''

စတီး၏ လက်တစ်ခုလုံး ထုံကျင်သွားခဲ့ရသည်။ ဝါးရင်းတုတ်တိုက်ကွက်သည် သူ့ကိုယ်ပေါ်သို့ ဆင့်ကာဆင့်ကာကျလာခဲ့သည်။

''ဖြောင်း''

''အား''

စတီးနာကျည်းစွာဖြင့်အော်လိုက်သည်။ လူလည်း ကြမ်းပြင်ပေါ်ကို ပစ်ပြီးကျသွားသည်။ စတီးလက်နက်မဲ့ခဲ့လေပြီ၊ ဆူးကို ခုခံတိုက်ခိုက်ရန် အခွင့်မသာ၊ မဖြစ်တော့၊ သူ၏ကိုယ်ကို လိမ့်ကာလိမ့်ကာဖြင့် လှေကားဆီသို့ ရောက်အောင်သွားသည်။ ထို့နောက် လှေကားအတိုင်းဆင်းပြေးလေတော့သည်။

ဆူး. . .



နောက်မှထပ်ချပ်မကွာ လိုက်သွားသည်။

စတီး သေပြေးရှင်ပြေး ပြေးနေရသည်။

မကြာမီ. . .

တိုက်ကြီး၏ အောက်ဆုံးထပ်ကို ရောက်သွားသည်။

တစ်နေရာမှာ ဝှက်ထားသော ဆိုင်ကယ်ပေါ်ကို ခုန်တက်လိုက်သည်။ ချက်ချင်းစက်နှိုး၊ ဂီယာသွင်းကာ ဆိုင်ကယ်ကို လက်တစ်ဖက်တည်းဖြင့် မောင်းထွက်လာခဲ့သည်။

''ဝူး၊ ဝေါ၊ ဝေါ''

တိုက်အောက်ကို ရောက်လာသောဆူးသည် ဝှက်ထားသော ဆိုင်ကယ်ဆီကို ပြေးသွားပြီး လွှားကနဲဆို ခုန်တက်လိုက်သည်။

''ဝူး၊ ဝေါ၊ ဝေါ''

မြားတစ်စင်းပစ်လွှတ်လိုက်သလို ဆိုင်ကယ်က တန်းကနဲ ထွက်သွားခဲ့သည်။ စတီးနောက်ကို လှည့်ကြည့်လိုက်သည်။

ဆူး၊ သူ့နောက်ကလိုက်လာသည်ကို မြင်သွား သည်။

''တောက်''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်သွားသည်။

မိန်းကလေးတစ်ယောက်၏ လက်တွင်းကို မကျရောက်စေရန် သေပြေးရှင်ပြေးပြေးနေရသည်။ အခြေအနေကို စက်ဆုပ်မိသည်။

ဆိုင်ကယ်ကို လက်တစ်ဖက်တည်းနှင့် မောင်းနေရသည့်အတွက် အားမရ။

စတီးရဲ့ ကမ္ဘာမှာသည်တစ်ခါပဲ အရှက်နည်းစွာဖြင့် ပြေးဖူးသေးသည်။ ကမ္ဘာကျော်အောင်တော်သည့် လေပွေမ၏ အစွမ်းကို အစကမယုံကြည်၊ အခုတော့ ယုံသွားပြီ။

လေပွေမ၏ ဝါးရင်းတုတ်စာ မိထား၍ တစ်ကိုယ်လုံး စိစိညက်ညက်ကြေနေပြီလား မှတ်ရသည်။

နံကြားထဲကလည်း အောင့်နေသည်။ နံရိုးကျိုးသွားသလား၊ အက်သွားသလားမသိ။

စတီးကြားဖူးထားသည်က

လေပွေမသည် သူမလိုက်ဖမ်းသည့် တရားခံများကို ဘယ်တော့မှ အလွတ်မပေး၊ အရှင်မိလျှင်မိ၊ မဟုတ်လျှင် အသေ၊ သူကယ်သလောက် အစွမ်းကထက်သည်။

နှင်းတွေက ဝိုးတဝါးကျနေသည်။



သည်အချိန်ကြီးမှာ ကားတွေက အသွားအလာများနေကြသည်။ ကားတွေကြားထဲမှာ သတိထားကာ ရှောင်တိမ်းရင်း လေပွေမ၏လက်ထဲမှ လွတ်မြောက်ရန် ရှောင်တိမ်းနေရသည်။

သို့သော် လေပွေမက ဆိုင်ကယ်စီးကျွမ်းသည်။ စတီးကိုမိလာခဲ့သည်။ စတီးသည် ကားနှစ်စီးအကြား ဖြတ်ဝင်ကာ တစ်ဖက်လမ်းကြောင်းဆီကို ပြောင်းပစ်လိုက်သည်။

လေပွေမ၏ ဆိုင်ကယ်သည် ကားနှစ်စီးကြားမှ ခုန်ဝင်သွားလေသည်။

"ဝူး ...ဝေါ၊ ဝေါ"

နံနက်ခင်းကာလ နှင်းသောသောမှာ ဆိုင်ကယ်နှစ်စီးက ကားကြိုကားကြားမှ ပတ်ပြေးနေကြကာ ပြေးတမ်းလိုက်တမ်းကစားနေကြသည်။

စတီးသည် ဆိုင်ကယ်ကို လက်တစ်ဖက်တည်း နှင့် မောင်းနေရသည်။ ဘယ်လက်အတုသာ ရှိခဲ့လျှင် ခန္ဓာကိုယ်တစ်နေရာမှ ဖွက်ယူလာသော သေနတ်ဖြင့် ဆူးကို ပစ်ခတ်နိုင်ဦးမှာ သေချာသည်။

အခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မိမသွားဖို့ကသာ အရေးကြီးသည်။ လူတွေက ဆိုင်ကယ်နှစ်စီး၏ ပြေးတမ်းလိုက်တမ်း သွားနေကြသည့် အခြေအနေကို တအံ့တဩဖြင့် ကြည့်နေကြသည်။ ကားသမားများကလည်း သူတို့၏ ယာဉ်တွေကို မထိခိုက်စေရန် အတတ်နိုင်ဆုံး ရှောင်တိမ်းနေကြရသည်။

ကားတွေကြားထဲမှ စတီး လွှတ်ခနဲပျောက်သွားခဲ့သည်။ ခုနေခါမှာတော့ သားကောင်နောက်ကို လိုက်နေသည့် မုဆိုးပမာ...

လေပွေမက မုဆိုး။

စတီးက သားကောင်ပမာ။

လေပွေမ၏ဖွဲ့ကို စတီးကောင်းကောင်း သိထားသည်။

ရန်သူနောက်ကို လိုက်လျှင် ဖွဲ့ကိုမလျှော့။

မည်မျှပင် အခက်အခဲအတားအဆီးနှင့် ကြုံနေရပါစေ၊ မျက်ခြည်အပြတ်မခံ။

စတီး ... ဆိုင်ကယ်ကို အသားကုန်မောင်းပြေးသည်။

"ဝူး၊ ဝေါ၊ ဝေါ"



လေပွေမကလည်း သူ့ကိုမီလာသည်။

လေပွေမသည် လီဗာကိုမြှင့်လိုက်ပြီး စတီး၏ဆိုင်ကယ်ကို အနောက်ဖက်မှဝင်ပြီး တိုက်ထည့်လိုက်သည်။

"ဒုန်း"

"အား"

ဆိုင်ကယ်ရောလူပါ လမ်းဘေးသို့ ထိုးကျသွားခဲ့သည်။ လမ်းပေါ်ကိုရောက်တော့ ဆိုင်ကယ်တခြား လူတခြား။

အရှိန်ဖြင့် ကျသွားသည်ဖြစ်၍ စတီးအတော်အတထိနာသွားသည်။ သို့သော် သတိကတော့မလစ်။

ချက်ချင်းပက်လက်လှန်ပစ်လိုက်ပြီး လျှို့ဝှက်ပြီးပါလာသေးသည့် သေနတ်ကို ကိုယ်ထဲမှ ထုတ်မည်အပြု

သူ၏နားသယ်ဆီကို လေပွေမဖိနပ်ဦးက ခပ်ဆတ်ဆတ်လေး ကျရောက်လာသည်။

"ဒုတ်"

"အီး"

စတီး၏ ခေါင်းထဲမှာ ကြယ်တွေ၊ လတွေ၊ နက္ခတ်တွေ တစ်ခုပြီးတစ်ခု ပလူပျံပြီးတော့ ထွက်သွားခဲ့သည်။ ထို့နောက်သူ့ကို ဆွဲမှောက်ပစ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်"

လက်နှစ်ဖက်ကို စုစည်းကာလက်ထိပ်နောက်ပြန်ခတ်လိုက်သည်။ စတီးသည် ကြက်ကလေး၊ ငှက်ကလေးလို လေပွေမ၏ လက်ထဲကို ကျရောက်သွားခဲ့လေသည်။

♛ ♛ ♛ ♛ ♛



## အခန်း (၂၄)

ဖူးဝမ်ချူးသည်

ဒေါ်သယမ်းအိုး အကြီးအကျယ်ပေါက်ကွဲလျှက်ရှိသည်။

ခုတစ်ခါလောက် ဒေါ်သကြီးပုံမျိုး၊ စိတ်ဓါတ်ကျဆင်းပုံမျိုး၊ နာကျည်းမှုမျိုး တစ်ခါမှမဖြစ်ဘူးခဲ့၊ သူ၏ အိပ်ယာမှာ ယမ်းအိုးကြီးတစ်ခု ရုတ်တရက်ထပြီး ပေါက်ကွဲသွားသည်နှင့် တူနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သွားပြီ၊ စတီးလည်း သွားပြီ၊ ဟိုကောင်နှစ်ကောင်ကို အပြတ်ရှင်းဖို့ လွှတ်လိုက်တာ သူပါပြန်ရောက်မလာတော့ဘူး။ အားလုံးလေပွေမရဲ့ လက်ထဲကို ရောက်သွားကုန်ကြပြီ . . . ၊ သည်ကောင်တွေက ငါ့ရဲ့လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ကုန်ကြတော့မှာဘဲ . . . ၊

ဖူးဝမ်ချူးသည် လက်သီးကို ဆုပ်လိုက်၊ ဖြန့်လိုက်နှင့် လုပ်နေသည်။ စိတ်ဂနာမငြိမ်သက်မှုကို ပြနေသည်။

သူ၏အနားမှာ ရှိနေကြသော သူများသည်လည်း တုတ်တုတ်မျှမလှုပ်ရဲအောင်ပင် ဖြစ်နေကြသည်။

"မင်းတို့လည်း အလကားပဲ၊ ဘာမှအားမကိုးရဘူး
ဘာအကြံဉာဏ်မှလည်း မပေးနိုင်ကြဘူး"

လူတစ်ကာကို လျှောက်ပြီးရမ်းနေလေတော့သည်။

သူ့လူဖြစ်သည့် ရှောသည်လည်း အင်ဒီယာနာဂျုန်း၏ လက်ချက်မိသွားသည်။

သူမက ရှောဆီက ငွေများနှင့်ပစ္စည်းတွေကို ယူသွားသည့်အပြင် လူကိုပါပုလိပ်များ၏ လက်ထဲကို ထိုး၍ အပ်ခဲ့သည်။

ခုလောလောဆယ်မှာတော့ ဖူးဝမ်ချူးဘာလုပ်လို့



ဘာကိုင်ရမှန်းမသိသောက်အောင် စိတ်ဓါတ်အကြီးအကျယ် ကျဆင်းလျှက်ရှိသည်။

သူ၏ဒုစရိုက်ကောင်ကြီးပီသစွာ၊ သူ့လောက်စုတ်ပဲ့သော ဉာဏ်နီဉာဏ်နက်များသည် ယခုအခါမှာတော့ ထွက်မလာခဲ့ကြတော့၊

သို့သော် . . .

တခဏအတွင်းမှာပင် သူ၏စိတ်ကို အတတ်နိုင်ဆုံး ချုပ်တည်းပစ်လိုက်နိုင်ခဲ့သည်။

"ဒါပေမယ့်၊ သည်ကောင်တွေ ငါ့နေရာကို မသိ
ကြပါဘူး။ ငါဘယ်မှာနေတယ်ဆိုတာ သူတို့ မသိနိုင်
ကြပါဘူး၊ ငါ့လူတွေကို ဖမ်းမိသွားခဲ့ကြပေမယ့်
ငါ့ကိုတော့ ဘယ်တော့မှ မမိစေရဘူး။ ဟား . .
ဟား . . ဟား . . ဟား"

ဖူးဝမ်ချူး၏ ရယ်မောလိုက်သံသည် ရဲတိုက်ကြီးထဲမှာ ဟိန်း၍ထွက်သွားခဲ့သည်။

သူနှင့်မလှမ်းမကမ်းမှာ ရှိနေကြသော သူများသည် လူသန်ကြီးများဖြစ်ကြသည်။ လူမည်းနီဂရိုးကြီးတွေလည်း ပါသည်။ သူတို့ရဲ့ ကိုယ်ပေါ်မှာ လက်နက်တွေကာ ကိုယ်စီ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဖူးဝမ်ချူးအတွက်ဆိုလျှင် အသေခံကြမည့် သူများ။

ထိုစဉ် တစ်ယောက်က သတင်းလာပို့သည်။

"ဆရာကြီး၊ နန်စီပြန်ရောက်လာပါပြီ"

ဖူးဝမ်ချူး မျက်မှောင်ကျုံ့သွားသည်။

"နန်စီ ပြန်လာပြီ၊ ဟုတ်လား၊ အေး . . ငါ့ဆီကိုမြန်မြန်လာလို့ပြောလိုက်"

ထိုသူက အရိုအသေပေးပြီး ပြန်ထွက်သွားသည်။ တစ်အောင့်အကြာတွင်

ဖူးဝမ်ချူး၏ အခန်းထဲကို နန်စီရောက်လာခဲ့သည်။ ဖူးဝမ်ချူးက လက်ကိုဝှေ့ယမ်းပြလိုက်သည်နှင့် အခန်းထဲက လူများက အလိုက်သိစွာဖြင့် အခန်းအပြင်ကို ထွက်သွားခဲ့ကြသည်။

နန်စီသည် ဖူးဝမ်ချူးကို အရိုအသေပေးလိုက်ပြီး

"တာဝန်မကျေဖြစ်ခဲ့တဲ့ ကျွန်မကို အပြစ်ပေးပါ ဆရာကြီး"

ဖူးဝမ်ချူး၏ မျက်လုံးများသည် အရောင်တောက်နေသည်။



"နေရာတိုင်းတော့ ဘယ်အောင်မြင်မလဲ၊ နင် လေပွေမကို မကျော်နိုင်ဘူးဆိုတာ ငါသိတယ်၊ လေပွေမကို နင်မပြောနဲ့၊ နင့်ထက် ထက်မြက်တဲ့ သူတွေတောင် မကျော်နိုင်ကြဘူး၊ နင် အခုလို ကျန်းမာရေး မချို့ယွင်းဘဲ ပြန်ပြီးရောက်လာတာကိုပဲ ကျေးဇူးတင်တယ်"

နန်စီသည် ဖူးဝမ်ချူး၏ စကားကိုကြားလိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ သူမကို ခွင့်မလွှတ်နိုင်သောစကားမျိုး ပြောခဲ့လိမ့်မည်ဟု ထင်ခဲ့မိသည်။

အခုတော့ . . . ထင်သလိုမဟုတ်ခဲ့။ ခွင့်လွှတ်သည်ဆိုသည့် စကားများကိုပင် ကြည်ဖြူစွာဖြင့် ဆိုနေခဲ့သည် မဟုတ်ပါလား။

သို့သော် . . .

မြစ်မှာအတိမ်အနက်ရှိသလို စကားမှာလည်း အတိမ်အနက်ရှိသည်။ ဖူးဝမ်ချူး၏ လိုက်လျောခွင့်လွှတ်မှုကို သူမသည် မယုံကြည်၊ အန္တရာယ်တစ်ခုခုပေးရန် အစပျိုးနေခြင်းဟုသာ အလိုလိုခံစားနေမိသည်။

ဤ စေတာန်ဂိုဏ်း၏ အရှင်သခင် ဖူးဝမ်ချူးသည်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ပေါ်မှာ လွန်စွာမှ ကောက်ကျစ်စဉ်းလဲသော ဒုစရိုက်သမားကြီးမဟုတ်ပါလား၊ လွန်စွာမှ ဉာဏ်နီ ဉာဏ်နက်များသူမဟုတ်ပါလား။

နန်စီနှင့် ဖူးဝမ်ချူးအတူတကွ ဆုံခဲ့ရသော တစ်နှစ်ဆိုသည့် ကာလအတွင်းမှာ ဖူးဝမ်ချူး၏ အမူအကျင့်၊ စရိုက်သဘာဝတို့ကို ကောင်းစွာသိရှိခဲ့သည်။

''နန်စီ ၊ နင်အေးအေးဆေးဆေးအနားယူလိုက်ဦး အောင်မြင်မှုဆိုတာ အမြဲဘယ်ရှိနိုင်မလဲ၊ ဆုံးရှုံးမှုဆိုတာကိုလည်း လက်ခံရမှာဘဲ၊ ငါ့အတွက်ကတော့ မဆန်းပါဘူးလေ''

နန်စီသည် ဖူးဝမ်ချူးကို အရိုအသေပေးပြီး နေရာမှ ထွက်လာခဲ့သည်။

ဖူးဝမ်ချူးသည် သူမ၏နောက်ကျောကို စူးစိုက်ခါကြည့်ရင်းကျန်ရစ်ခဲ့မှာ သေချာသည်။

---

ဖူးဝမ်ချူးခိုအောင်းနေသော နေရာသည် လူသူအရောက်အပေါက် လုံးဝမရှိသလောက် အသွားအလာခက်ခဲသော နေရာတစ်ခုပင်၊ သူ၏ ရဲတိုက်ကြီးဆီသို့ မြင်းပမှဝင်ရောက်လာနိုင်ရန် လျှို့ဝှက်လမ်း သုံးသွယ်ရှိသည်။



သူ့ လွန်စွာယုံကြည်စိတ်ချသော စေတန်ဂိုဏ်းသားအချို့မှအပ မည်သူမျှမသိရှိနိုင်ပါ။

ရဲတိုက်ကြီး၏ အောက်တွင်မြစ်ကြောင်းတစ်ခုနှင့်ဆက်စပ်နေသော ဂူကြီးတစ်လုံးရှိသည်။ ထိုဂူကြီးထဲမှာ မြစ်ရေများက အတက်အကျရှိသည်။ လွန်စွာမျှ ကျယ်ဝန်းသည်ဖြစ်၍ အလတ်စားသင်္ဘောတစ်စီး ကောင်းစွာ ဝင်နိုင်ထွက်နိုင်လေသည်။

ဖူးဝမ်ချူးသည် ဤသဘာဝရေကြီးကို မည်သို့မည်ပုံ ရှာဖွေကာ တွေ့ရှိခဲ့သည်မသိ။

သူသည် ...

ဘူမိဗေဒပညာရှင်တစ်ဦးပေ။

ရဲတိုက်ကြီးသည် တောင်များဝန်းရံလျက်ရှိသော နေရာမှာရှိသည်။

ထိုတောင်ကြားထဲမှ လေယာဉ်သည် ဖြတ်သန်းမောင်းနှင်လာနိုင်သည်။ လျှို့ဝှက်စွာဖောက်လုပ်ထားသော လေယာဉ်ပြေးလမ်းတစ်ခုကိုလည်း ပိုင်ဆိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်ခရီးဖြင့် လာချင်မှကား၊ သားကောင်များ၏ သွားရဲတိရစ္ဆာန်များဖြင့် အတိပြည့်လျှက်ရှိကာ၊ လူတစ်ကိုယ်လုံးကို ဝါးမြိုနစ်မြုပ်ပစ်နိုင်သည့် နွံ့အိုင်ကြီးများက အသင့်ဆီးကြိုလျှက်ရှိနေမည် ဖြစ်သည်။ နွံ့အိုင်ကြီးများသည် ရှုတ်တရက်ကြည့်လျှင် မြေပြင်ဟု ထင်ရလောက်အောင် မျက်စိကို လှည့်စားထားသည်။

တတိယလမ်းကတော့ ရဲတိုက်ကြီး၏ အနောက်မြောက်ဘက်တွင်ရှိသည်။ တောတွင်းတစ်နေရာမှ အစပြုသော မြေအောက်လမ်းကြီးတစ်ခုပင်ဖြစ်သည်။

ယခုအချိန်တွင်...

ဖူးဝမ်ချူးသည် သူ၏စေတန်ဂိုဏ်းသားများကို ခေါ်ယူထားပြီးဖြစ်သည်။ ထိုသူတို့သည် မကြာမီအချိန် အတောအတွင်းမှာ ရောက်လာကြတော့မည်။ သူ၏ ဒုစရိုက်စီးပွားများအတွက်၊ မှောင်ခိုကုန်သွယ်မှုများအတွက်နှင့်၊ တည်ဆောက်မှု အဖျက်လုပ်ငန်းများကို ဖျက်လိုဖျက်ဆီး ပြုလုပ်ရန်ဖြစ်၏။

သူသည် မပြောပလောက်သော ဆုံးရှုံးမှုများကို မေ့ဖျောက်ပစ်လိုက်ပြီဖြစ်သည်။



ဖူးဝမ်ချူး၏ အနားတွင် သူ၏အသက်ကို စောင့်ရှောက်လျှက်ရှိသော လက်မရွံ့သမားများ ရှိနေကြသည်။

ဖူးဝမ်ချူးကိုယ်တိုင် ရွှေသေနတ်ကို အနားမှာထားကာ သတိရှိနေရသည်။ သူသည် မိမိ၏ သက်တော်စောင့်များကိုပင် ယုံကြည်ပုံမရပေ။

ထိုနေ့သည်...

ဖူးဝမ်ချူးဆီကို စေတန်ဂိုဏ်းသားများ ရောက်လာကြမည့်နေ့။ သူတို့သည် လေယာဉ်ဖြင့်သော်လည်းကောင်း၊ ကား၊ ဆိုင်ကယ်ဖြင့် ဝင်နိုင်သော ဥမင်လမ်းမှ သော်လည်းကောင်း လာနေကြသည်။

စေတန်ဂိုဏ်းသားများသည် မျက်နှာခေါင်းစွပ်အနက်များကို စွပ်ထားကြရသည်။

မိမိတို့ မည်သူမည်ဝါဖြစ်သည်ဆိုသည်ကို စေတန်ဂိုဏ်းသားချင်းပင် မသိစေရ၊ ကိုယ်ပိုင်နံပါတ်များကို ပေးထားသည်။

ဖူးဝမ်ချူးက ထိုနံပါတ်များဖြင့်ခေါ်ကာ စကားပြောသွားမည်ဖြစ်သည်။

လေယာဉ်အချို့သည် လွန်စွာမှမြင့်မားသော တောင်

www.burmeseclassic.com



ကြားဒေသမှပတ်ကာ ဖူးဝမ်ချူး၏ လှို့ဝှက်နေရာကို ရောက်လာခဲ့ကြသည်။

စေတန်ဂိုဏ်းသားများနှင့် ဒုစရိုက်ခေါင်းဆောင်များသည် လေယာဉ်ပေါ်မှ ဆင်းလာခဲ့ကြသည်။

မည်သူက ရိုးရိုးဂိုဏ်းသားလဲ၊ မည်သူက ဒုစရိုက်ခေါင်းဆောင်လည်း ဆိုသည်ကို မခွဲခြားနိုင်၊ ခေါင်းစွပ်များကို စွပ်ထားကြ၍ဖြစ်သည်။ သူတို့သည် ရိုးရိုးကုတ်၊ ဘောင်းဘီများကိုသာ ဝတ်ဆင်ထားကြသည်။

ဖူးဝမ်ချူး၏ နယ်မြေတွင် လက်နက်ကိုပါ ကိုင်ဆောင်ခွင့်ပြုထားသည်။ မည်သူကမှ ဖူးဝမ်ချူးကို မလုပ်ရဲကြပေ။

သို့သော် ...

ဖူးဝမ်ချူး၏ ရဲတိုက်ဆီကို မသွားမီ...

အကျီကိုပင့်၍ လက်မောင်းကို ပြကြရသည်။ လက်မောင်းတွင် အရုပ်တစ်ခုကို ဆေးမင်ကြောင်ထိုးထားသည်။ မြွေဟောက်တစ်ကောင်က ခရင်းသုံးခွတစ်ခုကို ပတ်ထားသည့်ပုံဖြစ်သည်။ တစ်လက်မအရွယ်သာသာပဲ ရှိလိမ့်မည်။ ဆေးအနက်ရောင်ဖြင့် ထိုးထားသည်။



ထိုအရုပ်ပါမှသာ စေတန်ဂိုဏ်းသားတစ်ဦးအဖြစ် အသိအမှတ်ပြုပြီး ဝင်ခွင့်ပြုသည်။

တစ်ယောက်ချင်းစီကို သေချာစွာ စစ်ဆေးသည်။

လက်နက်တွေကိုတော့ စစ်ဆေးခြင်းမပြု၊ မည်သူတစ်ဦးတစ်ယောက်ကမှ ဖူးဝမ်ချူး၏အသက်ကို ရန်မရှာကြပါ။

စစ်ဆေးကြသော သူများသည်လည်း မျက်နှာဖုံးအနက်များကို စွပ်ထားကြသည်။ ခေါင်းစွပ်ထိပ်တွင် နံပါတ်များကို မှတ်သားထားကြသည်။ ဂိုဏ်သားအမှတ်ဖြစ်သည်။ ကိုယ်ပိုင်နံပါတ်ဟုလည်း ခေါ်ဆိုနိုင်သည်။

ထိုသူများသည်...

ဂိတ်စောင့်များ၏ တိကျစွာစစ်ဆေးမှုကို ခံရသည်။

တချို့က ဥမင်လမ်းမှ ကားဆိုင်ကယ်များဖြင့် လာကြသည်။ မီးချောင်းများအစီအရီထွန်းထားသည်။ ဥမင်လမ်းမှ အေးဆေးစွာဖြင့် ဖြတ်သန်းကာလာနိုင်ကြသည်။

ဖူးဝမ်ချူးသည် ထိုနေရာကို ငွေကြေးကုန်ကျစွာဖြင့် ပြုပြင်မွမ်းမံထားသည်။ မိမိ၏မှောင်ခိုပစ္စည်းများကို သယ်ဆောင်ရာလမ်းလည်း ဖြစ်လေသည်။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၅)

စေတန်ဂိုဏ်းသားများသည် ရဲတိုက်ကြီးထဲကို တည်ငြိမ်အေးဆေးစွာဖြင့် တစ်လှမ်းချင်းဝင်လာခဲ့ ကြသည်။ ခန်းမကြီး၏အတွင်းရှိ အလင်းရောင်သည် မှိန်ဖျော့ဖျော့သာဖြစ်၏။ အရောင်ကလည်း ဝါကျင့်ကျင့်။

ခေါင်းစွပ်အနက်ကို ဆွပ်ထားကြသောသူများသည် မကောင်းဆိုးရွားများနှင့် သဏ္ဍာန်တူနေသည်။

သူတို့သည် ကြိုက်ရာခုံမှာဝင်ပြီး ထိုင်လိုက်ကြသည်။



တစ်ယောက်နှင့်တစ်ယောက်လည်း စကားပြောခွင့်မရှိပေ။

မကြာမီ . . .

ခန်းမကြီးထဲတွင် လူစုံသလောက်ရှိသွားပြီဖြစ်၏။ စေတန်ဂိုဏ်းသားများသည် အချိန်အတိအကျရောက်လာခဲ့ကြသည်။

မည်မျှပင် ဝေးသောအရပ်၌နေကြပါစေ၊ စည်းကမ်းအရ အချိန်အတိအကျရောက်လာခဲ့ကြရသည်သာ။

အခန်းထဲမှာ မည်သူမှစကားမပြောကြခြင်းကြောင့် တိတ်ဆိတ်မှုကြီးစိုးနေခြင်းသည် မဖော်ပြနိုင်လောက်အောင် ချောက်ချားစရာကောင်းလှသည်။

ကျောက်ခန်းမကြီးထဲမှ အလင်းရောင်သည် ရုတ်တရက်မှိန်ကျသွားသည်။

ပိုးတဝါးသာသာမျှသာကျန်ရစ်တော့သည်။

ထိုသို့ . . .

မှိန်ကျသွားသော အလင်းရောင်၏ပြောင်းလဲမှုတခဏအတွင်းမှာ ဖူးဝမ်ချူးသည် သူတို့၏ရှေ့မှောက်သို့ မမျှော်လင့်ပဲ ရောက်လာခဲ့သည်။

မီးရောင်သည် စေတန်ဂိုဏ်းသားများကို လှည့်စား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဖူးဝမ်ချူး မည်သည့်နေရာက ရောက်လာသည်ကိုပင်မသိလိုက်ကြ။

ဖြူဆွတ်သော မုတ်ဆိတ်မွေးရှည်ကြီးသည် ရင်ညွန့်အထိရောက်နေသည်။ နှုတ်ခမ်းမှာလည်း ပါးမြိုင်းမွေးအချို့ကို တိကျညီညာစွာဖြင့် ပြုပြင်ထားသည်။

ဝတ်ရုံအဝါအရှည်ကြီးကို [illegible]ထားလေသည်။ ဖူးဝမ်ချူး၏နောက်မှ နန်စီနှင့် သူ၏သက်တော်စောင့်နှစ်ယောက်ပါလာခဲ့သည်။

ပန်းကနုတ်များဖော်ထားသော ရွှေကုလားထိုင်ကြီးပေါ်မှာ ထိုင်ချလိုက်သည်။

ဖူးဝမ်ချူး၏စူးလက်သော မျက်လုံးတွေသည် သူ့ရှေ့မှာထိုင်နေကြသော စေတန်ဂိုဏ်းသားများကို ဝေ့ဝဲပြီး တစ်ချက်ကြည့်လိုက်သည်။

ထိုအကြည့်ကြောင့် ...

အားလုံးသောသူတို့၏ ကျောထဲမှာ စိမ့်ကနဲဆိုဖြစ်သွားခဲ့ရသည်။ ဖူးဝမ်ချူးသည် အားလုံး၏ဝိညာဉ်ကို ချုပ်ကိုင်ထားနိုင်သည်ပဲ၊

ထို့နောက် ဖူးဝမ်ချူးသည် ခေါင်းတဆတ်ဆတ်



ညိတ်လိုက်ကာ စကားစတင်၍ပြောသည်။ သူ၏အသံသည် ခပ်စူးစူးပင်ထွက်ပေါ်လာ၏။

"ကျုပ်၊ စကားကိုတိုတို့ပဲပြောမယ်၊ အခုလိုစေတန်ဂိုဏ်းသားတွေ အစည်းအဝေးကို အချိန် အတိအကျရောက်လာခဲ့ကြတဲ့အတွက် ဝမ်းသာတယ်၊ ကျေးဇူးလည်းတင်တယ်၊ ပြောချင်တာကတော့ ကျုပ်တို့ရဲ့စေတန်ဂိုဏ်းကြီးကို ဖျက်လိုဖျက်ဆီးလုပ်နေကြတဲ့သူတွေရှိနေတယ်၊ သက်ဆိုင်ရာက ထက်မြက်တဲ့သူတွေကို စေလွှတ်ပြီး ရှင်းလင်းခိုင်းထားတယ်၊ အထူးသဖြင့် ကျုပ်တို့ရဲ့ ရန်သူတော် နံပါတ်၁ကတော့၊ လေပွေမ၊ ရန်နောင်နဲ့ဂျက်ဖီတို့ပဲ ...

သူတို့ဟာ ကျုပ်တို့ရဲ့ လုပ်ငန်းတွေကိုဆုံးရှုံးအောင်ဆောင် ရွက်နိုင်ခဲ့ကြတဲ့အပြင်၊ ကျုပ်တို့အားထားရတဲ့ ဘယ်လက်ရုံး၊ ညာလက်ရုံးတွေကိုပါ ဖမ်းဆီးနိုင်ခဲ့ကြတယ်၊ အထူးသဖြင့် လေပွေမဟာ ကျုပ်တို့ရဲ့ အဓိက ရန်သူပါပဲ ...

ခု ... နောက်တစ်ယောက်ပေါ်လာပြန်ပြီ၊ ဝေလီယိုပါထရာဂျွန်းဆိုတဲ့ အမျိုးသမီး၊ သူဟာ ကျုပ်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို မိုက်ကြေးခွဲနေတဲ့အပြင် သက်ဆိုင်ရာရဲ့ လက်ထဲကို ရောက်သွားအောင် ကောက်ကျစ်စွာနဲ့ တွန်းပို့တတ်တယ်၊ သူဟာ ဘယ်အဖွဲ့အစည်း ကလည်းဆိုတာ မသိရသေးပေမယ့်၊ ခင်ဗျားတို့က သူ့ကိုလည်းသတိထားကြရပါမယ်၊ အကောင်းဆုံး ကတော့ တွေ့တဲ့နေရာမှာ အပြတ်ရှင်းဖို့ပဲ . . . ကျုပ်မှာ အစီအစဉ်တွေရှိပါနယ်၊ နောက်ထပ်လုပ် ရမယ့်အစီအစဉ်တွေကို ခင်ဗျားတို့ဆီကို အခု အချိန်မှာ လက်ဝယ်အရောက်ပေးပို့ပါမယ်၊ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အဲသည့်အစီအစဉ်မသိစေရပါဘူး''

ဖူးဝမ်ချူးသည် နန်စီကို လှည့်ကြည့်လိုက်သည်။ နန်စီက လင်ဗန်းတစ်ချပ်ကို ကိုင်ထားသည်။ လင်ဗန်းပေါ်မှာ ချိတ်ပိတ်ထားသော စာအိတ်များရှိသည်။

''နံပါတ် ၁''

နန်စီက ခေါ်လိုက်သည်နှင့် ခေါင်းစွပ်ထားသော သူတစ်ယောက်က နေရာမှထလာသည်။ နန်စီထံမှစာအိတ် ကိုယူသွားသည်။

''နံပါတ် ၂''



တစ်ယောက်ကနေရာမှထလာသည်။ ထို့နောက် အစဉ်အတိုင်းခေါ်သွားခဲ့သည်။ တစ်ချို့မလာပဲ ကြားလပ် နေသော နံပါတ်များရှိသည်။ ထိုသူများသည် သေဆုံးခဲ့ပြီဟု တစ်ထစ်ချမှတ်ယူနိုင်သည်။

ချွင်းချက်အနေဖြင့် သက်ဆိုင်ရာက ဖမ်းမိသွားပြီး ထောင်ထဲသို့ပို့ဆောင်ခြင်းခံလိုက်ရပြီဟုလည်း ခန့်မှန်း နိုင်သည်။ သက်ရှိထင်ရှားရှိနေလို့ကတော့ ထိုသူသည် ဖူးဝမ်ချူးဆီကို မလာပဲမနေနိုင်၊

နာရီဝက်ခန့်အကြာတွင် ဆောင်ရွက်မှုကပြီးစီး သွားသည်။ စာအိတ်ကို မိမိတို့၏နေရာကို ပြန်ရောက်မှ ဖောက်ဖတ်ခွင့်ရှိသည်။ အထဲမှာ ညွှန်ကြားချက်များ ရေးသားထားသည်။

''ကဲ၊ ခုလိုဆုံတုန်းဆုံခိုက်မှာ ခင်ဗျားတို့အားလုံး ပျော်ပျော်ပါးပါးစားသောက်နိုင်ဘို့ စီစဉ်ထားပါတယ်၊ အဲ့သည်အတွက် အချိန်တစ်နာရီ ပေးထားမယ်''

''ဖျောက် . . . ဖျောက် . . . ဖျောက်''

ဖူးဝမ်ချူးသည် လက်ခုပ်သုံးချက်တီးလိုက်သည်။ ချောမောလှပသော မိန်းခလေးများသည် ရဲတိုက်ကြီး၏

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာက ထွက်လာခဲ့ကြသည်။ သူတို့၏လက်ဖဝါးများပေါ်တွင် လင်ဗန်းများကို ပင့်တင်ပြီးကိုင်ထားကြသည်။

သူတို့သည် တိုတောင်းသော အဝတ်အစားများကိုဝတ်ဆင်ထားကြသည်။ နီရဲသောစကာဒ်များသည် ပေါင်လယ်အထိရောက်သည်။

မှောင်ရီရီမီးရောင်အောက်မှာ လူအများ၏အာရုံကို ဖမ်းစားထားသည်။ ဖူးဝမ်ချူးသည် ထိုမိန်းခလေးများကို ရဲတိုက်ကြီး၏ မည်သည့်နေရာတွင် ထားခဲ့သည်မသိ၊ သို့မဟုတ် ခုလိုအချိန်အခါမျိုးရောက်ကာမှ တစ်နေရာက ခေါ်ဆောင်လာခဲ့ခြင်းလေလား။

နန်စီပင်လျှင် ထိုမိန်းခလေးများကို တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးခဲ့ပါ . . .

မိန်းခလေးများသည် ကျွမ်းကျင်သောစားပွဲထိုးမလေးများပင်ဖြစ်ကြသည်။ လင်ဗန်းပေါ်က အစားအစာ များကို ခုံတန်းလေးများပေါ်သို့ သွက်လက်ကျွမ်းကျင်စွာဖြင့် ချပေးသွားခဲ့ကြလေသည်။

ဖူးဝမ်ချူးကိုယ်တိုင်လည်း သူတို့နှင့်အတူ ယမကာများကို မီဝဲသည်။ အစားအစာများကိုစားကြသည်။



ထိုသူများသည် တစ်နှစ်မှာ တစ်ကြိမ်သာမြင်ရသော ဖူးဝမ်ချူးကို အနီးကပ်လေ့လာလိုကြသည်။

သို့သော် . . .

သူ့အနားမှာရှိနေကြသော အစောင့်များကြောင့် အခြေအနေကမပေး။ ထိုသူတို့၏ စိတ်ထဲတွင် မိမိတို့၏ ရှေ့မှာရှိနေသော ဖူးဝမ်ချူးဆိုသည့် လူဆိုးဂိုဏ်းပေါင်းချုပ်တို့၏ အရှင်သခင်၊ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးသည် အစစ်လား၊ ကိုယ်ပွားလားဆိုသည့် ပဟေဠိများ ဖြစ်ပေါ်လျက်ရှိသည်။

နန်စီသည် ဖူးဝမ်ချူး၏ အနားမှ မယောင်မလည်ဖြင့် ထွက်ခဲ့သည်။ သူမသည် လျှို့ဝှက်အခန်းတစ်ခုဆီကို ချက်ချင်းပင် ဝင်သွားသည်။

စေတန်ဂိုဏ်းသားတစ်ဦးသည်လည်း နေရာမှထလာပြီး လူတွေကြားထဲမှာ ရောထွေးကာ ပျောက်ကွယ်သွားခဲ့လေ၏။

ရဲတိုက်ကြီးအတွင်းဝယ် စကြံန်လမ်းတော်တော်များများရှိသည်။ ထောင့်ချိုးကွေ့တွေလည်း များစွာရှိသည်။

ဂိုဏ်းသားများကို တစ်နေရာတည်းမှာ နေရမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကန့်သတ်ပြီး မထားပါ။ ညောင်းညာလျှင် နေရာမှ ထနိုင်ပါသည်။

သို့သော် . . .

ခန်းမကျယ်ကြီးအတွင်းမှ မိုန်ပျပျမီးရောင်သည် လူတွေ၏စိတ်နှလုံးကို သိမ်းကျုံးကာ ထိန်းချုပ်ထားသည်။

တစ်မျိုးချောက်ချားစရာ ကောင်းနေသည်။

♛ ♛ ♛ ♛ ♛



## အခန်း (၂၆)

ဂိုဏ်းသားတစ်ယောက်သည်

နန်စီဝင်သွားသော အခန်းဆီကို ရောက်လာခဲ့သည်။

ထိုစဉ် လက်နက်ကိုင်ထားသော အစောင့်တစ်ယောက်သည် မမျှော်လင့်ဘဲ သူ၏ရှေ့မှာ ဘွားကနဲဆို ပေါ်လာခဲ့သည်။

"ဘယ်သွားမလို့လဲ မိတ်ဆွေ"

"ဩော်၊ သန့်စင်ခန်းကို လိုက်ရှာနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောသည်ဘက် . . ."

"အွတ်"

အစောင့်ဖေါ်စကားမဆုံးမီမှာပင် အရှိက်ဆီကို ညာလက်သီးတစ်လုံးက ပစ်ဝင်သွားသည်။

"ခွပ်"

မေးရိုးဆီကို လက်သီးပြင်းပြင်းတစ်ချက်၊ အစောင့်သည် ပျော့ခွေလျက်ကျသွားသည်။ ထိုသူကအစောင့်၏ ကိုယ်ပေါ်မှ သေနတ်ကိုယူကာ ပခုံးမှာ လွယ်လိုက်သည်။

သတိလစ်နေသော အစောင့်ကို ခြေအောက်မှဆွဲကာ အကွယ်တစ်ခုဆီကို ယူသွားသည်။

ထို့နောက် . . .

ပါးစပ်ကိုတိတ်ပြားဖြင့် ပိတ်သည်။

မှောက်ခုံအနေအထားဖြင့် လက်ကောက်ဝတ် နှစ်ဖက်စလုံးကို တိတ်ဖြင့်ပူးကာ ချည်နှောင်ပစ်လိုက်သည်။

ထိုသူစောစောကနေရာကို ပြန်ရောက်လာသည်။

အခန်းတံခါးသည် ရုတ်တရက်ဖွင့်သွားပြီး လက် တစ်ဖက်ထွက်လာကာ ထိုသူ့ကို အခန်းထဲသို့ ဆောင့်ဆွဲကာ ခေါ်ယူသွားလေတော့သည်။



နန်စီသည် အခန်းတံခါးကို သေချာစွာပြန်ပိတ် လိုက်သည်။ အထဲကိုရောက်သွားသောသူသည် ခေါင်းစွပ် ကို လက်ဖြင့်ဆွဲကာ ချွတ်ပစ်လိုက်သည်။ ခေါင်းစွပ် ကအကျီနှင့်တစ်ဆက်တည်းမို့ လည်ရက်နောက်မှာတန်း လန်း။

"ကိုနောင်၊ သည်ဘက်ကိုထွက်လာတာဖူးဝမ်ချူး ရိပ်မိသွားသေးလားဟင်"

"အဲဒါတော့ မပြောတတ်ဘူး။ ဒါပေမယ့်အစောင့် တစ်ယောက်က ဟန့်တားလို့ မေ့ဆေးပေးခဲ့ရ သေးတယ်"

"ဟင် . . . ဟုတ်လား"

"ဒါပေမယ့်၊ သည်ကောင်အနည်းဆုံး တစ်နာရီ လောက်တော့လောကကြီးနဲ့ အဆက်ပြတ်နေ မှာပါ၊မေ့ကြောကိုလည်း ကိုင်ထားခဲ့သေးတယ်"

နန်စီတစ်ဖြစ်လဲ ဆူးကရန်နောင်ကို ဖက်တွယ်ထား လိုက်သည်။

"သည်နေရာက သိပ်ပြီးအန္တရာယ်များတယ်၊ ဖူးဝမ်ချူးက သိပ်ပြီးပါးနပ်တဲ့လူကြီး၊ သူ့ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သက်ာမကောင်း ဖြစ်နေပုံရတယ်''

''ဒါဖြင့် ဒီကိစ္စကို မြန်မြန်အကောင်အထည်ဖော်ကြမှဖြစ်မှာပေါ့၊ ဂျက်ဖီလည်း ဂိုဏ်းသားတွေထဲမှာရောနေတယ်၊ ကိုယ်ပြန်သွားရင် သူလည်း ဘာဆက်လုပ်ရမယ် ဆိုတာသိရမှာပဲ''

''လက်ရဖမ်းမိထားတဲ့ မှောင်ခိုရာဇာ တွမ်ကို ဗလာကျည်နဲ့ ဟန်ဆောင်ပစ်ခဲ့ကာ သူသေသွားပြီလို့ ဖူးဝမ်ချူးက တစ်ကယ်ထင်နေခဲ့တာ၊ သက်ဆိုင်ရာက သူ့ကိုစစ်မေးလို့ ဖူးဝမ်ချူးရဲ့ ဒုစရိုက်လုပ်ငန်း နောက်ဆက်တွဲကို သိခဲ့ရတာ''

''အခုဖူးဝမ်ချူးဟာ ဒုစရိုက်လုပ်ငန်းတွေ ထိခိုက်လာတော့၊ ပေါက်ကြားမှု တစ်ခုခုဖြစ်ခဲ့ပြီလို့ ယူဆထားတယ်၊ သူ့ကိုထိခိုက်စေတဲ့ လုပ်ငန်းတစ်ခုကို တွမ်က သိနေခဲ့တာကိုး''

ဇာတ်လမ်းအစတွင် ဖူးဝမ်ချူးက နန်စီကို သေရုံပေါ်မှ တွမ်အား နှုတ်ပိတ်ရန်စေလွှတ်ခဲ့သည်။ နန်စီသည် တွမ်နှင့်အစောင့်ကို ဗလာကျည်ဖြင့် ပစ်ခတ်ခဲ့သည်။ သက်ဆိုင်ရာက 'တွမ်'သေပြီဟု သတင်းကြေငြာချက်



ထုတ်လွှင့်ပေးခဲ့သည်။

ထို့နောက် တွမ်ဆီက ဖူးဝမ်ချူးနှင့် ပတ်သက်သည့် သတင်းများကို နှိုက်ထုတ်ခဲ့သည်။ သောမတ်နှင့် ဂျင်းနက်တို့သည်လည်း ဖူးဝမ်ချူးနှင့်ပတ်သက်ပြီး သူတို့သိသမျှကို ဖွင့်ဟကြရလေတော့သည်။

ဆူးသည် ပြင်ပလောကတွင် နန်စီဟူသော အမည်တစ်မျိုးဖြင့် လှုပ်ရှားခဲ့သည်။

မြေအောက်လောက တစ်ခုလုံးကိုမွှေကာ ဒုစရိုက်လောကတစ်ခုထဲမှာ လက်ရဲဇက်ရဲသတ္တိခဲတစ်ဦးအဖြစ် ထင်ရှားခဲ့သည်။

ဤသည်ကို ဖူးဝမ်ချူးက မျက်စိကျသွားပြီးအမိန့်ဖြင့် သူ့ဆီကို ခေါ်ယူလာခဲ့ခြင်း ဖြစ်သည်။

ဖူးဝမ်ချူးနေသော နေရာ၏ မြေပုံကိုရန်နောင်တို့အားပေးဖြစ်ခဲ့သည်။ ထို့ကြောင့်စေတန်ဂိုဏ်း၏ အစည်းအဝေးကို လိုက်လာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ဆူးနှင့်ရန်နောင်တို့သည် အခန်းထဲမှာ တိတ်တဆိတ်စကားပြောနေကြသည်။

ထိုအချိန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



ဖူးဝမ်ချူး၏ လက်မရှိတစ်ယောက်သည် တံခါးမှာ အသံဖမ်းကိရိယာဖြစ်သော နားကြပ်ကလေးကို ကပ်ပြီး နားထောင်နေပါသည်။

ထို့နောက် . . .

ချက်ချင်းပင် ဖူးဝမ်ချူးဆီကို သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားခဲ့လေတော့သည်။

"အပြင်ဘက်မှာ ခြေသံကြားတယ်"

ရန်နောင်က ခေါင်းစွပ်ကို ပြန်စွပ်လိုက်သည်။ သူ၏ ခေါင်းစွပ်ထိပ်မှ နံပါတ်သည် ၁၃။

နံပါတ်၁၃ကို ပိုင်ဆိုင်သူက လောကကြီးထဲမှာ မရှိတော့၊ သေဆုံးသွားခဲ့ပြီ၊ ရန်နောင်က အစားဝင်လာခဲ့ခြင်း ပင်ဖြစ်သည်။

ချက်ချင်းပင် . . . သေနတ်ကိုဆွဲထုတ်ကာ တံခါးကို ဖွင့်ကြည့်လိုက်ကြသည်၊ အစောင့်တစ်ယောက် ခပ်သွက်သွက် ခြေလှမ်းများဖြင့် ပြေးထွက်သွားသည်ကို တွေ့လိုက်ရသည်။

နန်စီခေါ် . . . ဆူးမက

"သည်လူ ချောင်းနားထောင်သွားပြီထင်တယ်"

ဟု ပြောလိုက်လေ၏။



အစောင့်သည် ဖူးဝမ်ချူးဆီကို ချက်ချင်းရောက် သွားပြီး . . .

"ကျွန်တော်၊ အရေးကြီးတဲ့စကားတစ်ခွန်း ပြောချင် လို့ပါ ဆရာကြီး"

သူ့ဘေးမှအစောင့်များကို ခပ်လှမ်းလှမ်းသို့ ရွှေ့ သွားစေလိုက်ပြီး . . .

"ကဲ၊ ပြော"

ထိုအစောင့်က ဖူးဝမ်ချူး၏နားနားသို့ကပ်ကာ တိုးတိုးလေးကပ်ပြောလိုက်သည်။

ဖူးဝမ်ချူး၏အမူအရာသည် လှုပ်လှုပ်ရှားရှားနှင့် ဖြစ်သွားခဲ့ရပါလေသည်။

"ဟင်၊ သည်ကောင်မက နန်စီအမည်နဲ့ ငါ့ဆီကို ရောက်လာတဲ့ လေပွေမကိုး၊ သူငါ့ဆီက လျှို့ဝှက် ချက်တစ်ချို့ကို နှိုက်ယူပြီး အပြင်မှာ ငါ့လုပ်ငန်းတွေကို ဖျက်လိုဖျက်ဆီးလုပ်ပစ်နေတာ"

ဖူးဝမ်ချူးသည် နေရာမှချက်ချင်း ထရပ်လိုက် သည်။

"မိတ်ဆွေတို့၊ ကျုပ်အရေးကြီးတဲ့စကား တစ်ခွန်း ပြောချင်တယ်၊ အခု အစည်းအဝေးကို ဟာဏ်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသူတွေထဲမှာ ရန်သူတွေရောပြီးပါလာတယ်၊ အဲဒါကတော့ တစ်ခြားသူတွေမဟုတ်ဘူး ကျုပ်တို့ကို အမြဲတမ်းဒုက္ခပေး နေကြတဲ့ လေပွေမနဲ့၊ ရန်နောင်တို့ပဲ၊ ကျုပ်၊ အလှည့်စားခံလိုက်ရပြီ၊ ဒါကျုပ်ရဲ့ ပေါ့ဆမှုတစ်ခု ကြောင့်ဖြစ်သွားခဲ့တာပဲ၊ ခင်ဗျားတို့ အထဲမှာ သက်ဆိုင်ရာက[illegible]ရောပြီး ပါမလာနိုင်ဘူးလို့ မပြောနိုင်ဘူး''

စေတန်ဂိုဏ်းသားများသည် ဝေါကနဲဆိုအသံများ ထွက်လာပြီး၊ ညည်းတွားလိုက်ကြသည်။ မမြင်ရသော မျက်နှာများကို အချင်းအချင်းကြည့်လိုက်ကြပြီး မည်သူ့ကိုမှ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ကြသည်။

ထိုအထဲတွင် စေတန်ဂိုဏ်းသားတစ်ယောက်က နေရာမှထကာ စကားတစ်ခွန်းမှ မပြောပဲ အများထဲမှာရောပြီး နေလိုက်သည်။

သူ၏နဖူးပြင်ထက်မှ နံပါတ်သည် ၉၆ဖြစ်သည်။ ထိုသူကား၊ အခြားသူမဟုတ် ဂျက်ဖီ . . .

''ခင်ဗျားတို့ အထိတ်တလန့်ဖြစ်မသွားကြပါနဲ့၊ ကျုပ်သူတို့ကို သည်နေရာကနေလွတ်မြောက်ခွင့်မပေးတော့ပါဘူး။ တစ်ခုမှာချင်တာက ခင်ဗျားတို့ရဲ့ ခေါင်းစွပ်တွေကို ချွတ်ပြကြပါ။



ညည်းတွားသံများက ထွက်ပေါ်လာခဲ့ကြပြန်သည်။ ခေါင်းစွပ်များကို မချွတ်လိုကြ၊ မိမိတို့သည် စေတန်ဂိုဏ်းသားများဖြစ်ကြသည်ကို တစ်ယောက်ကို တစ်ယောက် အသိမခံလိုကြချေ။

''ဘာလည်း၊ ခင်ဗျားတို့က ကိုယ့်မျက်နှာတွေကို တောင်မပြချင်ကြတော့ဘူးလား၊ ကျုပ်က သေရေးရှင်ရေးလောက်ကို အရေးကြီးနေလို့ ပြောနေတာ''

ဖူးဝမ်ချူးက သူ၏လက်ထဲမှ ရွှေသေနတ်ဖြင့် အားလုံးကိုထိုးချိန်လိုက်ပြီး . . .

''ကဲ၊ ခေါင်းစွပ်ကိုချွတ်ပြီး မပြနိုင်တဲ့သူဟာ ကျုပ်ရဲ့ ရန်သူပဲ''

ထိုအခါကျမှ စေတန်ဂိုဏ်းသားများသည် ခေါင်းစွပ်များကို မချွတ်ချင်၊ ချွတ်ချင်ဖြင့် ချွတ်လိုက်ကြရလေတော့သည်။

နံပါတ် ၉၆ ပိုင်ရှင်ဂျက်ဖီသည်လည်း ခေါင်းစွပ်ကို ခပ်တည်တည်ဖြင့်ချွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်လူတွေအများကြီးထဲမှာ ဘယ်သူက ရန်သူ၊ ဘယ်သူက စေတန်ဂိုဏ်းသား ဟုတ်မဟုတ် ဆိုတာ သူသိနိုင်ပါ့မလား"

ဂျက်ဖီ၏စိတ်ထဲမှ ရေရွတ်လိုက်သည်။

မီးအလင်းရောင်သည် ခန်းမကြီးထဲတွင် မှိန်ပျပျ ဖြစ်နေရာက တစ်ဖြည်းဖြည်းနှင့်လင်းလာသည်။

တစ်ယောက်မျက်နှာကိုတစ်ယောက်က ထင်ထင်ရှားရှားဖြင့် မြင်နိုင်လောက်သည့်အခြေအနေ။ ဖူးဝမ်ချူး၏ ရှူးလက်တောက်ပသော မျက်လုံးအစုံသည် ဂိုဏ်းသားများ၏ မျက်နှာကို တစ်ယောက်ချင်းလိုက်ကြည့်နေသည်။

အားလုံးအသည်းတယားယားနှင့် ဖြစ်နေကြရသည်။ ဖူးဝမ်ချူး၏အကြည့်သည် တိုတောင်းသောအချိန်အတွင်းမှာပင် ဂျက်ဖီ၏မျက်နှာပေါ်ကို ရောက်လာခဲ့သည်။

"ဘုရားသခင်"

ဂျက်ဖီ၏စိတ်ထဲမှာ ထင့်ကနဲဖြစ်သွားခဲ့ရသည်။

"သူ . . . ရန်သူ"

ဖူးဝမ်ချူးက ဂျက်ဖီကို ဘယ်လက်ညှိုးဖြင့်ထိုးပြီး ပြောလိုက်သည်။ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြသည်။



တဒင်္ဂမှင်သက်မိသွားကြစဉ်မှာ ဂျက်ဖီက လှုပ်ရှားမှုတစ်ခုကို မထင်မှတ်ပဲပြုလုပ်လိုက်သည်။ သေနတ်ကိုဆွဲထုတ်ပြီး ဖူးဝမ်ချူးကို လျှပ်တပြက် ပစ်ခတ်လိုက်သည်။

"ဒိုင်း"

ဖူးဝမ်ချူးက လျှင်မြန်စွာရှောင်တိမ်းလိုက်သည်။ ထို့ကြောင့် ကျည်ဆံသည် မျက်နှာဆီကိုမရောက်၊ ရင်ပတ်ကိုထိသွားသည်။

ဖူးဝမ်ချူးသည် နောက်ကန်ကန်ပြီးလွင့်ထွက်သွားသည်။ စောစောက သူထိုင်နေသည့် ကုလားထိုင်ပေါ်ကိုထိုင်လျက်သားပစ်ပြီးကျသွားသည်။

သို့သော် . . . ချက်ချင်းမှာပင် ပြန်ပြီးထလာနိုင်သည်။ ဝတ်ရုံက အပေါက်ကလေးတစ်ပေါက်ဖြစ်သွားခဲ့သော်လည်း ကိုယ်ထဲမှာ ကျည်ကာအင်္ကျီတစ်ထပ်ဝတ်ထားသည်။

ဂျက်ဖီသည် မျက်နှာကြက်ပေါ်မှ မီးပန်းဆိုင်းများကို ပစ်ခွဲပစ်လိုက်သည်။

"ခွမ်း . . . ခွမ်း"

ရုတ်တရက် အမှောင်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

အမှောင်ကျသွားသောကြောင့် လူအများဝရုန်းသုန်းကားနှင့် ဖြစ်သွားခဲ့ကြသည်။

သို့သော် . . .

စောစောက တမင်ပိတ်ထားသော မီးလုံးအချို့သည် ချက်ချင်းပင်ပြန်၍လင်းလာခဲ့သည်။

လူများသည် ခန်းမကြီးထဲမှာ လက်နက်တွေတကိုင်ကိုင်နှင့် ဟိုပြေးသည်ပြေးနှင့် လျှောက်ပြေးနေကြသည်။

ဖူးဝမ်ချူးကိုကား မတွေ့ရတော့၊ ဖူးဝမ်ချူး ဘယ်



ရောက်သွားပြီလဲ။ စေတန်ဂိုဏ်းသားများထဲတွင် သက်ဆိုင်ရာမှ ပုဂ္ဂိုလ်များပါလာခဲ့ကြသည်။

သူတို့သည် အပေါ်မှထပ်ကာဝတ်ထားကြသော ဂိုဏ်းအမှတ်အသားဝတ်စုံများကို ချွတ်ပစ်လိုက်ကြသည်။ခေါင်းစွပ်များကိုလည်း ချွတ်ပစ်လိုက်ကြသည်။

သူ့လူကိုယ့်လူ မှားမည်စိုးသောကြောင့်ဖြစ်၏။ စေတန်ဂိုဏ်းသားများသည် သူတို့အထဲတွင် စုံထောက်များပါလာသည်ကို တွေ့လိုက်ကြရသောအခါ ရုတ်တရက်အံ့အားသင့်သွားခဲ့ကြသည်။ မျက်လုံးပြူးသွားခဲ့ကြသည်။

မထင်၊ သူတို့ဘယ်လိုမှမထင်။

အခုတော့၊ သူတို့၏ လျှို့ဝှက်တည်ရာ ဌာနချုပ်ကြီးကို သိသွားခဲ့ကြပြီ။

လေပွေမသည် နန်စီအဖြစ်ဖြင့် သရုပ်ဆောင်ပြီး စေတန်ဂိုဏ်း၏လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ခဲ့ပြီမဟုတ်ပါလား။

ဖူးဝမ်ချူးသည် သူ၏တပည့်များကို ထားပစ်ခဲ့ပြီး ရဲတိုက်၏ တစ်နေရာကို ပြေးလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားကနဲဆို သူ၏ရှေ့မှာ ပေါ်လာသူတစ်ယောက်။

"ဟင် . . . မင်း . . . မင်း"

ရုတ်တရက်မြင်လိုက်ရသူကို ဖူးဝမ်ချူးအံ့အားသင့်သွားသည်။

"မင်း . . . မင်း ကလီယိုပါထရာဂျုန်း"

"ဟုတ်တယ်၊ ကျွန်မ ကလီယိုပါထရာဂျုန်းပဲ၊ ရှင့်ရဲ့နေရာမှာ တွေ့လိုက်ရလို့ သိပ်ပြီးအံ့အားသင့်သွားသလား၊

ကလီယိုပါထရာဂျုန်း၏ လက်ထဲတွင် ဒန်ရောင်သေနတ်တစ်လက်ကို ကိုင်ထားသည်။ ဖူးဝမ်ချူး၏ နဖူးပြင်တည့်တည့်ကို ချိန်ထားသည်။

"မင်း ငါ့လူတွေကိုလည်း ဒုက္ခပေးပြီး ငွေတွေညှစ်ယူပြီးပြီ၊ အခုငါ့ဆီက ဘာတွေမိုက်ကြေးခွဲချင်သေးသလဲ"

"ဒီရဲတိုက်ကြီးကို ဂျုန်းဆိုတဲ့ ကျွန်မက သိမ်းပိုက်လိုက်ပြီး ရှင်ပိုင်ဆိုင်သမျှ အားလုံးကျွန်မရဲ့ လက်ထဲကို ရောက်သွားပြီ"

ဖူးဝမ်ချူး ထောင်းကနဲဆို ဒေါသထွက်သွားပြီး



"နင် နင်ဘာစကားပြောတာလည်း ယုတ်ကမ်းလှချည်လား၊ ငါပိုင်နက်ထဲကို နင်ရောက်လာပြီဆိုတာကိုရော နင်သတိထားမိရဲ့လား"

"ဂျုန်းက နေရာမရွေးဘူး၊ ဘယ်ရောက်ရောက်ကိုယ့်နေရာပဲ၊ အားလုံးကို ဖြိုပစ်ရမှာပဲ"

"အသားနက်မ၊ နင်လားငါ့ကိုဖြိုနိုင်မှာ၊ ငါဘာကောင်လည်းဆိုတာ နင်သိတယ် မဟုတ်လား"

ဖူးဝမ်ချူးသည် ဆတ်ကနဲဆို ညာလက်ကိုဆန့်လိုက်သည်။ ဝတ်ရုံရှည်ညာလက်ထဲမှာ သေနတ်တစ်လက်ထွက်ကျလာပြီး လက်ထဲကိုရောက်သွားသည်။

မြန် ဝန်လိုက်သည့်ဖြစ်ခြင်း။

လက်ထဲကို သေနတ်က ရောက်လာသည်နှင့်ဂျုန်းကို ပစ်ချလိုက်သည်။

"ဒိုင်း . . ."

ကလီယိုပါထရာဂျုန်းကလည်း လက်ကို ဆန့်တန်းပြီး ပစ်ထည့်လိုက်သည်။ သေနတ်သံသည်ပေါင်းပြီး တစ်သံတည်း ထွက်လာသည်။

ဖူးဝမ်ချူး၏ လက်ရင်းမှာ အပေါက်ကလေးတစ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ လက်ထဲမှ သေနတ်က လွတ်ကျသွားသည်။ လူလည်းအရုပ်ကြိုးပြတ် လဲကျသွားခဲ့သည်။

သေပြီ၊ ဖူးဝမ်ချူးသေပြီ။

သို့သော် . . .

''ဟား . . . ဟား . . . ဟား . . . ဟား''

ရယ်သံကြီးတစ်ခုသည် ရဲတိုက်ကြီးထဲမှာ ပဲ့တင်ထပ်သွားသည်။ ကာလီယိုပါထရာဂျုန်းသည် အသံလာရာဆီသို့ မော့ကြည့်လိုက်သည်။

''ဟင်''

သူမပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ရဲတိုက်ကြီး၏ အထက်စင်္ကြန်ပေါ်မှာ လူတစ်ယောက်ကရပ်နေသည်။ အဲသည်လူကအခြားသူမဟုတ်။

ဖူးဝမ်ချူး . . .

သူမ၏ရှေ့မှာလည်း ဖူးဝမ်ချူးတစ်ယောက်က သေနေပြီ။ အခု နောက်တစ်ယောက်ကို တွေ့ရပြန်ပြီ။

ကာလီယိုပါထရာဂျုန်းသည် လက်ကိုဆက်ကနဲဆိုမြှောက်ပြီး ပစ်ထည့်လိုက်သည်။

''ဒိုင်း . . .''



ဖူးဝမ်ချူးက ဟားတိုက်ရယ်မောကာ ထစ်နေရာကို ပြေးထွက်သွားသည်။ ကျည်ဆံသည် စောစောကသူရပ်နေရာကို ရောက်သွားသည်။ ကျောက်နံရံကို ထိမှန်သွားသည်။

စေတန်ကိုဏ်းသားများ၊ ရဲတိုက်ကြီးထဲမှာ ဖူးဝမ်ချူး၏ လက်ပါးစေများက ကာလီယိုပါထရာဂျုန်းဆီကို ရောက်လာခဲ့ကြသည်။

''ဟာ၊ ဟိုမှာ အသားမည်းမ၊ ဘယ်လိုဒုက္ခမျိုးပေးဦးမလို့လဲမသိဘူး၊ သည်အထိအောင်ရောက်လာနိုင်တယ်''

သူတို့သည် ဂျုန်းကို ဝိုင်းပြီးပစ်ကြသည်။

''ဒိုင်. ဒိုင်း''

သို့သော် ကာလီယိုပါထရာဂျုန်းကလက်ဦးသွားသည်။

''အား၊ အား''

စေတန်ကိုဏ်းသားနှစ်ယောက် အရုပ်ကြိုးပြတ်လဲကျသွားကြသည်။

ထိုစဉ် သူမ၏ကျောဘက်မှလက်ပါးစေ တစ်ယောက်က ဖြတ်ကနဲဆို ခုန်ဝင်လာခဲ့သည်။ ဂျုန်းလှည့်ပြီးပစ်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

"အား"

နောက်တစ်ယောက်က တစ်နေရာမှ ပြေးထွက်လာသည်။ သူမပြေးထွက်လာမှန်းမသိ။ကိုယ်ကို တစ်ပတ်လှည့်ပြီးကန်ချက်တစ်ခု ပစ်သွင်းလိုက်သည်။

"ဖြောင်း"

"အား"

ကန်ချက်တစ်ခုတည်းနှင့် လုံလောက်သွားသည်။ မျက်ခွက်တစ်ခုလုံး မီးပွင့်သွားသည်။ ကြမ်းပြင်ပေါ်ကိုသစ်တုံးကြီးတစ်တုံးပြစ်ချလိုက်သလို။ ပစ်ကျသွားသည်။

---

ရန်နောင်သည် . . . ဆူးနှင့်တွေ့ဆုံပြီးနောက် ထိုနေရာမှ ပြေးထွက်လာခဲ့သည်။ လမ်းတွင်ဂျက်ဖီနှင့်မမျှော်လင့်ပဲဆုံသည်။

"ရန်နောင်၊ ဖူးဝမ်ချူးတော့ပြေးပြီကွ၊ ရဲတိုက်ကြီးကနိစရာ ပုန်းစရာတွေများတယ်၊ ဘယ်အခန်းထဲကိုရောက်သွားသလည်း မသိဘူး"



"ရှာမယ်ကွာ၊ သူတစ်နေရာရာမှာတော့ ရှိမှာပဲ"

အသေးစားစက်သေနတ်တစ်လက်ကို ကိုင်ထားသောစေတန့်၏လက်ပါးစေတစ်ယောက်သည် ဂျက်ဖီ၏နောက်မှဘွားကနဲဆိုပေါ်လာခဲ့သည်။

ရန်နောင်က ဂျက်ဖီကိုသေနတ်ဖြင့် ချိန်လိုက်သည်။

"ဟေ့ကောင်၊ ရန်နောင်၊ ငါဘာလုပ်မိလို့လည်းကွ"

"ဒိုင်း"

"အား"

ဂျက်ဖီက အော်လိုက်သည်။ ကျည်ဆံသည်ဂျက်ဖီ၏ပခုံးကိုကျော်ကာ စက်သေနတ်သမားကို မှန်သွားသည်။ နဖူးမှာ အနီစက်လေးတစ်စက်ဖြစ်သွားသည်။လဲကျမသွားမီမှာပင် အသက်မရှိတော့။

"ဟေ့ကောင်၊ သူ့ဆီကစက်သေနတ်နဲ့ ကျည်ကပ်တွေကို ယူလေကွာ"

ဂျက်ဖီက မှင်တက်မိသွားသည်။ ခန္ဓာကိုယ်တောင့်တောင့်ကြီးဖြစ်သွားရာက သတိရသွားသည်။

"မင်း၊ ငါ့ကိုပစ်လိုက်တာ၊ မဟုတ်လား"

"ဟေ့ကောင်၊ မင်း အရှုးထမနေနဲ့၊ သေနတ်

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ယူ''

သည်တော့မှ ဂျက်ဖီက စက်သေနတ်ကို ကုန်းကောက်လိုက်သည်။ ထိုသူကိုယ်ထဲမှ ကျည်ကပ်တွေကို ယူပြီး ကိုယ်ပေါ်မှာ စလွယ်သိုင်းလိုက်သည်။

ရဲတိုက်ကြီးထဲမှာတော့ ရှုပ်ယှက်ခတ်နေသည်။ သက်ဆိုင်ရာမှ ဥပဒေဘက်တော်သားများနှင့် စေတန်ဂိုဏ်းသားများ၊ လက်ပါးစေများက အကာအကွယ်များယူကာ တိုက်ခိုက်နေကြသည်။

အခြေအနေက ဆိုးနေသည်။ ရဲတိုက်ကြီး၏ဝင်ပေါက်၊ ထွက်ပေါက်များအားလုံးကို ပိတ်ထားသောကြောင့်ပင်။ ဖွင့်မပေးသည်မှာ ဘာကြောင့်လဲ။

ထိုစဉ်. . . ဖူးဝမ်ချူး၏အသံက တစ်နေရာမှထွက်ပေါ်လာခဲ့သည်။

''ခင်ဗျားတို့အားလုံး ဟောသည်ရဲတိုက်ကြီးထဲမှာပျော်ပျော်ပါးပါးနဲ့သေရစ်ကြပေတော့ ထောင်ချောက်ထဲက ကြွက်ကလေးတွေရေ၊ ဟား. . . ဟား . . . ဟား . . . ဟား''

''ဟင်၊ ဖူးဝမ်ချူးက ဘယ့်လိုသဘောနဲ့ အားလုံးကို သည်လိုလုပ်လိုက်တာလဲ''



လူအားလုံး အံ့အားသင့်သွားစေကြသည့်သာမက အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြသည်။

ကမ္ဘာ့ရာဇဝတ်ကောင်ကြီးဖြစ်သော ဖူးဝမ်ချူးသည် ကိုယ်လွတ်ရုန်းလေပြီ။

ထို့အပြင် သူ၏အခြေအနေမဟန်မှန်းကို နဂိုကတည်းက သိထားခဲ့သည်။ ထို့ကြောင့် စေတန်ဂိုဏ်းသားဒုစရိုက်ခေါင်းဆောင်များကို အစည်းအဝေးသဘောခေါ်ကာ တစ်ခါတည်းနှုတ်ပိတ်၍ အစဖျောက်လိုသော ဆန္ဒရှိသည်။

သူ၏လုပ်ရပ်များကို အတွင်းကျကျသိထားကြသော ဒုစရိုက်သမားများကို လုံးဝလက်စတုံးပစ်ရန် အကွက်ချပြီးစီစဉ်ခဲ့သည်။ ယခုတော့ သူ၏ထောင်ချောက်ထဲကို တစ်ကယ်ပင် တိုးဝင်ခဲ့ကြလေပြီ။

ယုတ်မာပက်စက်သော ဖူးဝမ်ချူးပါလား။ လူအများသည် ရဲတိုက်ကြီးထဲမှ တစ်နည်းနည်းဖြင့် ဖောက်ထွက်နိုင်ရန် ကြိုးစားလျက်ရှိကြသည်။

''သည်ကောင်ကြီးက ဘာလုပ်မလည်းမသိဘူး''

''အင်း။ သူနေတဲ့နေရာကို ဖြိုဖျက်ပစ်လိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တာပဲ"

"အလိုလေး၊ ဘုရားသခင်"

ဂျက်ဖီသည် နမှူးကိုလက်ဝါးဖြင့် ဖတ်ကနဲဆိုရိုက်လိုက်ပြီး မျက်ဖြူဆိုက်သွားခဲ့လေတော့၏။

---

ရှုန်းရင်းဆန်ခတ်ဖြစ်ပွားနေကြစဉ်မှာ . . .

ရန်နောင်နှင့်ဂျက်ဖီတို့သည် သူတို့နှင့်အတူပါလာကြသူများကို တတ်နိုင်သမျှ စုစည်းနေသည်။

အားလုံးသည် လက်ရွေးစင်လေ့ကျင့်ထားကြသော သူများပင် ဖြစ်ကြသည်။

"ကျုပ်တို့ ရဲတိုက်ကြီးထဲက လွတ်မြောက်အောင် ကြိုးစားမှ ဖြစ်တော့မယ်"

"ဟုတ်တယ်၊ ရန်နောင်၊ လွတ်လမ်းကိုမရှာနိုင်ရင် ဖူးဝမ်ချူးဟာ ကျွန်တော်တို့ကို ဒုက္ခကောင်းကောင်း ပေးသွားနိုင်တယ်"

ရဲတိုက်ကြီးထဲမှ ဖူးဝမ်ချူး၏လက်ပါးစေများသည် ရဲတိုက်ကြီးထဲမှ ထွက်သွားနိုင်သည့် လျှို့ဝှက်လမ်းကို



သိထားကြသည်။ လွန်စွာမှ ခိုင်ခံ့သော ရဲတိုက်ကြီး၏လျှို့ဝှက်တံခါးများကိုတော့ ဖွင့်မပေးကြ။

ဖူးဝမ်ချူးလိုပင် ကောက်ကျစ်စဉ်းလဲစွာဖြင့် လုပ်ဆောင်နေကြသည်။

ရန်နောင်တို့သည် သူတို့နောက်လိုက်ကြသည်။ လက်ပါးစေများသည် မိမိတို့၏နောက်ကလိုက်လာကြသော ရန်နောင်တို့ကိုဟန့်တား၊ တားဆီးကြသည့်အနေဖြင့်ပစ်ခတ်တိုက်ခိုက်ကြသည်။

"ဒိုင်း"

"ဒိုင်း"

ရန်နောင်တို့သည် အကာအကွယ်များကိုယူကာ ရှောင်ကြတိမ်းကြရသည်။ ဂျက်ဖီသည် စက်သေနတ်ဖြင့် ဝှေ့ယမ်းကာ ဆွဲထည့်လိုက်သည်။

"ဒက် . . . ဒက် . . . ဒက် . . . ဒက်"

"အား . . . အီး"

"ဂျက်ဖီ၊ အားလုံးကိုရှင်းမပစ်နဲ့ကွ၊ ထွက်ပေါက်ကို သူတို့ပဲသိတာ"

"အေးကွာ၊ ငါလည်းဒေါသဖြစ်ပြီး ဆော်ထည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ အခုမှသတိရသွားတယ်၊ ဆောရီး''

ထိုစဉ် ဖူးဝမ်ချူးသည် သူတို့၏ရှေ့မှာ ဘွားကနဲဆို ရောက်လာခဲ့သည်။ မည်သည့်နေရာက ထွက်လာလိုက်မှန်းပင် မသိလိုက်ချေ။

''ဟိုမှာ ဖူးဝမ်ချူး''

''ဟား ... ဟား ... ဟား ... ဟား''

ဖူးဝမ်ချူးက ရယ်မောပစ်လိုက်ပြီး သူတို့၏ရှေ့က နံရံတစ်ခုကို ဖောက်ထွင်းပြီးဝင်သွားသည်။

ထိုနေရာကို အပြေးသွားကြည့်ကြသောအခါဘာမှ မတွေ့ကြရ၊ ကျောက်နံရံကြီးသက်သက်မျှသာ။

''ရန်နောင်၊ လျှို့ဝှက်ခလုတ်ရှိလိမ့်မယ်ကွ''

သို့သော် ဘယ်လိုပဲရှာရှာ၊ ခလုတ်နှင့်တူတာ ဆိုလို့ ဘာမှမတွေ့၊ ကျောက်နံရံတွင် အဆက်အစပ်ဟူ၍ ဘာမှမရှိ။

ရဲတိုက်ကြီးက အတွင်းဘက်မှာ လမ်းသွယ်လမ်း မြှောင်တွေကပိုပြီးတော့ များနေသည်။

''ဂျက်ဖီ၊ ဖူးဝမ်ချူးရဲ့ လက်ပါးစေတွေနဲ့ စေတန် ဂိုဏ်းသားတွေ လုံးဝမလွတ်စေနဲ့၊ အားလုံးမျက် ခြည်မပြတ်ကြည့်နေကြပါ''



''ရန်နောင်၊ သည်လူတွေကို ဖူးဝမ်ချူးက သေလူ တွေလို့သတ်မှတ်ထားတာ၊ ငါတို့က မဖမ်းလည်း ရဲတိုက်ကြီးဖောက်ခွဲခံရပြီး သေကြမှာပဲ၊အရေးကြီး တာက ငါတို့အပြင်ဘက်ကို ထွက်နိုင်ဘို့ပဲ၊ဖူးဝမ်ချူး ကိုလည်း အလွတ်ခံလို့မဖြစ်ဘူးကွ''

''မင်းဘိုးအေ၊ ဖူးဝမ်ချူးအစစ်ကို ဘယ်လိုရှာမလဲ၊ ဖူးဝမ်ချူးကိုယ်ပွားမှန်သမျှ အားလုံးကိုဖမ်းနိုင်မှ ဖြစ်မယ်''

''သည်လူကြီးက သိပ်ပြီးကောက်ကျစ်တာ၊ ဉာဏ်နီ၊ ဉာဏ်နက်ကလည်းများများနဲ့၊ ဖူးဝမ်ချူးအစစ်က ကော သည်မှာရှိနိုင်ပါ့မလား''

''အဲဒါတော့၊ မင်း သူ့ကိုတွေ့ရင် မေးကြည့်ပေါ့ ကွာ''

သူတို့သည် မည်သည့်ထွက်ပေါက်ကိုမှ မတွေ့ နိုင်ပဲရှိနေရသည်။ အရေးထဲမှာ ခေါင်းစွပ်အနက်နှင့် စေ တန်ဂိုဏ်းသား သုံးလေးယောက်နှင့် ပက်ပင်းတိုးမိသည်။

သူတို့က ရန်နောင်တို့ကို တိုက်ချက်ပြင်းဆင်လိုက် သည်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . . ဒိုင်း"

"အား"

"အီး"

ရန်နောင်တို့က လက်ဦးသွားသည်။

"ဒါလောက်တောင် သေရေးရှင်ရေးဖြစ်နေချိန်မှာ သည်လူတွေက ထွက်ပေါ်လာကိုမရှာကြဘူး၊ ရန်ရှာချင်ကြသေးတယ်"

"ငါတို့ကို ရုတ်တရက်မြင်လိုက်ရတော့ ကြောက်ကန်ကန်သွားတာဖြစ်မှာပေါ့ ဂျက်ဖီ"

စကားမဆုံးမီ ရုတ်တရက် သူတို့၏ရှေ့မှာ ဘွားကနဲပေါ်လာသူ. . .

ဂျက်ဖီက သတိကြီးစွာထားပြီး သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"ဂျက်ဖီ၊ မပစ်နဲ့"

ရန်နောင်က ဟန့်တားလိုက်သည်။ သူတို့ရှေ့မှာ သေနတ်တစ်လက်နှင့် ရောက်လာသူကကလီယိုပါထရာဂျွန်း

"လာ၊ လာ၊ သည်ဘက်ကို အမြန်လာခဲ့ကြ"

ဂျွန်းက သေနတ်ကိုင်ထားသောလက်ဖြင့် ဝှေ့ယမ်းပြ



လိုက်ပြီး လှစ်ကနဲဆိုထွက်သွားသည်။

"ရန်နောင်၊ သူက ဘယ်သူလည်းကွ"

"အဲဒါ၊ ကလီယိုပါထရာဂျွန်းလေကွာ၊ မေးမနေနဲ့ သူ့နောက်ကိုသာလိုက်သွား"

"ဂျွန်း၊ ကလီယိုပါထရာဂျွန်း"

ဂျက်ဖီက အံ့အားသင့်စွာဖြင့် နှုတ်မှရေရွတ်လိုက်သည်။ ထို့နောက် ဆက်မမေးတော့၊ ရန်နောင်နှင့်အတူပြေးလိုက်သွားသည်။

သူတို့နောက်မှ အရပ်ဝတ်နှင့်စုံထောက်များကလည်း လိုက်သွားကြသည်။ သွားရင်းလာရင်း ဂျက်ဖီကတွေးနေမိသည်။ ကလီယိုပါရာဂျွန်းသည် မိမိတို့နှင့် ဘယ်လိုကြောင့် ပတ်သက်လာပါလိမ့်ဟူ၍. . .

ရှေ့မှာ ကျောက်နံရံကြီးတစ်ခုက ဆီးပြီးကာနေသည်။ လမ်းမရှိတော့၊ ချောင်ပိတ်သွားကြပြီ။

ကလီယိုပါထရာဂျွန်းသည် သူတို့ကိုဘယ်လိုအကြောင်းကြောင့်သည်လိုနေရာမျိုးကို ခေါ်လာခဲ့ပါလိမ့်။

သို့သော် ဂျွန်းက နံရံ၏မျက်နှာပြင်ကို စမ်းလိုက်သည်။ အဖုလေးတစ်ခုကို စမ်းမိလိုက်သည်နှင့်၊ တစ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



တည်းဖြစ်နေသောကျောက်နံရံမှ လေးထောင့်စပ်စပ်တံခါးကြီး တစ်ချပ်သည် ဘေးတိုက်ရွှေ့လျားသွားသည်။

''ကဲ၊ မြန်မြန်ဝင်ကြ''

လူအချို့သည် ထိုအပေါက်မှ ဝင်သွားကြသည်။

''ဟိုမှာ ထွက်ပေါက်တွေ့သွားကြပြီ''

အပေါ်မှအသံတစ်သံထွက်လာခဲ့သည်။ မော့ကြည့်လိုက်တော့၊ ဖူးဝမ်ချူးတစ်ယောက်၊ သူ့ဘေးမှာလက်ပါးစေနှစ်ယောက်၊ ဖူးဝမ်ချူးက ရန်နောင်တို့ဆီကို သေနတ်များဖြင့် လှမ်းပစ်ကာ တားဆီးကြသည်။

''ဒိုင်း''

''ဒိုင်း''

♛ ♛ ♛ ♛ ♛



## အခန်း (၂၉)

ရန်နောင်သည် ကိုယ်ကိုလှဲကာ လှိမ့်၍ရှောင်လိုက်ပြီး သေနတ်ဖြင့် ဆက်တိုက်ပစ်ချလိုက်သည်။

''ဒိုင်း. . .ဒိုင်း''

''အား. . .အား''

ဖူးဝမ်ချူးသည် တွန့်ကနဲဆိုဖြစ်သွားပြီး အောက်ကို ပြုတ်ကျလာသည်။ သူ၏လက်ပါးစေ နှစ်ယောက်လည်း နာကျင်စွာဖြင့်အော်လိုက်ကြပြီး ခြေကားရား လက်ကားရားဖြင့် ပြုတ်ကျလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလီယိုပါထရာဂျူန်းက ရှေ့မှနေ၍ တံခါးပေါက်ထဲကိုဝင်သွားသည်။ ရန်နောင်တို့က လိုက်ဝင်သွားကြသည်။

စေတန်ကိုဏ်းသားအချို့သည် ရန်နောင်တို့ဝင်သွားကြသော အပေါက်ကိုတွေ့သွားကြသည်နှင့်ပြေးလာကြသည်။ သို့သော် နောက်ကျသွားခဲ့ကြလေပြီ၊ သူတို့ရောက်မလာကြမီမှာပင် ကျောက်တံခါးကြီးသည် ပြန်ပိတ်သွားခဲ့သည်။

"တံခါးဖွင့်ပေး၊ တံခါးဖွင့်ပေးပါ"

တစာစာဖြင့် အော်နေကြသော်လည်း ဘာမှထူးခြားမလာတော့၊ ညည်းတွားသံများကထွက်ပေါ်လာကြသည်။

ထို့နောက် နောက်ထပ်ထွက်ပေါက်တွေကို တွေ့ရငြား တစ်နေရာဆီသို့ထွက်သွားခဲ့ကြလေသည်။

-----------------

ကလီယိုပါထရာဂျူန်းက နံရံမှခလုတ်များကိုတစ်ခုပြီးတစ်ခုဖွင့်ချလိုက်သည်။ မီးချောင်းများက တဖျတ်ဖျတ်ဖြင့်လင်းလာခဲ့ကြသည်။ အောက်ကိုဆင်းသည့်ကျောက်လှေကားကြီးတစ်ခုကို တွေ့လိုက်ကြရသည်။

သူမက ဦးဆောင်ပြီးဆင်းသွားခဲ့သည်။ မကြာမီ အားလုံးရှည်လျားသော လှေကား၏အောက်ဆုံးအထစ်ကို ရောက်သွားခဲ့ကြသည်။

ဥမင်လိုဏ်ခေါင်းရှည်ကြီး၊ တစ်နည်းဆိုရလျှင် မြေအောက်ဂူလမ်းကြီးတစ်ခု၊ ဤလမ်းကို ဖူးဝမ်ချူးကပဲ ဖောက်လုပ်ထားလေသလား။ ဖူးဝမ်ချူးအရင်တစ်ယောက်ကပဲ ဖောက်လုပ်ထားခဲ့သလားမသိ၊ တော်ရုံတန်ရုံလူကသိမှာ မဟုတ်။

ကလီယိုပါထရာဂျူန်းသည် ဤလို့ဝှက်ချက်နေရာကို မည်ကဲ့သို့သိခဲ့လေသနည်း။ သူတို့၏နောက်ကိုစေတန်ဂိုဏ်းသားများထဲမှ တစ်ယောက်တစ်လေသော်မှပင် လိုက်ပါလာခြင်းမရှိ ပါ။

ကလီယိုပါထရာဂျူန်းသည် ဥမင်အကွယ်တစ်ခုမှာ ရုတ်တရက်ရပ်ထည့်လိုက်သည်။ ရန်နောင်က သူမ၏အနားကိုကပ်သွားခဲ့ပြီး . . .

"ဘာလဲ၊ ဘာတွေ့လို့လဲ . . ."

ကလီယိုပါထရာဂျူန်းက နှုတ်မှအဖြေမပေးပဲ တစ်နေရာကိုလက်ညှိုးထိုးပြလိုက်သည်။

ရှေ့မှာရေသွယ်တူးမြောင်းကြီးတစ်ခုကို မြင်တွေ့

www.burmeseclassic.com



လိုက်ရသည်။ ဘူးမြောင်းဆိုတာထက် မြစ်အသေးစားလေးတစ်ခုဆိုလျှင် မှားလိမ့်မည်မထင်။

လူတစ်စုသည် အလုပ်ရှုပ်နေကြသည်။ ထိုလူတွေများထဲမှာ အဝါရောင်ဝန်ရုံရှည်ကြီးနှင့် လူတစ်ယောက်ကလည်း ပါဝင်နေသည်။

အဲသည်လူကတော့ အခြားသူမဟုတ်၊ ဖူးဝမ်ချူး။ ဖူးဝမ်ချူးတွေထဲက ဖူးဝမ်ချူးတစ်ယောက် သူ၏သစ္စာရှိ လက်ပါးစေများနှင့်အတူရှိနေသည်။ သူတို့သည် တစ်စုံတစ်ရာကိုစောင့်ဆိုင်းနေကြသည်။

"လာ၊ ကျွန်မတို့ အချိန်မီတားဆီးကြမှဖြစ်မယ်၊ သည်လိုမှမလုပ်ရင် ဖူးဝမ်ချူးလွတ်မြောက်သွားနိုင်တယ်"

ရန်နောင်နှင့် ကလီယိုပါထရာကျွန်းကလည်း ရင်းရင်းနှီးနှီး သိနေသည်။ ဒုစရိုက်လောကမှာ နာမည်ကြီးနေသည်။ အမျိုးသမီး အသားမည်းမ ကပ္ပလီမနှင့် ရန်နောင်ဘယ်တုန်းကသိနေကြပါလိမ့်။

အားလုံးသည် ဥမင်နံရံအကွယ်များကို ချဉ်းကပ်ကာ ဖူးဝမ်ချူးတို့ဆီကို တစ်ရွေ့ရွေ့ဖြင့် သွားနေကြသည်။



ထိုစဉ် အင်ဂျင်စက်သံသဲ့သဲ့ကို ကြားလိုက်ကြရသည်။ ခပ်ပါးပါးမှောင်ရီရီနေရာမှ သင်္ဘောငယ်တစ်ခုသည် တစ်ရွေ့ရွေ့ဖြင့်လာနေသည်။

သင်္ဘောငယ်က တဖြည်းဖြည်းထင်ရှားလာသော အခါ အသေးစားရေငုပ်သင်္ဘောတစ်စီး ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

အကြံကြီးလိုက်သည့် ဖူးဝမ်ချူး။ ကမ္ဘာ့ရာဇဝင်ကောင်ကြီးသည် ရေငုပ်သင်္ဘောဖြင့် ထွက်ပြေးတော့မည်ဖြစ်သည်။ သို့သော် သူ့အနေနှင့်ကတော့၊ ရှောင်တိမ်းသည် ဟူသောစကားကို သုံးချင်သုံးပေလိမ့်မည်။

ဥ [illegible] မြောင်းကြီးသည် ပင်လယ်နှင့်တစ်ဆက်တည်းရှိနေသည်။ တစ်နေရာမှာ ရေတံခါးက ရှိနေလိမ့်မည်။ ဖူးဝမ်ချူးသည် ရေငုပ်သင်္ဘောကိုမြင်လိုက်ရသောအခါ စိတ်အားထက်သန်သွားခဲ့သည်။

"ဒိုင်း"

"ဒိုင်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်က ဖူးဝမ်ချူးကို ပစ်လိုက်သော်လည်း လက်ပါးစေတစ်ယောက်က အမှတ်မထင်ဖြတ်ဝင်သွားသဖြင့် ကံဆိုးသွားသည်။

"ရန်သူ"

ဖူးဝမ်ချူးသည် စူးရှသောအသံကြီးဖြင့် အော်ဟစ်ပြီးသတိပေးလိုက်သည်။ သူ့အနားမှလူများအားလုံးရုတ်ရုတ်သဲသဲဖြစ်သွားခဲ့ကြသည်။

ရန်နောင်တို့သည် ဥမင်အကွယ်များကို တစ်ဆင့်ပြီးတစ်ဆင့်ပြေးကပ်ကာ ပစ်ခတ်ကြသည်။

"ဒိုင်း၊ ဒိုင်း"

"အား၊ အား"

ရေငုပ်သင်္ဘောက ရပ်နားလိုက်ပြီဖြစ်သည်။ သို့သော် ဖူးဝမ်ချူးသည် ထိုနေရာကိုရောက်အောင်သွားဖို့အတွက်က ခဲယဉ်းနေသည်။ အဘယ့်ကြောင့်ဆိုသော် တရစပ်ပစ်ခတ်နေသောကြောင့်ပင်ဖြစ်သည်။

စောစောကတစ်နေရာတည်းမှာ စုစည်းနေကျသော လက်ပါးစေများသည် ကစဉ့်ကလျားဖြစ်သွားခဲ့ကြသည်။

[illegible] ဂြန်ကြီးကိုက်ခိုက်နေသည်။



"ရန်နောင်၊ ဆူး၊ တစ်ယောက်ဘယ်မှာကျန်ခဲ့သလည်းကွ"

"ရဲတိုက်ကြီးထဲမှာ နေမှာပေါ့ကွ"

"ဟာ၊ သူထွက်ပေါက်ပိတ်နေပြီထင်တယ်"

"သူသည်နေရာကို ကျွမ်းပြီးသားပါကွာ၊ ဘယ်လိုထွက်ရမယ်၊ ဝင်ရမယ်ဆိုတာသိပါတယ်၊ အခုလောက်ဆို သူရဲတိုက်ကြီးရဲ့ အပြင်ဘက်ကိုရောက်လောက်ပြီပေါ့"

ရုတ်တရက် ဥမင်အကွယ်မှ ရန်သူများက ထွက်လာကြသည်။ ဂျက်ဗီသည်ပထမတော့ ကြောင်အမ်းအမ်းဖြစ်နေသည်။ နောက်တော့မှ သတိရသွားပြီး စက်သေနတ်ဖြင့် မွှေ့ထည့်လိုက်သည်။

"ဒက် ... ဒက် ... ဒက် ... ဒက်"

"အား ... အီး"

ထွေးကာနဲ ပစ်လဲပြီးကျကုန်ကြသည်။ ဖူးဝမ်ချူးသည် ရှေ့သေနတ်ဖြင့် ရန်နောင်တို့ဆီကို မှန်းသမ်းပြီးပစ်ခတ်နေသည်။

ကလီယိုပါထရာဂျူန်းသည် ဥမင်အကွယ်မှ ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရုက်ထွက်လိုက်ကာ ဖူးဝမ်ချူးကို အရောင်ပြလိုက်သည်။

"ဟင်၊ အသားမည်းမ၊ နင်ကမြေပေါ်မှာတင်မဟုတ်ဘူး၊ မြေအောက်အထိပါ လိုက်ပြီးနှောင့်ယှက်နေတာကိုး"

"ဒိုင်း . . . ဒိုင်း"

ဖူးဝမ်ချူးက နှစ်ချက်ဆင့်ပြီးပစ်ထည့်လိုက်သည်။ ရွှေကျည်ဆံများသည် ကလီယိုပါထရာဂျူနီးဆီကို သေမင်းအော်သံဖြင့်စီခေါ်ကာ ပြေးဝင်လာခဲ့ကြသည်။

"မစ္စတာချူး၊ သဘော်ပေါ်ကို မြန်မြန်တက်ပါ"

သဘော်ပေါ်မှ တစ်ယောက်က လှမ်းအော်ပြီးသတိပေးသည်။ ဖူးဝမ်ချူးသည် သဘော်ဆီကို ပြေးသွားသည်။ အောက်ကိုထိုးထားသော ကုန်းဘောင်က တစ်ဆင့်သဘော်ပေါ်ကို တက်မည်ပြုသည်။

သို့သော် ကလီယိုပါထရာဂျူနီးက ကျွမ်းသုံးလေးပတ်ပစ်ကာဝင်သွားသည်။ ဖူးဝမ်ချူး၏ရှေ့မှာ ကြောင်ကျလေးလှလှပပကျသွားခဲ့သည်။

သဘော်ပေါ်မှလူက သူ့အနားကို ပစ်ကျလာသော အသားမည်းမကြောင် မင်သက်မိသွားခဲ့ရသည်။



ကလီယိုပါထရာဂျူနီးသည် ထိုသူကိုညာခြေဖြင့်ပတ်ပြီးကန်ထည့်လိုက်သည်။

"ဖြောင်း"

"အူး"

တစ်ဆက်တည်းမှာပင် ညာခြေကန်ချက်ဖူးဝမ်ချူးဆီကို ဖြောင့်တန်းပြီးဝင်သွားသည်။

"ဖြောင်း"

ဖူးဝမ်ချူးသည် ပြင်းထန်လှသောကန်ချက်ကြောင့်ခပ်ဝေးဝေးကိုလွင့်ထွက်သွားသည်။ ပက်လက် လဲကျသွားပြီးသူမကို သေနတ်ဖြင့်ပစ်ထည့်လိုက်သည်။

"ဒိုင်း"

ကျည်ဆံက ဂျူနီး၏လက်မောင်းကိုရှပ်ပြီး မှန်သွားသည်။ ပူကနဲဆိုခံစားလိုက်ရသည်။ နောက်တစ်ချက်ထပ်ပစ်မည်ပြုရာ ဂျူနီးကလက်ဦးသွားသည်။

"ဒိုင်း"

ဖူးဝမ်ချူး၏လက်ထဲမှ သေနတ်သည်လွင့်သွား၏။ ကလီယိုပါထရာဂျူနီးသည် ဖူးဝမ်ချူးက အသက်ကို ထိခိုက်

www.burmeseclassic.com



သည်အထိ မပစ်ဘဲ၊ သူမကို ဒဏ်ရာရသည်အထိလုပ်ခဲ့သော ဖူးဝမ်ချူးကိုဒေါသဖြစ်သွားသည်။ သေနတ်ကိုဘောင်းဘီ အိတ်ထဲမှာ ထည့်လိုက်ပြီး ခုန်အုပ်လိုက်သည်။

ဖူးဝမ်ချူးသည် ကလီယိုပါထရာဂျုန်း၏ အပြုအမူကို အံ့အားသင့်သွားခဲ့သည်။ လဲနေရာမှ ရုတ်တရက် ထကာပြန်ပြီး တိုက်ခိုက်သည်။

ဖူးဝမ်ချူး၏တိုက်ကွက်များသည် ကြောက်စရာ ကောင်းလှသည်။

''ဝှစ် ... ဝှစ် ... ဝှစ်''

ကွန်ဖူးအကွက်များဖြင့် ကစားကာ သူမဆီကို လျှပ် တပြက်ထိုးဖောက်၍တိုက်ခိုက်သည်။ လက်သည်းရှည်ကြီး များသည် သူမ၏မျက်နှာပေါ်မှ အသည်းယားစဖွယ် ဖြတ်သန်းသွားကြသည်။

ဂျုန်းကလည်း ဖူးဝမ်ချူးလိုပင် ကွန်ဖူးပညာဖြင့် တိုက်ခိုက်သည်။

''နင်၊ နင်၊ ငါ့ရဲ့လျှို့ဝှက်နေရာကို ရောက်အောင် လာနိုင်ခဲ့တယ်၊ ဘယ်လိုအဆက်အသွယ်နဲ့ရောက် လာခဲ့တာလဲ''



''ဘယ်လိုအဆက်အသွယ်နဲ့မှမဟုတ်ဘူး၊ နဂိုက တည်းက ကျွန်မကသည်မှာရှိပြီးသား''

ကလီယိုပါထရာဂျုန်းသည် နသယ်စပ်မှနေ၍ အ ရှည်ပြားကိုဆွဲခွာလိုက်သည်။

''ဟင်၊ နင် ... နင်''

''ဟုတ်တယ်၊ ကျွန်မက ရှင်တို့သိပ်ပြီးတွေ့ချင် နေကြတဲ့ လေပွေမ''

''နန် ... နန်စီကလည်း နင်ပဲမဟုတ်လား၊ တောက် ... နင်ကငါ့ရဲ့အတွင်းကိစ္စတွေကိုနှိုက်ယူ သွားလို့ ငါ့လုပ်ငန်းတွေမှန်သမျှ အကုန်ပျက်စီး ခဲ့ရတာ''

ဖူးဝမ်ချူးသည် လေပွေမကို အခဲမကျေဖြစ်သွား ခဲ့ရသည်။ အပွဲပွဲနွှဲလာခဲ့ပြီးမှ လေပွေမကျမှ သူအနှုပ်ခံ လိုက်ရသည်။

ဖူးဝမ်ချူး ဒေါသကိုမထိမ်းနိုင်တော့ ...

လေပွေမသည် သူ့ဆီကို ပြေးဝင်လာသည့်ဖူးဝမ်ချူး ကို ရင်ဆိုင်လိုက်သည်။ ဖူးဝမ်ချူး၏လက်သည်းရှည်ကြီးများက လေပွေမ၏ လှပသောမျက်နှာပေါ်မှာ ဝဲကာဖြစ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



လေပွေမက သွက်လက်စွာဖြင့် ရှောင်တိမ်းလိုက်သည်။ ကိုယ်ချင်းပူးကပ်သွားသည်နှင့် . . .

ဖူးဝမ်ချူးကို ခါးစောင်းတင်ကာ ကိုင်ပေါက်လိုက်သည်။

ဖူးဝမ်ချူး . . .

လေထဲကိုမြောက်တက်သွားသည်။

"ဘုန်း"

အောက်ကိုကျသွားသည်။ ကြောင်ကျကျ သွားခြင်းတော့မဟုတ်၊ ခွေးကျကျသွားခြင်းပင်ဖြစ်သည်။

သို့သော် . . .

နေရာမှချက်ချင်းထရပ်လိုက်သည်။

လေပွေမကို အစိမ်းလိုက်ဝါးစားတော့မည့်ဟန်ဖြင့် မကျေပွဲနဲ့ကာ တိုက်ခိုက်ဦးမည် ပြုပြီးမှ၊ တစ်စုံတစ်ရာ ကို သတိရသွားခဲ့သည်။

ဖူးဝမ်ချူး၏ မျက်နှာပေါ်မှာ အပြောင်းအလဲတစ်ခု ဖြစ်သွားသည်။

ကိုယ်ကိုချာကနဲ လှည့်ကာ နေရာမှ ထွက်ပြေးလေတော့သည်။



ဖူးဝမ်ချူးသည် အပြေးလည်းသန်လှသည်။ ရေငုပ်သဘော်ဆီသို့ ပြေးသည်။ လေပွေမ ဖူးဝမ်ချူး၏နောက်က လိုက်သည်။

ဖူးဝမ်ချူး၏တပည့် လက်ပါးစေများက လေပွေမကို တားဆီးသည့် အနေဖြင့် ဝိုင်း၍ပစ်ခတ်ကြသည်။

"ဒိုင်း"

"ဒိုင်း"

ရန်နောင်သည် လေပွေမဆီကို ရောက်လာသည်။

"ဆူး . . . နောက်မှာ"

သတိပေးလိုက်သည်နှင့် လေပွေမက နောက်ကို လှည့်ပြီး သေနတ်ဖြင့်ဆက်တိုက်ပစ်ချလိုက်သည်။

"ဒိုင်း"

"ဒိုင်း"

"အား"

"အီး"

ရန်နောင်ကလည်း သူ့တို့ဆီကို ပြေးလာသော ဖူးဝမ်ချူး၏ လက်ပါးစေများကို ပစ်ချလိုက်သည်။

"ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

ဖူးဝမ်ချူးသည် ရေငုပ်သဘော်ဆီကို ရောက်သွားသည်။ သူ့တပည့် လက်ပါးစေများက အံဖုံးတံခါးကို ဖွင့်ကာ ဖူးဝမ်ချူးကို ရေငုပ်သဘော်၏ အတွင်းဘက်ကိုထည့်လိုက်ကြသည်။

မကြာမီ သဘော်သည် မောင်းဖြိုးရွေ့လာသည်။ တူးမြောင်းကြီးအတွင်းမှ ထွက်ခွာသွားသည်။

"ကိုနောင်၊ လိုက် . . . လိုက်၊ မြန်မြန်လိုက်၊ ဒါ ဖူးဝမ်ချူးအစစ်ဖြစ်နိုင်တယ်"

ရန်နောင်နှင့်လေပွေမတို့သည် ရွေ့လျားသွားနေသော ရေငုပ်သဘော်ဆီကို ပြေးလိုက်သွားခဲ့ကြသည်။

ရေငုပ်သဘော်သည် တဖြည်းဖြည်းနှင့် ရေအောက်ကို ငုပ်လျှိုးပြီး သွားတော့မည်ဖြစ်သည်။

လေပွေမသည် အလှမ်းကွာဝေးသော ရေငုပ်သဘော်ဆီသို့ လက်ထဲမှ ပစ္စည်းတစ်ခုဖြင့် ပစ်ထည့်လိုက်သည်။

ထိုပစ္စည်းလေးသည် လေထဲမှာလွင့်ထွက်သွားပြီး သဘော်၏ကိုယ်ထည်မှာ သွား၍ကပ်သည့် သံလိုက်ဓါတ်ပါသည်။



လေပွေမ၊ အံ့တကြိတ်ကြိတ်နှင့်ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။

"ဟား . . . ဟား . . . ဟား . . . ဟား"

အော်ဟစ်ဟားတိုက် ရယ်မောသံကြီးတစ်ခုသည် တစ်နေရာမှ ထွက်ပေါ်လာသည်။

"ကိုနောင်၊ လာ . . . မြန်မြန်"

မြေအောက်နေရာတစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ရှားသွားသည်။

ဂျက်ဖီသည် သူ့လူများကို လိုက်ပြီးစုရုံးနေသည်။

"သည်နေရာကနေ မြန်မြန်ထွက်ကြ"

ဆူး သို့မဟုတ် လေပွေမက ဦးဆောင်ပြီး ထွက်ပေါက်ဆီကို ပြေးသည်။

"ဝုန်း"

"ဝုန်း"

မြေပြင်ထက်မှာ ဆင့်ကဲ၊ ဆင့်ကဲ ပေါက်ကွဲသံကြီးများထွက်ပေါ်လာခဲ့သည်။

"ဝုန်း"

www.burmeseclassic.com



"ဝုန်း"

ဂူအမိုးထက်မှ အင်္ဂတေများ၊ မြေသား၊ မြေစိုင်ခဲများသည် ပြိုကျလာခဲ့ကြသည်။

သူတို့သည် ထွက်ပေါက် ဆီကို ဒရောသောပါးဖြင့် ပြေးကြရသည်။ နောက်မှလည်း ပြိုကျပြီးတော့လိုက်လာသည်။

ဆူးကသည်နေရာကို ကျွမ်းနေသည်။

မကြာမီ . . .

လှေကားတစ်ခုကို တွေ့သည်။

"ဟား . . ဟား . . ဟား . . ဟား"

ရယ်မောသံကြီးက ဆက်တိုက်ထွက်ပေါ်လာခဲ့ပြန်သည်။ လှေကားအတိုင်း တက်သွားကြသည်။ ဆူး၏နောက်မှာတသီကြီး ၊

အလင်းပေါက်တစ်ခုကို တွေ့သွားသည်။

မြေပြင်ပေါ်ကို ရောက်သွားကြပြီ၊

ရဲတိုက်ကြီးနှင့်အတော်ခပ်လှမ်းလှမ်းကို ရောက်နေကြသည်။



"ဝုန်း"

ကျယ်လောင်သော အသံကြီးနှင့်အတူ ရဲတိုက်ကြီးဆီမှ ဆင့်ကဲ၊ ဆင့်ကဲပေါက်ကွဲသံကြီးများ ထွက်ပေါ်လာခဲ့သည်။

ပြင်းထန်လှသော ပေါက်ကွဲသံကြီးများ သုံးလေးခါဆက်တိုက်ထွက်ပေါ်လာခဲ့ပြီးသည့်နောက် ရဲတိုက်ကြီးသည် တဖြည်းဖြည်းဖြင့် ပြိုကျသွားခဲ့သည်။

သွားပြီ၊ စေတန်ဒုစရိုက်သားများအချို့သည် ရဲတိုက်ကြီးထဲမှာ ပိတ်ပြီးကျန်ရစ်ခဲ့ကြသည်။ ခုတော့ ဒုစရိုက်ဂိုဏ်းကြီး၏ အရှင်သခင်ဖြစ်သော ဖူးဝမ်ချူးက သူ့လူများကို သေတွင်းထဲသို့ ပို့ပစ်ခဲ့ကြသည်။

တစ်ကယ့်ကို ရက်စက်ယုတ်မာသော ဒုစရိုက်ခေါင်းဆောင်ကြီးပင်။

ခုတော့ . . .

စောစောက ထီးထီးမားမား တည်ရှိနေခဲ့သည့် ရဲတိုက်ကြီးသည် မြေပြင်ထက်မှာ အုတ်ကျိုးအုတ်ပဲ့များ အစိတ်အစုလိုက်၊ အပုံလိုက်၊

တချို့ကံအားလျော်စွာ ထွက်ပြေးလွတ်မြောက်

www.burmeseclassic.com



လာသော ဒုစရိုက်ဂိုဏ်းသားများကို လက်ရဖမ်းဆီးလိုက်ကြသည်။

သူတို့သည် ကံကောင်းစွာ လွတ်မြောက်လာကြသော်လည်း လေပွေမတို့၏ လက်ထဲတွင် ကံဆိုးစွာအဖမ်းလိုက်ကြရသည်။

ဒုစရိုက်ဂိုဏ်းသားများသည် တစ်ကယ့်ထိပ်သီးဂိုဏ်းခေါင်းဆောင်များဖြစ်ကြသည်။

ဆူးက ...

သူတို့ကို ဦးဆောင်ပြီး တစ်နေရာကိုခေါ်သွားခဲ့သည်။

ရွှေမှာရေပြင်ကြီး၊

ပင်လယ်ရေပြင်ကြီး၊

ထိုစဉ် ရေအောက်မှ ပေါက်ကွဲသံကြီးတစ်ခုက ထွက်ပေါ်လာခဲ့သည်။

"ဝုန်း"

ဖူးဝမ်ချူးကို သယ်ဆောင်ပြီးထွက်သွားသော ရေငုပ်သင်္ဘောသည် ရေအောက်မှာပဲ ပေါက်ကွဲပျက်စီးသွားခဲ့ပြီဖြစ်သည်။



နောက်ထပ်ပေါက်ကွဲသံကြီးများသည် ရေပန်းများနှင့်အတူ ရေပြင်ထက်ကို ထွက်ပေါ်လာသည်။

ငြိမ်သက်နေသောရေပြင်သည် လှုန့်လူးသွားသည်။ လှိုင်းဂယက်များထသွားခဲ့ရသည်။ သတ္တိခဲ မြန်မာအမျိုးသမီး လေပွေမ၊ ဆက်သွယ်ရေးစကားပြောစက် သေးလေးဖြင့် တစ်နေရာကို စကားပြောလိုက်သည်။

တစ်အောင့်အကြာတွင် သင်္ဘောတစ်စီးသည် တစ်နေရာမှ ထွက်ပေါ်လာခဲ့သည်။ မကြာမီ သူတို့ဆီကိုရောက်လာခဲ့သည်။ သင်္ဘောပေါ်မှ ဥပဒေဘက်တော်သားများက မော်တော်နှစ်စီးဖြင့် ကမ်းခြေကိုကူးလာခဲ့ကြသည်။

သူတို့သည် တရားခံများကို ခေါ်ဆောင်သွားခဲ့ကြသည်။ ရဟတ်ယာဉ်တစ်စီးလည်း ဆိုက်ရောက်လာခဲ့လေရာ ရန်နောင်၊ ဆူးနှင့် ဂျက်ဖီတို့သည် ထိုရဟတ်ယာဉ်နှင့် သီးခြားလိုက်ပါသွားခဲ့ကြလေသည်။

"ကိုနောင်"

"ဟင်၊ ဘာလဲ ဆူး ... "

www.burmeseclassic.com

www.burmeseclassic.com



"နားထဲမှာ ဖူးဝမ်ချူးရဲ့ရယ်သံကို ကြားနေရသလို ပဲ၊"

"ဆူး စိတ်ထင်နေလို့ပါ၊ ကိုယ်တော့ ဘာသံမှ မကြားရဘူး"

ဂျက်ဗီက . . .

"ငါလည်း မကြားမိပါဘူးကွာ"

ဆူးသည် သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ယမ်းခါလိုက်လေ၏။

လေးစားစွာဖြင့်

ရဲဇော်အောင်

BURMESE CLASSIC

www.burmeseclassic.com